
www.burmeseclassic.com




ပါရမီမဂ္ဂဇင်း အမှတ် (   )

R-60

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



# ပါရမီ

မဂ္ဂဇင်း











ယခင်ကဆိုရင်
ဘုရင်နှင့် မင်းညီမင်းသားများသာ
ကိုးကွယ်ပူဇော်ခွင့်ရကြောင်း ... စာ-၆၁

t ckr i fe&wb;av;od[m
t kvef&Hk m i f cleU
yEéif ckd m u eåfwmyD.. စာ-၈၅




F.1. September, 2018.





www.burmeseclassic.com

www.burmeseclassic.com



ay
(100)ceY
&Sfom
tarSf
vRfSf
wpfkd
☛ စာ-၅



## အမှတ် ၃၁၂


❁ အယ်ဒီတာချုပ်
ဦးကျော်မိုးသိန်း

✳ တာဝန်ခံစာတည်း
မွေးဒေဝ

✤ ပါဠိအယ်ဒီတာ
✱ ဦးစံတင်
(တော်နီကာယကောဝိဒ၊ ဝိနယာရေ၊ ဓမ္မာစရိယ)
✱ ဦးသီဟ
[သာသနဓဇဓမ္မာစရိယ]

◆ မျက်နှာဖုံးသရုပ်ဖော်
မြတ်မင်းဟန်

❒ ပန်းချီဒီဇိုင်းတာဝန်ခံ
ကိုတင်ဦး
မတင်တင်နွယ်

✻ ကွန်ပျူတာစာစီ
ပါရမီကွန်ပျူတာ

✳ မန္တလေး ဖြန့်ချိရေး
နဂါးစာပေ

❖ ရန်ကုန် ဖြန့်ချိရေး
နဂ္ဂဗျာရောင်ခြည်စာပေတိုက်
၂၁၀(ပထမထပ်)၊ ၂၉လမ်း
ရန်ကုန်မြို့။
☎-၀၉ ၇၇၆ ၃၄၉ ၇၀၅၊
၀၉ ၄၄၃၂၅၇၂၂၀။



**ပုဂ္ဂိုလ်ထူး ပါရမီ**

မန်လည်ဆရာတော်ကြီး *[ဗိုလ်အောင်-ဒီပဲယင်း]* ၂၁

**ကြည်ညိုခြင်းပါရမီ**

ပြည်တော်ပြန် ရန်အောင်မြင် နန်းဦးဒက္ခိဏာသာခါ ဘုရားကြီးနှင့် ထူးခြားမှုများ
*[တင်တင်-အဝေးသင်]* ၆၁

ရေမြို့နယ်၊ ဟံဂံကျေးရွာမှ စကျင်ကျောက်ဆင်းတု ကျောင်းတော်မှုဘုရားကြီး *[ပေါ်လွင်ဦး-ရေး]* ၉၃

**ကိုယ်တွေ့ ပါရမီ**

ရွှာသားဘုရား ရွှာသားရှိသေ
*[လယ်တွင်းသား စောချစ်]* ၂၉

ရှေးဟောင်း အောက်မေ့ဖွယ် မြလေးသိမ်တော်
*[ကိုမြသွေး-ပေါင်းလောင်းမြေ]* ၈၅


**ကျင့်စဉ်ပါရမီ**

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ၏ ဂုဏ်တော် ပွားများနည်းနှင့် ထူးခြားမှုများ
*[ဦးထွန်းထွန်းဦး]* ၂၅

**တရားလမ်းညွှန် ပါရမီ**

ရှုဉာဏ်ရှင် *[နဝဒုတင်္ဂါစာရမဟာထေရ်]* ၁၂

မျက်မှန်တပ်ကြည့်ပါ
*[မောင်အေးကြူ-စီးပွားရေး]* ၁၀၁

Akomoem
r[mAkOifS
vuf,m
nmbuf
ajcawm&mykd
jzpfonf..
☁ စာ-၄၄



www.burmeseclassic.com

www.burmeseclassic.com



[ Hlu;&GB
pu;if
au;ufqifwk
av;ifawfl
bk;m;uD
jzpfbnf..
စာ-၉၃




♦ လမ်းညွှန် ပါရမီ

ဖားပုံဂူသို့ [အောင်ဇ–LL.B] ၅
ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မဟာနန်းတွင်းမှ မြတ်ဗုဒ္ဓရွှေကျောင်းတော် [မောင်လှကျော်–သူရဲသမိန်] ၁၃
ဝ,သုံးလုံးတောင်ပေါ်က ရသေ့ကြီးဦးခနိယျရဲ့ သာသနာပြုစခန်းသို့ [ကိုမြသွေး–ပေါင်းလောင်းမြေ] ၃၉

ဗဟုသုတ ပါရမီ

ညောင်ပင်သာ ဦးပုည သာသနာလျှောက် [နေဝင်း–စစ်ကိုင်း] ၁၀

ဖြစ်ရပ်ဆန်း ပါရမီ

အိပ်မက်ဝိညာဉ်တစ္ဆေ [ဂမ္ဘီရ စောရန်နိုင်–ကလေးဝ] ၅၇
သချိုင်းကုန်းမှ အသံရှင် [သချိုင်းပျော်–သံသရာခရီးသွား] ၁၀၇
ဆွေမျိုးပြိတ္တာများနှင့် ကျွန်တော် [ထက်ကို] ၁၀၉

ဩဝါဒပါရမီ

အဘိနဝတရားက [မွေမိတ်ဆွေတစ်ဦး] ၃၇
ဟင်္သာတမြို့ မိုးကောင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာန နာယက တိပိဋကဩဝါဒါစရိယ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဝိနယပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာစာရ၏ မင်္ဂလကာဩဝါဒ တရားတော် [မင်းချစ်ကျော်–ရောမြေ] ၆၄



ထုတ်ဝေသူ
ဦးကျော်မိုးသိန်း (ဝဝ၇၃၇)
ပါရမီမဂ္ဂဇင်းတိုက်
အမှတ်–၂၁၀(ပထမထပ်)၊
၂၉လမ်း(အထက်လမ်း)၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးနန်းထ(၀)ဦးရဲနိုင်
(၀၁၂၈၅)၊
အောင်နန်းသစ်ပုံနှိပ်တိုက်၊
အမှတ်–၄၄၊
၅၅–လမ်း၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
အုပ်ရေ – ၅၀၀

အမှတ်စဉ် ၁၁၂
၂၀၁၈ ခုနှစ်
စက်တင်ဘာလ
တန်ဖိုး – ၁၅၀၀ ကျပ်
(မြန်မာငွေကျပ်)



ဆက်သွယ်ရန်လိပ်စာ
ပါရမီမဂ္ဂဇင်း
အမှတ်–၂၁၀(ပထမထပ်)၊
၂၉လမ်း(အထက်လမ်း)၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း–၀၉ ၇၇၆ ၃၄၉ ၇၈၅၊
၀၉ ၄၄၃၂၅၇၂၂၀။


&aolu D
0Ded rS
oYrwrf
uifOEpfwl
ykDyf(2)rdu kd
စာ-၃၉

ထူးဆန်းသည်မှာ
(၃)လကျော်
ဂူသွင်းထားသော
မန်လည်ဆရာတော်ကြီး၏
ရုပ်ကလာပ်တော်မှာ...
စာ-၂၀




www.burmeseclassic.com

www.burmeseclassic.com


### အတွေ့အကြုံမြင် ပါရမီ

ပါဒစေတီတော် *[ရွှေကျေး-မြစ်ငယ်]* ၄၅

သက်တော်ထင်ရှား မြတ်ဘုရားဆီ မှန်းမျှော်ရည် *[အရှင်ဉာဏဝရ-ပါရမီ]* ၆၉

### အတုယူ ပါရမီ

သာသနာပြု သီလရှင် ဆရာကြီးဒေါ်ထေရီ *[နှင်းဆိုင်-ဆင်ဖြူ]* ၅၁

ပြန်လာပါတော့ စိတ်ကလေးရယ် *[ဝမ်း-စက်မှုတက္ကသိုလ်]* ၁၀၄

### ကျင့်စဉ်စရဏ ပါရမီ

သာသနဟိတ စာသင်တိုက် ဆရာတော်
ဘဒ္ဒန္တပဏ္ဍိတ၏ အန္တရာယ်ကင်းစည်းချနည်း၊
မဟာသမယသုတ် ကျင့်စဉ်နှင့် ထူးခြားမှုများ *[ဦးမင်းအောင်]* ၇၇

### ဂါထာ ပါရမီ

ဝဋ္ဋသုတ်ပရိတ်တော်တန်ခိုး *[ကောင်းဟိန်း-ကျွန်းသစ်]* ၅၃

### သက်ရှည်ကျန်းမာအောင်မြင် ပါရမီ

ကိုယ်တွေ့ ခန္ဓသုတ်တော်အစွမ်း *[ဇော်သူကျော်]* ၈၇

### ပညာပေး ပါရမီ

မမြင်ရသော ရန့်များနှင့်အတူ *[ခင်-စာသင်၊ ရောမြေ]* ၁၇

ကျွန်တော်အရက်သမား *[ထွန်းကြည်-ဟသ်ာတ]* ၈၉

### သံဝေဂ ပါရမီ

ငါ့ကို အမျှဝေပေးကြပါ *[ရွှေမင်းသား-စစ်ကိုင်း]* ၃၆

ပစ္စည်းစွဲသေ၍ ဝက်စာများ စားနေရသူ *[ညွန့်ဝင်း-နတ်တလင်း]* ၈၃

ဇနေတိ သဒ္ဒိသံ ပါကံ (သို့မဟုတ်)
တစ်နေ့မဟုတ် တစ်နေ့ *[ရွှေပေါက်သား-စလင်း]* ၉၆




တောင်ဘက်ဂူအောက်
အောက်ခြေချောင်းအတွင်းရှိ
ထောင်ပေါင်းများစွာရှိ ငါးအုံကြီးများကို... တ-၉

olUSo;orD;&SD
touf(70)aumfxdeoG&w , f
arGenfSoonftxdq|bdbGw , f တ-၉၆







www.burmeseclassic.com

www.burmeseclassic.com



မြတ်ငြိမ်း (LL.B)

ဂူအဝင်လမ်း အစပိုင်း ဂူတွင်းရှိ စေတီငယ်

# ဘားပျံဂူသို့

ကရင်ပြည်နယ် သံလွင်မြစ် အရှေ့ဘက်ခြမ်းရှိ ဘုရားလိုဏ်ဂူများသို့ အဓိဋ္ဌာန်ခရီးစဉ်တွင် ပါဝင်ခဲ့သော နေရာထူးတစ်ခုကို ညွှန်ပြပေးလိုက်ပါသည်။

ဘားအံမြို့မှ လှိုင်းဘွဲ့မြို့သို့ ဆက်သွယ်ထားသော မော်တော်ကားလမ်းအတိုင်း ဘားအံမြို့၏ အရှေ့ဘက်ရှိ ဘားအံမြို့အပိုင် မဲဘောင်ရွာမှ တောင်ဘက်သို့ ကတ္တရာ မော်တော်ကားလမ်းခွဲတစ်ခု ရှိပါသည်။

ထိုကားလမ်းကို ဒေသခံတို့က **''မဲဘောင်–နောင်ပလိန်လမ်း''** ဟု ခေါ်ကြသည်။ မြောက်ဘက်ရှိ မဲဘောင်ရွာနှင့် တောင်ဘက်ရှိ နောင်ပလိန်ရွာတို့ကို ဆက်သွယ်ဖောက်လုပ်ထားခြင်းကြောင့် ဖြစ်သည်။

မဲဘောင် – နောင်ပလိန် လမ်း၏ အရှေ့ဘက်ခြမ်း၌ **ဖားပျံဂူ၊ ကုဿသယလိုဏ်ဂူ၊ လှိုင်ကော့ဖျားဂူ**တို့က အစဉ်အတိုင်းရှိပြီး လမ်း၏ အနောက်ဘက်ခြမ်းတွင် **''ဘားအံဗုဒ္ဓဂါယာ''**ဟု ထင်ရှားကျော်ကြားနေသော ဘုရားပရိဂုဏ်နေရာထူး ရှိပါသည်။

အရှေ့ဘက်ခြမ်းရှိ လှိုင်ကော့ဖျားလိုဏ်ဂူမှာ ရှေးဟောင်းဘုရားလိုဏ်ဂူဖြစ်ပြီး ဘုရားရုပ်ပွားတော် အမြောက်အမြား ရှိပါသည်။

ကုဿသယဂူမှာ လိုဏ်ဂူသစ်ဖြစ်ပြီး ရုပ်ပွားရုပ်တုတော်များ အသစ်များ ပူဇော်ခံထားပါသည်။ ဂူမှာ ကြီးမားကျယ်ဝန်းခြင်း၊ ကျောက်ဆက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်များ ပုံသဏ္ဍာန်လှပခြင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံအေးချမ်းလွယ်ကူခြင်းတို့ကြောင့် လူသိများ ထင်ရှား



www.burmeseclassic.com

www.burmeseclassic.com



▲ ဖော်ထော်ကာကားလမ်းဘေးရှိ ဟားပုံဂူမုခ်ဦး

▼ ဟားပုံဂူ အနောက်ဘက်ရှု အဝင်လမ်း





www.burmeseclassic.com

www.burmeseclassic.com



● ကော်ဘက်ဂူအတွင်းမှ ရုပ်ပွားတော်များ

● ဂူလမ်းကျဉ်းအမှောင်ပွနေရာ



လာခြင်းဖြစ်သည်။

**ဖားပျံဂူမှာ ဘားအံနှင့် အနီးဆုံး ဖြစ်သော်လည်း ဘုရားရုပ်ပွားရုပ်တု များ နည်းပါးသည်။**

**သို့သော် ဂူအောက်မြေချောင်း အတွင်းမှာ ငါးအိုက်ခေါ်သော ငါး များပြားစွာ တွေ့ရှိရသော နေရာထူး ဖြစ်ပါသည်။**

ကားလမ်း၏ အနောက်ဘက် ခြမ်းတွင်မူ **''ဘားအံ ဗုဒ္ဓဂါယာ''** ဟူသော ဘုရားပရိဝုဏ်ကြီး ရှိပါသည်။ ရှုခင်း အလွန်လှပသဖြင့် နေ့စဉ် ဘုရားဖူးကားများစွာ ရှိပါသည်။

မဲဘောင်-နောင်ပလိန် မော်တော်ကားလမ်းအတိုင်း (၁၅)မိနစ်ခန့် မော်တော်ကားဖြင့် မောင်းသွားလျှင် ကားလမ်း၏ ဘယ်ဘက်ခြမ်း ကပ်လျက် **''ဖားပျံဂူကျောင်း''**ဟူသော မုခ်ဦးကြီးကို တွေ့ရပါသည်။

ထိုမုခ်ဦးအောက်တွင် ကွန်ကရစ်လမ်း (၂)ဖာလုံခန့် အရှေ့ဘက်သို့ ဖောက်လုပ်ထားသည်။ လမ်းအဆုံးတွင် **''ဖားပျံဂူဝ''** ရှိသည်။

ဂူဝရှေ့တွင် သာလာယံဇရပ်ကြီး တစ်ဆောင်ရှိပြီး ကားရပ်ရန် နေရာ ကျယ်ဝန်းစွာ ရှိသည်။

ဘုရားဖူး ကားကြီး,ကားငယ်






www.burmeseclassic.com

www.burmeseclassic.com



▲ တောင်ဘက်ဂူဝ ဘုန်းတော်ကြီးကျောင်း

▼ မြောက်ဘက်ဂူပေါက်သို့ အထွက်လမ်း အစပိုင်း



၈ ပါရမီမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



▲ တောင်ဘက်ဂူထိပ်က အောက်ခြေချောင်းအတွင်းရှိ ငါးအိုက်ငါးများကို တွေ့မြင်ရပုံ

များစွာ ရပ်နိုင်အောင် ကျယ်ဝန်းပါသည်။ ဂူဝတွင် သံတံခါး၊ ဘာဂျာတံခါး တပ်ဆင်ထားသည်။

ဂူဝ အနောက်ဘက်လှည့်သည်။ အကျယ်(၁၅)ပေခန့်၊ အမြင့်(၁၅)ပေခန့်သာ ရှိမည်။ ဂူဝတွင် အလင်းရောင်ရှိပြီး ဂူတွင်း အနည်းငယ်မှောင်သည်။ အတွင်းသို့ ပေ(၅၀)ခန့် ဝင်သွားရာ ညာဘက်ခြမ်း၌ ရွှေရောင်စေတီငယ်တစ်ဆူကို ဖူးမြင်ရသည်။

ရှေ့ကို ပေ(၅၀)ခန့် ဆက်သွားရာ ခေါင်းငုံ့ခါးကိုင်း၍ ဝင်ရသော လိုဏ်လမ်းကျဉ်းကို ဖြတ်ရသည်။ ထိုအမှောင်လမ်းထိပ်တွင် လျှပ်စစ်မီးထွန်းပေးထားသည်။

ထိုနေရာမှ လွန်သော် လက်ဝဲဘက် **ဂူမြောက်ဘက်သို့ ပေ(၁၀၀)ခန့် ရှည်သော** အမှောင်လိုဏ်ဂူရှည်တစ်ခုကို တွေ့ရသည်။ အဆုံးမှာ ဂူဝပေါက်ထွက်ကြောင်း သိရသည်။ ထိုနေရာ၌ ဘုရားဖူးများ သွားလာရန် ပြုပြင်ထားမှု မရှိသေးပါ။

မြောက်ဘက် အမှောင်ဂူနှင့် အနောက်ဂူလိုဏ်တို့ ဆုံရာမှာ ဂူမကြီးဟု ခေါ်နိုင်ပါသည်။ ဂူအောက်ခြေမှ အမိုးအထိ ပေ(၇၀)ကျော် အမြင့်ရှိပြီး အရှေ့အနောက် အကျယ် ပေ(၈၀)ခန့် ရှိသည်။

မြောက်မှ တောင်သို့ အလျားပေ(၁၀၀) ကျယ်ဝန်းသည်။ တောင်ဘက်၌ ဂူဝကျယ်ကြီး ပွင့်နေသည်။

ဂူမကြီး၏ အနောက်ဘက်နံရံမှာ ဗုဒ္ဓရုပ်ပွားတော်များ ပူဇော်ခံထားသည်။ အနောက်တောင်ဘက် ဂူဝတွင် ဘုန်းတော်ကြီးကျောင်း အဆောက်အအုံ ရှိသည်။

တောင်ဘက် ဂူဝအောက်ပေ(၆၀)ခန့်တွင် ချောင်းတစ်ခု ရှိသည်။ ထိုချောင်းအတွင်းမှာ ငါးအိုက် ခေါ်သော ငါးများ ထောင်ပေါင်းများစွာ ရှိနေသည်ကို မြင်တွေ့ရပါသည်။

ငါးစာရန် အစာများ အသင့်ပါသွားသူတို့က ငါးစာကျွေးမွေးကြသည်။ ငါးစာ ပါမသွားသူတို့က ငါးများကို ဓာတ်ပုံရိုက်ယူကြသည်။

**တောင်ဘက်ဂူဝမှ အမြင်ထွက်၍**



www.burmeseclassic.com

www.burmeseclassic.com

**မရပါ။ ချောင်းက ပိတ်ကာထားခြင်း ကြောင့် ဖြစ်ပါသည်။ ဝင်လာရာ လမ်းအတိုင်း ပြန်ထွက်ရသည်။**

ကျွန်ုပ်တို့မှာ ဂူမကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များရှေ့တွင်ထိုင်၍ ဘုရားရှိခိုးခြင်း၊ မေတ္တသုတ် ပရိတ်တော် (၁၀)ခေါက် ရွတ်ပွားပူဇော်၍ အဓိဋ္ဌာန်ဝင်ခြင်း ပြုခဲ့ကြပါသည်။

တောင်၏ပုံသဏ္ဍာန်မှာ ဖားပျံ တစ်ကောင်နှင့် တူနေသဖြင့် **''ဖားပျံတောင်''**ဟု အမည်တွင် ကြောင်း သိခဲ့ရသည်။ ဖားပျံတောင် ခြေတွင် တည်ရှိသော လိုဏ်ဂူဖြစ်၍ **''ဖားပျံဂူ''**ဟု ခေါ်တွင်သည်။

ထိုဂူမှာ ထိန်းသိမ်းစောင့်ရှောက် သီတင်းသုံးသော ဘုန်းတော်ကြီး များကို မတွေ့ရှိခဲ့ပါ။

ဂူဝအနီးရှိ ဇရပ်တွင် တွေ့ရှိရ သော အမျိုးသား/အမျိုးသမီး အချို့ ကို ဂူအကြောင်း စုံစမ်းမေးမြန်းသော် လည်း ထိုကရင်တိုင်းသားများက ဗမာစကား မပြောတတ်သဖြင့် ဘာမှ မသိခဲ့ရပေ။

***ဖားပျံ့ဂူမှာ ရှေးဟောင်းဂူတစ်ဂူ တော့ မဖြစ်နိုင်ပါ။ သို့သော် ကုဋ္ဋာ သယဂူထက်တော့ ပို၍ ရှေးကျပါ လိမ့်မည်။***

ဂူတွင်း၌ လျှပ်စစ်မီးများ ဆင်ကာ ရုပ်တုရုပ်ပွားများ စေတီများ ပူဇော် ခံထားရှိပါက မကြာမီ ဘုရားဖူး ပရိသတ်များ စည်ကားလာမည့် နေရာထူး ဖြစ်ပါသည်။


မဲဘောင်–နောင်ပလိန် ကား လမ်းတစ်လျှောက်တွင် **ဘုရား လိုဏ်ဂူကြီး(၃)ဂူနှင့် ဘုရား ပရိဂုဏ်ကြီး တစ်နေရာ ရှိသဖြင့်** ရန်ကုန်မှ နေ့ချင်းပြန် ဘုရားဖူးကား များ ပြေးဆွဲနိုင်ပါသည်။

ဘားအံနှင့် အနီးကလေး ဖြစ် သည့်အပြင် လမ်းပန်းဆက်သွယ် ရေးလည်း လွယ်ကူလုံခြုံအေးချမ်း မှုလည်း ရှိပါသည်။

တစ်ခါတစ်ခေါက် သွားရောက် နိုင်ကြပါစေ။ ဖားပျံ့ဂူကို သွားလျှင် ငါးကျွေးမည့် အစာများ အဆင်သင့် ယူသွားကြပါ။

***စေတနာမှန်လျှင် ကံကောင်းမည်။***

**အောင်ဇ** ***(LL.B)***








www.burmeseclassic.com

www.burmeseclassic.com

# ညောင်ပင်သာဦးပုည

သာသနာလျှောက်

ယခု ကောဇာသက္ကရာဇ် မည်သည့် ခုနှစ်-လ-ရက် ဖြစ်၍ နောင်အနာဂတ်သာသနာ ကျန်နှစ်ပေါင်း မည်မျှဖြစ်ရာ နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်များကို ကြိုးစားအားထုတ်တော်မူကြပါဟု တိုက်တွန်း နှိုးဆော်ချက်ကို "သာသနာလျှောက်"ခေါ်သည်ဟု ထင်မြင်မိပါသည်။



☛ ညောင်ပင်သာဆရာကြီး ဦးပုညပုံ

သာသနာလျှောက်ကို ဝတ်အသင်းများ ဘုရား ဝတ်တက်အပြီးတွင် ရွတ်ဆိုလေ့ရှိကြပါသည်။

စစ်ကိုင်းမြို့ ညောင်ပင်သာဆရာကြီး သူတော်ဦးပုညသည် **၁၂၇၀ပြည့်နှစ်တွင်"မဟာသက္ကရာဇ်ဖြိုခန်း သာသနာလျှောက်"** စာတမ်းတစ်စောင်ရေးသားခဲ့ပါသည်။

ယင်းစာတမ်းတွင် ကမ္ဘာဦးကာလမှစ၍ အုပ်စိုးခဲ့ကြသော မင်းများလက်ထက် သက္ကရာဇ် သုံးကြိမ်ဖြိုခဲ့ပုံကို ရှေးဦးစွာ ရေးသားထားသည်။

ထို့နောက် ဒေဝဒဟပြည် အဥ္စနမင်းကြီးလက်ထက် "**မာဃစန္ဒာ**" ကိန်းအရ သက္ကရာဇ် ဖြိုခဲ့ပုံကို ရေးသားထားသည်။

မာဃစန္ဒာကို ပိဋကတ်သင်္ချာနည်းအရ ကောက်ယူလျှင် **၈၆၄၅** ရရှိပါသည်။ သက္ကရာဇ် **၈၆၄၇** မှ **၈၆၄၅** ကို ဖြိုး၍ အကြွင်း၂–ခု ထားခဲ့ခြင်းဖြစ်သည်။ **(ပိဋကတ်သင်္ချာ ကောက်ယူပုံကို ကဗျာသာရတ္ထသင်္ဂြိုဟ် စာ–၆၉၊ ပေါရာဏဒီပနီ စာ–၁၅၂၊ ပါဠိသက်ဝေါဟာရအဘိဓာန် စာ–၁၆၉ တို့တွင် ကြည့်ရှုနိုင်ပါသည်။)**

ထို့နောက် **၆၈ ခုနှစ်**တွင် ဘုရားအလောင်း ဖွားမြင်ပုံ၊ **၁၀၃ ခုနှစ်**တွင် ဘုရားဖြစ်တော်မူပုံ၊ **၁၄၈ ခုနှစ်**တွင် ပရိနိဗ္ဗာန်စံဝင်ပုံ၊ ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းက သာသနာတော်သက္ကရာဇ်နှင့် ကောဇာသက္ကရာဇ် ညီမျှစေရန် သက္ကရာဇ် ၁၄၈ ခုနှစ်ကို ဖြို၍ သက္ကရာဇ်

ပါရမီမဂ္ဂဇင်း ၁၁ (စာမျက်နှာ (၂၀) သို့)



www.burmeseclassic.com

www.burmeseclassic.com

# ရှုဉာဏ်ရှင်



စိတ်ရုပ်မြေပြီး ရေ,လေ,မီး၊
အပြီး အစွဲကင်း။
စိတ်နာမ်ခံစား ပြုမှတ်သား၊
သိထား အစွဲကင်း။
စိတ်မြင်အဆင်း ဉာဏ်အားရှင်း၊
ထင်လင်း အစွဲကင်း။
စိတ်ကြားအသံ ရုပ်နှင့်နာမ်၊
အမြန် အစွဲကင်း။
စိတ်နံ့ အနံ့ တွင်းပြင်နှံ့၊
ထောက်ပံ့ အစွဲကင်း။
စိတ်စားရသာ ပျက်နေတာ၊
မြန်စွာ ရှုဉာဏ်ရှင်း။
စိတ်ထိ စိတ်သိ ဉာဏ်နှင့်ကြည့်၊
အရှိ နိဗ္ဗာန်စိတ် အလင်း။

၁၃၆၂ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၄)ရက်၊
စနေနေ့။ (၂၉-၇-၂၀၀၀)
နဝဓုတင်္ဂါစာရမဟာထေရ် ၏
နိဗ္ဗာန်မျက်ရှု ဘိက္ခုမြတ်တမ်း မှ

နဝဓုတင်္ဂါစာရ မဟာထေရ်

၁၂ ပါရမီမဂ္ဂဇင်း



www.burmeseclassic.com



ဘန်ကောက် မဟာနန်းတွင်းမှ မြတ်ဗုဒ္ဓကျောင်းတော်

မောင်လှကျော်
(သူရဲသမိန်)

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ မဟာနန်းတွင်းမှ

# မြတ်ဗုဒ္ဓရွှေကျောင်းတော်

ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ရေးရာ ကော်မတီသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ရှေးဟောင်း မဟာနန်းတော်သို့ ပါရဂူများ စေလွှတ်၍ နန်းတော်ရှိ ရှေးဟောင်း ယဉ်ကျေးမှုပစ္စည်း ကာကွယ်ထိန်းသိမ်းသည့် အခြေအနေကို စစ်ဆေးကြည့်ရှုခဲ့ကြသည်။

ပါရဂူတို့က စစ်ဆေးကြည့်ရှုပြီးနောက် နန်းတော်ရှိ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများမှာ အလွန် အဖိုးတန်လှ၍ **''ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်မှတ်တမ်း''** တွင် ဖော်ပြသော တောင်းဆိုချက်နှင့် လုံးဝ ကိုက်ညီကြောင်း…

သာ၍ အရေးကြီးသည်က ယင်းရှေးဟောင်း ယဉ်ကျေးမှု ပစ္စည်းကို စည်းကမ်းတကျ ကာကွယ်ထိန်းသိမ်းနိုင်ခြင်းကြောင့် ရှေးဟောင်းယဉ်ကျေးမှုပစ္စည်း ကာကွယ်ထိန်းသိမ်းသူတို့သည် မဟာနန်းတော်၏ အစောင့်အကြပ်နတ် ဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း မှတ်ချက်ချခဲ့ကြသည်။

**၁၉၈၄ ခုနှစ်၊ ဒီဇင်ဘာလ(၁၇)ရက်နေ့တွင် ရှေးဟောင်း မဟာနန်းတော်ကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် မှတ်တမ်းတွင် ထည့်သွင်းဖော်ပြခဲ့၏။**

မဟာနန်းတော်ကို ၁၇၈၃ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့သည်။ နန်းတော်နယ်မြေ အကျယ် အဝန်းမှာ စတုရန်းမီတာ (၂၁၈,၄၀၀)ရှိပြီး မြို့ရိုးတံခါး လေးပေါက်၏ အရှည်အလျားမှာ စုစုပေါင်း စတုရန်း မီတာ (၁၉၀၀) ရှိသည်။

ဘုရားကျောင်း အကြီးအငယ် စုစုပေါင်း (၂)ထောင် ကျော်ရှိပြီး ဘုရားတန်ဆောင်းကြီးမှာ (၃၃)ဆောင် ရှိသည်။

နန်းတော်တွင် အဖိုးအနဂ္ဃထိုက်တန်လှသော ရှေးဟောင်းယဉ်ကျေးမှု ပစ္စည်းများရှိ၏။ မွန်ကွသ်မင်း တည်ထားခဲ့သော ရွှေစေတီတော်တစ်ဆူတည်းကိုပင်







www.burmeseclassic.com

www.burmeseclassic.com



▲ ပန်းအလှထင် ပြတင်းပေါက်

▼ မှန်ကွယ်မင်းကြီး၏ အာရုံခံတန်ဆောင်း



ရွှေစင် ထိုင်းအောင်စ(၁ ဒသမ၁) သိန်းဖြင့် ထုပ်ပိုးထားခဲ့သည်။

မွမ်းမံထားသည့် ကျောက်မျက်ရတနာများမှာ ရေတွက်၍ ကုန်နိုင်မည် မဟုတ်ပေ။ ရှေးဟောင်း ယဉ်ကျေးမှုပစ္စည်းသိုလှောင်ခန်း(၁၀)ခန်း၌ ရှာမှရှားသော ထိုင်းသမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှု ပစ္စည်းများ၊ သာသနာရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများ ရှိသည်။

ဤမျှ ကြီးမားများပြားလှသော ရှေးဟောင်း အဆောက်အအုံများနှင့် အဖိုးတန် ရှားပါးလှသည့် ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများကို ထိန်းသိမ်းရန်မှာ အလွန်ခက်ခဲလှ၏။

မဟာနန်းတော်မှာ သစ်သားနှင့် အုတ်ထည် အဆောက်အအုံဖြစ်ပြီး ဘုရားတန်ဆောင်းတွင် တစ်နှစ်ပတ်လုံး ဆီမီးများ ထွန်းညှိထားသည်။

တန်ဆောင်းထဲရှိ ပိုးဖဲထည်များနှင့် ကုက္ကားများမှာ မီးလောင်လွယ်သော ပစ္စည်းများဖြစ်၍ သတိအနည်းငယ် မေ့လျော့လျှင် မီးဘေးအန္တရာယ်သင့်တတ်သည်။

နန်းတော် ကာကွယ်ရေးဌာနက လုံခြုံရေးလုပ်ငန်းကို ထိပ်တန်းတာဝန်အဖြစ် ကိုင်တွယ်ခဲ့သည်။

နေ့စဉ် (၂)ကြိမ် လာရောက်လှည့်လည် စစ်ဆေးကြသည်။

F. 3B. September, 2018.





www.burmeseclassic.com

www.burmeseclassic.com



ဘိုရိုမာဗီမင်တန်ဆောင်း



သမိုင်းဝင် ရှေးဟောင်းမြဘုရား

ယက်ရုပ်၍ ဘွန်ဘန်နှုဆောင်းတန်ဆောင်း



ဘုရားတန်ဆောင်း အသီးသီးတွင် ညကင်း ချထား၍ ကာကွယ် စောင့်ထိန်းကြသည်။

၁၉၉၄ ခုနှစ်တွင် ဘတ်ငွေ(၄၇)သိန်း အကုန်အကျခံ၍ တိဗ္ဗိကြီးကြပ်ထိန်းချုပ်ရေး စက်ကိရိယာများ တပ်ဆင်ခဲ့ပြီး အရေးပါသော ဘုရားတန်ဆောင်းများ၊ ရှေးဟောင်းပစ္စည်းသိုလှောင်ခန်းများနှင့် မဟာနန်းတော် တစ်ခုလုံးကို နေ့ရောညပါ ကြီးကြပ်ထိန်းချုပ်ထားသည်။

အချုပ်ဆိုရသော် မဟာနန်းတော်ရှိ ဗုဒ္ဓရုပ်ပွားတော်နှင့် ရွှေစေတီတော်တို့၏ တန်ခိုးတော်ကြောင့် မည်သည့်အခါကမှ မီးဘေး

ပါရမီမဂ္ဂဇင်း၁၅



www.burmeseclassic.com

www.burmeseclassic.com





တန်နိုးကြီး ရွှေစေတီတော်

ဗုဒ္ဓဟာနစေတန်ကျောင်းတော်

လည်းမဖြစ်ပွား၊ ပစ္စည်းလည်း မဆုံးရှုံးခဲ့ပေ။

**မောင်လှကျော်(သုရဲသမိန်)**

စာကိုး

**World Heritages of Thailand Grand Palace. (China Pictarial 1/2005)**

မာဟီဆေကျန်သာရာဆပ်တန်ဆောင်းတွင်းမှ နံရံဆေးပန်းချီ









www.burmeseclassic.com



ခင်–စာသင်
(ရောမြေ)

# မမြင်ရသော ရနံ့များနှင့်အတူ

၂၀၀၇ ခုနှစ် ပတ်ဝန်းကျင်က စမတောင်ကို ရောက်ခဲ့ဖူးပါတယ်။ ကျွန်တော်ရယ်၊ ဘဘဦးဝင်းမြိုင်ရယ်၊ အမေစန်းရီရယ်၊ အုန်းကျော်ရယ် ဖြစ်ပါတယ်။

အဘဦးဝင်းမြိုင်က စိတ်စွမ်းအင် ရှိပါတယ်။ ဒီခရီးကိုလဲ ဘဘဦးဝင်းမြိုင်ကပဲ ဦးဆောင်ခဲ့ပါတယ်။

ရန်ကုန်ကနေ ပျဉ်းမနား သာဝတ္တိကို ရထားဖြင့်လာခဲ့ကြပါတယ်။ ကျွန်တော်က လုံးဝ မရောက်ဘူးသော ခရီးမို့ ပျော်မိပါတယ်။

စမတောင်ကို ရောက်တော့ ညနေစောင်းပါပြီ။ ဘဘဦးဝင်းမြိုင်က ညွှန်ကြားချက်ပေးပြီး ဆရာတော်နဲ့တွေ့ဆုံခဲ့ပါတယ်။ ဆရာတော်ရဲ့ စီစဉ်ပေးမှုကြောင့်





www.burmeseclassic.com

www.burmeseclassic.com



နှစ်ခန်းတွဲ ကမ္ဘဋ္ဌာန်းကျောင်းမှာ နေခွင့်ရပါတယ်။

ကျွန်တော်နဲ့အုန်းကျော်က တစ်ခန်း၊ ဘဘဦးဝင်းမြိုင်နဲ့ အမေစန်းရီက တစ်ခန်းနေကြပါတယ်။

ဘဘဦးဝင်းမြိုင်က အသက်(၇၀)ကျော်၊ အမေစန်းက အသက်(၆၀)ကျော် ဖနီးမောင်နှံများ ဖြစ်ကြပါတယ်။

ကျွန်တော် မှတ်မိတာကတော့ ကျွန်တော်တို့နေတဲ့ ကမ္ဘဋ္ဌာန်းကျောင်းရဲ့ဘေးမှာ ဉသျှစ်ပင်ကြီး တစ်ပင် ရှိပါတယ်။

စမတောင် ဆိုတာက ထူးခြားတဲ့ တောင်တစ်တောင် ဖြစ်ပါတယ်။ ဒါကြောင့်လဲ မြန်မာနိုင်ငံ အနှံ့အပြားကလာကြတဲ့ လောကီပညာရှင်တွေ မနည်းပါဘူး။

ပဋ္ဌာန်းဆက် ပါရမီဆက်အရ ထူးခြားတဲ့သူတွေကို တွေ့ရပါတယ်။ အမျိုးသမီးကြီးတစ်ယောက်က ဘဘဦးဝင်းမြိုင်ကို ပြောပါတယ်။

'ကျွန်မ ဂူထဲမှာ ပုတီးစိပ်နေတုန်း ပုဂ္ဂိုလ်ထူးကို တွေ့ဖူးတယ်။ စိတ်ထဲမှာ ဘယ်လိုဖြစ်တယ် မသိဘူး ကြောက်ရွံ့တုန်လှုပ်သွားတယ်။

ပုဂ္ဂိုလ်ထူးကြီးက ပြောတယ်၊ သရဏဂုံသုံးပါးရွတ်ပြီး စေတီကို (၃)ပတ် ပတ်ပါ။ သမီးရဲ့ ဆန္ဒတွေ ပြည့်ဝလာပါလိမ့်မယ်တဲ့'

စမတောင်ကို ရောက်ပြီး (၃)ရက်မြောက်နေ့မှာ ဘုရားပေါ်က ဇရပ်တစ်ခုမှာ လူများ စုရုံးပြီး များပြားနေတာကို တွေ့ရပါတယ်။

ကျွန်တော်လဲ သွားကြည့်ဖြစ်ပါတယ်။ ပုဂ္ဂိုလ်ထူးလို့ ပြောပါတယ်။ အသက်တစ်ရာလို့ ပြောကြပါတယ်။ ပုံသဏ္ဍာန်ကတော့ ဖြူဖြူသွယ်သွယ်ပါ။ ဝတ်ဖြူစင်ကြယ် ဝတ်ထားပါတယ်။ တောင်ဝှေးလဲ ပါပါတယ်။

လူအများက လှူကြတန်းကြ မေးကြမြန်းကြနဲ့ အတော့်ကို စည်ကားလျက် ရှိပါတယ်။ ပုဂ္ဂိုလ်ထူးရဲ့ အဓိဋ္ဌာန်ကိုလဲ သိခွင့်ရခဲ့ပါတယ်။

အဓိဋ္ဌာန်က ဆန်းပါတယ်။ ဒီနေ့ သရက်သီးပဲ စားမယ်၊ ဒါမှမဟုတ်ရင် သဘော်သီးပဲစားမယ် စသဖြင့် အဓိဋ္ဌာန်တယ်လို့ သိရပါတယ်။

အဲဒီနေ့ကတော့ သဘော်သီးကို လှူတာ တွေ့ရပါတယ်။ မကြာခင် တောင်အောက်ကို ဆင်းသွားပါတယ်။

နောက်ပြီး သစ်ပင်က သစ်ရွက်တွေမှာ စမပေါ်တယ် ဆိုပြီး ခူးကြ၊ ဆောင်ကြတဲ့သူတွေကိုလဲ တွေ့ရပါတယ်။ ကိုယ့်အယူအဆနဲ့ ကိုယ်မို့ မှားတယ်လို့ မထင်မိပါဘူး။

(၅)ရက်မြောက်တဲ့နေ့မှာ ဘဘဦးဝင်းမြိုင်က ရက္ခန်းစင်တောင်ကို တက်ဖို့ ပြောပါတယ်။ ညနေ(၃)နာရီထိုးနေပါပြီ။ ဒါနဲ့ပဲ ဘဘဦးဝင်းမြိုင်က ဦးဆောင်ပြီး ရှေ့က သွားပါတယ်။

လမ်းတစ်လျှောက် တွေ့ရတာကတော့ ခြံစိုက်ခင်းတွေပါပဲ။ ဘဘဦးဝင်းမြိုင်က တောထဲရောက်ရင် နာမည်တွေမခေါ်ဖို့ ပြောပါတယ်။ ပြီးတော့ ခေါ်ရင် ''ဝူး''လို့ ခေါ်ဖို့ မှာလိုက်တယ်။

ကျွန်တော်က ဘဘဦးဝင်းမြိုင်ကိုကြည့်ပြီး ပြုံးမိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မရောက်ဘူးတဲ့ နေရာမို့
မြင်သမျှ အဆန်းကြီးပါပဲ။
လေတိုက်သံကဖြင့်
ရေကျသံတမျှ
ပြင်းထန်လှပါတယ်။
နာရီဝက်မျှ
လမ်းလျှောက်ပြီး
တက်ရတဲ့ခရီးက မတွင်လှပါ။

ဘဘဦးဝင်းမြိုင်က ရှေ့က သုတ်သုတ်သွားပါတယ်။ ကျွန်တော်တို့က နောက်က အမီလိုက်ကြပါတယ်။ တစ်နေရာအရောက်တွင် အလွန်မွှေးသော ရနံ့ကို အားလုံး ရှူရှိုက်မိလိုက်ပါတယ်။

ကျွန်တော်တို့က လိုရာခရီးသို့ ရောက်ရန် ဆက်လျှောက်ဆဲပါ။ ရနံ့ကလဲ မွှေးပျံ့ဆဲပါ။

ကျွန်တော့်စိတ်အထင် ပြောရရင် မွှေးရနံ့က ကျွန်တော်တို့နောက်က လိုက်နေတာပါ။ ဒီလောက်မွှေးလောက်မယ့် အပင်,ပန်းများကိုလဲ မတွေ့ပါ။

'ဟော့…ရပ်ဦး၊ ရပ်ဦး'

ဘဘဦးဝင်းမြိုင်က ရုတ်တရက် လက်ဖြင့်တားပြီး ပြောလိုက်ပါတယ်။ ကျွန်တော်တို့က နားမလည်ဟန်ဖြင့် ကြည့်နေမိပါတယ်။ ဒီတော့မှ ဘဘဦးဝင်းမြိုင်က မြေကြီးကို လက်ညှိုးညွှန်ပြီး ပြောပါတယ်။

'ဒီမယ်…တွေ့လား တောကောင်ခြေရာ၊ ကဲ…ကဲ ပြန်ကြမယ်'

ဒါနဲ့ပဲ စမတောင်ကို ပြန်ရောက်လာခဲ့ပါတယ်။ (၇)ရက်မြောက်သောနေ့မှာ ရသေ့တစ်ဦး ရောက်လာပါတယ်။ ဘဘဦးဝင်းမြိုင်က နေရာထိုင်ခင်းပေးပြီး အကျိုးအကြောင်း မေးပါတယ်။

ရသေ့ကြီးက အတိတ်ဘဝက အမေစန်းရီနဲ့ ဆွေမျိုးတော်စပ်ပုံကြောင်း စီကာပတ်ကုံး ပြောပါတယ်။ နောက် အမေစန်းရီက ငိုပါတယ်။ ကျွန်တော် ဘာမှ နားမလည်ပါ။

ထိုအချိန်က ကျွန်တော်က အသက်(၁၆)နှစ်ဆယ်တန်းကျောင်းသား ဖြစ်ပါတယ်။ နောက် ရသေ့ကြီးက မိန့်ပါတယ်။

'ဆေးဖက်ဝင်တဲ့ ဂမုန်းတွေပေးဖို့ အာရုံနဲ့ ဆက်သွယ်ခဲ့တယ်။ ဒါကို ဒကာကြီး သိပါတယ်နော်။ ဒကာကြီးကို အာရုံအရ အဓိဋ္ဌာန်ဝင်ဖို့ အထက်ပုဂ္ဂိုလ်တွေက ညွှန်ကြားထားတယ် မဟုတ်လား။

ကဲ…ကုသိုလ်ဆက်ရအောင် ယခု(…)မှာ ရွှေရင်အေးရအောင် ရွှေရင်အေးစေတီတစ်ဆူ တည်နေပါတယ်။

အဲဒီရွှေရင်အေးစေတီမှာ ခုနစ်ရက်သားသမီးတွေရဲ့ ဘဝလေးတွေ မှန်မှန်ကန်ကန်ဖြစ်ရအောင် မှန်သက်နှီးကပ်လှူဖို့ ရှိပါတယ်။ ကုသိုလ်ပြုကြဦး'

ဒါနဲ့ပဲ ကျွန်တော်တို့က တတ်အားသရွေ့ လှူလိုက်ကြပါတယ်။ ကျွန်တော်တို့ထံမှ အလှူခံပြီး ကြွသွားပါတယ်။ ဒီတော့မှ ဘဘဦးဝင်းမြိုင်က ပြောပြပါတယ်။

'ဘဘက ဒီခရီးထွက်လာတာက ဆေးဖက်ဝင်ဂမုန်းတွေ ရဖို့ပဲ။ တစ်စုံတစ်ဦးဆီမှာ သွားယူရမှာ မဟုတ်ဘူး။ အာရုံထဲမှာ ဒီတော ဒီတောင်မှာ ဘဘလိုချင်တဲ့ ဂမုန်းတွေ ရှိတယ်လို့ သိရတယ်။

ပြီးတော့ ပုဂ္ဂိုလ်ထူးကြီးတစ်ဦး(အာရုံအရ) ဒီဂမုန်းတွေ လိုချင်ရင် သရဏဂုံမေတ္တာ ထုံပါ။ အနည်းဆုံး(၉)ရက်ပေါ့။ ဒီလို အာရုံထူးတွေရတယ်။

ဒါပေမယ့် ဘဘက ငါ့မှာ စရဒအားကောင်းနေတာပဲ။ ဒီလိုသီးခြားလုပ်ဖို့ မလိုပါဘူး။ ဒီလိုဆုံးဖြတ်ပြီး ဒီခရီး ထွက်လာခဲ့တာပါပဲ။ ဒါကြောင့် ဘဘတို့ တောင်တက်ခရီးမှာ ဂမုန်းပန်းရနံ့တွေ မွှေးနေတာပေါ့။ ဘဘလဲ ခုမှ သဘောပေါက်မိတယ်။

ဝိဇ္ဇာလုညဲ့ဆိုတာ ဒါမျိုးပေါ့ကွယ်။ ဝိဇ္ဇာပုဂ္ဂိုလ်ထူးတွေက ဒီလို သတိပေးလို့ တော်သေးတာပေါ့ကွယ်'

(၉)ရက်မြောက်သောနေ့မှာ ကျွန်တော်တို့ စမတောင်မှ ရန်ကုန်သို့ ပြန်လာခဲ့ပါတယ်။

**ခင်-စာသင်(ရွာမြေ)**





www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၁၁)မှ အဆက်

အသစ် ရေတွက်မှတ်သားပုံတို့ကို ဆက်လက်ရေးသား ဖော်ပြပါသည်။

ထို့နောက် သရေခေတ္တရာပြည် သုမုန္ဒရီမင်းလက်ထက် ၆၂၄ ခုနှစ်တွင် **"ဒေါဒေါရသ"**ကိန်းအရ **၆၂၂** ဖြိုခဲ့ပုံ၊ (**ဒေါ**=၂၊ **ဒေါ**=၂၊ **ရသ**=၆ ပြောင်းပြန်ယူလျှင် **၆၂၂** ဖြစ်သည်။)

ပေါက္ကံပြည် သဃာရာဇ်မင်းလက်ထက် ၅၆၂ ခုနှစ်တွင် **"ခဆပဠ"**ကိန်းအရ ၅၆၀ ဖြိုခဲ့ပုံ (**ခ**=၀၊ **ဆ**=၆၊ **ပဠ**=၅၊ ပြောင်းပြန်ယူလျှင် **၅၆၀** ဖြစ်သည်။)တို့ကို ဆက်လက်ဖော်ပြပါသည်။

၆၂၂ နှင့် ၅၆၀ ပေါင်းလျှင် ၁၁၈၂ ရ၍ ၁၁၈၂ ကို ရောက်ရာ နှစ်ကောဇာနှင့် နှောလျှင် လွန်ခဲ့သော အတိတ်သာသနာတော်ဖြစ်ပုံ၊ အတိတ်သာသနာကို သာသနာတော်နှစ် (၅၀၀၀)မှ ပယ်ဖျက်လျှင် အနာဂတ်သာသနာတော်ဖြစ်ပုံကို ဆက်လက်ဖော်ပြပါသည်။

နောက်ဆုံးအပိုဒ်တွင် ဤသို့ ဖော်ပြထားသည်။

"သာသနာတော်သည် သောတာပန်ခေတ်-၁၀၀၀၊ သကဒါဂါမ်ခေတ်-၁၀၀၀၊ အနာဂါမ်ခေတ်-၁၀၀၀၊ ရဟန္တာခေတ်-၂၀၀၀ အားဖြင့် (၅၀၀၀) ရှိပါသည်။

ယခုနှစ်သည် ကောဇာအားဖြင့် သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း(၁၅)ရက် သောကြာနေ့ ဖြစ်ပါသည်။

အတိတ်သာသနာတော်မှာ ၂၄၂၂ လွန်၍ ၂၅၇၈ ကြွင်းသေးသည်ဖြစ်သောကြောင့် ရဟန္တာခေတ် လွန်ပါသည်။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ခေတ် ကြွင်းသေးသည်ဖြစ်သောကြောင့် ယခုအခါ စည်းဝေး၍ လာကြကုန်သော ပရိသတ်အပေါင်း သူတော်ကောင်း ဖြစ်ကုန်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် ကိုယ့်ကျိုး ကိုယ့်စီးပွားကို အလိုရှိကြသည်နှင့်အညီ မဂ်ဉာဏ်-ဖိုလ်ဉာဏ်သည် အလျှံပြောင်ပြောင် နေရောင်-လရောင်မှာ ထွန်းတောက်ပသော အခိုက်တွင် ကြုံကြိုက်သည်နှင့် မသွေ...

ဆယ်ထွေသော ပါရမီကို ဇာမရီ ဘာမထီ သာအညီ ပြည့်ဖြိုးအောင် ကြိုးစားအားထုတ်၍ လောကုတ္တရာ အောင်ရာကြငှန်း၊ ဓေမာနန်းသို့ ရည်မှန်းအာသာ၊ တောင်းဆုညာ၍ အဒ်မာ၊ အလျှင်မကြာ၊ ဘုရင်မဟာ၊ ကြောင်းဆင့် နောင်ရှက်စုံဖွင့်တော့ ကို၊ အသင့်လွယ်ကူ၊ တမြင့်ရွယ်ချူ၊ မဖင့်ကယ်သူနှင့်၊ အတူလိုက်



bd®rnfbo
ykdKwDEnf
r*KdESif; tuifw&m;ukd
uifhaumifpG
aeluvif...

ပါရဂူကြောင်းကို၊ ဆုတောင်းဆုယူ၍၊ ကြည်ဖြူစွာ ကုသိုလ်ကို၊ မငြိုမငြင်၊ ကောင်းအင်မယုတ်၊ အားထုတ်တော်မူကြပါ ပရိသတ်အပေါင်း သူတော်ကောင်းတို့"

ညောင်ပင်သာဦးပုညဆိုခဲ့သည့် **သောတာပန်ခေတ်–၁၀၀၀၊ သကဒါဂါမ်ခေတ်–၁၀၀၀၊ အနာဂါမ်ခေတ်–၁၀၀၀၊ ရဟန္တာခေတ်–၂၀၀၀** ဟူသည်မှာ ရူဠဝဂ္ဂအဋ္ဌကထာ (၁၂၇)၏အဆို ဖြစ်ပါသည်။

ဒီဃနိကာယ်သမ္ပသာဒနီယသုတ်အဖွင့် ပါထိကဝဂ္ဂအဋ္ဌကထာ(၈၃)၊ အင်္ဂုတ္တရအဋ္ဌကထာနှင့် သမ္မောဟဝိနောဒနီအဋ္ဌကထာတို့ အဆိုအရ **ရဟန္တာခေတ်–၄၀၀၀၊ သောတာပန်စသော အရိယာခေတ်–၁၀၀၀**ရှိပါသည်။

အဋ္ဌကထာတို့ အဆိုအရ သာသနာတော်နှစ်ပေါင်း (၅၀၀၀)ရှိသည် ဆိုသော်လည်း မြတ်စွာဘုရားကမူ မဟာပရိနိဗ္ဗာနသုတ်တွင်...

"သုဘဒ္ဒ ဤငါဘုရား၏ သာသနာတော်၌ ဘိက္ခုအမည်ခံသော ပုဂ္ဂိုလ်တို့သည် မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကျင့်၍ ကောင်းစွာ နေကြလျှင် ဤကမ္ဘာလောကကြီးသည် ရဟန္တာတို့မှ မဆိတ်သုဉ်းဘဲ ရဟန္တာများကို အမြဲပင် တွေ့နိုင်သည်"

ဟူ၍ သုဘဒ္ဒပရိဗိုဇ်အား ဟောကြားတော်မူခဲ့သည်ကို တွေ့ရပါသည်။

**နေဝင်း(စစ်ကိုင်း)**

စာကိုး

၁။ **ရွှေဟောင်းစာပေသုတေသီတစ်ဦး**–စလေဦးပုညဘဝနှင့် စာပေ

၂။ **ဦးသိန်းလှိုင်**–ခေတ်ဟောင်း မြန်မာ့သမိုင်း သုတေသနအဘိဓာန်

၃။ **ဘုရားဖြူဆရာတော်**–သာသနဗဟုသုတပွကာသနီ

၄။ **အရှင်ဇနကာဘိဝံသ**–နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ



www.burmeseclassic.com

www.burmeseclassic.com

# မန်လည်ဆရာတော်ကြီး

ဖိုးမြဲအောင်
(ဒီပဲယင်း)

## မန်လည်ရွာကြီး

စစ်ကိုင်းတိုင်း ဒေသကြီး၊ **ကသာခရိုင်၊ အင်းတော်မြို့နယ်၊ မန်လည်ရွာကြီး**တွင် ဆရာတော်ကြီး သီတင်းသုံးခဲ့သော မန်လည်ပြာသာဒ်ကျောင်းကြီးရှိသည်။

မန္တလေး – မြစ်ကြီးနား မီးရထားလမ်း၊ **မဲဇာနှင့် အင်းတော် ဘူတာကြား "ဆည်ရွာ"မှတစ်ဆင့်** သွားရောက်နိုင်ပါသည်။

**မန္တလေး – မြစ်ကြီးနား မော်တော်ကားလမ်းခရီးစဉ်တွင် အင်းတော်မြို့ မရောက်မီ သုံးမိုင်ခန့်အလို မန်လည်ဆရာတော်ကျောင်းသို့ လမ်းညွှန်ဆိုင်းမှ တစ်ဆင့် ခရီးဆက်၍ သွားနိုင်ပါသည်။**

ဆရာတော်ကြီးသည် မန်လည်ရွာတွင် အဖ ဦးတင်ညို+အမိဒေါ်ဖြေတို့မှ **သက္ကရာဇ် ၁၂၀၃ ခုနှစ်၊** နှောင်းတန်ခူးလဆန်း(၁၂)ရက်၊ အင်္ဂါနေ့ညဦး (၃)ချက်တီးကျော်တွင် ဖွားမြင်သည်။ ငယ်နာမည် မောင်မာ ဖြစ်သည်။



မန်လည်ဆရာတော်ကြီး

မွေးချင်းနှစ်ယောက်တွင် ဒုတိယမြောက် သားဖြစ်သည်။ ထိုစဉ်က အမရပူရ မင်းနေပြည်တော်တွင် ကုန်းဘောင်မင်း (၈)ဆက်မြောက် ရွှေဘိုမင်းခေါ် သာယာဝတီမင်း(သက္ကရာဇ် ၁၁၉၉–၁၂၀၈) ထီးနန်းစံချိန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်မာ(၃)နှစ်သားအရွယ်တွင် ဖခင်ဦးတင်ညို ကွယ်လွန်သည်။ မိခင်မှဆိုးမ ဒေါ်ဖြေနှင့်နေရပြီး မောင်မာ(၁၁)နှစ်သားအရွယ်တွင် မင်းနေပြည်တော် ''အမရပူရ''၌ သာယာဝတီမင်း နတ်ရွာစံပြီးနောက် ပုဂံမင်း သက္ကရာဇ် (၁၂၀၈–၁၂၁၄) ထီးနန်းဆက်ခံ စိုးစံနေချိန်ဖြစ်သည်။

### စာပေသင်ကြားခြင်း

မောင်မာ အသက်(၁၂)နှစ်အရွယ်တွင် စာပေ သင်ကြားရန် ဝန်သိုစော်ဘွား၏ နောင်တော် တောင်ပေါ် ကျောင်း ဘုန်းတော်ကြီး ဦးပန်းအောင်ထံတွင် အပ်နှံ၏။

(၁)နှစ်အတွင်းမှာပင် အခြေခံ မြန်မာစာတတ်မြောက် ပြီး သွက်လက်စွာ ဖတ်နိုင်၏။ ကဗျာလင်္ကာများကို အထူးဝါသနာပါ၏။

ရှေးပညာရှိများ ရေးသားထားခဲ့သော ပျို့၊ ကဗျာများ ကို သင်ကြားလေ့လာခဲ့ရာ (၁၅)နှစ်သားအရွယ်တွင် ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ ရတု စသည်များကို ရေး သားစပ်ဆိုနိုင်သည်။

### သာမဏေဘဝ

သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် ပုဂံမင်း ထီးနန်း လက် လွှတ်ရပြီး အမရပူမြို့တွင် မင်းတုန်းမင်း ဧကရာဇ်အဖြစ် (သက္ကရာဇ် ၁၂၁၄–၁၂၄၀) ထီးနန်း ဆက်ခံသည်။ သက္ကရာဇ် ၁၂၁၈ ခုနှစ်တွင် မိခင်မှဆိုးမ ဒေါ်ဖြေ ကွယ်လွန်သည်။

မောင်မာ အသက်(၁၆)နှစ်အရွယ်တွင် ဘုန်းတော်ကြီး ဦးပန်းအောင်ထံမှာပင် ရှင်သာမဏေအဖြစ် ရောက်ရှိရ ပြီး ဘွဲ့တော်မှာ ''ရှင်ဇဝန''ဖြစ်သည်။ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းများ သင်ကြားတတ်မြောက်တော်မူ၏။

သက္ကရာဇ် ၁၂၁၈ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီး သည် မန္တလေး ရတနာပုံနေပြည်တော် ထီးနန်းသစ် တည်ဆောက်၍ သက္ကရာဇ် ၁၂၂၀ ပြည့်နှစ်တွင် ပြီးစီး သဖြင့် အမရပူရထီးနန်းမှ မန္တလေးမြို့ ထီးနန်းသစ်သို့ ပြောင်းရွှေ့ စံမြန်းတော်မူသည်။

### ရဟန်းဘဝ

သက္ကရာဇ် ၁၂၂၅ ခုနှစ်၊ အသက်(၂၂)နှစ်အရွယ်တွင်

**ထူးဆန်းသည်မှာ**
**(၃)လကျော် ဂူသွင်းထားသော**
**မန်လည်ဆရာတော်ကြီး၏**
**ရုပ်ကလာပ်တော်မှာ**
**မပုပ် မသိုးဘဲ...**

ဦးနန္ဒမဉ္ဇူကျောင်းဝင်းအတွင်းရှိ ခဏ္ဍာသိမ်၌ ဥပသမ္ပဒ ကံဆောင်ကာ **''ရှင်ဇဝန''**သည် ရဟန်းအဖြစ် ရောက်ရှိ တော်မူသည်။

သက္ကရာဇ် ၁၂၂၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက်နေ့တွင် မဲဇာရှိ ဥဒကုက္ခေပနဒီ သိမ်တော်မြတ် တွင် သံဃာတော်(၁၀)ပါးဖြင့် ဒုတိယအကြိမ် ဥပသမ္ပဒ ကံအားဖြင့် ရဟန်းခံတော်မူပြန်သည်။

ဥပဇ္ဈာယ်ဆရာတော်မှာ မန်လည် အနောက်ဘက် တိုက် ဝါတော်(၆၀)ရ အရှင်''ဂုဏာဝါ''မထေရ်မြတ်ကြီး ပင် ဖြစ်သည်။ ရဟန်းသိက္ခာဝါစဉ်ကို ရေတွက်ရာတွင် ပထမဝါဆိုကို ပယ်၍ ဒုတိယဝါဆို သက္ကရာဇ် ၁၂၂၆ ခုနှစ်မှစ၍ ရေတွက်လေ့ရှိသည်။

သက္ကရာဇ် ၁၂၂၈ ခုနှစ် မန္တလေးမြို့ အနောက်ပြင် ထီးလင်းတိုက်တွင် မန်လည်ဆရာတော် ဝါဆိုတော်မူ သည်။ မန်လည်မြို့ဝန် မင်းထင်မင်းလှ သမန္တရာဇာ လှူဒါန်းသော ပိဋကတ်တော်များကို ကြီးကြပ် ကူးယူ ရေးသားတော်မူသည်။

### ကျမ်းဂန်များ ရေးသားပြုစုခြင်း

မန်လည်ဆရာတော်ကြီးသည် မန္တလေး ထီးလင်း ကျောင်းတိုက်မှ မန်လည်ရွာလေးထပ် ပြာသာဒ်ကျောင်း ကြီးသို့ ပြန်ကြွတော်မူပြီး စာသင်သားတို့အား သင်ကြား ပို့ချရင်း ကျမ်းဂန်များကို ရေးသားပြုစုတော်မူသည်။

ရဟန်း(၁၀)ဝါ ရတော်မူချိန်တွင် ''မဃဒေဝ'' လင်္ကာ သစ်ကို ရေးသားပြုစုတော်မူသည်။ မန်လည်ရွာတွင် မွေးဖွား၊ မန်လည်ကျောင်းတော်ကြီးတွင် သီတင်းသုံး



www.burmeseclassic.com

www.burmeseclassic.com



▲ မန်လည်ပြာသာဒ်ကျောင်းကြီးနှင့် ရွှေသမာဂီစေတီ

တော်မူသဖြင့် မန်လည်ဆရာတော်ဟု အမည်တွင်ရလေသည်။

သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း (၆)ရက်နေ့တွင် ဘုရင် မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော်မူသဖြင့် သားတော်သီပေါမင်း ထီးနန်းဆက်ခံသည်။

သက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်နေ့တွင် သီပေါမင်းလက်ထက် အင်္ဂလိပ်မြန်မာ တတိယစစ် ဖြစ်ရသည်။

မြန်မာတို့ စစ်ရှုံးသဖြင့် ထီးကျိုး၊ စည်းပေါက် သူ့ကျွန်ဘဝ၊ နယ်ချဲ့ကိုလိုနီ အင်္ဂလိပ်လက်အောက် တစ်တိုင်းပြည်လုံး ကျရောက်သွားရသည်။

ဗုဒ္ဓ၏ ယဉ်ကျေးမှု အပြည့်အဝရှိသော မြန်မာတို့သည် နယ်ချဲ့ကိုလိုနီယဉ်ကျေးမှု လွှမ်းမိုးခံရမည့် ဘေးနှင့် ရင်ဆိုင်ခဲ့ရသည်။

ဗုဒ္ဓယဉ်ကျေးမှု မပျောက်ကွယ်ရေးနှင့် ဝါးမျိုခြင်း မခံရအောင် မြန်မာနိုင်ငံသူနိုင်ငံသားများနှင့် ရဟန်းသံဃာအပေါင်းသည် တတ်စွမ်းသမျှ ကြိုးစား၍ သာသနာပြုလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြကြောင်း သမိုင်းတွင် များစွာတွေ့ရ၏။

## မန်လည်ပြာသာဒ်ကျောင်းကြီး

မန်လည်ရွာအနီး စိမ်းစိုနေသော တောအုပ်များ အကြား စုလစ်မွမ်းချွန်များနှင့် ပြာသာဒ်ဘုံဆောင်များ အုတ်လှေကားများနှင့် **ကျောင်းတိုင်လုံး(၁၆၈)တိုင်**ဖြင့် ဆောက်လုပ်ထားသော ရှေးဟောင်းကျောင်းကြီးမှာ မန်လည်ပြာသာဒ်ကျောင်းကြီးပင် ဖြစ်သည်။

မူလကျောင်းဒါယကာမှာ **နေမျိုးမင်းလှဘွဲ့ခံ မန်လည်မြို့ဝန်''ဦးတေ''**ဖြစ်၏။ ဦးတေ ဆောက်လုပ်လှူဒါန်းခဲ့သော (၄)ထပ်ကျောင်းကြီး ပျက်ပြီးသွားပြီးနောက် ထိုကျောင်းကြီးကို မင်းထင်မင်းလှ သမန္တရာဇာ မန်လည်မြို့ဝန် **''ဦးပု''+ဝန်ကတော်''ဒေါ်ကွန်း''** တို့က သက္ကရာဇ် ၁၂၅၀ ပြည့်နှစ်တွင် ထပ်မံ တည်ဆောက်လှူဒါန်းသည်။

မန်လည်ဆရာတော်ကြီးသည် ကြိုးကြပ်၍ သက္ကရာဇ် ၁၂၅၅ ခုနှစ်တွင် ပြာသာဒ်ကျောင်းကြီး တစ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

လုံးကို မဟာသိမ်သမုတ်တော်မူခဲ့သည်။

သက္ကရာဇ် ၁၃၀၉ ခုနှစ်တွင် မြေလျှင်ဒဏ်ကြောင့် ပြာသာဒ်ကျောင်းကြီး ပျက်စီးရပြန်သည်။ နယ်သူနယ်သား ဒါယကာ၊ ဒါယိကာမအပေါင်းက ရေးမူမပျက် အင်ကြင်းတိုင်(၁၆၈)လုံး စိုက်ထူ၍ ပြန်လည် တည်ဆောက် လှူဒါန်းခဲ့ကြပြန်၏။

**အလျား (၁၃)ခန်း+အနံ (၁၃)ခန်း ပတ်လည်ကျောင်းကြီး ဖြစ်သည်။ အရပ်လေးမျက်နှာ လှေကားကြီး လေးစင်း တပ်ဆင်ထား၏။ အစည်းအဝေးခန်း၊ ဘုရားခန်း၊ ဆွမ်းစားခန်း၊ စာသင်ခန်း၊ ကျိန်းစက်ခန်းများနှင့် ဆရာတော်ကြီး ကုဋီခန်းများကိုပါ ပြာသာဒ်ဆောက်ထားသည်။**

**အင်းဝခေတ်၊ ကုန်းဘောင်မင်းများခေတ် ထွန်းရှယ်မှားများနှင့် တကွ ရှေးခေတ်ပန်းချီပန်းပုလက်ရာနှင့် ရဟန်းအသုံးအဆောင် ရှေးဟောင်းပစ္စည်းများ စုံလင်စွာ တွေ့ရှိနိုင်၏။**

**မန်လည်ကျောင်းကြီး ပရိဝုဏ်အတွင်း ကြည်ညိုဖွယ်ရာ ''ရွှေဘုမ်ကို''စေတီကြီးတစ်ဆူကိုလည်း မန်လည်ဆရာတော်ကြီး တည်ထားကိုးကွယ်တော်မူခဲ့သည်။**

မန်လည်ဆရာတော်ကြီး ရေးသားသော**''မဃဒေဝ'' လင်္ကာသစ်ကြီး**သည် လောကီ၊ လောကုတ္တရာ ဗဟုသုတများနှင့် ပြည့်စုံလှ၏။ ရေးသားပြုစုသော **ကျမ်းဂန်ပေါင်း(၃၀)ကျော်**ရှိသည်။

ဒွေးချိုး၊ လေးချိုး၊ တေးချိုး၊ ဘုန်းကြီးပျို့ချင်းများ၊ ဒုံချင်း၊ သံချိုကဗျာများ၊ သျှိုးလိုက်ရတုများ၊ စောင်းသီချင်းများ၊ မောင်းသီချင်းများ၊ အံတော်သီချင်းများ၊ ပြဇာတ်မျိုးစုံနှင့် ဓာတ်ချင်းမျိုးစုံကို ရေးသားတော်မူခဲ့သဖြင့် မကာရလောပအကျော် မန်လည်ဆရာတော်ဟု နာမအမည် တွင်ပြန်၏။

### ဆရာတော်ကြီး သာသနာပြု ကြွရောက်တော်မူသော မြို့များ

- **သက္ကရာဇ် ၁၂၆၈ ခုနှစ်၊** မိုးကုတ်မြို့၊ ၁၂၇၄ ခုနှစ်၊ သီပေါမြို့။
- **၁၂၇၄ ခုနှစ်၊** အင်္ဂလိပ်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆက်ကပ်။
- **၁၂၈၁ ခုနှစ်၊** စစ်ကိုင်း၊ ပခုက္ကူ၊ ပြည်၊ ဇလွန်၊ ဟင်္သာတ၊ ပုသိမ်၊ ရန်ကုန်နှင့် မော်လမြိုင်မြို့များ။
- **သက္ကရာဇ် ၁၂၈၂ ခုနှစ်**တွင် မန်လည်ဆရာတော်ကြီး ခန္ဓာဝန်ချွေချသွားတော်မူသည်။



### ခန္ဓာဝန်ကြီးကြောင်းထူးခြား မန်လည်ဆရာတော်ကြီး

သက္ကရာဇ် ၁၂၈၂ ခုနှစ်တွင် မန်လည်ဆရာတော်ကြီး ခန္ဓာဝန်ချွေချသွားတော်မူသောအခါ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်း ရုပ်ကလာပ်ကို မီးသဂြိုဟ်လိုသူနှင့် ဂူသွင်းသဂြိုဟ်လိုသူများ အချင်းချင်း သဘောထားကွဲလွဲကြ၏။

နောက်ဆုံးတွင် ဂူသွင်းသဂြိုဟ်လိုသူများက အားသာ အနိုင်ရကြပြီး ဂူသွင်းသဂြိုဟ်လိုက်ကြသည်။

ဂူသွင်းပြီး (၃)လကျော်သောအခါ အောက်ပြည်အောက်ရွာများသို့ ကုန်ရောင်းကုန်ဝယ် ခရီးလွန်နေသော ဒကာရင်း''ဦးဘရင်''ဆိုသူ တပည့်ကြီးတစ်ဦးသည် မန်လည်ကျောင်းကြီးသို့ ပြန်လည်ရောက်ရှိလာ၏။

ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို နောက်ဆုံးအချိန် အဖြစ် ဖူးမြော်ကန်တော့လိုပါကြောင်း တောင်းဆို၏။ ဒုတိယမန်လည်ကျောင်းထိုင် ဆရာတော်က ခွင့်မပြုခဲ့ပေ။

ဦးဘရင်သည် မန်လည်ဆရာတော်ကြီးနှင့် အလွန်ရင်းနှီးသော အန္တေဝါသိက တပည့်ကြီးတစ်ဦးဖြစ်သည့် အပြင် အကြိမ်အကြိမ် တောင်းဆို လျှောက်ထားမှုကြောင့် နောက်ဆုံးတွင် ဂူကိုဖွင့်၍ ဖူးမြော်ခွင့်ပြုလိုက်သည်။

**ထူးဆန်းသည်မှာ (၃)လကျော် ဂူသွင်းထားသော မန်လည်ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်သည် မပုပ်မသိုးဘဲ ပကတိအတိုင်း ရှိနေခြင်းပင် ဖြစ်သည်။**

ပန်းသတင်း လေညင်းဆောင်သည့်အလား တစ်မုဟုတ်ချင်း ပျံ့နှံ့သွားရာ တစ်ရွာလုံး၊ တစ်မြို့လုံး၊ တစ်နယ်လုံး အုန်းအုန်းကျွက်ကျွက် ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို တိုးဝှေ့လာရောက် ဖူးမြော်ကြကုန်၏။

နောင်မကြာမီ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ရွှေပိန်းချ၍ မှန်ခေါင်းဖြင့် မန်လည်ကျောင်းကြီးပေါ်တွင် ထားရှိသည်။ ယခုတိုင်အောင် အများသူငါ အံ့ဩဖွယ်ရာ လာရောက် ဖူးတွေ့ကြရင်း ရှေးဟောင်းပစ္စည်းများကိုပါ လေ့လာကြည့်ရှုကြပါကြောင်း...။

**မိုလ်အောင်*(ဒီပဲယင်း)***



www.burmeseclassic.com

www.burmeseclassic.com

အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တ ကောဝိဒ

၏ ဂုဏ်တော်ပွားနည်းနှင့် ထူးခြားမှုများ

ဦးထွန်းထွန်းဦး

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ အရှေ့ဝါယာလက်(၂)လမ်းရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းကြီး**သည် အကျင့်သိက္ခာ မြင့်မားစေခြင်း၊ ပိဋကတ်ကျမ်းဂန် နှံ့စပ်စေခြင်း၊ ပါဠိဘာသာ အရေးအသား တတ်မြောက် ကျွမ်းကျင်စေခြင်း၊ မြန်မာစာပေ အရေးအသား တော်စေခြင်းဟူသော ရဟန်းသံဃာတော်များအတွက် ပရိယတ္တိ ပညာရေး အခြေခံမှု လေးချက်တို့ကို ရည်သန်လျက် ဖွင့်လှစ်ထားပေသည်။

ထိုသင်တန်းကျောင်း၏ ကျောင်းအုပ်ဆရာတော်ကြီးမှာ **အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ** ဖြစ်၏။ တွေ့ဆုံဖူးမြော်ရစဉ်က ဆရာတော်ကြီးမှာ **သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ** ရှိနေပြီ ဖြစ်သော်လည်း စာရေးစာဖတ်ရာတွင် မျက်မှန်မလိုသေး။ သူတစ်ပါးတို့၏ စကားသံများကို နားစိုက်၍ ထောင်ရသေး။ သွားလာလှုပ်ရှားကိစ္စများ ဆောင်ရွက်ရာ၌ လူ အကူအညီနှင့် တုတ်၊ တောင်ဝှေးတို့ အကူအညီ မလိုသေးချေ။



အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ

**ထူးခြားချက်မှာ...** သက်တော်(၆၀)နှစ်ကျော်လောက်သာ လွဲမှားခန့်မှန်းမိတတ်ကြခြင်း၊ အရပ်အမောင်းနှင့် အသားအရေ လွန်စွာကောင်းခြင်း၊ သာသနာရေး ကိစ္စများကို အစဉ် သွက်လက်တက်ကြွစွာ ဆောင်ရွက်နေဆဲ ဖြစ်ခြင်းတို့ ဖြစ်ကြ၏။

တစ်နာရီခွဲကြာ မရပ်မနား တရားဟောပြောနိုင်၊ တရား ဆွေးနွေးနိုင်ပြီး မောပန်းခြင်း အလျှင်းမရှိ။ ပတိက တည်ကြည်ငြိမ်သက်နေ



www.burmeseclassic.com

www.burmeseclassic.com

ဟန်မှာလည်း ထူးခြား၏။

▲'**ဆရာတော်ကြီး သင်တန်းကျောင်းမှာ စတင် သီတင်းသုံး မြဲပုံကို မိန့်ကြားပေးပါဦး ဘုရား'**

○'ဘုန်းကြီးက **ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ရင်းတိုက် မော်အုပ်စု မအူပင်ကွေ့တောင်စုကျေးရွာ** ဇာတိပါ။ ဒီ ရန်ကုန်တိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ကြီးမှူးပြီး ၁၃၄၅ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၃)ရက်မှာ အမှတ်စဉ်(၁) ပထမအကြိမ် (၂)နှစ်သင်တန်းကို စတင် ဖွင့်လှစ်ခဲ့ပါတယ်။

အဲဒီလို သင်တန်းကျောင်း စတင်ဖွင့်လှစ်တဲ့နေ့ကစပြီး စာပေ ပို့ချခဲ့တာ ဒီနေ့ဆိုရင် (၁၉)နှစ် ကြာခဲ့ပါပြီ။ ကျောင်းအုပ်ဆရာတော်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့တာက (၁၆)နှစ် ရှိပါပြီ။

ဘုန်းကြီးဟာ ကျောင်းအုပ်တာဝန်နဲ့ စီမံအုပ်ချုပ်ပြီးနောက် ဂဏာဝါစက၊ နယူပဒေသက သင်တန်းပြဆရာ (၈)ပါးနဲ့အတူ ပြဋ္ဌာန်းကျမ်းစာ သာသနာပြု ဘာသာရပ် (၁၂)မျိုးတို့ကို သက်ဆိုင် ကဏ္ဍအလိုက် ခွဲဝေတာဝန်ယူပြီး ဥပုသ်နေ့ကလွဲလို့ နေ့စဉ် သင်တန်းမပျက် ပို့ချနေဆဲ ဖြစ်ပါတယ်'

▲'**လောကုတ္တရာ စာပေများကို သင်ကြားဖြစ်ခဲ့ပါသေးသလား'**

○'**သင်ကြားခဲ့ပါတယ်။** ဘုန်းကြီးက ညီအစ်ကိုမောင်နှမ ခြောက်ယောက်မှာ တတိယမြောက်ဖြစ်ပြီး ငယ်မည်က မောင်အောင်ရွှေပါ။ (၁၄)နှစ်သားအရွယ် စတုတ္ထတန်းအောင်တော့ ဘာသာရေး အခြေခံ စာပေများကို သင်ယူပြီးနောက် မအူပင်ကွေ့ကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တဇောတိကကို ဥပဇ္ဈာယ်ယူကာ ရှင်သာမဏေဝတ်ခဲ့တာပါ။

> **ဘုရား**
>
> **ဂုဏ်တော်တွေကို**
>
> **ငယ်စဉ်ကပင်**
>
> **နည်းအမျိုးမျိုးနဲ့**
>
> **ပွားများ**
>
> **လာတာကြောင့်...**

**ဘွဲ့အမည်က ''ရှင်ကောဝိဒ''** ဖြစ်ပြီး (၁၉)နှစ်တိုင်အောင် မအူပင်ကွေ့ကျောင်းမှာ ဆရာတော် ဦးဇောတိက၊ ဦးဂန္ဓဝရနှင့် ဦးဝိစာရိတ္တ တို့ထံတွင် သဒ္ဒါ,သင်္ဂြိုဟ်, ဝိနည်း,ညဝါများကို သင်ရိုးပေါက်အောင် ဆည်းပူးခဲ့တယ်။

မြင့်မြတ်တဲ့ ရဟန်းဘောင်ကို တက်ရောက်ပြီးနောက် **ရန်ကုန်မြို့၊ ပုဇွန်တောင် ''ဆုတောင်းပြည့်ကျောင်းတိုက်'' ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စာနန္ဒ**ထံမှ ဦးဆုံးတပည့်အဖြစ် **ပထမငယ်တန်းမှ ဓမ္မာစရိယ စာချတန်း ပြီးဆုံးတဲ့**အထိ သင်ယူခဲ့တာပါ။ ဆုတောင်းပြည့်ကျောင်းတိုက်ရဲ့ ပထမဦးဆုံးသော **''အာဒိကမ္မိက ဓမ္မာစရိယ''** ဘွဲ့ရ ဖြစ်ပါတယ်။

လောကီစာပေတွေ အနေနဲ့ကတော့ တက္ကသိုလ်ဝင်တန်းကို အောင်မြင်ပါတယ်။ ပရိယတ္တိစာပေတွေကို ကျွမ်းကျင်နှံ့စပ်အောင်လို့ မန္တလေးမြို့၊ တောင်ပြင်ဘုရားကြီးတိုက်ဆရာတော် **အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥက္ကံသ(ဆရာတော်ဦးကြယ်)၊ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တနာရဒ၊ တောင်ပြင်ထီးလင်းတိုက်ဆရာတော်(သ,စ,အ) ဓမ္မာစရိယ ဘဒ္ဒန္တပုညာနန္ဒ**တို့ထံမှာလဲ **(၂)နှစ်ကြာ** ဆည်းပူးခဲ့ပါတယ်။ **ဘုရားဖြူ ဝိနယာနုဂ္ဂဟစာမေးပွဲ**တွေကိုလဲ အောင်မြင်ထားပါတယ်'

▲'**ထူးခြားတဲ့ သာသနာရေး ဆောင်ရွက်ချက်တွေများ ရှိပါသေးလား'**

○'ရှိပါတယ်။ ၁၃၁၈ ခုနှစ် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူကြီးမှာ ကျင်းပတဲ့ ဆဋ္ဌသင်္ဂါယနာသဘင်တွင် **''သုတ်ပါထေယျ ဘာဏက''** အဖြစ် ဆောင်ရွက်ခဲ့တာကြောင့် **ဆဋ္ဌသင်္ဂီတိဘာဏက၊ ဆဋ္ဌသင်္ဂီတိကာရက** လက်မှတ်တွေကို ဆက်ကပ်ခံရရှိပါတယ်။

ပထမပြန် ပညာရေးအဖွဲ့ငယ်နှင့် အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲအဖွဲ့နဲ့ ဓမ္မာစရိယစာမေးပွဲ၊ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ စတာတို့မှာ ကြီးကြပ်ရေးဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

ဒါ့အပြင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု မွမ်းမံသင်တန်းနဲ့ တောင်တန်းသာသနာပြု မွမ်းမံသင်တန်း နည်းပြဆရာ၊ တောင်တန်းသာသနာပြု ဗဟိုအဖွဲ့ဝင် တွဲဖက်အကျိုးတော်ဆောင် တာဝန်များကိုလဲ ထမ်းရွက်နေဆဲပါ။

ပုဇွန်တောင်နဲ့ မရမ်းကုန်းမြို့နယ်တို့ရဲ့ **သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်**အဖြစ် ကျေပွန်စွာ ထမ်းဆောင်ခဲ့တယ်။ နှစ်စဉ် ကျောက်တံတားနဲ့ မရမ်းကုန်းမြို့နယ် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကိုလဲ ပို့ချပေးတယ်'

▲ **'ကျောင်းထိုင်ဘုန်းကြီး၊ သင်တန်းပြီးတဲ့ ကိုယ်တော်တွေရဲ့ တာဝန်ကျေရာ ဘုရား'**

❍ 'ရန်ကုန်တိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းကနေ **သင်တန်းသက်တမ်း (၁၉)နှစ်တာ ကာလအတွင်းမှာ (၂)နှစ်သင်တန်းဆင်း ပြီးခဲ့တဲ့ ပုဂ္ဂိုလ်ဦးရေကတော့ ရဟန်းသံဃာတော်(၃၅၃)ပါး ရှိပါပြီ။**

အဲဒီ ရဟန်းတော်တွေအနက် အချို့က နယ်စပ် တောင်တန်းဒေသတို့မှာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တာဝန်တွေကို ထမ်းဆောင်နေကြသလို... အချို့ကလဲ ကိုယ့်ရပ်ကိုယ့်ဒေသနဲ့ သင့်လျော်ရာ မြို့ရွာ အရပ်ဒေသတွေမှာ ကျောင်းထိုင်ဘုန်းကြီးလုပ်ပြီး သာသနာပြုနေကြဆဲ ဖြစ်ပါတယ်။

သင်တန်းသား ကိစ္စတွေကို စီမံရတာ၊ အုပ်ချုပ်ရတာ၊ ပို့ချရတာ



တွေမှာ အောင်မြင်ဖို့အတွက် အဆင်ပြေဖို့အတွက် ဘုန်းကြီးက ဘုရားဂုဏ်တော်ကို အမြဲပွားများလေ့ ရှိပါတယ်'

▲ **'ဆရာတော်ကြီးရဲ့ ဂုဏ်တော်ပွားနည်းကို သိပါရစေ ဘုရား'**

❍ 'ဘုန်းကြီးက **ဘုရားဂုဏ်တော်ကိုးပါး**ကို ရိုးရိုးလဲ ပွားတယ်။ **တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဉတ္တမသာရရဲ့ ကွန်ချာပုံစံနဲ့လဲ** ပွားတယ်။ **သရဏဂုံနဲ့လဲ** တွဲဖက်ပွားတယ်။ **လက္ခဏာရေးသုံးပါးနဲ့ပါ** တွဲဖက်ပွားများတယ်။ ဘုရားဂုဏ်တော်ကိုးပါးကို ရိုးရိုးပွားပြီး ကွန်ချာပုံစံပွားပြီးနောက် သရဏဂုံသုံးပါးနဲ့ တွဲဖက်ပြီး...

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ အရဟံ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ သမ္မာသမ္ဗုဒ္ဓေါ၊
သံဃံ သရဏံ ဂစ္ဆာမိ ဝိဇ္ဇာစရဏသမ္ပန္နော၊
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ သုဂတော၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ လောကဝိဒူ
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ သတ္ထာ ဒေဝမနုဿာနံ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ဗုဒ္ဓေါ
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ဘဂဝါ။

လို့ ပွားများပါတယ်။ နောက်ဆုံးကြတော့မှ...

အရဟံ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊
သမ္မာသမ္ဗုဒ္ဓေါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊
ဝိဇ္ဇာစရဏသမ္ပန္နော အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊
သုဂတော အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊
လောကဝိဒူ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊
အနုတ္တရောပုရိသဒမ္မသာရထိ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊
သတ္ထာဒေဝမနုဿာနံ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊
ဗုဒ္ဓေါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊
ဘဂဝါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

ဆိုပြီး ပွားများနေတာပါ။ လက္ခဏာရေးသုံးပါးနဲ့တင် ဆင်ခြင်ပြီးတော့ ပွားများတဲ့အတွက် **မာန်မာနရဲ့ကြီးစိုးမှုကို ထိန်းချုပ်နိုင်ခြင်း၊ အောင်မြင်မှုရဲ့ဒဏ်ကို ခံနိုင်ရည်ရှိခြင်း၊ ဉာဏ်ပညာကို ဖြစ်ပွားစေခြင်း** စတဲ့ ကောင်းကျိုးတွေ ရရှိစေပါတယ်'

▲ **'ထူးခြားမှုများကို မိန့်ကြားပေးပါ ဦး ဘုရား'**

❍ 'ဘုရားဂုဏ်တော်တွေကို ငယ်စဉ်ကပင် နည်းအမျိုးမျိုးနဲ့ ပွားများလာတာကြောင့် ကောင်းကျိုးလိုအင်ဆန္ဒတွေကို ပြည့်စုံရရှိခဲ့ရုံသာမက အခုချိန်ထိ သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာ သာသနာပြု စာပေပို့ချကောင်းနေဆဲပဲ။ ဂုဏ်တော်တန်ခိုးနဲ့ ရောဂါဘယမျိုးစုံတို့ကို တားဆီး





www.burmeseclassic.com

www.burmeseclassic.com

ထားနိုင်ခဲ့တယ်။

ကျန်းမာရေးနဲ့ ပတ်သက်လို့ ဘုန်းကြီးက ဘယ်လောက် ထူးခြားလဲဆိုရင် သက်တော်(၇၅)နှစ် ရှိနေတဲ့ အခုချိန်ထိ အသားထဲကို အပ်နဲ့ တစ်ခါမှ ဆေးမထိုးရသေးဘူး။ တစ်ခါမှ ဖျားနာလို့ ဆေးထိုးရတာ မရှိခဲ့ဘူး။ ခေါင်းကိုက်တယ်၊ ခေါင်းမူးတယ်ဆိုတာလဲ တစ်ခါမှ မခံစားရဘူး။ ရောဂါဝေဒနာဆိုတာ စွဲကပ်ဖို့ဝေးစွ ဆေးရုံဆေးခန်းလဲ တစ်ခါမှ မပြရဘူး။ အခုလို ဒေါင်ဒေါင်မြည် ကျန်းမာတာလဲ ထူးခြားတာပေါ့။

ဂုဏ်တော်ပွားခြင်း တန်ခိုးတွေပြောပါတယ်။ လာအိုနိုင်ငံကို သာသနာပြု ကြွရောက်နိုင်သလို အခုဆို **အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်လဲ** ဆက်ကပ်ပူဇော်လို့ ရရှိခဲ့ပါပြီ'

▲'ဘာဆေးတွေများ မှီဝဲသုံးဆောင်ပါသေးလဲ ဘုရား'

❍'ဆေးတစ်မျိုးတော့ တပည့်တွေကို ဖော်စပ်ခိုင်းပြီး နေ့စဉ် ဘုဉ်းပေးပါတယ်။ ဆေးဖော်စပ်ပုံကတော့ **မြက်ပိစပ် ကားတစ်စီးတိုက်ကို တောထဲမှာ ရှာဖွေရတယ်။** ရလာတဲ့ **အဲဒီမြက်ပိစပ်တွေကို ပြုတ်ပြီးတော့ အဆီထုတ်တာပါ။ ဒယ်ကြီးတွေနဲ့ လုပ်တာပါ။**

(၁၅)ရက်လောက် စိတ်ရှည်ရှည်နဲ့ လုပ်ရပါတယ်။

အဲဒီနောက် ချက်ပြီးသားကို ပျားရည်နဲ့ စပ်ပြီး တစ်နေ့တစ်ဇွန်း သုံးဆောင်တာပါ။ ကားတစ်စီးတိုက်ဆိုရင် ရေပုံးနဲ့(၂)ပုံးလောက်ပဲ ရတယ်။ ဆေးက ကောင်းလွန်းတာမို့ ''ဘာကောင်းသလဲ မမေးနဲ့ ဆေး'' လို့တောင် ဆိုကြတယ်။ အဲဒီဆေးနည်းကို **တွံတေးမြို့ ကျုံးထောင့်ကျောင်းဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တညေယျ**ထံမှ ရခဲ့တာပါ'

▲'ဩဝါဒစကားလေးများ မိန့်ကြားပေးပါဦး ဘုရား'

❍'❖လူမိုက်ကို ရှောင်လျှင် ဘေးရန်ကင်းဝေး ချမ်းသာရေး ဖြစ်လိမ့်မည်။

❖လူလိမ္မာကို ပေါင်းလျှင် အကြံကောင်း ဉာဏ်ပညာကောင်း ဘဝ အောင်မြင်ကြောင်း ရလိမ့်မည်။

❖ကောင်းမှုတစ်ခု နေ့စဉ် ကုသိုလ်ပြုပါက သံသရာခရီး၌ ချမ်းသာသုခ ခံစားရလိမ့်မည်။

❖မမြဲမှုကို အမြဲရှုမှတ်ပါက ငြိမ်းအေးမှုအမှန် သန္တိသုခကို ရရှိလိမ့်မည်။

❖ကောင်းကြောင်းလေးဝ ပြည့်စုံကာ ကောင်းကျိုးမုချ ရမည်သာ'

**ဦးထွန်းထွန်းဦး**

**ဧည့်သည်ဆိုသည်မှာ လာပြီးလျှင် ပြန်သွားရသူ ဖြစ်၏။**
**လာခြင်းကား အမြဲ၊ ပြန်ခြင်းကား အမှန်တည်း။**
**မိမိ ရင်တွင်း၌ ဖြစ်ပေါ်လာသော ဝမ်းသာမှု၊ ဝမ်းနည်းမှု၊ ချမ်းသာမှု၊ ဆင်းရဲမှုတို့သည်**
**မိမိထံ ဧကာအလည်လာသော ဧည့်သည်များသာ ဖြစ်၏။**

# အရာရာဟာ ဧည့်သည်ပါ။
# တရားကိုသာ အားကိုးပါ။

**မိမိ စင်မင်တွယ်တာသော ပုဂ္ဂိုလ်များ၊ ပစ္စည်းဥစ္စာ ရတနာများသည်**
**ဧကာအလည်လာသော ဧည့်သည်များသာ ဖြစ်ပါ၏။**
**ဧည့်သည်ကို စွဲလမ်းလျှင် သင် ဆင်းရဲမည်။**
**ဤသဘောကို မြင်အောင်ကြည့်၊ သိအောင် လေ့ကျင့်ပါလေ။**





www.burmeseclassic.com

www.burmeseclassic.com




အလောင်းစည်သူမင်း၏ သမီးတော် ရွှေအိမ်စည် တည်ခဲ့သော ရွှေကူကြီးမြတ်စွာဘုရား

# ရွာဘုရား ရွာသားရိုသေ

ကျွန်တော့်ဇာတိ ရွာအမည်မှာ **ဝန်းသိုရွာ၊ ကျောက်ဆည် လယ်တွင်းကိုးခရိုင် အဝင်အပါ။** ဆည်ရေသောက်ရွာ။ အိမ်ခြေ (၂၀၀)ခန့် ရှိသည်။ သစ်ပင်ကြီးများနှင့် အုပ်ဖွဲ့၍ စိမ်းစိုနေသည်။ ရွာသူရွာသား အများစုမှာ လယ်သမား…

ရွာအဝင်မှာ စာဥတို့ ပျော်ရာ ကုက္ကိုပင်ကြီး ရှိသည်။ ရွာဦးမှာ ပြာသာဒ်ဘုံဆောင်နှင့် ဘုန်းတော်ကြီးကျောင်းရှိသည်။ ကျောင်းဝင်းအတွင်း ကုန်းကမူမှာ ထုံးဖြူဖြူနှင့် စေတီအများ ရွာသားကောင်းမှု။

ရွာ၏ အနောက်တောင်ထောင့် နှစ်မိုင်ခန့်မှာ **အလောင်းစည်သူမင်း၏သမီးတော် ရွှေအိမ်စည် တည်ခဲ့သော ရွှေကူကြီးမြတ်စွာဘုရား** ရှိသည်။

ဘုရားအနီးမှာ အရွက်စိပ်၍ အရိပ်မြိုင်သော ညောင်ပင်ကြီး ရှိသည်။ ရွာ၏သမီးပျို ထွေးညိုတို့ တစ်နှစ်တစ်ခါ ညောင်ရေသွန်းကြသည်။

နှစ်စဉ် ကဆုန်လပြည့်နေ့မှာ ရွှေကူကြီးဘုရားဆောင် ရေသွန်းပွဲကျင်းပသည်။ လပြည့်ကျော် တစ်ရက်တွင် ဘုရားရင်ပြင်မှာ သံဃာများကို ဆွမ်းကြီးလောင်းသည်။

ညမှာ ဇာတ်ပွဲကြည့်ရသည်။ တစ်နှစ်တာအတွင်း ရွာသူရွာသားတို့ အပျော်ဆုံးဘုရားပွဲ ဖြစ်သည်။

ကဆုန်လဆန်း သုံး,လေးရက်မှာ လခြမ်းကွေးကွေးကို မြင်ရသည်မှစ၍ ဘုရားပွဲနီးပြီဟု ရွာသားတို့ ပျော်စိတ်နှင့် မျှော်နေကြပြီ။ လဆန်း


www.burmeseclassic.com

www.burmeseclassic.com

(၇)ရက်ဆိုလျှင် ကိုကျော်ဒင်အိမ်မှ ဆိုင်းသံဗုံသံ ကြားရပြီ။ ဘုရားပွဲအတွက် အတီးတိုက်၍ အကကျင့်ကြသည်။

လသာသာမှာ ကလေးများ ပြေးကြလွှားကြ၊ ပျော်နေကြပြီ။ စာရေးသူကိုယ်တိုင် ငယ်စဉ်က ပြေးခဲ့ပျော်ခဲ့ရ၏။

လဆန်း(၉)ရက်၊ (၁၀)ရက်ဆိုလျှင် မုန့်ဖက်ထုပ်လုပ်ရန် မုန့်ထောင်းကြပြီ။ ထန်းဖူး ခုတ်ကြပြီ။

လဆန်း(၁၃)ရက်၊ (၁၄)ရက်မှာ မုန့်ထောင်းကြ၊ မုန့်နယ်ကြ၊ မုန့်ပေါင်းကြပြီ။ သူ့အိမ်ကိုယ့်အိမ် အပြန်အလှန် သွား၍ မုန့်ဖက်ထုပ် ပူပူနွေးနွေး စားကြသည်။

ဘုရားပွဲရက်မှာ လာသမျှ ဧည့်သည်များကို မုန့်ဖက်ထုပ် လက်ဆောင်ပေးကြမည်။ ယခုအခါမှာတော့ ကျွန်တော်တို့ငယ်စဉ်က နှင့်မတူ ခေတ်မီလာကြသည်။

ကျောက်ကျော၊ ထိုးမုန့်၊ ဆနွင်းမကင်း စသည့် မုန့်များကို အိမ်တိုင်းမှာ လုပ်ကြသည်။ မုန့်ဖက်ထုပ်နှင့် မုန့်ဆီကြော်မှာ အစဉ်အလာ မပျက်ရှိသာ ရှိတော့သည်။

လဆန်း (၁၀)ရက်ကျော်ကတည်းက အဝေးရောက် ဝန်းသိုရွာသားများ တဖွဲဖွဲ ပြန်လာနေကြပြီ။

ပြန်လာသူများအတွက် ရွာခံ မိဘဆွေမျိုးများ ဝမ်းသာပျော်ရွှင်နေကြသည်။ ညောင်ရေသွန်းမည့် ကဆုန်လပြည့်နေ့အထိ အဝေးရောက် ရွာသားများ ဝင်လာမစဲ တသဲသဲ။

တစ်ယောက်လာတိုင်း တစ်ခါပျော်ကြသည်။ ဘယ်သူရောက်လာပြီ၊ ရွာသတင်းက မြန်သည်။ မရောက်သေးသူများအတွက် မိဘဆွေမျိုးများ စိတ်အားငယ်ကြသည်။

ငွေကြေး အဆင်မပြေလို့လား၊ ကျန်းမာရေး မကောင်းလို့လား ပူပင်ကြရသည်။

အကြောင်းမညီညွတ်၍ မပြန်နိုင်သူများမှာလည်း ရောက်ရှိ နေထိုင်ရာအရပ်မှာ စိတ်မကောင်း ဖြစ်နေကြသည်။

ကျွန်တော်ကိုယ်တိုင် အလုပ်မှခွင့်မရ၍ မပြန်နိုင်သောနှစ်များမှာ နေမထိထိုင်မသာ ဖြစ်ရသည်။

ကျွန်တော်နှင့်အတူ ရန်ကုန်လိုက်နေသော အဘွားမှာ ပို၍ ခံစားရသည်။

'ဒီရက်ဆိုရင် ရွာမှာ ဧည့်သည်တွေနဲ့ စည်နေပြီ ဒီအချိန်ဆို ဘုရားပေါ်တက်ကြပြီ'

ကဆုန် ညောင်ရေသွန်းအိုးများ၊ ဆွမ်းတော်ပွဲများ ရွက်ထားသည့် လူတန်းရှည်ကြီးကို မြင်ယောင်မိသည်။

'ဒီအချိန်ဆို ဘုရားပေါ် ဆွမ်းကြီးလောင်းနေကြပြီ ဒီညဆိုရင် ပွဲဝင်ပြီ'

စသည်ဖြင့် ရွာမြင်ကွင်းများကို မြင်ယောင်နေမိသည်။

မပြန်နိုင်သည်မှာ (၅)နှစ်ပင် ကြာခဲ့ပြီ။

အငြိမ်းစားယူပြီးသည်နှင့် ရွာဘုရားပွဲ ပြန်နိုင်ခွင့် ရသွားသည်။ သို့သော် လူက ကျန်းမာရေး မကောင်း။ အေးလျှင်လည်း ဖျားသည်။ ပူလျှင်လည်း ဖျားသည်။ ဖျားပြီးတိုင်း ကိုယ်အလေးချိန်ကကျသည်။

လူက သိပ်ပိန်လာသည်။ ယခုအတိုင်း ဆက်သွားလျှင် ကြာကြာခံမည်မထင်ဟုပင် စိုးရိမ်စိတ်ဝင်လာသည်။

ဘုရားပွဲမတိုင်မီ (၁၀)ရက်ခန့်မှာ ရွာမှ ညီတစ်ယောက် ကျွန်တော့်အိမ် ရောက်လာသည်။

ကျွန်တော့်ဇနီးက...

'ရှေးဟောင်းဘုရားများကို ပြုပြင်မွမ်းမံလျှင် ကျန်းမာသည်၊ အသက်ရှည်သည်။ ဤဘုရားကြီးမှာ ယခင်က သူတောင်းခဲ့သော ဆုများ အားလုံးပြည့်သည်'

ဟု ပြော၍ ကျွန်တော် စာရေး၍ ရသော ငွေနှင့် စေတီတော်ကြီးကို ရွှေဆေးသင်္ကန်း ကပ်လိုကြောင်း ကျွန်တော့်ညီကို ပြောသည်။

ညီက ရွာပြန်ရောက်သည်နှင့် စေတီတော်ကြီးကို ရွှေဆေးသင်္ကန်း ကပ်လှူရန် အမြန်စီစဉ်သည်။ ဘုရားပွဲအမီ ပြီးသည်။

ကျွန်တော်တို့ မိသားစုကိုလည်း ဘုရားပွဲအမီလာရောက်၍ ကောင်းမှုအတွက် ရေစက်ချရန် အကြောင်းကြားသည်။

သားသမီး ချွေးမတို့က သူတို့အလုပ် သူတို့ကိစ္စတွေနှင့် မလိုက်နိုင်။ ကျွန်တော့်ကျန်းမာရေးကလည်း သိပ်မကောင်း။ သွားသင့်မသွားသင့် စဉ်းစားရသည်။

လိုဏ်ဂူအတွင်းမှ ဆင်းတုတော်ကြီး ရွှေသင်္ကန်းကပ်ထားသည်မှာလည်း (၃)နှစ်ရှိပြီ။ ရေစက်မချရ







www.burmeseclassic.com

www.burmeseclassic.com

သေး။ နောင်နှစ်ခါ ကျန်းမာရေးက ပိုဆိုးလျှင် သွားရန် ပိုခက်မည်။

ဇနီးနှင့် နှစ်ယောက်အတူ သွားရန် ဆုံးဖြတ်လိုက်သည်။ မန္တလေးသို့ ရထားဖြင့် သွားပြီး မန္တလေးမှ ညီနှင့် နှမက ရွာသို့ ကားဖြင့် လိုက်ပို့သည်။

မရောက်တာကြာပြီမို့ ရွာဝင်သည်နှင့် ခေါ်ကြ၊ အော်ကြ၊ နှုတ်ဆက်ကြ ဆူညံသွားသည်။

**ဩော်... ကိုယ့်ဇာတိမြေ ကိုယ့်ဒေသ။**

ငယ်စဉ်က အဘိုးအဘွားနှင့် အတူနေခဲ့သော အိမ်ကြီးကို မြင်တော့ အဘိုးနှင့် အဘွားကို သတိရသည်။

နှမအိမ်ရှေ့မှ အမေထိုင်နေကျ ခုံတန်းလျားကို မြင်တော့ အမေ့ကို သတိရသည်။ ထိုင်နေကျ ခုံတန်းလျားလေးမှာ အမေ မရှိတော့။ ဘုရားပွဲမတိုင်မီ (၆)လကပင် အမေ ကွယ်လွန်ခဲ့ရှာပြီ။

အမေ့ခုံတန်းလေးကို ကြည့်ပြီး လွမ်းလွမ်းဆွေးဆွေး ခံစားရသည်။

ညီတွေ၊ နှမတွေ၊ တူတွေ၊ တူမတွေကတော့ ကျွန်တော်ပြန်လာ၍ ဝမ်းသာနေကြသည်။ ဘာလိုလိုနှင့် ကိုယ်က အကြီးဆုံး ဖြစ်လာခဲ့ပြီ။

ဤရွာ ဤနေရာများတွင် ပြေးလွှား ဆော့ကစားခဲ့သည်မှာ ဘာမျှ မကြာသေးဟု ထင်ရသည်။

အိမ်နီးချင်းများ ရောက်လာသည်။ ငယ်သူငယ်ချင်းများ ဝမ်းသာအားရ ရောက်လာကြသည်။

ကျွန်တော်တို့က လပြည့်နေ့မှ ရောက်ခြင်းဖြစ်၍ နောက်ဆုံးရောက်



စာရေးသူနှင့် ဇနီး ဆွမ်းကြီးလောင်းလှူနေစဉ်

သော ရွာသားဧည့်သည် ဖြစ်ဟန်တူပါသည်။ ရွာထဲမှာ ဧည့်သည်များ သွားကြလာကြ စည်ကားနေသည်။

လပြည့်နေ့ညနေ ဈောင်ရေသွန်းပွဲ၊ ဆွမ်းတော်ကြီးလှည့်ပွဲကို မလိုက်နိုင်တော့ပါ။

ငယ်ငယ်ကတော့ လှည်းဖြင့် သွား၍ အပြိုင်မောင်းရသည်မှာ ပျော်စရာ။ ကျွန်တော်တို့အိမ်က ရွာတောင်ဘက် အထွက်မှာရှိ၍ အိမ်မှ လှည်းပြင်ပြီး အသင့်စောင့်သည်။

မိန်းမပျိုလေးများ၊ မိန်းမချောလေးများပါသော လှည်းများ ထွက်လာသည်ကို မြင်မှ အမြန်လိုက်ကြရသည်။

လမ်းတွင် ရှေ့မှ မိန်းကလေးများ လှည်းကို လိုက်ရှောင်ရသည်။ မိန်းကလေးများ၏ လှည်းမောင်းသူ



www.burmeseclassic.com

www.burmeseclassic.com

ကလည်း အရောင်မခံ။ အပြိုင်မောင်းသည်။

ရောင်နိုင်လျှင် ကိုယ်က သရော်၍ ပျော်ရသည်။ မရောင်နိုင်လျှင် မိန်းကလေးများ၏ သရော်ခံရ၍ ပျော်ကြသည်။

ဘုရားသို့ရောက်လျှင် ဆွမ်းတော်ကြီး လှည့်သည်မှာ ကိုယ့် တစ်ရွာတည်း မဟုတ်။ ဘောဇဂံရွာများစွာမှ ဆွမ်းတော်ကြီးအဖွဲ့များ အတီးအမှုတ် အကအခုန်နှင့် လာကြသည်။

မြောက်ဘက်မုခ်က ထန်းတောရွာ၊ အနောက်ဘက်မုခ်က ဝန်ပတော့ရွာလေးရွာ၊ တောင်ဘက်မုခ်က စော်ရဲရွာနှင့် သားများရွာ၊ အရှေ့ဘက်မုခ်က ကျွန်တော်တို့ ဝန်းသိုရွာ။

ဘုရားပေါ်မှာ အလှည့်ကျ ဆွမ်းတော်ကြီး ဝတ်လှည့်ရသည်။ ပြီးလျှင် အတီးချင်း ပြိုင်ကြသည်။ အကချင်း ပြိုင်ကြသည်။ အသံချဲ့စက် ဟွန်းကြီးများကို တစ်ဖက်နှင့် တစ်ဖက် လှည့်၍ အသံအကျယ်ဆုံး သီချင်းများကို ဖွင့်ကြသည်။

ဘုရားပရိဝုဏ်မှာ ပွက်ပွက်ညံ့ဆူနေမှ ယခုနှစ် စည်ကားသည်ဟု ဂုဏ်ယူကြရသည်။

ရွာပြန်ရောက်လျှင် ညအခါ လသာသာမှာ အိမ်လည်ကြသည်။ ညှော်သည်များကို အပြန်အလှန် ဖိတ်ခေါ်ကြ၊ ကျွေးမွေးညှော်ခံကြသည်။ ညှော်သည်များ အားနာစရာမရှိ။ အိမ်တိုင်းပျော်၍ အိမ်တိုင်းဖော်ရွေနေကြသည်။ တစ်နှစ်တာ ချွေတာသမျှ အတိုးချ၍ ရက်ရောနေသောရက်များ ဖြစ်သည်။

ညတွင် ရွာထဲမှာ စည်ကားသလို ဘုန်းကြီးကျောင်းမှာလည်း အာဂန္တုရဟန်းတော်များနှင့် စည်ကားလျက်ရှိ၏။ ဓမ္မာရုံ၊ ဇရပ် စသည်တို့မှာလည်း ကျောင်းသားများ၊ လှည်းသမားများနှင့် ပြည့်နေသည်။

လပြည့်ကျော် တစ်ရက်နေ့တွင် ဘုန်းကြီးကျောင်းမှာ အုန်းမောင်းခေါက်သည်နှင့် တစ်ရွာလုံးထ၍ ဆွမ်းချက်ကြသည်။

အရုဏ်တက်သည်နှင့် စာရေးတံမဲကျရာ သံဃာတော်များကို ပင့်ပြီး ဆွမ်းကပ်ကြသည်။ အပါး တစ်ရာကျော်ဖြစ်၍ အိမ်တိုင်းမှာလိုပင် သံဃာများကို ဆွမ်းကပ်နေကြသည်။ တစ်ရွာလုံးကောင်းမှုပြုသောနေ့ဖြစ်သည်။

သံဃာတော်များကို ဆွမ်းကပ်ပြီးသည်နှင့် ဆွမ်းကြီးလောင်းလှူရန် ဘုရားသို့ သွားကြသည်။

ကျွန်တော်နှင့် ဇနီးကတော့ လှူဖွယ်ပစ္စည်းများကို လှည်းဖြင့်တင်ပေးလိုက်ပြီး ခြေကျင်လျှောက်ခဲ့ကြသည်။

ငယ်ငယ်ကလို လှည်းချင်းပြိုင်၍ နိုင်ချင်စိတ်မရှိ။ ကျွန်တော်တို့နှင့် အတူ ညီများ၊ တူများလိုက်လာကြသည်။

ရွာမှထွက်ပြီး မကြာမီပင် ရွှေကူကြီးဘုရားကို ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်စွာ ဖူးမြင်ရသည်။

ကျွန်တော်တို့ငယ်ငယ်က ရွှေကူကြီးဘုရားမှာ အုတ်တံတိုင်းများ ပြိုပျက်၍ ဘုရားအတက် အုတ်လှေကားမှာလည်း ပြိုပဲ့ရွဲ့စောင်းနေ၏။

ဦးစံညီ ဦးဆောင်သော ရွာလူကြီးများ ဂေါပကများလက်ထက်မှာ တံတိုင်းကို ပြင်သည်။ တန်ဆောင်းကို ပြင်သည်။ ဘုရားအတက် အုတ်လှေကားလည်း အသစ်ဖြစ်သွားသည်။ ဘုရားကြီးကိုလည်း ထုံးသင်္ကန်းကပ်၍ ဖွေးဖွေးဖြူဖြူ သပ္ပာယ် တင့်တယ်သွားသည်။

**၁၉၉၇ ခုနှစ်တွင်** ဂေါပကအဖွဲ့၏ အကြောင်းကြား အလှူခံချက်အရ ဆင်းတုတော်ကြီးကို ရွှေသင်္ကန်းကပ်ခဲ့သည်။

စေတီတော်ကြီးပါ ရွှေသင်္ကန်းနှင့် သပ္ပါယ် တင့်တယ်နေသည်။

အနီးသို့ရောက်လျှင် ထင်ရှားစွာ ဖူးမြင်ရသောအခါ ပို၍ ကြည်ညိုသဒ္ဒါပွားရသည်။

ဘုရားရင်ပြင်ပေါ်မှာ သံဃာတော်များ လူများ စည်ကားစွာ ရောက်နေကြပြီ။

ကျွန်တော်တို့ဇနီးမောင်နှံ ဘုရားလိုဏ်ဂူအတွင်းသို့ ဝင်ခဲ့ကြသည်။ ပလ္လင်ပေါ်မှ ဆင်းတုတော်ကြီးမှာ ရွှေရောင်ဝင်းပ၍ ကြည်ညိုဖွယ်ရာ သပ္ပာယ်လှ၏။ ပန်းဆီမီး အမွှေးတိုင်များ လှူ၍ ကန်တော့ကြသည်။

ဇနီးက...

'ဒီဘုရားကြီးက အရင်က ဆုတောင်းခဲ့သမျှ အားလုံး ပြည့်တယ်။ လာမယ့်နှစ်မှာ ကျန်းကျန်းမာမာနဲ့ ခုလိုပဲ လာလှူနိုင်ဖို့ ဆုတောင်းပါ'

ဟု ဆိုသည်။





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘုရားကို အာရုံပြု ကန်တော့ပြီး **လာမည့်နှစ်မှာ ကျန်းကျန်းမာမာနှင့် သားသမီး မြေးမိသားစု စုံစုံညီညီလာရောက် လှူဒါန်းနိုင်ရန် ဆုတောင်းခဲ့သည်။**

ဖနီးပြောသည်ထက် ပို၍ ကောင်းလိုက်ခြင်း ဖြစ်သည်။ တကယ်ပြည့်လျှင် အံ့သြစရာ။

လက်ရှိအခြေအနေမှာ ကျန်းမာရေးက အလွန်ညံ့သည်။ ခြောက်ပေ မြင့်သော အရပ်နှင့်ဆိုလျှင် (၁၃၈) ပေါင်မှာ နည်းလွန်းသည်။

'ဆုတောင်းပြီးပြီလား'

ဖနီးကမေး၍ ခေါင်းညိတ်ပြလိုက်သည်။

တူနှစ်ယောက်က ကျွန်တော် ထနိုင်ရန် တွဲထူပေးသည်။

ဘုရားလိုဏ်ဂူထဲမှ ထွက်လိုက်သောအခါ သံဃာတော်များ ဆွမ်းကြီးခံ ကြွတော့မည်ဖြစ်၍ ဖနီးနှင့်အတူ နေရာယူပြီ လှူဖွယ်ပစ္စည်းများကို အသင့်ပြင်ဆင်ကြသည်။

သံဃာတော်များ ကြွလာသည်နှင့် လှူဖွယ်ပစ္စည်းများကို မဲချ လှူဒါန်းကြသည်။

ဆွမ်းကြီးလောင်းပွဲ ပြီးသောအခါ ဆွမ်းလောင်းအလှူနှင့် ဘုရားရွှေသင်္ကန်း အလှူကို ရေစက်သွန်းချ အမျှဝေကြသည်။

ဘုရားတွင် အလှူအတန်းကိစ္စများပြီးသည့်နောက် ရွာမှာ ပျော်ပွဲရွှင်ပွဲသာ ရှိတော့သည်။ ညတွင် ဇာတ်ပွဲကြည့်ရမည်။

ဇာတ်ပွဲကို ဘုရားမှာ ကျင်းပသည် မဟုတ်။ ကျွန်တော်တို့ ဝန်းသိုရွာ၏ တောင်ဘက် ပွဲကွင်းကောင်းရာမှာ ကျင်းပခြင်းဖြစ်သည်။

ပွဲခင်းက နေရာကျယ်သည်။ ကိုယ့်ရွာသာမက ရွာနီးချင်းများနှင့် အတော်ဝေးဝေး ရွာများမှပါ လှည်းများနှင့် လာကြည့်ကြသည်။

ဘုရားမှ ရွာပြန်ရောက်သည်နှင့် လူငယ်များ ခုတင်ထမ်း၍ ပွဲခင်းကို ပို့ကြသည်။

သူ့ခုတင် ကိုယ်ကူထမ်း၊ ကိုယ့်ခုတင် သူကူထမ်း အပြန်အလှန် ကူညီ၍ ခုတင်များ ပွဲခင်းသို့ ပို့ရသည်မှာ ပျော်စရာ။

ကွင်းထိပ်မှာ ဇာတ်ခုံရှိသည်။ ရွာလူကြီးများက ခုတင်များကို မဲချ၍ ပွဲခင်းပတ်လည်မှာ အဝိုင်းပုံ နေရာချထားပေးသည်။ ရွာသူရွာသားများက ခုတင်ဖြင့် ခမ်းခမ်းနားနား ကြည့်ကြသည်။

တခြားရွာများမှ လာသူများသည် ခုတင်ဝိုင်းအတွင်းမှ မြေတလင်းမှာ ဖျာခင်းပြီး ပွဲကြည့်ကြသည်။ သူတို့က ကြည့်၍ ပိုကောင်းပါသည်။

အခြားရွာများမှ လှည်းများဖြင့် လာသူများသည် ခုတင်ဝိုင်းကြီး၏ နောက်မှာ လှည်းဝိုင်းကြီးဖြစ်အောင် ရပ်ထားကြသည်။

လှည်းပေါင်းများစွာ ရာချီရှိသည်။ ထိုလှည်းများပေါ်မှာလည်း ပွဲကြည့်သူများ ရှိသည်။

ပွဲခင်းလွန်လျှင် ပွဲဈေးတန်း ရှိသည်။ မုန့်တီဆိုင်၊ ခေါက်ဆွဲကြော်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ အကြော်ဆိုင်၊ မုန့်ပေါင်းဆိုင်၊ မုန့်သိုင်းခြိ၊ ကျူလယာဆိုင်၊ ကလေးအရုပ်ဆိုင်၊ ကွမ်းယာဆိုင် စသည်ဖြင့် ဆိုင်မျိုးစုံရှိသည်။

ညနေကတည်းက ပွဲလာသူများ စည်ကား၍ ပွဲဈေးဆိုင်များ ရောင်းကောင်းကြသည်။

ကျွန်တော်တို့ငယ်ငယ်က ပွဲခင်းနှင့် ရွာ အခေါက်ပေါင်းများစွာ ကူးသန်း၍ ပွဲဈေးဆိုင်များတွင် စားလိုက်သောက်လိုက် အပျော်ကြီး ပျော်ခဲ့ကြသည်။

နေဝင် မိုးချုပ်သည်နှင့် အဘွား၊ အမေနှင့် နှမများက စောင်,



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းအုံးများနှင့်တကွ ထမင်းချိုင့်၊ ဟင်းချိုင့်၊ သောက်ရေအိုးပါ ယူလာကြသည်။ အဓိကဟင်းမှာ ခရမ်းချဉ်သီးရောတ်သီးချက် ဖြစ်သည်။

ပွဲညများတွင် အိမ်မှာ ထမင်းမစား၊ ပွဲခင်းကျမှ အကြော်ပူပူဝယ်ပြီး ခရမ်းချဉ်သီး ရောတ်သီးချက်နှင့် ကိုယ့်ခုတင်မှာ စားကြသည်။ အလွန်စား၍ ကောင်းသည်။ နှစ်စဉ် ပွဲခင်းထမင်းမြိန် စားရခြင်း ဖြစ်သည်။

မုံရွာမြို့သူ ကျွန်တော့်ဇနီးမှာ ရွာလိုက်လာစ နှစ်က ပွဲခင်းထမင်းဟင်းကို မစားတတ်။ ခုတော့ သူပါ မက်မက်မောမော စားတတ်နေပြီ။

ပွဲခင်းမှာ ရွာအပြင်ဘက်တွင် ဖြစ်၍ တစ်ညလုံး လေအေးလေး တိုက်နေသည်။ နေ၍ ကောင်းလှသည်။ ရွာထဲတွင် ပူအိုက် ချွေးရွှဲနေချိန်မှာ ပွဲခင်းထွက်၍ လေညင်းခံရခြင်း ဖြစ်သည်။

ဝတ်ကောင်းစားလှနှင့် ပျော်ရွှင်နေကြသော ရှေ့ပွဲလာများကို မြင်ရသည်မှာလည်း ပျော်စရာ။ ဆိုင်းသံ ဗုံသံ ကြားနေရသည်ကလည်း ရွှင်မြူးစရာ။

ဇာတ်ထွက်ပြီဆိုလျှင် အပျိုတော်က,သည်မှစ၍ စိတ်ဝင်စားစွာကြည့်ကြသည်။

ကျွန်တော်တို့ ငယ်ငယ်ကတော့ အပျိုတော်ပြီးလျှင် အော်ပရာအက ကြည့်ရသည်။ ကိန္နရီကိန္နရာ စက်သီးကြိုးဆွဲအက၊ ဇော်ဂျီနှင့် သူယောင်မယ် စက်သီးကြိုးဆွဲအကများကို လွန်စွာ သဘောကျသည်။

ကောင်းကင်မှာ ပျံဝဲသည်ကိုလည်း မြင်ရသည်။ မီးလုံးကြီးများကိုလည်း တွေ့ရသည်။ အလွန် ပျော်စရာကောင်းပါသည်။

ခုခါမှာတော့ ဇာတ်သဘင်များက ပြောင်းလဲသွားပြီ။ အပျိုတော်ပြီးလျှင် စတိတ်ရှိုးသီဆိုသည်။ စတိတ်ရှိုးပြီးလျှင် ဘရိတ်ဒန့်စ်အကများ တင်ဆက်သည်။ ပြီးမှ ပြဇာတ်နှစ်ပါးသွား နောက်ပိုင်းဇာတ်ကသည်။

ရန်ကုန်မှ လာပြီးရွာမှာ ဇာတ်ပွဲကြည့်ရသည်ကို အလွန်သဘောကျသည်။

အိပ်ချင်လျှင် ခုတင်ပေါ်မှာပင် စောင်ခြုံပြီး အိပ်လိုက်ကြသည်။ တရေးနိုးလျှင် သို့မဟုတ် စိတ်ဝင်စားစရာကောင်းလျှင် ထကြည့်လိုက်ကြသည်။

ကျွန်တော့်ဇနီးပါ ပွဲခင်းတွင် အိပ်ရသည်ကို သဘောကျစွာ ပါဝင်ခံစားတတ်နေပါပြီ။ ပွဲမှာ နှစ်ညဖြစ်သည်။ နောက်ညမှာ ပို၍ စည်စမြဲ။

ကဆုန်လပြည့်ကျော် (၃)ရက်နေ့မှာ ပွဲဆင်းသည်နှင့် ကျွန်တော် ရန်ကုန်ပြန်ခဲ့ကြသည်။

ဘုရားပွဲပြီး ရန်ကုန်ပြန်ရောက်သည်နှင့် ကျန်းမာရေးက တစ်နေ့တခြား ကောင်းလာသည်။ ပေါင်ချိန်ကလည်း တစ်နေ့ တစ်ပေါင်နှုန်းခန့် တက်နေသည်။

တစ်လခန့်ကြာသောအခါ (၁၅၈) ပေါင် ဖြစ်လာသည်။ ပြည့်ပြည့်ဖြိုးဖြိုးဖြစ်လာ၍ မြင်သူများ အံ့သြကြသည်။

ဘုရားတန်ခိုး၊ ကောင်းမှုဓါ် ဒိဋ္ဌဓမ္မအကျိုးအဖြစ် ဝမ်းမြောက်ဝမ်းသာ ယုံကြည်ရပါသည်။

အိပ်၍လည်း ကောင်းသည်၊ စား၍လည်း ကောင်းသည်။ စာပြန်ရေးနိုင်ပြီ။ စာပေဟောပြောပွဲများ လိုက်နိုင်ပြီ။ (၆)လခန့်ကြာသောအခါ ပေါင်(၁၇၀)အထိ ရောက်လာသည်။

ယခုနှစ် ဘုရားပွဲနီးသောအခါ (၁၇၅)အထိ တက်လာသည်။ ယခင်က ကိုယ်အလေးချိန်ကို ပြန်လည်ရောက်ရှိသည်။

ဘုရားအလှူပြု၍ ဆုတောင်းသည်မှာ တစ်ခုပြည့်ဝပြီ။ မိသားစုအပြည့်အစုံနှင့် ဘုရားပွဲတော်ကို ရောက်ချင်သည်။

ခက်တော့ ခက်သည်။ သားက တရုတ်မြန်မာနယ်စပ် လွယ်ဂျယ်မှာ ဆေးရုံဆောက်နေသည်။ ဝေးလွန်းရုံမက သူ့အလုပ်ကလည်း ထားပစ်ခဲ့ဖို့မလွယ်။ သမက်က ကလေးဘက်မှ တောထဲတောင်ထဲမှာ လမ်းဖောက်နေရသည်။ ဆက်သွယ်ဖို့ပင် မလွယ်။

ချွေးမက ကုမ္ပဏီမှာ လုပ်သည်။ ခွင့်ယူရခက်သည်။ သမီးက မြို့တော်စည်ပင်မှာ အလုပ်ဝင်နေပြီ။

ဘုရားပွဲနီးသောအခါ ရွာမှ ညီအစ်ကိုမောင်နှမများက ဆက်သွယ်ကြသည်။ မိသားစု အပြည့်အစုံလာမည်ဖြစ်ကြောင်း ပြောလိုက်သည်။

ဂေါပကအဖွဲ့က ဘုရားလိုဏ်ဂူကြီးထဲမှာ ကြွေပြားကျောက်ပြား





www.burmeseclassic.com

www.burmeseclassic.com

ခင်းလိုကြောင်း၊ တစ်သိန်းခွဲခန့်ကျမည်ဖြစ်ကြောင်း ညီတစ်ယောက်က ဖုန်းဆက်ပြော၍ မိသားစု လှူလိုက်ကြသည်။

ဘုရားပွဲမတိုင်မီ ပြီးစီးအောင် ညီက တာဝန်ယူဆောင်ရွက်ပေးသည်။

ဘုရားပွဲရက်နီးပြီ။ သွားရန်ပြင်ကြဆင်ကြပြီး မီးရထားလက်မှတ်ဝယ်ပြီးပြီ။ ချွေးမက သွားမည့်နေ့မှာ အရေးကြီးသော အစည်းအဝေးရှိနေသည်။ ရထားချိန်အမီ မြေးလေးနှင့်အတူ ဘူတာသို့ ဆင်းခဲ့မည်ဟု ဆိုသည်။

သမက်မှာ နှစ်ပတ်ခန့်ကြို၍ ရန်ကုန်သို့ ပြန်ရောက်လာသည်။ သို့သော် ခရီးသွားခွင့် တင်ထားသည်က မကျ။ ရထားဆင်းမည့်နေ့ မွန်းလွဲ(၁)နာရီမှ ခွင့်မိန့်ကျသည်။ အမြန်ပြင်ပြီး အမြန်လိုက်ခဲ့ရသည်။

ရထားထွက်သောအခါ မနှစ်ကလို ကျွန်တော်တို့ဇနီးမောင်နှံ နှစ်ယောက်တည်း မဟုတ်တော့ပါ။ သမီး,သမက်,ချွေးမ, မြေးတို့နှင့် သိုက်သိုက်ဝန်းဝန်း ပျော်စရာ။

လေးနှစ်အရွယ် မြေးလေးမှာ အပျော်ဆုံးဖြစ်နေသည်။ ရထားမစီးဘူးသေး၍ ရထားစီးရသည်ကို သဘောကျနေသည်။

သားတစ်ယောက်သာ လိုတော့သည်။ သားက ဖုန်းဆက်ထား၍ လွယ်ဂျယ်မှ မန္တလေးသို့ ကြိုရောက်အောင်လာပြီး ဘူတာမှာ စောင့်နေမည်ဟု ဆိုသည်။

မြေးလေးခမျာ ခွဲနေရတာကြာပြီ



ဖြစ်သော သူ့အဖေကို တွေ့ရမည်မို့လည်း ပျော်နေသည်။

နောက်တစ်နေ့ မနက် မန္တလေးရောက်သောအခါ ဘူတာမှာ သားရောက်မနေ၍ စိတ်မကောင်း ဖြစ်ကြရသည်။ မိသားစု စုံစုံညီညီ အလှူကောင်းမှုပြုနိုင်ရန် ရွှေကူကြီးဘုရားမှာ ဆုတောင်းခဲ့သော်လည်း တစ်ယောက်တော့ ကျန်သွားသည်ဟု မပြည့်စုံသည်ကို စိတ်မကောင်းဖြစ်ရသည်။

သို့သော် ရွာသို့ရောက်သောအခါ ရက်အတွက်မှားပြီး စောရောက်နေသော သားကို တွေ့ကြရသည်။ ချွေးမနှင့်မြေးလေး ဝမ်းသာပျော်ရွှင်ကြသည်။

လပြည့်ကျော်(၁)ရက်နေ့ မနက်တွင် လှည်းများဖြင့် ဘုရားသို့ သွားကြသည်။ စေတီတော်မှာ ရွှေရောင်ဝင်းပဆဲ။

ဘုရားလိုဏ်ဂူထဲသို့ ဝင်လိုက်သောအခါ သေသပ်လှပစွာ ခင်းထားသော ကြွေပြားအလှူကောင်းမှုကို သာဓုခေါ်ရသည်။

မိသားစုအတူတကွ ဘုရားဖူးကြသည်။ ပန်းဆီမီး အမွှေးတိုင်လှူကြသည်။ သံဃာတော်များကို ဆွမ်းကြီးလောင်းကြသည်။ အလှူကောင်းမှုတို့ကို ရေစက်ချ အမျှဝေကြသည်။

**မနှစ်က ရွှေကူကြီးမြတ်စွာဘုရားမှာ ဆုတောင်းခဲ့သည့်အတိုင်း ကျန်းမာရေးကောင်းမွန်၍ သားသမီး မြေးမိသားစု စုံညီစွာ အလှူကောင်းမှု ပြုခွင့်ရလေပြီ။**

ရွှေကူကြီး မြတ်စွာဘုရားသည် ဆုတောင်းပြည့်လေစွ။

လာမည့်နှစ်မှာလည်း ကျန်းမာစွာနှင့် ဆတက်ထမ်းပိုး တိုး၍ လှူဒါန်းနိုင်ရပါစေကြောင်း ဆုတောင်းခဲ့ပါ၏။ ဆုတောင်းပြည့်မည်ကိုလည်း ယုံကြည်မိပါ၏။

**လယ်တွင်းသား စောချစ်**

ပါရမီမဂ္ဂဇင်း ၃၅



www.burmeseclassic.com

www.burmeseclassic.com



ရွှေမင်းသား
(စစ်ကိုင်း)

# ငါ့ကို အမျှဝေပေးကြပါ

ဥာဏ် ပါရမီမဂ္ဂဇင်း

[ ၁ ]

**(၃၂)နှစ်ပြည့်အမှတ်တရအထူးထုတ်နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ကိုကိုလတ်(ဆည်မြောင်း)ရေးသားတဲ့ အမျှအတန်း မရလိုက်သောပရလောကသားဆောင်းပါး** ဖတ်လိုက်ရတော့ ကျွန်တော်ရေးထားတဲ့ အဖြစ်အပျက်လေးနဲ့ ခပ်ဆင်ဆင်မို့ အချောရေးပြီး ပို့လိုက်ရပါတယ်။

ဒီ အဖြစ်အပျက်လေးကတော့ မကြာသေးပါဘူး။ တိတိကျကျ ပြောရလျှင် **၂၀၁၇ ခုနှစ် သင်္ကြန်တွင်းကာလ**လို့ ပြောရမှာပါပဲ။

ဒီအကြောင်းကို မရေးမီ အမျှပေးဝေခိုင်းသူရဲ့ ဘဝဖြစ်စဉ်ကို ရေးပြမှ ပိုပြီး ပြည့်စုံပါလိမ့်မယ်။ အဖြစ်ကတော့ ဒီလိုပါ...

[ ၂ ]

(...)မြို့မှာ ရွှေကုန်သည် ''ဒေါ်ပြွေ''ဆိုရင် တစ်မြို့လုံး သိကြတယ်။ သူ့မှာသမီး(၃)ယောက်ရှိတယ်။ အငယ်ဆုံးဖြစ်တဲ့ **''မမြင့်မြင့်အုံး''**ကတော့ မိဘ

စာမျက်နှာ (၄၄) သို့

www.burmeseclassic.com

www.burmeseclassic.com

# အဘိနဝကကရက

မေ့မိဟ်ပြောသွားစဉ်း

စိတ်မှာပေါ်တာသည် ကံ၊ ကံကြောင့်ပေါ်တာသည် အာရုံ၊ ပစ္စုပ္ပန်တည့်အောင်ထား၊ အာရုံနှင့် သိမ်းဆည်း (ပြုစအသွင်ဖြင့် ပေါ်လာသည်၊ ကံ၏အစွမ်းသာဖြစ်သည်။) ကမ္မနိမိတ် ဂတိနိမိတ် တစ်လှည့်စီ ဖြစ်သည်၊ ပေါ်သည်။

ပဓာနမူလအာရုံ ကမ္မနိမိတ်၊ ပရိဝါရ အခြံအရံ အာရုံ ကမ္မနိမိတ်၊ ဘဝသစ်အာရုံသည် ဂတိနိမိတ်။ မူရင်း ကောင်း,မကောင်း ကုသိုလ် အကုသိုလ်အာရုံ ပေါ်သည်။ အခြံအရံ ကောင်းမကောင်း ကုသိုလ် အကုသိုလ်အာရုံ ပေါ်သည်။

အာရုံကောင်းထင်ရန် စိတ်ကောင်းဝင်စားပါ။ အသိဉာဏ်ရှိရမည်။ မိတ်ကောင်းဆွေကောင်း ရှိရမည်။ မီးစာနှင့်တူသော အာရုံ(၆)ပါး ကောင်းအောင်ပြင်၊ ဆီနှင့်တူသော အကြည်(၆)သွယ် ညီမျှစွာထား။

မီးနှင့်တူသော ဝိညာဏ်(၆)ပါး ရေနှင့်မသတ်နှင့်၊ မြေနှင့်မဖုံးနှင့်၊ လေနှင့်မမှုတ်နှင့်။

ကံ,စိတ်,ဥတု,အာဟာရ အကြောင်းဆက်၍ အသက်ရှည်၊ အဝိဇ္ဇာတဏှာအကြောင်းဆက်၍ သံသရာရှည်၊ အဝိဇ္ဇာ တဏှာချုပ်၍ သံသရာရပ်၊ နိဗ္ဗာန်ရ၏။



<u>သံသရာခရီးသည်တွေ</u>

(သေပျောက် ပျက်မှား နစ်မွန်းနေတဲ့ သံသရာရှည်ကြီးမှ လွတ်ကင်းကြပါစေ။)

❖ အသတ်မခံရအောင် မတတ်နိုင် အသတ်ခံခဲ့ရသည်၊ **ရုပ်ဆင်းရဲသည်။**

❖ အနိုးမခံရအောင် မတတ်နိုင် အနိုးခံခဲ့ရသည်။ ဝေဒနာ **ဆင်းရဲသည်။**

❖ အစော်ကား မခံရအောင် မတတ်နိုင် အစော်ကားခံခဲ့ရသည်။ **သညာဆင်းရဲသည်။**

❖ အလိမ်မခံရအောင် မတတ်နိုင် အလိမ်ခံခဲ့ရသည်။ **သင်္ခါရဆင်းရဲသည်။**

❖ အရမ်းမခံရအောင် မတတ်နိုင် အရမ်းခံခဲ့ရသည်။ **စိတ်ဆင်းရဲသည်။**

<u>ပဋ္ဌိစ္စသမုပ္ပါဒ်</u>

အင်္ဂါ ၁၂၊ သုံးဆစ်ကာလ၊ သုံးဝအစပ်၊ လေးရပ်အလွှာ၊ ခြင်းရာ ၂၀၊ ဝဋ်သုံးသွယ် မှတ်ဖွယ် မူလဒွေး။ နိဗ္ဗာန်ရောက်မှ ဒုက္ခအေး။



www.burmeseclassic.com

www.burmeseclassic.com

<u>သံသရာအပြစ်တွေ</u>

▲မသိတာ ဆင်းရဲ + ဆင်းရဲတာ မသိ။

▲ပြုပြင်ရတာ ဆင်းရဲ + ဆင်းရဲတာ ပြုပြင်နေရ။

▲စိတ်ဆိုတာ ဆင်းရဲ + ဆင်းရဲဆိုတာ စိတ်။

▲နာမ်ရုပ်ဆိုတာ ဆင်းရဲ + ဆင်းရဲဆိုတာ နာမ်ရုပ်။

▲အာရုံနှင့်စိတ်ဆိုတာ ဆင်းရဲ + ဆင်းရဲတာ အာရုံနှင့်စိတ်။

▲တိုက်တွေ့တာ ဆင်းရဲ + ဆင်းရဲတာ တိုက်တွေ့လို့။

▲ခံစားတာ ဆင်းရဲ + ဆင်းရဲတာ ခံစားလို့။

▲လိုချင်တာ ဆင်းရဲ + ဆင်းရဲတာ လိုချင်လို့။

▲စွဲလမ်းတာ ဆင်းရဲ + ဆင်းရဲတာ စွဲလမ်းလို့။

▲ဘဝဖြစ်တာ ဆင်းရဲ + ဆင်းရဲတာ ဘဝဖြစ်လို့။

▲ဖြစ်ပေါ်တာ ဆင်းရဲ + ဆင်းရဲတာ ဖြစ်ပေါ်။

အို့,နာ,သေပူဆွေး၊ ငိုကြွေးဆင်းရဲ၊ စိတ်ပျက်မီးတောက်၊ ရာဂ,ဒေါသ,မောဟ,ဇာတိ,ဇရာ,မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ (၁၁–မီးစွဲ) မသိတာ ဆင်းရဲ၊ ဆင်းရဲတာ မသိ။

<u>သံသရာခရီး[illegible] ပယ်,သိ,ပွား,[illegible]</u>

✪ သိတာ ချမ်းသာ၊ ချမ်းသာတာ သိလို့။

✪ မပြုပြင်ရတာ ချမ်းသာ၊ ချမ်းသာတာ မပြုပြင်ရလို့။

✪ စိတ်ချုပ်တာ ချမ်းသာ၊ ချမ်းသာတာ စိတ်ချုပ်လို့။

✪ နာမ်ရုပ်ချုပ်တာ ချမ်းသာ၊ ချမ်းသာတာ နာမ်ရုပ်ချုပ်လို့။

✪ အာရုံနှင့်စိတ်ချုပ်လို့ ချမ်းသာ၊ ချမ်းသာတာ အာရုံနှင့်စိတ်ချုပ်လို့။

✪ မတိုက်တာ ချမ်းသာ၊ ချမ်းသာတာ မတိုက်လို့။

✪ မခံစားတာ ချမ်းသာ၊ ချမ်းသာတာ မခံစားလို့။

✪ မလိုချင်တာ ချမ်းသာ၊ ချမ်းသာတာ မလိုချင်လို့။

✪ မစွဲလမ်းတာ ချမ်းသာ၊ ချမ်းသာတာ မစွဲလမ်းလို့။


✪ ဘဝချုပ်တာ ချမ်းသာ၊ ချမ်းသာတာ ဘဝချုပ်လို့။

✪ မဖြစ်တာ ချမ်းသာ၊ ချမ်းသာတာ မဖြစ်လို့။

မအို၊ မနာ၊ မသေ၊ မပူဆွေး၊ မငိုကြွေး၊ မဆင်းရဲ၊ စိတ်မပျက်၊ မီးမလောင်(၁၁–မီး) အပြီးချုပ်ငြိမ်းလေသတည်း။

သာဓု…သာဓု…သာဓု။





<u>မီးကြွင်းမထား[illegible]</u>

တဏှာကြွင်း မာနကြွင်း ဒိဋ္ဌိကြွင်း မထားရ။ ဘဝနိကန္တိ အစွဲရှိသူတွေ ဘဝရှိသည်။ ဘဝနိရောဓ ကြည့်သူတွေ ဘဝမရှိ။ တဏှာကြီးသူကို မက်အားပေးလျှင် လဲသည်။ မာနကြီးသူကို ဦးသျှောင်ကိုင်လျှင် လဲသည်။ ဒိဋ္ဌိကြီးသူကို သံသယသွင်းလျှင် လဲသည်။ တဏှာကျွန် မဖြစ်အောင် ချီးနှင့်သေးကို မမေ့နှင့်။ မာနကျွန် မဖြစ်အောင် အို,နာ,သေ မမေ့နှင့်။ ဒိဋ္ဌိကျွန် မဖြစ်အောင် ဘုရား,တရား,သံဃာ မမေ့နှင့်။

**ကျောက်ထီးတည့် သာသနာပြုနိုင်ကြပါစေ။**

**(သတိ)** သမင်မွေးရင်း ကျားစားရင်းဘဝကို မယူချင်နှင့်။ လောကီစည်းစိမ် ဥစ္စာရတနာ ရွှေငွေ အခြွေအရံ ပရိသတ် ပညာ ရာထူး ကျေးဇူး ဂုဏ်အင် အကုန်အစင် ထားခဲ့ရ၊ စွန့်ခဲ့ရသည့် ကမ္ဘာအဆက်ဆက်က နိယာမ ဓမ္မတာလမ်းဆိုးကြီးကို မတိုးချင် မဆိုးချင်နှင့်။ လွတ်အောင် ကျွတ်အောင် ကြိုးစားပါ။ စွဲမြဲစွာ စောင့်ရှောက် အပ်သော သီလကား သိလွယ် မြင်လွယ်၏။ အကျိုးပေး ထက်သန်၏။ သမာဓိနှင့် ပညာကား သိနိုင်ခဲ မြင်နိုင်ခဲ၏။ အကျိုးပေး ဆန်းကြယ်၏။(န ရဇ္ဇတိ န ဒုဿတိ န မုယှတိ)

**ဓမ္မမိတ်ဆွေတစ်ဦး**

F. 6B. September, 2018.



www.burmeseclassic.com

ဝသုံးလုံးတောင်ပေါ်က

# ရသေ့ကြီးဦးဝနိယျ

ရဲ့ သာသနာပြုစခန်းသို့

ကိုမြသွေး
(ပေါင်းလောင်းမြေ)

ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်း (၄၂၃၀)မြင့်သော **ဝ သုံးလုံးတောင်**မှာ ရှမ်းပြည်နယ်တောင်ပိုင်း **အောင်ပန်းမြို့ အရှေ့တောင်ဘက်မှာ ရှိပါသည်။** ရာသီဥတုက အမြဲလိုလို အေးစိမ့်နေပြီး ရှေ့နောက်ဝဲယာမှာတော့ မနိမ့်မမြင့် တောင်တန်းများက ဝိုင်းရံလို့ထားပါသည်။


ဘရသေ့ဦးဝနိယျထံ ရောက်သွားချိန်မှာ အဆင်သင့်ပင် စောင့်ဆိုင်းကြိုဆိုလျက်သား တွေ့ရပေသည်။

ဦးရသေ့၏ ကျောင်းလေးထဲမှာလည်း ဝသုံးလုံးတောင် ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ဦးပေါက်ပေါက်နှင့် ဘရသေ့၏ ဒကာနှစ်ယောက်လည်း စောင့်နေကြပါသည်။

စာရေးသူ၏ သိလိုသမျှကို ဦးရသေ့နှင့်အတူ သာသနာပြုပုဂ္ဂိုလ်သုံးဦးမှ စိတ်လက်ရှည်စွာဖြင့် ဖြေကြားပေးခဲ့ကြပါသည်။

ရသေ့ကြီးဦးဝနိယျမှာ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့် ဟင်္သာတခရိုင်၊ ဒူးယားရွာ ဖခင် ဦးဖိုးဖေနှင့် မိခင်ဒေါ်ဆောင်းတင်တို့မှ ၁၃၀၆ ခုနှစ်၊ ကဆုန်လဆန်း(၁၃)ရက် စနေနေ့တွင် ဖွားသန့်စင်ခဲ့ပါသည်။

ဒူးယားရွာ ကွမ်းခြံကုန်း ဘုန်းတော်



ရှင်ရသေ့ ဦးဝနိယျ





www.burmeseclassic.com

www.burmeseclassic.com





လောကဓိန်မာန်အောင် ဘုရားကြီး

ပေါ်တော်မူနေရာတွင် တည်ထားသော ဆင်းတုတော်ကြီး

ဘုရသေ့ဦးစိန်ယွန်း၏ တောင်တန်းသာသနာပြုလှည်းယာဉ်







www.burmeseclassic.com

www.burmeseclassic.com



ပုပ္ပါးမယ်တော်နန်း

ကြီးကျောင်း ဆရာတော်ဦးဥတ္တမထံတွင် ရှင်သာမဏေဝတ်ခဲ့ပြီး ပရိယတ္တိစာပေများ သင်ယူခဲ့သည်။

သာမဏေဘဝမှ တစ်ဆင့် ရန်ကုန်မြို့ ထောက်ကြန့် တိုးချဲ့ ရပ်ကွက်၊ ရွှေကြက်ယက် ဘုန်းတော်ကြီးကျောင်း ဆရာတော်ဦးစန္ဒာထံ ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်ခဲ့ပါသည်။

နှစ်ဝါအရတွင်တော့ လူဝတ်လဲ၍ ယောဂီဝတ်ဖြင့် ဆက်လက် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

လောကီပညာကိုလည်း ဝိဇ္ဇာဘွဲ့ (စီးပွားရေးပညာ) **BA(Eco)**ဖြင့် ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့ပါသည်။

ထို့နောက် ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့သို့ ရောက်ရှိခဲ့ပြီး **နွားဝါတောင် ဆရာတော်**ထံတွင် ဥပဇ္ဈာယ်ခံယူပြီး ၁၉၈၉ ခုနှစ်တွင် ရသေ့ဝတ်ခဲ့ကာ ယနေ့တိုင် သာသနာပြုလုပ်ငန်းများ ဆောင်

ရှမ်းသိုက်နန်းရှင်များ





www.burmeseclassic.com

www.burmeseclassic.com



ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ခေတ်ခန်း

ရှက်နေဆဲ ဖြစ်ပါသည်။

သာသနာပြု သက်တမ်းနှစ်(၂၀) အတွင်း ဘရသေ့ ကြိုးစားဆောင်ရွက်ခဲ့သော သာသနိက အဆောက်အအုံနှင့် ဘုရားများ စေတီများမှာ **ဉာဏ်တော်(၃၃)တောင်ရှိ** စေတီတစ်ဆူအပါအဝင် (၂၂)ဆူ တည်ထားပြီး (၁၃)ဆူကို ဝသုံးလုံးဘုရားတောင်တွင် လည်းကောင်း၊ (၉)ဆူကို ဗောဓိ(၅)ထောင် ရွှေခြံတောင်တွင် လည်းကောင်း တည်ထားပြီးဖြစ်ပါသည်။

ဝသုံးလုံးတောင်ပေါ် ပင်မသာသနာပြုစခန်းတွင်လည်း အုတ်ဓမ္မာရုံကြီးတစ်ဆောင် ဆင်းတုတော်ကြီးငယ် များစွာ တည်ထားပါသည်။

ဝသုံးလုံးတောင်၏ အလယ်ဗဟိုမှာ တည်ထားသော လောကဖိနမာန်အောင်စေတီကြီးအား ဗဟိုပြု၍ ကုန်းတော်၏ အကျယ်အဝန်းမှာ အရှေ့ဘက် ပေ(၈၀၀)၊ အနောက်ဘက်ပေ(၃၅၀)၊ တောင်ဘက်(၂၅၀)ပေ၊ မြောက်ဘက် (၈၅၀)ပေ ရှိပါသည်။

ဘုရားဂေါပကအဖွဲ့မှ ဥက္ကဋ္ဌဖြစ်သူ ဦးပေါက်ပေါက်မှလည်း နှစ်စဉ်လောကဖိနမာန်အောင် ဘုရားပွဲကိုတပို့တွဲလပြည့်နေ့ တစ်ရက်မှာ ကျင်းပပြီး သံဃာတော်များကို ဆွမ်းကပ် တရားနာယူ သြဝါဒခံယူကြပါသည်။

တစ်နှစ်ကို (၃)ကြိမ် မဟာစည်နည်းဖြင့် (၁၀)ရက် တရားစခန်းဖွင့်ပြီး ဘရသေ့ကိုယ်တိုင် တရားများပြသပေးကြောင်း…

တရားဝင်ယောဂီ (၅၀)မှ (၁၀၀)ထိ များပြားကာ စခန်းဝင်ကြေးမရှိဘဲ သက်သတ်လွတ် ကျွေးမွေးကြောင်းနှင့် ယခုဆိုလျှင် (၆)ကြိမ်ပြီးမြောက် အောင်မြင်သွားပြီဖြစ်ကြောင်း ပြောပြပါသည်။

တရားပတ်များကို တန်ခူးလပြည့်မှစ၍ တစ်ချိန်၊ ဝါဆိုလပြည့်မှအစ တစ်ကြိမ်၊ သီတင်းကျွတ်လပြည့်မှာ တစ်ချိန် (၃)ပတ်ရှိပါသည်။

စာဖတ်သူ (၇)ရက်သားသမီးများအတွက်လည်း ရသေ့ကြီးဦးဝနိယျမှ သူ အမြဲတမ်း ကျင့်စဉ်ဖြစ်သော ပုတီးစိပ်နည်း(၂)မျိုးအား အများအကျိုးရှိစေခြင်းငှာ ချီးမြှင့်ပေးလိုက်ပါသေးသည်။

၁။ နမောသိဒ္ဓိ အရဟံ ဗုဒ္ဓေါ ဘဂဝါ ***[ပုတီး ၁လုံးချ ၃၇ ပတ်]***

၂။ အရဟံ ဗုဒ္ဓေါ ဘဂဝါ နမော ***[ပုတီး ၁လုံးချ ၃၇ ပတ်]***

အမှတ်စဉ်တစ်ကို လူ့ဘဝကတည်းက ယနေ့ထိ လည်းကောင်း၊ ရာသက်ပန် ပွားများလို့ အဓိဋ္ဌာန်ပြုထားသူဖြစ်ပြီး အမှတ်စဉ်နှစ် ဂါထာကိုတော့ ရသေ့ဘဝက စခဲ့သည်ဟု ဆိုပါသည်။

(၇)ရက် သားသမီးများလည်း လက်တွေ့ လုပ်ဆောင်ကြည့်ပါ





www.burmeseclassic.com

www.burmeseclassic.com



● တောင်ပိုင်ဘိုးဘိုးကြီး




● တောင်တန်းသာသနာပြု ကမ္ဘာ့ဗုဒ္ဓနာရီပြ ရှင်ရသေ့ဦးစိုးမြ ဝသုံးလုံးဘုရားတောင် အောင်ပန်းမြို့ ရှမ်းပြည်နယ်တောင်ပိုင်း

အကျိုးထူးများ၊ လိုအင်ဆန္ဒများ ပြည့်ဝရရှိလိမ့်မည်ဟု တိုက်တွန်း လိုက်ပါသည်။

**[ဝသုံးလုံးတောင် သာသနာပြု စခန်းမှ ညနေ(၄)နာရီခန့် ပြန် ဆင်းလာချိန်မှာတော့ အောင်ပန်း မြို့၏ အလှအပများက နှင်းမှုံ ကြားမှာ ရှုမဝနိုင်အောင် ရှိပါ တော့သည်။]**

ကိုမြသွေး
*(ပေါင်းလောင်းမြေ)*

မြေပုံလမ်းညွှန်




ပါရမီမဂ္ဂဇင်း ၄၃



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၃၆)မှ အဆက်

သဘောမတူတဲ့ ကားသမားနဲ့ လိုက်ပြေးလို့ ပစ်ပယ်ခံထားရတယ်။

''မမြင့်မြင့်အုံး''ကလဲ ချစ်လင်ကလွဲ ဖွဲ့နဲ့ဆန်ကွဲလို့ မှတ်ထင်ပြီး ခယောင်းလမ်းကို လျှောက်လှမ်းကာ ပျော်ရွှင်မဆုံး ရှိကြတယ်။ သူတို့မှာ သား(၂)ယောက်ပင် ထွန်းကားခဲ့ပါပြီ။

**''သားအချစ် မြေးအနှစ်''** ဆိုသော စကားအတိုင်း ကလေးအကြောင်းပြပြီး သမီးကို သဘောမကျသော်လဲ အိမ်မှာ ပြန်ခေါ်ထားပြီး အတူနေကြပါတယ်။

မမျှော်လင့်ဘဲ အမေ သေသွားတဲ့အခါ ရွှေကုန်သည် သားသမီးဆိုတော့ အမွေတွေကလဲ ထိုက်ထိုက်တန်တန် ရလိုက်ပါတယ်။

''မမြင့်မြင့်အုံး''ရဲ့ဘဝ ဒုက္ခဆိုတာ နတ္ထိ။ လှူနိုင်,တန်းနိုင်၊ ပေးကမ်းနိုင်တော့လဲ အပေါင်းအသင်း အခြွေအရံဆိုတာလဲ ပေါများလှပါဘိ။

သဒ္ဓါတရားကလဲ ထက်သန်သူမို့ ကျောင်းဆောက်, ဇရပ်ဆောက် ကုသိုလ်အပြင် နေ့စဉ် ဆွမ်းခံကြွလာတဲ့ သံဃာတော်များကိုလဲ ဆွမ်းဝတ်မပျက် နေ့စဉ်,လစဉ် လှူဒါန်းပေးကမ်းလေ့ ရှိပါတယ်။

ဝါဆိုဦးရောက်ပြီဆိုလျှင် ဝါဆိုသင်္ကန်းကပ်လှူပြီး၊ သင်္ကြန်ရက်ရောက်ပြီဆိုပါက **အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ကြာဆံဟင်း, မုန့်ဟင်းခါး, ရွှေရင်အေး, ကောက်ညှင်းပေါင်းနဲ့** အကြော်စသဖြင့် အလှူညီကျ ကုသိုလ် ပြုလုပ်ခဲ့ပါတယ်။ သေတဲ့အထိဆိုပါတော့...။

[ ၃ ]

ဘဝသံသရာကြီးထဲတွင် ဒိဗ္ဗာကိုယ်ကြီး ရလာပြီဆိုကတည်းက ဇာတိ,ဇရာ,ဗျာဓိ,မရဏဆိုတဲ့ ဘေးဆိုးကြီးက ကပ်ပါလာတော့ လူတိုင်း,လူတိုင်း တစ်နေ့ကြုံတွေ့လာရမှာ မဟုတ်ပါလား။

အသက်ကလဲ လေးဆယ်ကျော်ငါးဆယ်အတွင်း ရောက်လာပြီမို့ ရောဂါတွေကလဲ တစ်မျိုးပြီးတစ်မျိုး ဝင်လာကြတော့တယ်။

အခုတော့ ''မမြင့်မြင့်အုံး''တစ်ယောက် ခေါင်းကြီးတစ်ခုလုံးအုံပြီး ကိုက်နေတယ်။ ဆရာဝန်အမျိုးမျိုး ဆေးအမျိုးမျိုးနဲ့ ကုသပါသော်လဲ **''ရှောင်လွှဲမရ သေချိန်ကြက သေရမည်မှာ ဓမ္မတာတည်း''** ဆိုသော ဓမ္မသံဝေဂနဲ့အညီ ရှိသမျှ ပစ္စည်းဥစ္စာတွေ စွန့်ထားခဲ့ပြီး ဘဝသစ်တစ်ခုသို့ ပြောင်းသွားခဲ့လေပြီ။

[ ၄ ]

''မမြင့်မြင့်အုံး''မသေမီ သားအငယ်ရဲ့ ဇနီးလေးကယောက္ခမကြီး မသေခင်ကတည်းက အတူနေခဲ့ကြ၍ ယောက္ခမကြီး စိတ်ချမ်းသာအောင် အတူလက်တွဲပြီး ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့၏။

''မမြင့်မြင့်အုံး''ရဲ့ ကုသိုလ်အမွေကို ဆက်ခံသော ချွေးမကောင်းတစ်ယောက်ဟု ဆိုရပါလိမ့်မယ်။ ''မမြင့်မြင့်အုံး''ကွယ်လွန်ခဲ့သည်မှာ ဘာလိုလိုနဲ့ (၆)နှစ်မျှ ကြာခဲ့ပါပြီ။

နှစ်စဉ်မပျက် ကုသိုလ်ပြုတိုင်း, ပြုတိုင်း ရောက်ရာဘုံဘဝမှ သာဓုခေါ်ပါစေလို့ အမျှအတန်း ပေးဝေခဲ့မြဲဖြစ်ပါတယ်။

ယခုနှစ် ၂၀၁၇ ခုနှစ်၊ သင်္ကြန်အကြိုနေ့က ဥပုသ်သည်များအား မုန့်ဟင်းခါးကျွေးနေစဉ် အိမ်မှာ ဝိုင်းဝန်းလုပ်ပေးနေတဲ့ ကလေးမလေးကိုပူးပြီး...

'တင်တင်နွယ်ကိုပြောလိုက် ငါ ဒီမှာရုံကြီးရဲ့ဘေးက သစ်ဆိမ့်ပင်ကြီးမှာ နေရတယ်။

ငါ့အတွက် ကုသိုလ်ပြုပြီး အမျှဝေပေးပါ။ ငါ...တခြားရောက်ရောက်နေလို့ မကျွတ်သေးဘူး။ အမျှရပြီဆိုရင်တော့ ကျွတ်တော့မှာပါ'

လို့ ပြောပါတယ်။

နှစ်ဆန်းတစ်ရက်နေ့မှာ သံဃာတော်များ ဆွမ်းကပ်ပြီး...

'ဒေါ်မြင့်မြင့်အုံးရေ... ရောက်ရာအရပ်က သာဓု...ခေါ်ပါ။ ကုသိုလ်ပြုသမျှအားလုံး အမျှပေးဝေပါ၏'

လို့ အမျှသုံးကြိမ် ဝေပြီးတဲ့အချိန်မှ...

ယနေ့အချိန်ထိ နောက်ထပ်ဘာမှ ဝင်မပူးတော့ပါ။ ကျွတ်ချိန်တန်လို့လာရောက် ပူးပြောခြင်းပေလား မပြောတတ်တော့ပါ။

ဒီဖြစ်ရပ်ကို သံဝေဂယူပြီး ကွယ်လွန်သွားကြတဲ့ မိဘ,ဘိုးဘွား, ဆရာသမားတို့အားကုသိုလ်ပြုတိုင်း, ပြုတိုင်း အမျှအတန်းပေးဝေရန် မမေ့ကြဖို့ တင်ပြလိုက်ရပါတယ် ခင်ဗျား...။

(( **ရွှေမင်းသား *(စစ်ကိုင်း)*** ))



www.burmeseclassic.com

# ပါဒစေတီတော်



ရွှေကျေး (မြစ်ငယ်)


**တောင်ခွင်သာသနာပိုင်ဆရာတော်မှူးနှင့် နိုင်ငံတော်ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်မှ လက်ယာညာဘက်ခြေတော်ရာပုံ**

၂၀၀၄ ခုနှစ်ဆန်းပိုင်းက ဖြစ်သည်။ စာရေးသူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အဝေးဆက် [မိုက္ကရိုဝေ့(ဗ်)]မှ သက်ပြည့်ပင်စင် မယူရသေးပါ။

စာရေးသူ၏ မူတာဝန်မှာ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉) (ယခင် ပွေးတောင်ရပ်ကွက်)ရှိ ဘုရားတောင်ပေါ်တွင် တည်ဆောက်ထားသော အဝေးဆက် [မိုက္ကရိုဝေ့(ဗ်)] ပွေးတောင်ဆက်သွယ်ရေး စနစ်ပင် ဖြစ်ပါသည်။

ပွေးတောင်[မိုက္ကရိုဝေ့(ဗ်)] အဝေးဆက်သွယ်ရေးစခန်းသည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့များ၏ ဆက်သွယ်ရေး ကွန်ယက်များအား တပ်ဆင်၍ ဆက်သွယ်ရေး အသံလှိုင်းများ လွှင့်ထုတ်ပေးပို့ရသော ကြားခံစခန်းတစ်ခု ဖြစ်ပါသည်။

ထို ဆက်သွယ်ရေးစခန်းသည် ပြင်ဦးလွင်မြို့ရှိ အနီးစခန်း လေဆိပ်နှင့် နီးကပ်နေသဖြင့် လေယာဉ်များ ဆင်းတက်ချိန်တွင် ပွေးတောင် [မိုက္ကရိုဝေ့(ဗ်)] ဆက်သွယ်ရေးစခန်းမှ တည်ဆောက်ထားသော တာဝါတိုင်မှာ လေယာဉ်တက်ဆင်း လမ်းကြောင်းများနှင့် မလွတ်ကင်းသဖြင့် ပွေးတောင် [မိုက္ကရိုဝေ့(ဗ်)]စခန်းအား ပြင်ဦးလွင်မြို့နယ်ရှိ ပြင်ဦးလွင်မြို့နယ်၊ နောင်ချိုမြို့နယ်၊ မတ္တရာမြို့နယ်တို့၏ နယ်နိမိတ်ဆုံးရာ ဓပ



☙ တောင်ခွင်သာသနာပိုင် ဆရာတော်မှူးနှင့် နိုင်ငံတော် ဗုဒ္ဓသာသနာ မဟာဗုဒ္ဓဝင်မှ လက်ယာ ညာဘက် ခြေတော်ရာပုံ



www.burmeseclassic.com
www.burmeseclassic.com

**(၄၈၀၀)မြင့်သော မှန်ချိန်တောင်ပေါ်သို့** ရွှေ့ပြောင်း တည်ဆောက်၍ စခန်းတာဝန်များကို ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ထိုအချိန်မှ စတင်၍ ဗုဒ္ဓဘုရားရှင်တော်မြတ်၏ ပါဒခြေတော်ရာကို စတင် ကိုးကွယ် ပူဇော်ခဲ့ပါသည်။ စတင် ကိုးကွယ်ပူဇော်ရခြင်း၏ အခြေခံ အကြောင်းတရားမှာ ပွေးတောင်[မိုက္ကရိုဝေ့(ဗ်)]စခန်းမှ မှန်ချိန်တောင်[မိုက္ကရိုဝေ့(ဗ်)]သို့ စတင်ပြောင်းရွှေ့တာဝန် ထမ်းဆောင်သည့်နေ့ (၄–၁–၂၀၀၄)ရက်ညတွင် **စာရေးသူ ခေါင်းချအိပ်စက်ရာ ခေါင်းအုံးနေရာတွင် ဗုဒ္ဓ၏ ခြေတော်ရာအား ခေါင်းအုံး၍ အိပ်စက်နေရကြောင်း သိမြင် တွေ့ရှိလာပါသည်။**

ထိုသို့ သိမြင်တွေ့ရှိမှုသည် ညစဉ်ညတိုင်း မြင်တွေ့နေရာမှာ ဗုဒ္ဓဘုရားရှင်၏ ပါဒခြေတော်ရာအား စိတ်ဝယ် ရည်မှန်း၍ ညစဉ်ကန်တော့၍ အိပ်စက်ခဲ့ပါသည်။

**သို့သော် ထိုအချိန်က ဗုဒ္ဓဘုရားရှင်၏ ပါဒခြေတော်ရာ ဘုရားရှိခိုးဂါထာတော်ကို စာရေးသူ မသိရှိရသေးသော ဗုဒ္ဓဘုရားရှင်၏ ပါဒခြေတော်ရာအား စိတ်တွင် ပုံဖော်၍သာ ကန်တော့ခဲ့ရပါသည်။**

**မှန်ချိန်တောင် [မိုက္ကရိုဝေ့(ဗ်)] ဆက်သွယ်ရေးစခန်းသည်** ပြင်ဦးလွင်မြို့နှင့် (၂၀)မိုင်ကွာဝေးပြီး မဲတောကျွန်းတိုင်းကျေးရွာတွင် ရှိပါသည်။

တာဝန် ထမ်းဆောင်ရသော ဝန်ထမ်းများ၏ ဝန်ထမ်းနေအိမ်များမှာ ကျွန်းတိုင်းကျေးရွာအတွင်း ရှိပြီး ဝန်ထမ်းနေအိမ်ရှိ ကျွန်းတိုင်းကျေးရွာမှ မှန်ချိန်တောင်[မိုက္ကရိုဝေ့(ဗ်)]စခန်းရှိရာ စခန်းတောင်ပေါ်သို့ တောလမ်းအတိုင်း(၆)မိုင်သာ သာခန့် တက်ရောက်မှသာ ရောက်ရှိနိုင်သော စခန်းတစ်ခု ဖြစ်ပါသည်။

စာရေးသူအတွက် လိုအပ်သော စာအုပ်များ အလွယ်တကူ မရရှိနိုင်ပါ။ မန်းစက်တော်ရာမှ ဗုဒ္ဓဘုရားရှင်၏ ပါဒခြေတော်ရာ ဘုရားရှိခိုးဂါထာလည်း အလွယ်တကူ မရရှိနိုင်ပါသဖြင့် ပရိတ်ကြီး(၁၁)သုတ်တွင် ပါရှိသော **အာဋာနာဋိယသုတ်တော်၏ အပိုဒ်(၁၁၇)ပါ ပါဒခြေတော်ရာ ဘုရားရှိခိုးဂါထာ**ကို ကျက်မှတ်ပူဇော်ကာ စခန်းတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

စာရေးသူသည် ညစဉ် အိပ်ရာဝင်တိုင်း ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်များ၊ တရားဂုဏ်တော်များ၊ သံဃဂုဏ်တော်များ ပူဇော်ကန်တော့ပြီးတိုင်း ဗုဒ္ဓဘုရားရှင်၏ **ပါဒခြေတော်ရာဂုဏ်တော်အား (၉)ခေါက်** ရွတ်ဆိုပူဇော်ခဲ့သည်မှာ စာရေးသူ သက်ပြည့်ပင်စင် ယူသည့်အချိန် ယနေ့တိုင်ဖြစ်ပါသည်။

စာရေးသူ ဆောင်းပါးရေးနေချိန်တွင် အသက်အားဖြင့် (၆၉)နှစ်ရှိပြီး ပင်စင်စား သက်တမ်းမှာ (၈)နှစ်ထဲသို့ ရောက်ရှိကာ ဗုဒ္ဓဘုရားရှင်၏ ပါဒခြေတော်ရာအား ကိုးကွယ်ပူဇော်ခဲ့သည်မှာ အချိန်ကာလအားဖြင့် (၁၄)နှစ်ရှိပြီ ဖြစ်ပါသည်။

သမ္မာသမ္ဗောဓိ သဗ္ဗညုဘုရားရှင်တို့သည် မည်သည့်တစ်ဆူတစ်ယောက်၏ ပယောဂလှုံ့လကြောင့် ပရိနိဗ္ဗာန်စံဝင်ရိုး ထုံးစံမရှိသလို ထိုဘုရားရှင်၏ ဓာတ်တော်မွေတော်တို့သည်လည်း မည်သို့သော ဘေးအန္တရာယ်တို့၏ ဖျက်ဆီးခြင်းမှ ပျက်စီးရိုးထုံးစံမရှိဟု မှတ်သားဖူးပါသည်။

**မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ အဋ္ဌကထာ၌** စေတီ(၅)မျိုး ဖော်ပြရာတွင်…

၁။ ပရိဘောဂစေတီ =ဗောဓိပင်နှင့် အသုံးအဆောင် ပရိက္ခရာတော်များ။
၂။ ဥဒ္ဒိဿစေတီ =ဗုဒ္ဓကိုယ်စားတော် ရုပ်ပွားဆင်းတုတော်များ။
၃။ ဓာတုစေတီ =ဓာတ်တော် မွေတော်များ။
၄။ ဓမ္မစေတီ =ဗုဒ္ဓ၏ တရားဒေသနာတော် ဓမ္မက္ခန္ဓာများ။
၅။ ပါဒစေတီ =ဗုဒ္ဓနှင့် ရဟန္တာတို့၏ ခြေတော်ရာများ

ဟူ၍ ပြဆိုထားကြောင့် တွေ့ရှိရပါသည်။

အစိန္တေယျ သုံးလောကထွဋ်ထား သဗ္ဗညု မြတ်စွာဘုရားသည် အကြောင်းအားလျော်စွာ ပေါ်ပေါက်လာရသော ကိစ္စအဝဝကြောင့်လည်းကောင်း၊ နောင်လာနောက်သား ဝေနေယျများကို သနားတော်မူလှ၍ ကိုယ်တော်မြတ်နှင့် ထပ်တူပူဇော်ကြစိမ့်သောငှာ လည်းကောင်း…

သာသနာငါးထောင် ကာလပတ်လုံး ထင်ရှားစွာ တည်စေနိုင်သောအားဖြင့် ချထားတော်မူအပ်သော ခြေတော်ရာပါဒ စေတီတော်ကား သုံးဆူ ထင်ရှားရှိတော်မူကြောင်း သိရပါသည်။

F. 7B. September, 2018.





www.burmeseclassic.com

www.burmeseclassic.com



**ပထမခြေတော်ရာကား** သီဟိုဠ်ကျွန်း(သီရိလင်္ကာ)အခေါ် စေတီပါဒ ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်သည် ဘုရား ဖြစ်တော်မူပြီးနောက် ရှစ်ဝါမြောက်တွင် **မဏိအက္ခိက နဂါးမင်းက** ပင့်၍ နောက်ပါသံဃာငါးရာနှင့် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ ကြွရောက်တော်မူသော အကြိမ်တွင် **သုမန(သမန္တရာဇ)** တောင်ထိပ်၌ သုမနနတ်မင်း တောင်းပန်၍ ရှေးဦးစွာ ပထမခြေတော်ရာတစ်ဆူ ချထားတော်မူခဲ့သည်။

**ဒုတိယခြေတော်ရာမှာ** ဇမ္ဗူဒိပ်ကျွန်း ပါဒစေတီတော် ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် ဝါတော်နှစ်ဆယ်ကျော်တွင် ရှေးအခေါ် **သုနာပရန္တ ယောနကတိုင်း**သို့ ကြွမြန်းရာတွင်(ယခုအခေါ်) **မကွေးတိုင်း ဒေသကြီး၊ စကုမြို့နယ်၊ အနောက်ပိုင်း အုပ်မိုးကာဆီးနေသော တောတောင်ကြီး**အတွင်း စီးဆင်းနေသော **နမ္မဒါမည်တွင်မန်းမြစ်၏ ကမ်းနဖူးရှိ ကျောက်ဖျာပေါ်၌** နမ္မဒါနဂါးမင်း တောင်းပန်ခြင်းကြောင့် ဒုတိယခြေတော်ရာတစ်ဆူ ချထားတော်မူခဲ့ပါသည်။

တတိယခြေတော်ရာကား ဇမ္ဗူဒိပ်ကျွန်း **ဒွိပါဒ စေတီ** ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်သည် အောက်စက်တော်ရာတွင် ခြေတော်ရာတစ်ဆူ ချထားပြီးနောက် နမ္မဒါမြစ်အနီး သစ္စဗန္ဓတောင်တော်ကြီး (မကုလတွင်ခေါ်) မြတ်တောင်တော်၌ သစ္စဗန္ဓရဟန်းမြတ် တောင်းပန်အပ်သဖြင့် ချထားတော်မူသော ခြေတော်ရာတစ်ဆူ ရှိကြောင်း သိရှိရပါသည်။

ဗုဒ္ဓဘုရားရှင်၏ ပါဒမှုပွား ခြေတော်ရာများအား မြန်မာနိုင်ငံအတွင်းရှိ စေတီဘုရားများ၏ ဝင်းအတွင်းတို့၌ အများအားဖြင့် ထုလုပ်ပူဇော်ထားရှိကြပါသည်။

မကွေးတိုင်းဒေသကြီး၊ စကုမြို့နယ် မန်းစက်တော်ရှိ ဗုဒ္ဓဘုရားရှင်မှုရင်း ပါဒခြေတော်ရာ(၂)ဆူမှာ အလွန်ထင်ရှားပါသည်။

**စမပြန်ဂါထာတွင်** ဗုဒ္ဓဘုရားရှင်၏ ပါဒခြေတော်ရာကို အောက်ပါအတိုင်း ဖော်ကျူးပူဇော်ထားကြောင်းလည်း တွေ့ရှိရပါသည်။

**ဂါထာတော်မှာ...**

ဝရံ လာဘသိဒ္ဓိ သံယုတ္တံ
ဗဟုပည ပုညပုဏ္ဏံ
ဓမ္မောဘာသေဟိ လလိတံ
စက္ကံ ဝန္ဒာမိ သမ္ဗုဒ္ဓံ။

အနက်

**ဝရံလာဘ သိဒ္ဓိ သံယုတ္တံ၊** မြတ်သော လာဘ်ပြီးစီးခြင်းနှင့် ယှဉ်ထသော။ **ဗဟုပည ပုညပုဏ္ဏံ၊** များသော ပညာကောင်းမှုတို့နှင့် ပြည့်စုံသော။ **ဓမ္မောဘာသေဟိ၊** တရားအရောင်တို့ဖြင့်။ **လလိတံ၊** တင့်တယ်သော။ **စက္ကံ၊** တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတို့နှင့် ပြည့်စုံသော။ **သမ္ဗုဒ္ဓံ၊** မြတ်စွာဘုရားကို။ **ဝန္ဒာမိ၊** ရှိခိုးပါ၏။

***[ ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသီဟ(သာသနဓဇ ဓမ္မာစရိယ)မှ ပြန်ဆိုပေးပါသည်။ ]***

**ဂါထာတော်မြတ်အနက်ကား...**

မြတ်သော လာဘ်လာဘကို ပြီးစီးခြင်းနှင့် ယှဉ်ထသော များလှစွာသော ကုသိုလ်ကောင်းမှုဖြင့် ပြည့်စုံမှုထသော တရားဓမ္မအရောင်တို့နှင့် တင့်တယ်ထသော တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတို့နှင့် ပြည့်စုံတော်မူထသော မြတ်စွာဘုရားကို ရှိခိုးပါ၏ အရှင်ဘုရား...

ဟူ၍ ဗုဒ္ဓဘုရားရှင်၏ ပါဒခြေတော်ရာအား ထူးခြားစွာ ပူဇော်ထားကြောင်း သိရှိ ဖတ်ရှုရပါသည်။

စာရေးသူ အမြဲရွတ်ဖတ်၍ ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရာအား ပူဇော်ကန်တော့သော ဂါထာတော်မှာ...



www.burmeseclassic.com

www.burmeseclassic.com

သဒေဝကဿ လောကဿ၊
သဗ္ဗေဓေတေ ပရာယဏာ၊
တေသာ ဟံ သိရသာပါဒေ
ဝန္ဒာမိ ပုရိသုတ္တမေ။
ဝစသာ မနသာစေဝ၊
ဝန္ဒာမေ တေ တထာဂတေ၊
သယနေ အာသနေဌာနေ၊
ဂမနေစာပိ သဗ္ဗဒါ။

**ဂါထာတော်အနက်ပြန်**

**သဗ္ဗေ**–ခပ်သိမ်းကုန်သော၊ **ဓတေ**–ထို မြတ်စွာဘုရားရှင်တို့သည်၊ **သဒေဝကဿ**– နတ်နှင့်တကွသော၊ **လောကဿ**–လူတို့၏၊ **ပရာယဏာ**–လဲလျောင်းရာလည်း မည်ကုန်၏။

**အဟံ**–ငါသည်၊ **ပုရိသုတ္တမေ**–**ပုရိသုတ္တမာနံ**– ယောကျ်ားတကာတို့ထက် မြင့်မြတ်ကုန်သော၊ **တေသံ**–ထိုမြတ်စွာဘုရားရှင်တို့၏၊ **ပါဒေ**–ခြေတော်တို့ကို၊ **သိရသာ**–ဦးခေါင်းဖြင့်၊ **ဝန္ဒာမိ**–ရှိခိုးပါ၏။

**ဓတေ တထာဂတေ**– ထိုမြတ်စွာဘုရားရှင်တို့ကို၊ **သယနေ**–အိပ်သောအခါ၌ လည်းကောင်း၊ **အာသနေ**–ထိုင်သောအခါ၌ လည်းကောင်း၊ **ဌာနေ**–ရပ်သောအခါ၌ လည်းကောင်း၊ **ဂမနေစာပိ**–သွားသောအခါ လည်းကောင်း…

**သဗ္ဗဒါ**–ခပ်သိမ်းကုန်သော အခါ၌၊ **ဝစသာစေဝ**–ဝစီဒွါရဖြင့် လည်းကောင်း၊ **မနသာစေဝ**–မနောဒွါရဖြင့်လည်းကောင်း၊ **ဝန္ဒာမိ**–ရှိခိုးပါ၏ အရှင်ဘုရားဟူ၍ ဖြစ်ပါသည်။

စာရေးသူ ဗုဒ္ဓခြေတော်ရာ (ပါဒစေတီ)ကို ပူဇော်ခြင်းကြောင့် ထူးခြား၍ ကောင်းသော အကျိုးတရားများကို လက်တွေ့ကိုယ်တွေ့ ခံစားရပါသည်။

စာရေးသူ ဌာနလုပ်ငန်းမှ ပင်စင်မယူမီ အချိန်အတွင်း အဆင့်တူဝန်ထမ်းနှင့် လက်အောက်ဝန်ထမ်းများ ပူးပေါင်း၍ နေရာလု မကောင်းကြံစည်ခြင်းကို ခံရပြီး ဌာနလုပ်ငန်းမှ အလုပ်ပြုတ် ထောင်ကျခြင်းမှလည်း ကင်းလွတ်ခဲ့သည်။

တာဝန်ထမ်းဆောင်ချိန် တောလမ်းအတိုင်း အတက်အဆင်း သွားလာရာတွင် အခက်အခဲမရှိဘဲ ချောမောစွာ အဆင်ပြေခဲ့ပါသည်။

တာဝန်ထမ်းဆောင်ချိန် တောလမ်းအတိုင်း ခရီးသွားလာရာတွင် ကြီးမားသော မြွေသတ္တဝါများဖြင့် ကြုံတွေ့ရသော်လည်း အန္တရာယ်မရှိ ကင်းလွတ်ခဲ့သည်။

ပေးဆပ်ရန် သိန်းဆယ်ဂဏန်း ငွေများရှိသော်လည်း အခက်အခဲမရှိ ပေးချေနိုင်ခဲ့ပါသည်။

တာဝန်ကျရာ ဒေသရှိ ဒေသခံ တိုင်းရင်းသားများ၏ ချစ်ခင်မှု ရရှိပြီး လူမှုရေးအန္တရာယ်များ ကင်းလွတ်ကာ ဌာနတွင်းရှိ လူကြီးလူကောင်းများ၏ ကယ်တင် မ,စခြင်းကိုလည်း ခံခဲ့ရပါသည်။

စာရေးသူ သက်ပြည့်ပင်စင် ခံစားနေချိန်တွင်လည်း စိတ်ဆင်းရဲမှုများစွာ မကြုံရဘဲ မန္တလေးတိုင်းဒေသကြီးမှ ပင်စင်စား ဝန်ထမ်းများအား ရောင်းချပေးသော မြနန္ဒာဝန်ထမ်းတိုက်ခန်းအိမ်ရာ ဝယ်ယူခွင့် လျှောက်ထားရာတွင် သိန်းကိုးဆယ်တန် ဝန်ထမ်းတိုက်ခန်း၊ အိမ်ရာ တစ်ခန်း ဝယ်ယူခွင့် မဲပေါက်ခဲ့ပါသည်။

ယနေ့အချိန်တွင်လည်း ရရှိသော ပင်စင်လစာဖြင့် လင်ကိုယ်မယား နှစ်ဦး ကျန်းမာရေး ဆိုးဆိုးဝါးဝါး မခံစားရဘဲ စိတ်ချမ်းသာမှုရှိရှိ နေနိုင်သည်မှာ ဗုဒ္ဓဘုရားရှင်ပါဒ ခြေတော်ရာ စေတီအား အမြဲပူဇော်ခြင်းကြောင့် ထိုအကျိုးတရားများ ခံစားရသည်ဟု စာရေးသူ အကြွင်းမဲ့ ယုံကြည်ပါသည်။

စာရေးသူသည် ဗုဒ္ဓဘုရားရှင်၏ ပါဒခြေတော်ရာကို ကိုးကွယ်ပူဇော်ရာတွင် အထက်ပါ ခံစားရသော ကောင်းကျိုးတရားများကို ရပါစေကြောင်း,ရလိုကြောင်း ဟူသော ဆန္ဒဖြင့် မျှော်ကိုးတမ်းတ၍ ပူဇော်ခဲ့ခြင်း မဟုတ်ပါကြောင်း စာရေးသူ ရိုးသားစွာ ဝန်ခံအပ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓဘုရားရှင်၏ ပါဒခြေတော်ရာအား ပူဇော်ကန်တော့ခြင်းဖြင့် ရရှိသော အကျိုးတရားများနှင့် ပူဇော်ဖူးဖြစ်ရသော အကျိုးအာနိသင်ကြောင့် ရှင်တော် ဂေါတမဘုရားရှင် လက်ထက်တော်၌ နိဗ္ဗာန်စံဝင်တော်မူရသော **သတ္တကောရက္ခာ ပုပ္ဖိတမထေရ်၏ ဝတ္ထုတော်ကို** ရေးသားဖော်ပြပါမည်။

**ဗုဒ္ဓဘုရားရှင်၏ ပါဒခြေတော်ရာအား ပူဇော်ခြင်းကြောင့် ရရှိနိုင်သော အကျိုးတရားများမှာ…**

၁။ အခြံအရံ ပရိသတ်ပေါများခြင်း။
၂။ ခရီးသွားလာရာ၌ ဘေးရန် အန္တရာယ်ကင်းခြင်း။
၃။ ကြိုက်စီးကြိုက်နင်း၊ အတိုက်အခိုက်ဆိုးများ၊ အန္တရာယ်ဆိုးများ ပြေပျောက်စေခြင်း။





www.burmeseclassic.com

www.burmeseclassic.com

၄။ စက်လက္ခဏာတို့ကို ကျက်မှတ် ရွတ်ဆို ပွားများ ပုတီးစိပ်စဉ် စကြာဝတေးမင်းကဲ့သို့ ဟိတ်ဟန်တို့ ပြည့်စုံခြင်း။
၅။ စက်လက္ခဏာ တစ်ကွက်စီမှာ ရှိသော သိဒ္ဓိဓာတ်များ ရရှိစေခြင်း။
၆။ စက်လက္ခဏာကို ရွတ်ဆိုကျိုးကြဲ ပူဇော်သူများအား ခြေတော်ရာစက်ကို စောင့်ရှောက်သော နဂါးများက ကြည့်ရှုစောင့်ရှောက်ခြင်း။
၇။ အပါယ်လေးပါးသို့ မကျနိုင်ခြင်း။
၈။ နိဗ္ဗာန်သို့ မရောက်မီ လူပြည်နတ်ပြည်တို့၌သာလျှင် စုန်ဆန်ကျင်လည်ရခြင်း။
၉။ စကြာဝတေးမင်း ဖြစ်နိုင်ခြင်း။
၁၀။ နောက်ဆုံးဘဝ၌ အာသဝေါတရားကုန်ခမ်းသော ရဟန္တာအဖြစ်သို့ ရောက်ရှိခြင်း စသော အကျိုးတရားများကို ခံစားနိုင်ကြောင်း တွေ့ရှိရပါသည်။

ဗုဒ္ဓဘုရားရှင်၏ ပါဒခြေတော်ရာအား ပူဇော်ကန်တော့ခြင်းကြောင့် ကောင်းမြတ်သော အာနိသင်ခံစားရသော **သတ္တကောရဏ္ဍပုပ္ဖိတ မထေရ်မြတ်**၏ ဝတ္ထုပုံကို သက်သေပြ ပူဇော်ရေးသားပါမည်။

ဤကမ္ဘာမှ ပြန်၍ ရေသည့်ရှိသော (၉၂)ကမ္ဘာထက်၌ သတ္တကောရဏ္ဍပုပ္ဖိတ မထေရ်လောင်းသည် မိဘနှစ်ပါး ကွယ်လွန်၍ သွားသောအချိန်၌ ဆိတ်,ဝတ်,ကျွဲ,နွား, သမင်,ဒရယ်,ချေငယ်,ယုန်, ဆတ်စသော သတ္တဝါတို့၏ အသက်များကို ရက်စက်ကြမ်းကြုတ် ထိုးခုတ်သတ်ဖြတ်သောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်သော အမျိုးသား တစ်ယောက် ဖြစ်ခဲ့ပါသည်။



ကောင်းမှုကုသိုလ်ဟူ၍ တစ်စုံတစ်ခုမှ ပြုလုပ်ခြင်း မရှိချေ။ မကောင်းမှုကိုသာ တစိုက်မတ်မတ်ပြုလုပ်သော အမျိုးသားတစ်ဦးသာ ဖြစ်သည်။

ထိုအချိန်၌ ''တိဿ''အမည်ရှိသော မြတ်စွာဘုရားသည် သတ္တဝါအများအား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူစဉ်ကာလ အခါသမယနှင့် ကြုံကြိုက်တော်မူ၍ တိဿမြတ်စွာဘုရားရှင်သည် ထိုဆင်းရဲနွမ်းပါးသော အမျိုးသားကို သနားညှာတာ ကြင်နာတော်မူလှသဖြင့် ထိုအမျိုးသားမြင်၍ ပူဇော်နိုင်လောက်သော အနီးအရပ်ဒေသ၌ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတို့နှင့် ပြည့်စုံတော်မူသည့် ခြေတော်ရာသုံးဆူကို ပြတော်မူပါသည်။

ဆင်းရဲနွမ်းပါးသော ထိုအမျိုးသားလည်း တိဿမြတ်စွာဘုရားရှင် ချထားတော်မူသော ခြေတော်ရာသုံးဆူကို မြင်လျှင် ကြည်လင်ရွှင်လန်း ဝမ်းမြောက်သောစိတ်အလိုဖြင့် ရှိသေစွာ ရှိခိုးပူဇော်လေ၏။

ထို့နောက် အနီးတွင် ပေါက်လျက်ရှိသော လှပတင့်တယ်စွာ ဖူးတံညှာနှင့်တကွ ပွင့်နေသော **လိပ်ဆူး ရွှေပန်း**ကို မြင်တွေ့၍ ဆွတ်ခူးပြီးလျှင် ခြေတော်ရာကို ပူဇော်ခြင်းအမှုကို ဆက်လက်ပြု၏။

ထိုသို့ သားသတ်အလုပ်သမား အမျိုးသားသည် အခြားကောင်းမှု ကုသိုလ်များ မရှိ။ ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရာကို လိပ်ဆူးရွှေပန်း ပူဇော်မိသော ကုသိုလ်ကြောင့် ဤဘဝလွန်သော် တာဝတိံသာနတ် ပြည်၌ စံရသည်။

လူတို့၏ နှစ်အရေအတွက်အားဖြင့် နှစ်ပေါင်း သုံးကုဋေ ခြောက်သန်းတို့ ကာလပတ်လုံး နတ်တို့၏ စည်းစိမ်ကို ခံစားစံစားပြီးမှ လူ့ပြည်၌ တစ်ဖန် ဖြစ်ရပြန်၏။

ဤသို့ ကြိမ်ဖန်များစွာ လူ့ရွာ နတ်ထံ စုန်ဆန် ကျင်လည်တိုင်းသောဘဝတို့၌လည်း သူတစ်ထူးနှင့် မတူသော စည်းစိမ်ဘောဂတို့နှင့် ပြည့်စုံခြင်း၊ နာရဏီရွှေအလား ကြွားကြွားတစေ၊ လိပ်ဆူးရွှေသို့ ဖိတ်စေရောင်ဝင်း ကိုယ်အဆင်းနှင့် ပြည့်စုံသည်သာ ဖြစ်ရသည်။

အပါယ်လေးဘုံမှ ကင်းလွတ်ပြီး ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တော်အခါမှာ ကီလေသာစက်သုံးထောင်ဝက်ကို ပယ်ဖျက်ခုတ်ထွင်ကာ သုံးပါးသော ဝိဇ္ဇာနှင့်တကွ ပဋိသမ္ဘိဒါပတ္တ ဆဠဘိညာ





www.burmeseclassic.com

www.burmeseclassic.com

ရဟန္တာဖြစ်၍ သတ္တကောရဏ္ဍာပုပ္ဖိတ မထေရ်ဟု ထင်ရှားလေပြီး နိဗ္ဗာန်ခရီးစဉ် အပြီးတိုင် မျက်မှောက်ပြုရသော အကျိုးကို ပေးလေသည်ဟု **အပဒါန်ကျမ်း၌** ပြတော်မူပါသည်။

မြတ်သော ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရာ ချတော်မူခဲ့၍ **ထင်ကျန်ရစ်ခဲ့သော ခြေတော်ရာ(ပါဒစေတီ) (၈)ဆူရှိကြောင်း** စာပေများမှာ ဖတ်ရှုတွေ့ရှိရပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်ဟာ…

၁။ဒေါဏပုဏ္ဏားကြီး မြင်တွေ့စေရန် ဥက္ကဋ္ဌမြို့နှင့် သေတဗျမြို့တို့ အကြား လမ်းခရီး၌ာန၊

၂။မာဂဏ္ဍီပုဏ္ဏားကြီးနှင့် ဇနီးမောင်နှံတို့ မြင်တွေ့စေရန် ကမ္ဗသဒမ္မနိဂုံးရွာကြီးနှင့် တောအုပ်အကြား လမ်းခရီး အရပ်ဌာန။

၃။ကုက္ကုဋ္ဌ မိတ္တမုဆိုးသားအဖ မြင်တွေ့စေရန် ရာဇဂြိုဟ်မြို့အနီး တောအုပ်အတွင်း၌ ထောင်ထားအပ်သော ကျော့ကွင်းအနီး အရပ်ဌာန။

၄။အဇိတစသော ရသေ့တို့ မြင်တွေ့စေရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်အတွင်းရှိ ဂန္ဓကုဋိကျောင်းအနီး အရပ်ဌာန။

၅။ အရှင်သာရိပုတ္တရာ မထေရ်မြတ် မြင်တွေ့စေရန် ဟိမဝန္တာရှိ တစ်ခုသော တောင်ဝှမ်းအတွင်း အရပ်ဌာန။

၆။နမ္မဒါနဂါးမင်း၏ တောင်းပန်ချက်အရ သုနာပရန္တတိုင်း၊ နမ္မဒါမြစ်ကမ်း အရပ်ဌာန။

၇။သစ္စဗန္ဓရဟန္တာ မထေရ်မြတ်၏ တောင်းပန်ချက်အရ သစ္စဗန္ဓတောင်ပေါ် ကျောက်ဖျာအရပ်ဌာန။

၈။သုမနနတ်မင်း၏ တောင်းပန်ချက်အရ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သမန္တကူဋ သုမနတောင်ပေါ် အရပ်ဌာန။

ဤ(၈)နေရာမှာ ဗုဒ္ဓရှင်တော်မြတ်က (ပါဒ)ခြေတော်ရာ ချတော်မူခဲ့ပါသည်။

ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရာ (၈)ဆူအနက် အရှင်သာရိပုတ္တရာ မထေရ်မြတ်အား ခြေတော်ရာကို ပြတော်မူခြင်းသည် သတိသံဝေဂရဖို့ ဖြစ်ပါသည်။

ဒေါဏပုဏ္ဏား၊ မာဂဏ္ဍီပုဏ္ဏား ဇနီးမောင်နှံ၊ ကုက္ကုဋ္ဌမိတ္တ မုဆိုးသားအဖ၊ အဇိတစသော ရသေ့တို့အား ချပြသော ခြေတော်ရာတို့မှာ မဂ်ဖိုလ်တရားထူးရကြစေဖို့ ရည်ရွယ်ပြီး နေရာ (၅)ဌာနမှာ ခြေတော်ရာကို ချတော်မူခြင်း ဖြစ်ပါသည်။

နမ္မဒါ နဂါးမင်း၊ သစ္စဗန္ဓရဟန္တာ မထေရ်၊ သုမနနတ်မင်းတို့အား ခြေတော်ရာကို ချပြတော်ခြင်းမှာ ထိုပုဂ္ဂိုလ်သုံးဦး၏ လျှောက်ထားတောင်းပန်ချက်အရ နေရာဌာန(၃)ခုမှာ ခြေတော်ရာ ချပြတော်မူခြင်း ဖြစ်ပါသည်။

အရှင် သာရိပုတ္တရာမထေရ်၊ ဒေါဏပုဏ္ဏားစသည့် ပုဂ္ဂိုလ်တို့အား ချပြတော်မူခဲ့သည့် ရှေ့ခြေတော်ရာ (၅)ဆူမှာ မြင်တွေ့စေလိုသည့် ပုဂ္ဂိုလ်တွေ မြင်တွေ့ရလို့ အကျိုးကိစ္စပြီးတာနှင့် တစ်ပြိုင်နက် အလိုလိုပျောက်ကွယ်သွားပါသည်။

နောက် ခြေတော်ရာ(၃)ဆူမှာ ယခုအချိန်အထိ ဖူးမြင်နိုင်ကြောင်း တွေ့ရပါသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင် ချတော်မူခဲ့သော ခြေတော်ရာသည် မြင်တွေ့စေချင်သော ပုဂ္ဂိုလ်များသာ မြင်တွေ့ရပြီး အခြားသော ပုဂ္ဂိုလ်များ မမြင်တွေ့နိုင်ကြောင်း သိရှိရပါသည်။

မြင်တွေ့နိုင်သော ပုဂ္ဂိုလ်များထဲတွင် ဇမ္ဗူဒီပါတောင်ကျွန်း ဩဘာနိမိတ်ထွန်းသော ကျွန်းအတွင်း နေထိုင်ကြသော မြန်မာနိုင်ငံသားများလည်း ပါဝင်ပါသည်။

မပျောက်ကွယ်ဘဲ ကျန်ရှိနေသော ဗုဒ္ဓခြေတော်ရာ(၃)ဆူ အနက် ဇမ္ဗူဒီပါတောင်ကျွန်း မြန်မာတို့ဌာနေ၊ ယောနကတိုင်း (ယခုအခေါ်)မကွေးတိုင်းဒေသကြီး၊ စကုမြို့နယ်ရှိ တြိပါဒစေတီယ၊ ရွှေစက်တော်စေတီတော်အား မျက်မြင်ကိုယ်တိုင် အနီးကပ် ဖူးမြော်နိုင်ခြင်းမှာ အလွန်ထူးခြားသော အတိုင်းအဆမရှိသော၊ မနှိုင်းယှဉ်အပ်သော ကောင်းကျိုးတရားများ ဖြစ်ပါသည်။

သို့အတွက် ဗုဒ္ဓဘုရား၏ ပါဒစေတီတော်ကို နေ့စဉ် ညစဉ် အချိန်တိုင်း အချိန်တိုင်း ကြည်ညိုပူဇော်ကြပါရန်နှင့် ကြည်ညိုပူဇော်ရာ၌ စေတနာတိုးပွား အကျိုးများလိမ့်မည်ဖြစ်ကြောင်း ရေးသား ဖော်ပြတိုက်တွန်းလိုက်ရပါသည်။

**ရွှေကျေး(မြစ်ငယ်)**



www.burmeseclassic.com

www.burmeseclassic.com

နှင်းခိုင် (ခေါင်ဖြူ)

သာသနာပြု

# သီလရှင်ဆရာကြီးဒေါ်ထေရီ

စာရေးသူသည် **၃–၈–၀၆နေ့က** မန္တလေးသို့ ရောက်ရှိခဲ့ရာ မတွေ့ရတာ ကြာပြီဖြစ်သော သီလရှင်ဆရာကြီးဒေါ်ထေရီထံ **ရွှေသဘော်ကျောင်း၊ မာရ်အောင်တိုက် သီလရှင်စာသင်တိုက်**သို့ ရောက်ရှိခဲ့လေသည်။

သာသနာပြု သီလရှင်ဆရာကြီး ဒေါ်ထေရီသည် စာရေးသူအား ရင်းနှီး ဖော်ရွေစွာနှင့်…

'ဒကာ မောင်နှင်းခိုင်တို့များ ခုမှပဲ တွေ့ရတော့တာပဲ'

ဟု ဆီးကြိုနှုတ်ဆက်ပါသည်။

ဟုတ်ပါတယ်။ စာရေးသူနဲ့ မတွေ့ရသည်မှာ နှစ်(၂၀)မျှ ကျော်ခဲ့လေပြီ။ သွားလို ရောက်လိုသော ဆန္ဒရှိသော်လဲ ဃရာဝါသမှုကိစ္စတို့ဖြင့် မသွားမရောက်ခဲ့ရပေ။

ခုလို ရောက်တုန်းရောက်ခိုက် သီလရှင်ဆရာကြီး ဒေါ်ထေရီရဲ့ သာသနာပြုပုံလေးတွေကို မေးကြည့်မိပါတယ်။

'သီလရှင်စာသင်တိုက်ကို ၁၃၃၀ ပြည့်နှစ်က တပည့်စာသင်သား သီလရှင်(၁၀)ပါးနဲ့ စတင် တည်ထောင်ခဲ့ပါတယ်။ ဒီနေရာတွေက ချိုင့်ဝှမ်း အနိမ့်ပိုင်းတွေပါ။ တစ်နှစ်ကို မြေကား (၆)စီးမှ ဆယ်စီးထိ (၄)နှစ်ဆက်တိုက် မြေဖို့ပြီး ညှိခဲ့ရပါတယ်'

သီလရှင်ဆရာကြီး ဒေါ်ထေရီ နေထိုင်သော နံရံကပ်တိုက်လေး



သီလရှင်ကြီး ငယ်ရွယ်စဉ်ကပုံ

အောက်မှာ သာသနာပြုပုံလေးတွေ မေးမြန်းစဉ်…

'ယခု ဒီနေရာလေးက စတင်တည်ထောင်စဉ်က ဇရပ်ကလေးပါ'

လို့ စာရေးသူအား စိတ်ပါလက်ပါ ပြောပြရှာတယ်။

စိုစိုပြည်ပြည် စည်စည်ကားကားနဲ့ သီလရှင်ကြီးရဲ့ သီလရှင်စာသင်တိုက်ကို တွေ့ရမြင်ရတော့ စာရေးသူ ကြည်နူးဝမ်းသာမိပါ၏။

ဆက်လက်ပြီး သီလရှင်ကြီး ဒေါ်ထေရီက…

'ဒကာမောင်နှင်းခိုင်ရေ… ခုချိန်ထိ ဓမ္မာစရိယ (၁၀)ပါးထိ မွေးထုတ်နိုင်ခဲ့ပါပြီ။ သူတို့လေးတွေ ဒီအဆင့်ထိရောက်အောင် သာသနာ့ဥယျာဉ်မှူးသဖွယ်ပါပဲ။

ဥယျာဉ်မှူးဟာ သစ်ပင်ပန်းပင်လေးများ ရှင်သန်ကြီးထွားလာစေဖို့ မြေဆွ၊ ရေလောင်း စသည့် ပျိုးထောင်လာရသလို သီလရှင်ကြီး အနေနဲ့လဲ သူတို့လေးတွေ ဓမ္မာစရိယပြီးအောင်၊ ပညာရည် မြင့်မားပြီး သာသနာပြုနိုင်အောင် ပြုစုပျိုးထောင်ပေးခဲ့ရပါတယ်။

မိမိကိုယ်တိုင် စာချ သင့်တော်မယ့် စာဝါများလိုက်ဖို့ ညွှန်ကြားရတာပေါ့။ သူတို့လဲ သူတို့နေရာနဲ့သူတို့ သာသနာပြုနေကြပါတယ်။ သီတင်းကျွတ်လဲ သီတင်းကျွတ်မို့၊ ဝါဆိုဦးလဲ ဝါဆိုဦးမို့ ဆရာသမားကို မမေ့ကြပါဘူး'

လို့ သီလရှင်ဆရာကြီးဒေါ်ထေရီက ပြောပြရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေသဘော်ကျောင်း ဆရာတော်ကြီးကိုလဲ ဝေယျာဝစ္စ ဆွမ်းပန်းကိစ္စတို့ကို တာဝန်ယူ ကုသိုလ်ပြုရပါတယ်။

'ဓမ္မာစရိယတန်းရော ဘယ်နှစ်ကပြီးပါသလဲ ဘုရား'

'ဓမ္မာစရိယတန်းကို ၁၃၃၆ ခုနှစ်က ပြီးခဲ့ပါတယ်။ နိုင်ငံတော်မှ ဆက်ကပ်သော အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဘွဲ့လဲ လက်ခံရရှိခဲ့ပါတယ်'

သီလရှင်ကြီးက စာသင်သားဘဝ စစ်ကိုင်း သမိဒ္ဓေါဒယချောင် နေစဉ်ကပင် သာသနာပြုဆန္ဒ ပြင်းပြခဲ့သည်။

နွေပိုင်း စာမေးပွဲဖြေပြီး မိမိသီလရှင်ပြုခဲ့သော **မြင်းခြံ ရွှေကူကြီး သီလရှင်ကျောင်း** နွေပိုင်းစာမေးပွဲအပြီး ခေတ္တပြန်လာသော်လည်း အနားမနေပေ။ နိဿယတိုက်ခြင်း၊ အာဂုံဆောင်ရမည့် ပါဠိတော်များကို နှုတ်တက် အာဂုံရအောင် ကျက်ခြင်းတို့ဖြင့် အညာနွေ၏ သဘာဝအပူဒဏ်ကို စာပေကြိုးစား အားထုတ်ခြင်းဖြင့် ကြံ့ကြံ့ခံခဲ့သည်။

နီးစပ်ရာ ကိုယ့်ရပ်ရွာကိုလဲ ဒါနဆန်ခံခြင်းများ မသွားရောက်ခဲ့ပေ။ ရှိတာနှင့်သာ ရောင့်ရဲရှာတယ်။ ယခု **၂၀၀၆ ခုနှစ်က** အသက်(၆၀) နီးပါးရှိပြီးသော်လဲ တစ်နေ့ စာဝါ (၃)ဝါ ချနေဆဲ ဖြစ်ပါတယ်။

သီလရှင်ဆိုင်ရာ သာသနာရေးကိစ္စကိုလဲ မြို့နယ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ရတယ်။

'ပဋ္ဌာန်းပါဠိတော်များကို ဝါတွင်းမှာ တစ်နေ့ တစ်နာရီခန့် ရွတ်ဖတ်ပူဇော်ရတယ်'

ဟု သီလရှင်ဆရာကြီး ပြောပြချက်အရ သိခွင့်ရခဲ့သည်။ သာဓု အကြိမ်ကြိမ် ခေါ်ရပါ၏။

သီလရှင်ကြီးသည် တစ်နေ့တာ အားလပ်သော အချိန်ရယ်လို့ မရှိပေ။ လူဒကာ,ဒကာမ လာလျှင်လည်း မျက်နှာကြီး မျက်နှာမရွေး မေတ္တာရှေ့ထားပြီး ညှိခံရှာသည်။ စေတနာ သဒ္ဓါတရား ထက်သန်လှ၏။

စေတနာအလျောက် ထန်းရွက်တဲလေးမှသည် တိုက်တာအဆင့်ထိ ရောက်ခဲ့ပါလားလို့ စာရေးသူ စိတ်ထဲမှ အောက်မေ့မိပါတယ်။

---

### ဆရာကြီး၏ ဇာစ်ရပ္ပတ္တိ

သီလရှင်ဆရာကြီး ဒေါ်ထေရီကို **၁၃၁၀ ပြည့်နှစ်၊ ပြာသိုလဆန်း (၂)ရက် စနေနေ့တွင် ဝေဆင်သာ မြို့နယ်၊ တဲကုန်းရွာ အဖဦးတင်အောင်၊ အမိဒေါ်ပိုင်းအုံတို့မှ** မီးရှူးသန့်စင် ဖွားမြင်လေသည်။

မွေးချင်း (၉)ယောက်ရှိသည်တွင် ဒုတိယသမီးဖြစ်သည်။ (၁၂)နှစ်သမီးအရွယ်တွင် မြင်းခြံမြို့နယ်၊ ရွှေကူကြီး သီလရှင်ကျောင်း သီလရှင်ဆရာကြီး ဒေါ်ဉာဏာကို ဥပဇ္ဈာယ်ပြု၍ သီလရှင်ဘဝကို ရောက်ရှိခဲ့ပါသည်။

အောင်မြင်ခဲ့သော စာမေးပွဲများ အစိုးရ ငယ်–လတ်–ကြီးနှင့် ဓမ္မာစရိယတန်းတို့ ဖြစ်သည်။

စာလိုက်ခဲ့သော ဆရာများမှာ မြင်းခြံမြို့နယ် ရွှေကူကြီးကျောင်း ဆရာတော်၊ မြင်းခြံမြို့ သုဓမ္မာတိုက် ဆရာတော်ဦးနန္ဒဝံသ၊ မန္တလေးမြို့ မာရ်အောင်တိုက် ဆရာတော် ဦးဇယဒိသ၊ စစ်ကိုင်းမြို့ သမိဒ္ဓေါဒယချောင် သီလရှင်ဆရာကြီးများတို့ ဖြစ်ပါသည်။

'ပုတီးစိပ်နည်းလေးများရှိရင် ချီးမြှောက်ပါဦး'

ဟု မေးလျှောက်ရာ…

'ဘဂဝါ ဝါဂဘ ဟု (၄)နာရီ အဓိဋ္ဌာန်ဝင်ပြီး စိပ်ပါ။ လက်တွေ့ အကျိုးပေးပါလိမ့်မည်'

ဟု ပြောပါသည်။

သီလရှင်ကြီးက တပည့်များနှင့်အတူ နံနက် လေးနာရီထိုး နေ့စဉ် ဘုရားဝတ်ပြု နာရီဝက်ခန့် ခန္ဓာဉာဏ်ရောက် တရားရှုမှတ်ခြင်းတို့ ပြုလုပ်ပြီးလျှင် အထက်ပါ ပုတီးစိပ်နည်းကို **သက်စေ့(၅၉)ပတ်** စိပ်ကြောင်းကိုလည်း ပြောပြရှာသေးသည်။

'(၄)နာရီ အဓိဋ္ဌာန်ဝင်တာတော့ (၄)ကြိမ် အားထုတ်ခဲ့ဖူးပါတယ်'

'သီလရှင်ကြီး ကျန်းမာရေးတော့ ဂရုစိုက်ပါဘုရား'

လို့ စာရေးသူ လျှောက်ထားခဲ့ရသေးတယ်။

**ရွှေသဘော်ကျောင်း သီလရှင်စာသင်တိုက် တည်ထောင် သာသနာပြုခဲ့သည်မှာ ၂၀၀၆ ခုနှစ်က (၂၈)နှစ်မျှ ရှိလေပြီ။**

နောင်နှစ်ပေါင်းများစွာ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် သီလရှင်ဆရာကြီး ဒေါ်ထေရီ သာသနာပြုနိုင်ပါစေ…

***ဆန္ဒမွန်ဖြင့်…***

***နှင်းခိုင်(ဆင်ဖြူ)***





www.burmeseclassic.com

www.burmeseclassic.com

# ငွေသုတ်မရိုက်တော်တာနိုး

ကောင်းဟိန်း
(ကျွန်းသစ်)



အင်္ဂုလိမာလအရှင်မြတ်လောင်း အဟိံသကသည် ဒိသာပါမောက္ခဆရာကြီးထံ ပညာသင်ချိန်ကာလက ကျောင်းနေဖက်ချင်းတွေက ဆရာတပည့် အမုန်းပွားအောင် ကုန်းချောကုန်းတိုက် ပြောကြရာမှ လူသတ်သမား လူဆိုးဘဝ ရောက်ခဲ့ရ၏။

လက်ညှိုးတစ်ထောင် ဆရာထံ တင်ဆက်မှ ပညာရပ်ထူး သင်ပေးမည်ဟု ပရိယာယ်ပြုခံခဲ့ရသည်။ ထိုအခါ လူပေါင်း(၉၉၉)ယောက် သတ်ခဲ့ပြီးသော လူသတ်လူဆိုးအား ကောသလမင်းက ဖမ်းဆီး အပြစ်ပေးအံ့ဆဲဆဲ မိခင်မန္တာနီပုဏ္ဏေးမ ကယ်ဖို့ စီစဉ် လူဆိုးအဟိံသကသည် အမေမှန်း မသိအောင် ဆိုးယုတ်ချိန်...

ဘုရားရှင်က အကျွတ်ချွတ်ရာမှ ဆုံးမတော်မူချိန် အင်္ဂုလိမာလသည် မင်္ဂါနုလောမညာဏ်ရ၍...



www.burmeseclassic.com

www.burmeseclassic.com



'ဃေဟိ ဘိက္ခု၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ'

ဟု ဘုရားရှင် ခေါ်တော်မူချိန် လူဆိုးပုံရိပ် ဆံပင်စုတ်ဖားဖားမှ ကွယ်၍ သပိတ်သင်္ကန်း ပရိက္ခရာအစုံနှင့် တကွ ခိပ်ပါဘိညရဟန္တာအဖြစ်သို့ အင်္ဂုလိမာလအရှင်မြတ် ဖြစ်ခဲ့ရ၏။

ရဟန္တာဘဝဖြင့် မြို့ရွာ ဆွမ်းခံကြွချိန်၌ ဝါ့မောင်၊ ငါ့အစ်ကို၊ ငါ့ညီ၊ ငါ့သား၊ ငါ့ယောကျ်ားကို သတ်ဖြတ်သူ ခဲ၊ အုတ်၊ ကျောက်ဖြင့် ပစ်ပေါက် အညှဉ်းဆဲခံရ၏။

ဆွမ်း၊ ယာဂု ဘာမျှမရ၊ သပိတ်ချည်းလွယ်လျက် ဇေတဝန်ကျောင်းတော်သို့ ပြန်ခဲ့ရ၏။

နောင် ဆွမ်းအဖြစ် အခက်ဖြစ်တော့မည် အနာဂတံ မြင်တော်မူသော ဘုရားရှင်က အောက်ပါပရိတ်တော်ကို သင်ပေးတော်မူ၏။

'ယတော,ဟံ ဘဂိနိ အရိယာယ၊
ဇာတိယာ ဇာတော နာဘိ ဇာနာမိ
သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊
တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ'

ဟု ပရိတ်တော်ကို သင်ပေးပါသည်။

ထိုအင်္ဂုလိမာလပရိတ်တော်ကို ရွတ်ဆိုသော သူ၏ ထိုင်နေရာ အင်းပျဉ်ကို ဆေးသော ရေသည်လည်း ဘေးရန် အားလုံးကို ပျောက်စေနိုင်၏။

ထိုပရိတ်တော်သည် ထိုခဏ၌ ချမ်းသာစွာ ကိုယ်ဝန်မှ ထခြင်းကိုလည်း ဖြစ်စေနိုင်၏ဟု ဘုရားရှင်က ဟော တော်မူ၏။

ပရိတ်အနက်အရ…

'နှမ… ငါသည် အရိယဇာတ်ဝင် ဖြစ်ချိန်မှစပြီး
သတ္တဝါကို သေစေလိုသော စေတနာဖြင့်
သတ်ဖူးသည်ဟူ၍ မသိစဖူး
ထိုမှန်သော သစ္စာစကားကြောင့်
သင့်အား လည်းကောင်း၊
ကိုယ်ဝန်၌တည်သော
သူငယ်အားလည်းကောင်း ချမ်းသာသည် ဖြစ်ပါစေ'

ဟူ၍ အနက်အဓိပ္ပါယ် ရပါသည်။ ထိုအချိန်မှစပြီး အင်္ဂုလိမာလအရှင်မြတ်လည်း ဆွမ်းဖိတ်ပင့်လောင်းသူ သဒ္ဓါရပြုသူများ ဖြစ်ပေါ်လာခဲ့ပါသည်။

အများအပြောအရဆိုရင် မီးဖွားနိုင်အောင် ရွတ်ဆိုသော ပရိတ်တော်သာမက အရှင်မြတ် အဓိဋ္ဌာန်တွင် လူ(၉၉၉)ယောက်သတ် အသားအရိုးကြေ၊ အတွင်းကြေ၊ အပြင်ကြေ ဒုက္ခဝေဒနာတွေ ပြေပျောက်ပါစေ၊ မိမိကိုယ်တော်မြတ်ကြီးကိုလည်း ကျောက်ခဲ၊ အုတ်၊ တုတ်ဖြင့် ပစ်ခေါက်ခံရသော သွေးစိမ်းရှင်ရှင်ကျ၍ အတွင်းအပြင် ကြေပျက်ခံရလေ၏။

ထိုဒဏ်ရာများ အကောင်းပကတိ ဒဏ်ကြေမရှိ မူလအတိုင်းဖြစ်ပါစေ ဟူသော အဓိဋ္ဌာန်ရှိပေကြောင်း ဒိဋ္ဌဓမ္မကံ ရှိ၏ဆိုသော်လည်း အကုသိုလ်ကံ ပယ်ကွာ၍ ကုသိုလ်ကံ အကျိုးဆက်ရှိ၏။ ပရမတ္ထဒေသနာရှိ၏။

**မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၌** ဆိုထား၏ဟု ကျွန်ုပ်၏ ဆရာတော်က မိန့်ကြားဖူး၏။

ဆရာတော် ဆိုဆုံးမတော်မူသည့်အတိုင်း ခေတ်သစ်မြစ်ပွားနာဖြစ်သော ကင်ဆာဝေဒနာရှင်အား ဆေးရုံမှ လက်လွှတ်လိုက်၏။ နောက်(၅)လအတွင်း မုချ သေဆုံးလိမ့်မည်ဟု ဆိုပါ၏။

မိမိအသိမိတ်ဆွေသည် သေမထူးနေမထူး ကံခေသူ




www.burmeseclassic.com

www.burmeseclassic.com

ဘဝမှာ ကုသိုလ်ဘာဝနာ ကမ္မဋ္ဌာန်းရှေ့ရှုပြီး အင်္ဂုလိမာလသုတ်တော်ရွတ်ပြီး တရားဆင်ခြင်ရှာလေသည်။

ထိုဝေဒနာရှင်မှာ စားကောင်းအိပ်ပျော်၊ အနာ ခံစားရခြင်း လုံးဝ ရပ်ဆိုင်း၍ ဝေဒနာပျောက်ကင်း အသက်ရှင် ခဲ့ရလေသည်။ သူ့အမည်၊ နေရပ်၊ အလုပ်အကိုင်ကို မဖော်လိုပါ။

**တရားရှင်ပီပီ အတွင်း,အပြင်, အသားကြေ, ကင်ဆာ, အနာကြီး ဝေဒနာရှင်များအား အင်္ဂုလိမာလ သုတ်တော်ကို ဆင်ခြင်ရွတ်ပွား ဘာဝနာပွားပါက အမျိုးသမီးများ ကိုယ်ဝန်မီးဖွားရုံတင်မက ကင်ဆာနှင့် အခြား မြစ်ပွားဝေဒနာရှင် ပျောက်ကင်းကြောင်း** ပရိတ်တော်အစွမ်း သိခဲ့ရ၏။

'ဖုဋ္ဌဿ လောကဓမ္မေဟိ
စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ
ဧတံ မင်္ဂလ မုတ္တမံ။

မင်္ဂလသုတ်တော်မှ **"ဖုဋ္ဌဿ"**ဂါထာပရိတ်သည် အပိုဒ်တိုသော်လည်း အစွမ်းထက်ရာမှ များစွာ အကျိုးထူးရသော ကိုယ်တွေ့များမှာ ဒုတိယကမ္ဘာစစ် မြန်မာတစ်နိုင်ငံလုံးကို စစ်မီးကူးစက်ချိန်တွင် အနောက်မဟာမိတ်နှင့် ဝင်ရိုးတန်းအရှေ့ဖျား ဖက်ဆစ်မဟာမိတ်တို့သည် ကောင်းကင်၌ တိုက်လေယာဉ်ချင်း စီးချင်းထိုးတိုက်၊ မစ်ရှင်းဂမ်း၊ စက်သေနတ်နှင့် ပစ်ခတ်သည်။


မြေပြင်ပေါ်သို့ ဗုံးကျဲတိုက်စဉ် ရပ်သူရွာသား ကျွန်ုပ်အပါအဝင်(၁၂ နှစ်သားခန့်) မြေအောက်ဗုံးကျင်း (အေးကျင်း)ထဲ ခိုအောင်းနေခဲ့ရ၏။

ကောင်းကင်တိုက်ပွဲသံ ရပ်စဲသွားတော့ ကျွန်ုပ်တို့မိသားတစ်စု ကုန်းပေါ်သို့ ရောက်စဉ် ကျွဲ,နွား,ဝက်,ခွေး, ကြက် စသော တိရစ္ဆာန်များ အတုံးအရုံးသေကြ၏။

အချို့လူများ ခေါင်းတခြားကိုယ်တခြား သေကျေကြသည်။ တချို့ရွာသား ဗုံးကျင်းများပွင့်ပြီး လူများစွာ သေကြသည်။

ဒါပေမယ့်...

ကျွန်ုပ်၏ ဖခင်,မိခင်၊ ဘိုးဘွား၊ သားမြေးတစ်စု



လက်နက်ဘေးဒဏ်မှ လွတ်ခြင်းသည် အဘိုးအဘွား၊ အဖေအမေတို့က "ဖုဋ္ဌဿ"ဂါထာနှင့် ပရိတ်တော်နိဒါန်း နတ်ပင့်ကို အဆက်မပြတ် ရွတ်ခဲ့ကြပါ၏။

ထို့နောက် လွတ်လပ်ရေးရစ တိုင်းပြည်ကနုနု မုန်တိုင်းက မစဲသေး။

ရောင်စုံသူပုန်နှင့် ဓားပြသူခိုးဘေးကလည်း သူတစ်လူငါတစ်မင်း စိုးမိုးနေဆဲ၊ ဓားပြတပ်ဖွဲ့ကြီး လက်နက်စုံဖြင့် တိုက်ခိုက်သော ခေတ်ကြမ်းရမ်းကြီးထဲမှာ ရွာမီးရှို့ လူသတ် ပစ္စည်းလုယူခံရချိန်ဝယ် ကျွန်ုပ်တို့ရွာ ထိုဘေးဒဏ်မှ လွတ်ခဲ့၏။

ဂျပန်ခေတ်က ဗုံးပီးဆေးဟု ဝတ်ဖြူစင်ကြယ်နှင့် ဘိုးသူတော်တစ်ဦး တန်ဆောင်းဇရပ်တွေမှာ သီလဆောက်တည် ခိုအောင်းသူများထဲ စာဝေငှသည်ကို အဆိုပါ ဖုဋ္ဌဿနှင့် နတ်ပင့်ဂါထာ ပရိတ်နိဒါန်းဖြစ်ကြောင်း ဖခင်ပြောဖူးပါသည်။

**ရွာထဲ တစ်ဦးမကျန် ရွာသူရွာသားများ ရွှေတောင်ထွဲစဉ် ကျွန်ုပ်၏မိခင်သည် ညီလေးအား နို့တိုက်နေစဉ် ဂျပန်ကင်ပေတိုင်စစ်သားများ၊ မမြင်၊ ထိုဂါထာကို နှစ်ခုစာ ရွတ်ခဲ့ကြောင်း အဖေက ပြောပြပါသည်။**

လွတ်လပ်ရေးရပြီး ခေတ်လယ်လောက်က သူဌေးကြီးဦးဘသာအိမ် ဓားပြတိုက်ဖို့ လာသော ဓားပြများ





www.burmeseclassic.com

www.burmeseclassic.com



သည် သူ့အိမ်ကို ရှာမတွေ့၍ အခြားဦးမိုးကောင်းအိမ် တားပြတိုက်သွားသည်။

သူဌေးကြီးသည် ပရိတ်(၁၁)သုတ် နေ့စဉ် ရွတ်သည့် အပြင် **"ဖုဋ္ဌဿ"ဂါထာ အမြဲ ပုတီး**စိပ်ပါတယ်ဟု ပြောဖူးပါ၏။

မျက်မှောက်ပစ္စက္ခခေတ်ထဲမှာ မင်းမဲ့ ဒုစရိုက်ထူချိန် ၌ ရပ်ကွက်ထဲမှ ပစ္စည်းဥစ္စာ မပြောနှင့် ချက်ပြုတ်ထား သည့် ဟင်း၊ ထမင်းတောင် လုယူခံခဲ့ရ၏။

ကျွန်ုပ် ထိုဂါထာကိုပဲ ရွတ်ရင်း ပုတီးစိပ်နေရာ ကျွန်ုပ်အိမ်မှ မိသားစု(၇)ဦးစ တစ်နှစ်အတွက် ဆန် အိတ်တွေ ရှိခဲ့သဖြင့် ဖနီးက စိုးရိမ်နေချိန်လည်း ဖြစ်ပါသည်။

ထိုပရိတ်ဂါထာတန်ခိုးကြောင့် ကြုံတွေ့ခဲ့ရသော တခြားများ ရှိပါသည်။ တင်ပြရန် များလွန်းလှပါသည်။

"ဖုဋ္ဌဿ"ဂါထာအနက်အရ လောကဓံတရားနှင့် တွေ့ကြုံသောအခါ စိတ်မတုန်လှုပ်ခြင်း၊ မစိုးရိမ်၊ မပူဆွေးခြင်း၊ ရာဂစသော မြူမရှိခြင်း၊ ဘေးမရှိခြင်း ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏ ဆိုပါသည်။

**လှိုင်မြို့နယ်၊ ကမာရွတ်တွင် ၁၉၇၆–၇၇ ခုနှစ်ဆီ က** ရပ်ကွက် မီးလောင်မှု မကြာခဏဖြစ်ပွားခဲ့စဉ် ကျွန်ုပ်ငှားသော နေအိမ် မီးကွင်းခဲ့ပါ၏။ ကျွန်ုပ်တို့ အိမ်ရှင်က ဝမ်းသာမဆုံး ဖြစ်နေရှာ၏။ မီးဘေးကင်းရ ခြင်းမှာ **ဝဋ္ဋသုတ်တော်ကို အဆက်မပြတ်** ရွတ်ခဲ့၍ ဖြစ်ပါ၏။

အခါတစ်ပါး မြတ်စွာဘုရားသည် နောက်ပါ သံဃာ များနှင့်အတူ မာဂဓတိုင်း ရွာငယ်တစ်ခုသို့ ဆွမ်းခံကြွစဉ် တောမီးလောင်ခြင်းနှင့် ကြုံတွေ့စဉ် မြတ်စွာဘုရားရှင်၏ သစ္စာအာနုဘော်ကြောင့် တောမီးမှ ငြိမ်းစဲသွားရာမှ ရဟန်းတို့အား (ရှင်သာရိပုတ္တရာအား) ငုံးမင်းဇာတ်ကို ဟောတော်မူခဲ့၏။ **(ဒုကနိပါတ်၊ ဝဋ္ဋဇာတ်နှင့် စရိယာ ပိဋကမှ လာသည်)။**

ဤသုတ်တော်သမိုင်းကို သိသူတိုင်း အမြတ်တနိုး ရွတ်ကြပါ၏။

ဤသုတ်တော်သည် ရွတ်ရန် လွယ်ကူတိုတောင်းပါ ၏။ **၁၉၅၇–၅၈ ခုနှစ်ဆီက မိတ္ထီလာဈေးအနောက် ဘက်** မီးအကြီးအကျယ်လောင်စဉ် ကျွန်ုပ်၏ ဦးလေး ဆိပ်ပွဲစားပွဲရုံ မီးကွင်းခဲ့၏။ (ထိုစဉ်က ကျွန်ုပ် မိတ္ထီလာ အထက်တန်းကျောင်းသားဘဝ)။

ဦးလေးသည် ဘာသာတရား အလွန်ကိုင်းရှိုင်း ရှိသေ ပါသဖြင့် ပရိတ်တော်ကို အမြဲရွတ်စဉ် မီးကြီးလောင်စဉ် ဝဋ္ဋသုတ်တော်ကို ရွတ်ပွားနေခဲ့ပါ၏။

ငွေသိန်းများစွာ မဆုံးရှုံး ဘေးလွတ်ခဲ့ပါ၏။ မည်သို့ပင် ဖြစ်ပါစေ၊ ဗုဒ္ဓဘာသာဝင်ကောင်းတို့၏ နေအိမ်တွင် ပရိတ်စာအုပ်များ ဆောင်၍ (၁၁)သုတ်လုံး မရွတ်နိုင် သော်လည်းက **ပရိတ်တော်အညွှန်းအရ နေ့လိုက် ရွတ်သင့်ကြောင်း** အကြံပေး တင်ပြလိုက်ပါသည်။


**သုစိတာ ဟောထ ဒုက္ခာ မုစ္စထ**

**ကောင်းဟိန်း(ကျွန်းသစ်)**



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရ-ဇော်ရန်နိုင်
(ကလေး၀)

# အိပ်မက်ဝိညာဉ်တစ္ဆေ

လူတွေဟာ မသေဆုံးမီ အချိန်ကာလတစ်ခုမှ စွဲလမ်းမှုစေတသိက်ကြောင့် စွဲလမ်းစိတ်အစဉ်တစ်ခုမှာ ဥပါဒါန်ကပ်လို့ မကျွတ်မလွတ်နိုင်ဘဲ ထိုစွဲလမ်းမှု အရာဝတ္ထုအပေါ်မှာ မှီတည်ကာ နေရလေကြောင်းတွေကို မြတ်ဘုရား၏ ဒေသနာများမှာ မှတ်သား ပါရှိလေသည်။

ကွယ်လွန်ခြင်း၏ အခြားတစ်ဖက်မှာ ကျင်လည်သွားလာနေကြသည့် ပရလောကသား များစွာရှိကြောင်း ဝိညာဉ်လောကအကြောင်း အဖုံဖုံ ဖော်ပြပါရှိနေတာတွေကို စာဖတ်သူတို့ လေ့လာမှတ်မိကြလေမည်။

အဲဒီကျင်လည်ကြသည့် နာမ်လောက၏ ပရလောကသားများစွာနှင့် တွေ့ကြုံ ဆုံဖူးသူတွေ အသီးသီး အဖုံဖုံ ရှိပါသည်။

တချို့တွေက အသံဖြင့် ခြောက်လှန့်ခြင်း၊ အနံ့ဖြင့် ခြောက်လှန့်ခြင်း၊ အိပ်မက်ပေး၍ ခြောက်လှန့်ခြင်း အသီးသီး ရှိကြပါသည်။

လူတွေနှင့် တွေ့ကြုံမှုအပေါ် နာမ်လောကသားများက အမျိုးမျိုးသော နည်းဖြင့် ဆက်သွယ်ခြောက်လန့်ခြင်း ဖြစ်ပေသည်။

ယခု ကျွန်တော် ရေးသားဖော်ပြမည့် အကြောင်းအရာလေးသည်လည်း မထင်မှတ်ဘဲ ပေါ်လွင်စေခဲ့သည့် ဝိညာဉ်လောက၏ အိပ်မက်ပေး ခြောက်လှန့်ခံရသည့် ကိုနောင်နောင်၏ ကိုယ်တွေ့ကြုံမှုလေး အကြောင်းပဲ ဖြစ်ပါသည်။

ကိုနောင်နောင်ဆိုတာ ရန်ကုန်သား တစ်ယောက်ပေ့ါ။ စာရေးသူနဲ့ တွေ့ဆုံ ခင်မင်မိချိန်မှာ သူကိုယ်တိုင် တွေ့ကြုံခဲ့တဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်းလေးကို ဖောက်သည်ချလို့ ရေးမိလိုက်ပါတယ်။

ကိုနောင်နောင်ရဲ့ ဖခင်ကတော့ အရာရှိပိုင်း တာဝန်ထမ်းဆောင်ရတဲ့ ဝန်ထမ်းတစ်ယောက်မို့ ဖခင်တာဝန်ကျရာ မိသားစု ပြောင်းရွှေ့လာရင်း ကိုနောင်နောင်တစ်ယောက် နဖူးစာ





www.burmeseclassic.com

www.burmeseclassic.com

ရွာလည်ဆိုတာလို့ အညာသူ မစန္ဒာနဲ့ အကြောင်းပါခဲ့ပါတယ်။

နှစ်ဖက်မိဘတွေရဲ့ ခွင့်ပြုမှုနဲ့ အတူ မင်္ဂလာပွဲ ဆင်နွှဲပြီးချိန်မှာတော့ ဖခင်ကြီးက ဝန်ထမ်းတို့ အစဉ်အလာအတိုင်း အပြောင်းကျခဲ့လို့ မိသားစုနဲ့အတူ ကိုနောင်နောင်တို့ ဖနီးမောင်နံ့လဲ ပြောင်းရွှေ့ လိုက်ပါခဲ့တယ်။

ဖခင်ကြီးရဲ့ စီစဉ်ပေးမှုနဲ့ ကြင်စဦး ဖနီးမောင်နှံနှစ်ယောက် တစ်အိုးတစ်အိမ် ထူထောင်နိုင်ဖို့ ကုန်စုံဆိုင်လေး ဖွင့်လှစ်ရောင်းချနေရင်းနဲ့ ရန်ကုန်မြေမှာ (၂)နှစ်ဝန်းကျင်တော့ ရှိခဲ့ပြီ။

ဒီအချိန်မှာ ဖနီးသည်လည်း သားဦးလေးတစ်ယောက်နဲ့ မိခင်တစ်ဖြစ်လဲဆိုတော့ ဆွေပြမျိုးပြသွားဖို့ တောင်းဆိုလာတယ်။ ကိုနောင်နောင်လဲ သျှောင်နောက်ဆံထုံးပါတဲ့ ဖနီးအလိုကျ မိသားတစ်စု အထက်အညာခရီး ခြေဆန့်ခဲ့ကြပြီ။

ဖနီးသည်ကတော့ မွေးရပ်ဌာနီပြန်ရလို့လား၊ မောင်ဘွားမိဘတွေနဲ့ တွေ့ရမှာကြောင့် ရယ်လားတော့ မသိ၊ ရန်ကုန်က ထွက်လာကတည်းက ရွှင်ပျနေတာမို့ ကိုနောင်နောင်လဲ တာဝန်ကျေပွန်မိတော့ အပျော်ကလေးတွေ ကူးဆက်မိပါရဲ့။

ဒီလိုနဲ့ ဖနီးသည်ရဲ့ မိဘတွေ ဆွေမျိုးတွေစုံညီလို့ ပျော်ကြရယ်ကြနဲ့ ကွဲကွာနေသူတို့ရဲ့ ထုံးစံအတိုင်း ပျော်လို့မဆုံး တပြုံးပြုံးပဲပေါ့။ ဆွေတွေမျိုးတွေကလဲ ဆွေမျိုးတွေ ထုံးစံအတိုင်း သူ့ဆီတည်းရမယ်၊ ငါ့ဆီ



တည်းရမယ်နဲ့ ဆွေလုပွဲလေး ဖြစ်လာပါရော။

ဖနီးသည်ကလဲ အရွယ်ရောက်ချိန်မှစ မိဘတွေအိမ်မှာမနေ၊ အဘိုးအဘွားက ဈေးသည်ဆိုတော့ ကူရင်းညီရင်းနဲ့ အဘိုးအဘွား အိမ်မှာပဲ ကြီးပြင်းခဲ့သူပါ။ အမေအဖေအိမ်နဲ့ မဝေးဘူးဆိုပေမယ့် အနေများတဲ့ အဘိုးအဘွားအိမ်ကပဲ မဲသာသွားလို့ တည်းဖို့ဖြစ်လာတော့တယ်။

အဘိုးအဘွားက မြေးအနှစ် ချစ်ခဲ့လို့ သူတို့ ကွယ်လွန်သွားခဲ့ပေမယ့် ကျန်ခဲ့တဲ့ ဦးလေးဒေါ်လေးတွေကလဲ မပြတ်သံယောဇဉ်ရှိတာမို့ မိဘအိမ်ကို သွားဖို့ မငြင်းသာ ဖြစ်ရပြန်တာပေါ့။ အလည်လာတဲ့ မိသားစုအပေါ် လိုလေသေးမရှိ ဗိုင်းပြုစုကြတော့ ဧည့်သည်လို ပြုစုခဲ့ရတဲ့ ကိုနောင်နောင်တောင် အနေခက်မိပါရဲ့။

အဒေါ်အငယ်ရဲ့ ခင်ပွန်းကလဲ ကိုနောင်နောင်နဲ့ အရွယ်တူမို့ ဆွေရင်းမျိုးချာလို သဘောထားလိုအပ်တာမှန်သမျှ ဖြည့်ဆည်းနေတော့ ကိုနောင်နောင် အားနာစိတ်နဲ့ တားတောင် ယူရတယ်။

ဒီလိုနဲ့ ညရောက်လို့ အိပ်ဖို့နေရာ စီစဉ်ပေးတော့လဲ အဒေါ်ငယ်ရဲ့ ယောက်ျားက စေတနာနဲ့ အပေါ်ထပ်မှာ နှစ်ယောက်အိပ် ခုတင်ကြီးကို ကိုနောင်နောင်တို့အိပ်ဖို့ ဖြုတ်ထားရာကနေ ပြန်ဆင်နေတာ တွေ့ရလို့ ကိုနောင်နောင်က…

'ဦးရီ…ခုတင်တွေ ပြင်မနေပါနဲ့ဗျာ၊ ကျွန်တော်တို့ ဒီအတိုင်း ဖျာခင်းပြီး အိပ်မယ်၊ မိသားစုပဲ ဘာဖြစ်တာမှတ်လို့ ကြမ်းပြားကလဲ သန့်နေတာပဲ ခုတင်ချခင်းဖို့ မလိုပါဘူး'

လို့ ကိုနောင်နောင် ငြင်းပေမယ့် ဦးလေးရီက လက်မခံဘဲ ခုတင်ဆင်၊ ခြင်ထောင့်,ထောင် အိပ်ရာခင်းမှ အစ သန့်သန့်ပြန့်ပြန့် ပြင်ဆင်ပါတော့တယ်။

တစ်ဖက်လူရဲ့ စေတနာက ထက်သန်နေတော့ အတင်းအဓမ္မ တားဖို့လဲ မသင့်လျော်တာမို့ ကိုနောင်နောင်တို့ လက်ခံရင်းနဲ့ ညရောက်လို့ အိပ်စက်ကြတယ်ဆိုရင်ပဲ ကိုနောင်နောင်လဲ တစ်နေကုန် အမျိုးအဆွေတွေဆီ လည်ရင်းပတ်ရင်း စကားပြော အိမ်အလည်များတော့ စိတ်ပင်လူပန်း ဖြစ်ရတာမို့ ခေါင်းချတာနဲ့ အိပ်ပျော်သွားခဲ့တယ်။

ဒီလို အိပ်ပျော်နေတုန်း ကိုနောင်နောင်တို့ အိပ်နေတဲ့ ခုတင်ခြေရင်းမှာ ချီးချီးချွတ်ချွတ်နဲ့ အထုပ်တွေ ပြင်ဆင်နေတဲ့ လူတစ်ယောက်၊ ကုန်းကုန်းကွကွနဲ့ မြင်လိုက်ရတော့ ကိုနောင်နောင် အံ့ဩသွားတယ်။

ဒါနဲ့ ကိုနောင်နောင်လဲ ဘာလုပ်နေတာလဲ၊ သူများတွေ အိပ်နေတာ





www.burmeseclassic.com



မတွေ့ဘူးလားရယ်လို့ ဒေါသနဲ့ မေးမိတော့၊ စောစောက အထုပ်တွေ ပြင်နေတဲ့သူက ဖြုန်းခနဲ ထရပ်ပြီး ကိုနောင်နောင်တို့လင်မယား အိပ်နေတဲ့ဘက်လှည့်ပြီး စိမ်းစိမ်းကြီး ရပ်လို့ ကြည့်နေတယ်။

ဒါနဲ့ ကိုနောင်နောင်လဲ သူပြောလိုက်တာ မှားများသွားလေပြီလား မသိဆိုတာ တွေးမိလို့ ကြည့်လိုက်မိတော့ ကိုနောင်နောင် တစ်ခါမှ မမြင်ဘူးတဲ့ မိန်းမကြီးတစ်ယောက်၊ ခက်ထန်တဲ့မျက်နှာနဲ့ မလိုလားတဲ့ မျက်ဝန်းစုံမှာ အရောင်ဖြာမတတ် စိုက်ကြည့်နေလို့ ကိုနောင်နောင် လန့်ဖျပ်ပြီး အော်မယ်လုပ်တုန်း လန့်နိုးသွားလို့ အိပ်မက်ဆိုတာ သိလိုက်ရတယ်။

ဒါနဲ့ ကိုနောင်နောင်လဲ အိပ်မက်တွေ ကယောင်ချောက်ချား မက်တာပါလားဆိုပြီး စိတ်လျှော့ချပြီး ပြန်အိပ်လိုက်တာ မိုးစင်စင်ကို လင်းရော့။ ညအိပ်စဉ် မက်တဲ့ အိပ်မက်မို့အကြောင်း မထူးဘူးဆိုပြီး ကိုနောင်နောင် မေ့မေ့ပျောက်ပျောက် နေလိုက်တယ်။ ဇနီးသည်ကိုလဲ ပြန်မပြောဖြစ်ခဲ့။

ဒီလိုနဲ့ နောက်တစ်ည ဆက်အိပ်စဉ်မှာတော့ ကိုနောင်နောင် ညတစ်ရေးနိုးချိန် ရေဆာတာနဲ့ ရေဆင်းသောက်ဖို့ အောက်ထပ်ကို ဆင်း၊ ရေသောက်ပြီးလို့ အပေါ်ပြန်တက်မှာတော့ အိမ်ပေါ်တက်တဲ့ လှေကားထိပ်မှာ ရပ်နေတဲ့ မိန်းမကြီးကို တွေ့ရပြန်ပြီ။

မနေ့ညကအတိုင်း အဝတ်အစားနဲ့ ထိပ်ဝကို ပိတ်ရပ်ရင်း မျက်ထောင့်နီနဲ့ ကိုနောင်နောင်ကို စိုက်ကြည့်နေလေရဲ့။

ကိုနောင်နောင်လဲ…

'ခင်ဗျား လှေကားထိပ် ဘာလို့ ပိတ်ရပ်နေတာလဲ လမ်းဖယ်ပါဗျ'

ဆိုပြီး ဒေါသနဲ့ ပိတ်ရပ်နေတဲ့ မိန်းမကြီးကို တွန်းဖယ်လိုက်တယ်။

ကိုနောင်နောင် ထိတွေ့မိတာကတော့ မိန်းမကြီးရဲ့လက်က ပျော့အိအိ အေးစက်စက်ကြီးရှိတာမို့ လန့်ဖျပ်မိပြီး အခန်းရှိရာ အော်ပြီး ပြေးသွားချိန်မှာပဲ လန့်နိုးလာတော့ ကိုနောင်နောင် ချွေးစေးတွေ ပြန်လို့နေတယ်။

မနေ့ကနဲ့ ဒီနေ့မှာမက်တဲ့ အိပ်မက်က မိန်းမကြီးက တစ်ယောက်တည်း ဖြစ်နေတော့ အိပ်မက်က ဆန်းလို့နေပြီ။ အိပ်မက်ထဲက မိန်းမကြီးဟာ ဘယ်သူလဲ၊ ဘာကြောင့် ညစဉ်အိပ်မက်မှာ ငါ့ကို မလိုမုန်းထားတဲ့ အကြည့်တွေနဲ့ လိုက်နှောင့်ယှက်နေတာလဲ ဆိုတာ ကိုနောင်နောင် ဝေခွဲမရ။

အိပ်မက်ကို ပြောပြဖို့ဆိုတာလဲ သက်သေပြမရတဲ့ အိပ်မက်ဆိုတော့ သူတစ်ကာတွေ ယုံနိုင်စရာမရှိလို့ ကိုနောင်နောင် ဘယ်သူ့ကိုမှ ဖွင့်မပြောရဲ ဖြစ်ရတယ်။ ပြောလို့ မယုံကြည်ခဲ့ပြန်ရင် ဇနီးသည်ရဲ့ ဆွေမျိုးတွေ အပေါ် စော်ကားသလို အဖြစ်မျိုး ဖြစ်ရမှာမို့ ကိုနောင်နောင် အခက်တွေ့ခဲ့ရတယ်။

ဒါနဲ့ ကိုနောင်နောင်လဲ ငါသောက်မိလို့ သွေးလေချောက်ချားတာ ဖြစ်မှာပါ။ ဒီညတော့ ဦးလေးငယ် ဦးရီ အဖော်ခေါ်လဲ လိုက်မသောက်တော့ဘူးဆိုပြီး တတိယ ညရောက်ခါမှာတော့ ကိုနောင်နောင် အရက်မသောက်ဘဲ နေခဲ့တယ်။

ဒီလိုနဲ့ ညရောက်လို့ အိပ်ဖို့ ပြင်ဆင်ချိန်မှာ ကိုနောင်နောင် ဘုရားရှိခိုး၊ ဂုဏ်တော်ပွား၊ ပဋ္ဌာန်းရွတ်ဖတ်ပြီး အိပ်ရာဝင်ခဲ့တယ်။ ဒီလိုနဲ့ ကိုနောင်နောင် အိပ်လို့မပျော်တပျော် အသိအာရုံ မလွတ်တလွတ် အချိန်မှာပဲ ဒုန်းခနဲ ခြေဆောင့်သံကြောင့် ကိုနောင်နောင် လန့်ဖျပ်ပြီး ခေါင်းထောင်ကြည့်လိုက်မိတော့ အရင်ညတွေမှာ တွေ့ရတဲ့ မိန်းမကြီး အရင်ည အိပ်မက်စဉ်မှာ တွေ့ရသလို အနေအထားနဲ့ တွေ့ လိုက်ရတယ်။

ဒီတစ်ခါ တွေ့ရတာက ကိုနောင်နောင်တို့လင်မယား အိပ်စက်တဲ့ ခုတင်ခြေရင်းဘက် ခပ်လှမ်းလှမ်းမှာ ခါးထောက်လို့ ရပ်ကြည့်နေတယ်။ မျက်နှာသွင်ပြင်က အရင်အိပ်မက်မှာတွေ့ရတဲ့အတိုင်း မလိုလားတဲ့ မျက်နှာ၊ ဒေါသခက်ထန်နေတဲ့ မျက်လုံးစုံနဲ့ ကိုနောင်နောင်တို့ အိပ်စင်ဘက်ကို ကြည့်နေလေရဲ့။





www.burmeseclassic.com

www.burmeseclassic.com



ကိုနောင်နောင်လဲ ကြောက်စိတ်တွေဖြစ် ချွေးစီးတွေပြန်ပြီး ဘာလုပ်ရမှန်းမသိဘဲ ဘုရားတ၊ ဘုရားစာရွတ် စောင်ခေါင်းမြီးခြုံနေလိုက်တယ်။

တတ်သမျှ ဘုရားစာ အကုန်ရွတ်ပြီးပြီ၊ လူလဲ စောင်ခေါင်မြီးခြုံကြောင့် မွန်းကျပ်နေရင်းလန့်နိုးလို့ စောင်လှပ်ကြည့်လိုက်မိတော့ စောစောက တွေ့ရတဲ့ မိန်းမကြီးက မရှိလေတော့။

ဒီလိုနဲ့ ကိုနောင်နောင် တစ်ယောက် နိုးတစ်ဝက် ကြောက်စိတ်တစ်ဝက်နဲ့ မိုးလင်းခဲ့ရပါတော့တယ်။

မနက်မိုးလင်းခဲ့လို့ ကိုနောင်နောင်တစ်ယောက် ဝေခွဲမရတဲ့ ညစဉ်မက်တဲ့ အိပ်မက်တွေကြောင့် ဖနီးသည်ကို ခေါ်ပြီး ''မင်းတို့အဘွားပုံရှိရင်ပြစမ်းပါ၊ မြင်ဖူးချင်''လို့ ဆိုပြီး ဥပါယ်တံမျဉ်နဲ့ မေးတော့ ဖနီးသည်မစန္ဒာက…

'ဟိုမှာပဲ ဘုရားစင်ရဲ့ ဘယ်ဘက်ဘေးက ပုံတွေက အဘိုးပုံနဲ့ အဘွားတတ်ပုံပဲလို့'

ပြောလို့ ကိုနောင်နောင် သွားကြည့်လိုက်တော့ ကိုနောင်နောင် ကြောက်သွားမိတယ်။

ကိုနောင်နောင်ကို ညစဉ် အိပ်မက်မှ စတွေ့ရတဲ့ မိန်းမကြီးဟာ ဖနီးသည်မစန္ဒာရဲ့ အဘွားဖြစ်နေတော့ ထပ်ကြည့်ဖို့တောင် ကိုနောင်နောင် မဝံ့ရဲတော့။

ဒီလိုနဲ့ ကိုနောင်နောင်လဲ ဖနီးသည်ကို အခန်းထဲခေါ်ပြီး နှစ်ကိုယ်ကြားစကားနဲ့ ''ကိုယ် မင်းရဲ့အဘွားကို မမြင်ဖူးဘူးနော်၊ ဒါပေမယ့် ကိုယ် ပြောပြမယ်၊ မင်းအဘွားဆုံးတုန်းက ဝတ်ထားတာက လုံချည်က အစိမ်းပုပ်ရောင်မှာ အဝါပွင့်ရိုက်နဲ့ အင်္ကျီက အဖြူလက်ရှည်မှာ အပွင့်ရိုက်နဲ့ မဟုတ်လား''လို့ မေးလိုက်ပါတယ်။

အဲဒီမှာ ဖနီးသည် မစန္ဒာအံ့သြပြီး ကိုနောင်နောင် ဘယ်လိုသိလဲ အမေးရှိမှ ကိုနောင်နောင် ညစဉ် အိပ်မက်မှာ မစန္ဒာရဲ့ အဘွားကို တွေ့ရပုံ၊ မလိုလားတဲ့ အပြုအမူတွေကိုပြောပြတော့မှ မစန္ဒာက ''ဒါ အဘွားရှိတုန်းက အသုံးပြုခဲ့တဲ့ ခုတင်၊ သေတာတောင် ဒီခုတင်ပေါ်မှာ အသက်ကုန်ခဲ့တယ်'' ဆိုတာ သိရတော့တယ်။

ဒီတော့မှ ကိုနောင်နောင်က…

'ကိုယ်တို့ အသုံးပြုတာ မကြိုက်တာနေမှာ၊ ကိုယ်တို့လဲ မင်းအဒေါ်တွေ အိမ်မှာ ညအိပ်တာ သုံးရက်ရှိပြီ ဆိုတော့ အဖေနဲ့ အမေတို့ဆီ ပြောင်းအိပ်ဦးမယ်'

ဆိုပြီး ပြောရင်း…

'ပြောင်းကြရအောင်၊ ကိုနောင်တော့ ဒီအိမ်နဲ့ ဒီခုတင်မှာ ဆက်မအိပ်ချင်တော့ဘူး'

လို့ ပြောပြတော့ မစန္ဒာလဲ အကျိုးကြောင်းပြောပြလို့ အိမ်ရွှေ့အိပ်ကြတော့ ကိုနောင်နောင်လဲ အိပ်မက်နဲ့ ခြောက်လှန့်ခံရခြင်း မရှိတော့။

ကိုနောင်နောင် ညစဉ် အိပ်မက်နဲ့ ခြောက်လှန့်ခံရခြင်း အကြောင်းတွေကို မစန္ဒာမှ အမေ၊ အဒေါ်တွေကို ရှင်းပြခဲ့လို့ ခုတင်ကြီးကို နီးစပ်ရာ ဘုန်းကြီးကျောင်းကို လှူဒါန်းရေစက်ချ အမျှပေးဝေလုပ်လိုက်တဲ့ နောက်ပိုင်းမှာတော့ ဘာအကြောင်းရယ်မှ မကြားရတော့ပါ။

ဒါကြောင့် စိတ်၏ စွဲလမ်းစိတ်မှ ဖြစ်ပေါ်လာသော ဝိညာဉ်အကြောင်းလေးကို ရေးသား ဖော်ပြလိုက်ပါတယ်။

**သတ္တဝါအများ ချမ်းသာပါစေသော်…**

**ဂမ္ဘီရ–စောရန်နိုင်**
**(ကလေး၀)**



www.burmeseclassic.com

www.burmeseclassic.com

ပြည်တော်ပြန် ရန်အောင်မြင်

# နန်းဦးဒက္ခိဏာသာခါ ဘုရားကြီး

နှင့် ထူးခြားမှုများ

တင်ဝင်း (အဝေးသင်)

မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာတော်သမိုင်းတွင် ဒက္ခိဏာသာခါ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ကိုးကွယ်ခဲ့သည့် အစဉ်အလာသည် သာသနာဝင် သမိုင်းဦးကပင် စတင်ခဲ့သည်ဟု မှတ်သားရဖူး၏။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် သာသနာတော် ၂၃၇ ခုနှစ်တွင် ပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီး နန်းစံတော်မူ၏။

ထိုမင်းကြီးလက်ထက်၌ မဟာဗောဓိပင်၏ လက်ယာတောင်ကိုင်းကို ပင့်ဆောင်တော်မူရာဝယ် ထိနိုက်ကျိုးပြတ်၍ ကျသည့် အခက်၊ အလက်၊ အရွက်တို့ကို မြတ်စွာဘုရားရှင်ကိုယ်စား ဗုဒ္ဓရုပ်ပွားတော်များကို စိမ်ထုလုပ်ကာ ကိုးတိုင်း၊ ကိုးဌာနသို့ သာသနာပြုရန်အတွက် ပင့်ဆောင် ပူဇော်ကိုးကွယ်စေခဲ့၏။

ထိုအချိန်မှစ၍ ရဟန္တာအရှင်မြတ်များ၏ ကျေးဇူးတော်ကြောင့် ဒက္ခိဏာသာခါ ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော် ဆည်းကပ်လာရသည်ဟု သမိုင်းက ဆိုပါ၏။

သို့သော် ယခု ဖူးခွင့်ရသော နန်းဦးဒက္ခိဏာသာခါ ဘုရားကြီးလောက် ဉာဏ်တော်မြင့်မားသည့် ရုပ်ပွားတော်ကိုမူ တစ်ခါမှ မကြည်



● ပြည်တော်ပြန် ရန်အောင်မြင် နန်းဦးဒက္ခိဏာသာခါ ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

ညိုဖူးခဲ့ချေ။ ဒက္ခိဏာသာခါဆိုလျှင် ဉာဏ်တော်နိမ့်နိမ့်ကိုသာ ပူဇော်ဖြစ်ခဲ့သည်။

**နန်းဦးဒက္ခိဏာသာခါ ဘုရားကြီးမှာကား ဒူးတော်နှစ်ဖက်စွန်း တစ်ပြန်လျှင် (၂၆)လက်မ ရှိခြင်း၊ ထို ဒူးတော်နှစ်ဖက်စွန်း တစ်ပြန်ကို စမ္မတော အခင်းတော် တိုင်းသည့်နေရာမှ ထောက်ကြည့်သောအခါ မျက်နှာတော်နှင့်အညီ ထုလုပ်ထားခြင်း၊ အတန်ငယ်ငုံ့သော အနေအထားရှိခြင်း၊ မျက်လွှာချ၍ တွေးမြှော်ထားရှိခြင်းစသော ထူးခြားမှုများကို မူ တွေ့ရသောကြောင့် ရှေးအခါက မင်းညီမင်းသား၊ မင်းဆောက်ရာဝန်များက ဆည်းကပ် ကိုးကွယ်လာကြခြင်း ဖြစ်ပေလိမ့်မည်။**

ထို့ပြင် ရုပ်ပွားတော်မြတ်၌ မှို့(၉)ချက်ပါခြင်း။ စမ္မခဏ် အခင်းတော်၌လည်း မှို့(၉)ချက် ပါရှိခြင်းမှာ တစ်မျိုး တစ်ဘာသာ ထူးခြားနေပေသည်။

ယခုအခါ **ပြည်တော်ပြန် ရန်အောင်မြင် နန်းဦးဒက္ခိဏာသာခါ ဘုရားကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေ ရပ်ကွက်၊ ဦးစံဖေလမ်းရှိ ဆားကန်ကျောင်းတိုက်ကြီး** အတွင်းရှိ ဘုရားခန်းဆောင်တော်၏ ပလ္လင်ပေါ်၌ ကိန်းဝပ်စံပယ်လျက် ရှိပါသည်။

ဘုရားကြီးကို **ရွှေဘို ကိုရန်အောင်** ကလောင်ဖြင့် စာရေးသားလျက်ရှိသော ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလ၏ အကူအညီဖြင့် ဖူးတွေ့ရခြင်းဖြစ်၏။

> **ယခင်က ဆိုရင် ဘုရင်နှင့် မင်းညီမင်းသားများသာ ကိုးကွယ် ပူဇော်ခွင့် ရကြောင်း...**

**ဘုရားကြီး၏ ဉာဏ်တော်အတိုင်းအတာများမှာ ဒူးတော်နှစ်ဖက်တစ်ပြန် (၂၆)လက်မ၊ ပုံးတော် နှစ်ဖက် တစ်ပြန်(၁၅)လက်မ၊ တံတောင်နှစ်ဖက် တစ်ပြန်(၁၇) လက်မ၊ စမ္မခဏ်မပါ ဦးပေါင်းတော် အထိ(၃၂)လက်မ စမ္မခဏ်မှ ကျောင်တော်အထိ (၄၀) လက်မ၊ စမ္မခဏ်မှာ (၈)လက်မ ရှိပါသည်။ မှို့(၉)ချက်ကိုမူ ရုပ်ပွားတော်မြတ်၏ မျက်နှာတော်ပေါ်ရှုက်၊ လက်ယာ နားထင်၊ လက်ဝဲနားထင်၊ လက်ယာ ပုံးစွန်း၊ လက်ဝဲပုံးစွန်း၊ လက်ယာ လက်ကောက်ဝတ် အပေါ် ဘက်၊ လက်ဝဲလက်ကောက်ဝတ် အပေါ် ဘက်၊ လက်ယာဒူးနှင့်လက်ဝဲဒူးတော်များတွင် တွေ့ရှိရ၏။**

ထိုကဲ့သို့ ထူးခြားသော အစီအမံများဖြင့် ကြည်ညိုဖွယ်ရာကောင်းသော ပြည်တော်ပြန် ရန်အောင်မြင် နန်းဦးဒက္ခိဏာသာခါ ဘုရားကြီးကို သက္ကရာဇ် ၇၈၈ ခုနှစ်တွင် ရတနာပူရ(အင်းဝ) မိုးညှင်းမင်းတရားကြီး လက်ထက် သီရိလင်္ကာ(သီဟိုဠ်ကျွန်း)မှ အရှင်သီရိ သဒ္ဓမ္မာလင်္ကာရနှင့် အရှင်သီရိ သီဟဠမဟာသာမိ ဘွဲ့တော်ရှိကြသော မထေရ်မြတ်နှစ်ပါးတို့က ပင့်ဆောင်လာခဲ့ကြခြင်း ဖြစ်ပေသည်။

ထိုကဲ့သို့ ပင့်ဆောင်လာကြသော ဒက္ခိဏာသာခါ ရုပ်ပွားတော်မှာ အဆူရေ ပေါင်း(၃၀၀)ကျော်ရှိ၏။ ထိုရုပ်ပွားတော်များအနက်မှ အကြီးဆုံး ဒက္ခိဏာသာခါ ရုပ်ပွားတော်မြတ် တစ်ဆူကိုသာ မိုးညှင်းမင်းတရားကြီးကိုယ်တိုင် နန်းဦးဝယ် ကိန်းဝပ်စံပယ်စေလျက် ကိုးကွယ် ဆည်းကပ်လေသည်။

ကျန်ရှိသော ဗုဒ္ဓ ရုပ်ပွားဆင်းတုတော်များကိုကား နန်းတွင်းရှိ ကျန်ရှိသော မှူးကြီးမတ်ရာ သေနာပတိများနှင့် သူဌေးသူကြွယ်များက အသီးသီးပင့်ဆောင် ကိုးကွယ်ဆည်းကပ်ခဲ့ကြ၏။

ထိုကဲ့သို့ မိုးညှင်းမင်းတရားကြီး လက်ထက်မှစ၍ မင်းများ အစဉ်အဆက် ဒက္ခိဏာသာခါ ရုပ်ပွားတော်မြတ်ကို နန်းဦးတွင် စံပယ်စေလျက် ကိုးကွယ်ခဲ့ရာ ဆုတောင်းတိုင်း ပြည့်ဝသောကြောင့် မင်းကြီးနှင့် မင်းညီမင်းသားများတို့သာ ဆည်းကပ် ပူဇော်လာကြ၏။

ယင်းကဲ့သို့ **နန်းဦးဘုရားကြီးကို ရှေးမင်းအစဉ်အဆက် ကိုးကွယ်လာကြသည်မှာ မင်းတုန်းမင်းကြီးနှင့် သားတော်သီပေါမင်းတို့ လက်ထက်တိုင်အောင် ဖြစ်ပေသည်။**

ဤသို့ဖြင့် သီပေါမင်းနှင့်တကွ မိဖုရားတို့အား အိန္ဒိယနိုင်ငံ၊ ရတနာဂီရိသို့ ခေါ်ဆောင်သွားသောအခါ အင်္ဂလိပ်စစ်ဗိုလ် ကာနယ်စလေဒင်သည် မန္တလေး ရွှေနန်းတော်ဦးတွင်


www.burmeseclassic.com

www.burmeseclassic.com

ကိန်းဝပ် စံပယ်တော်မူနေသော နန်းဦး ဒက္ခိဏသာခါဘုရားကြီးကိုပါ အိန္ဒိယနိုင်ငံသို့ ယူဆောင်သွားပါတော့သည်။

အိန္ဒိယနိုင်ငံသို့ ရောက်ရှိ ကြွမြန်းသွားသော ဘုရားကြီးကို ရွှေအရည်ကျိုရန်အတွက် လက်တော်တစ်ဖက်ကို ဖျက်ဆီးလိုက်သောအခါ ရွှေများကို မတွေ့ရတော့ဘဲ ညောင်သားရုပ်ပွားတော်ဖြစ်နေမှန်းကို တွေ့ရှိရလေသည်။

ထို့ကြောင့် ကျန်ရှိနေသော ရုပ်ပွားတော်ကို ဆက်လက်၍ ဖျက်ဆီးခြင်း မပြုတော့ချေ။ ယင်းတည်းခိုရာ ဟိုတယ်၏ လှေကားအနီး၌ ဘုရားကြီးကို ထားပစ်ခဲ့ပါတော့သည်။

ထို့နောက် ကာနယ်စလေဒင် ထားရစ်ခဲ့သော နန်းဦးဘုရားကြီးမှာ ဟိုတယ်တွင် ဖြစ်သလို မလေးမစားထားကြသောကြောင့် ဟိုတယ်ပိုင်ရှင်မိသားစုများ စီးပွားပျက်ပြုန်း၍ လူများပါ အသက်ဆုံးရှုံးကြရလေသည်။

သို့အတွက် မြန်မာဘုရားရုပ်ပွားတော်က အန္တရာယ်အမျိုးမျိုး ပေးတယ်ဟု ပြောဆိုယူဆကာ ဘုရားကြီးကို ဟိုတယ်အပြင်ဘက် မြေပြင်ပေါ်၌ ထုတ်၍ လွှင့်ပစ်ထားလိုက်ကြပါ၏။

ထိုအခါ ဟိုတယ်ကွင်းပြင် တစ်ခုလုံး၌ မိုးသည်းထန်စွာ ရွာသွန်း၍ ရေများ ပြည့်လျှံနေသော တစ်နေ့တွင် မြန်မာနိုင်ငံသို့ ရောက်ခဲ့ဖူးသော အင်္ဂလိပ်လူမျိုးတစ်ဦးက ဘုရားကြီး



ကို ရေအိုင်အတွင်းဝယ် ဖူးမြင်လိုက်ရ၏။

ထိုအခါ မြန်မာလူမျိုးတို့ အမြတ်တနိုး ကိုးကွယ်ကြသော ရုပ်ပွားတော်မှန်းသိရှိသဖြင့် ဟိုတယ်ပိုင်ရှင်ထံမှ တောင်းယူကာ နန်းဦးဘုရားကြီးကို အိမ်ဦးခန်း၌ ရိုသေလေးစားစွာ ထားရှိခဲ့သည်။

**ထိုအခါ ယင်းအင်္ဂလိပ်ကြီးမှာ မကြာမီ ရာထူးတက်၍ အင်္ဂလန်သို့ ပြန်သွားသောကြောင့် ဘုရားကြီးအား သူ၏ သားသမီးများနှင့်အတူ အိန္ဒိယနိုင်ငံ၌ ထားရစ်ပြန်လေသည်။ ထိုအခါ အင်္ဂလန်ပြန်ရောက်သွားသော အင်္ဂလိပ်ကြီးကို ဘုရားကြီးက မြန်မာနိုင်ငံသို့ ပြန်ပို့ပေးရန်အတွက် သုံးကြိမ်တိုင်တိုင် အိပ်မက်ပေးပါတော့သည်။**

ထိုကဲ့သို့ နန်းဦးဘုရားကြီးက အိပ်မက်များကို မကြာခဏ ပေးနေသောကြောင့် အင်္ဂလိပ်ကြီးလည်း ကြောက်လန့်ကာ တန်ခိုးကြီးမားသော ဘုရားကြီးအား မြန်မာနိုင်ငံသို့ ပြန်ပို့ရန်အတွက် အကြောင်းကြားရတော့၏။

ထိုအခါ သားသမီးတို့ကလည်း မြန်မာနိုင်ငံသားများကို ရှာဖွေရာ အိန္ဒိယနိုင်ငံ၌ ပညာသင်ကြားနေကြသော ကျောင်းသားများဖြစ်သည့် ကိုအုန်းမောင်နှင့် ကိုဗမောင်တို့ ညီအစ်ကိုအား တွေ့ရှိရလေသည်။

ထိုကျောင်းသားများမှာ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဦးစံဖေလမ်းနေ တိုက်သူကြီးဦးမြတ်ဝင်း၏သားများ ဖြစ်ကြပြီး မြန်မာနိုင်ငံ ပြန်ရောက်သောအခါ ကိုအုန်းမောင်မှာ သွားဆရာဝန် ဗိုလ်မှူးအုန်းမောင် ဖြစ်လာ၍ ကိုဗမောင်မှာ ဒုတိယအတွင်းဝန် ဖြစ်လာကြသည်။ ယခုအခါ နှစ်ဦးလုံး ကွယ်လွန်သွားကြလေပြီ။

ဤသို့ဖြင့် နန်းဦးဘုရားကြီးကို ညီအစ်ကိုနှစ်ဦးအား မြန်မာနိုင်ငံ ပြန်ပို့ပေးရန် အပ်နှံလိုက်သောကြောင့် နှစ်ဦးသား မြန်မာနိုင်ငံမှ ရောက်လာကြမည့် ပုဂ္ဂိုလ်များကို စောင့်မျှော်နေစဉ် ဖခင်ဖြစ်သော ဦးမြတ်ဝင်းနှင့် သဃ်န်းကျွန်း လေးထောင့်ကန်လမ်းနေ ဒေါ်စက်မေတို့ ရောက်ရှိလာကြ၏။ ထို့ကြောင့် ဘုရားကြီးကို ယင်းတို့နှစ်ဦးက မြန်မာနိုင်ငံသို့ ပင့်ဆောင်သွားကြပေသည်။

မြန်မာနိုင်ငံသို့ ပြန်ကြွလာသော ပြည်တော်ပြန်ဘုရားကြီးကို ဆားကန်ကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တကေသရနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ပြန်လည် ပြုပြင်မွမ်းမံကြပြီး ဆားကန်



www.burmeseclassic.com

www.burmeseclassic.com

ဟသ်ာတမြို့ မိုးကောင်း ပရိယတ္တိ စာသင်တိုက်ကြီး၏ ပဓာန နာယက တိပိဋကဗြဲဝါဒါစရိယ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဝိနယပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ ဆရာတော်

# ဘဒ္ဒန္တ သုဓမ္မာစာရ

၏ ဓမ္မလင်္ကာဩဝါဒ တရားတော်

မင်းချစ်ကျော် (ဇရာမြေ)



**ပါရမီမဂ္ဂဇင်း၊ အမှတ်(၂၂၇)၊ စာမျက်နှာ(၇၂)၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ**တွင် စာရေးသူ၏ဆောင်းပါး ဟသ်ာတမိုးကောင်းဆရာတော်ကြီး ဘဒ္ဒန္တသုဓမ္မာစာရ ၏ အနှစ်သုံးပါးတရားတော်ကို ဖော်ပြခဲ့ပါသည်။

ယခုတစ်ဖန် ဆရာတော်ကြီး၏ ဩဝါဒဓမ္မလင်္ကာ များကိုလည်း အနှစ်ပါးသုံးပါး တရားတော်၏ နောက် ဆက်တွဲအဖြစ် ဖော်ပြရန် တာဝန်ရှိသည်ဟု ယူဆမိပါ သည်။

ဆရာတော်ကြီးသည် မိုးကောင်းပရိယတ္တိစာသင် တိုက်ကြီးတွင် ပဌမ မိုးကောင်းဆရာတော်ကြီးအဖြစ် စတုတ္ထမိုးကောင်းဆရာတော်ကြီး ဘဒ္ဒန္တဂန္ဓာသာရ မထေရ်၏ တိုက်တွန်းတော်မူချက်အရ တိုက်အုပ်စာချ တာဝန်နှင့် သံဃာတော် (၅၀)ကျော် (၆၀)ကို စာချ စာသင်ရင်းဖြင့် ကျောင်းတိုက်ကို အုပ်ချုပ်စေခြင်းအမှုကို ၂၀၁၁ ခုနှစ်တွင် ပြုလုပ်ရပါသည်။

ဆရာတော် ဘဒ္ဒန္တသုဓမ္မာစာရ၏ အောင်မြင်ခဲ့သော စာမေးပွဲများမှာ...

၁။ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ *[၁၃၁၇-ခုနှစ်]*
၂။ သာသနဓဇ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ *[၁၃၂၂-ခုနှစ်]*
၃။ သာသန ဇောတိပါလ ဓမ္မာစရိယ(သထုံ) *[၁၃၂၈-ခုနှစ်]*
၄။ ပရိယတ္တိသာသနဟိတဂဏဝါစကာစရိယ(သထုံ) *[၁၃၃၁-ခုနှစ်]*
၅။ ပိဋကတ္တယပါရဂူ(သထုံ)*[၁၃၃၃-ခုနှစ်]*

ဘဒ္ဒန္တသုဓမ္မာစာရ၏ ဂုဏ်ထူးဆောင်ဘွဲ့များ

**၁။ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ *[၁၃၅၃-ခုနှစ်]***
**၂။ အဂ္ဂမဟာပဏ္ဍိတ *[၁၃၆၀-ခုနှစ်]***
**၃။ ပဋ္ဌာနိကာယပါရဂူ(သထုံ) *[၁၃၆၀-ပြည့်နှစ်]***

သာသနာရေး ဆောင်ရွက်ချက်များ

ဆရာတော်သည် သူ ဝါသနာပါသော စာပေပို့ချမှုကို မပျက်စေဘဲ တစ်ဖက်မှ သာသနာရေးကိစ္စများကိုလည်း ဆောင်ရွက်တော်မူသည်။

၁။ **သံဃနာယကအဖွဲ့များမပေါ်မီကပင် ဟသ်ာတ မြို့ သံဃာ့အဖွဲ့ကြီးမှ ဖွဲ့ပေးသော ဝိနည်းဓိုရ်အဖွဲ့ ၌** ဝိနည်းဓိုရ်အဖြစ်ဖြင့် မြို့နယ်၌ဖြစ်ပေါ်လာသော အဓိကရုဏ်းများကို ဆုံးဖြတ်ပေး၏။
၂။ **အနယ်နယ် အရပ်ရပ်မှ မေးလာသော သာသနာ တော်ဆိုင်ရာ မေးခွန်းများကို** ဆုံးဖြတ်ပေးခဲ့၏။
၃။ **သံဃာ့နာယကအဖွဲ့များ ပေါ်လာသောအခါ**

၆၄ ပါရမီမဂ္ဂဇင်း

www.burmeseclassic.com

**ပထမအကြိမ်, ဒုတိယအကြိမ်, တတိယအကြိမ် တို့၌** ရပ်ကျေး သံဃနာယကဥက္ကဋ္ဌ၊ ရေဝတီတိုင်း သံဃာ့ဝန်ဆောင်၊ မြို့နယ်ဝိနည်းဓိုရ်၊ တိုင်းဝိနည်းဓိုရ်။

၄။ **စတုတ္ထအကြိမ်၌** နိုင်ငံတော် သံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်။

၅။ **ပဥ္စမအကြိမ်၌ ဟသ္သာတမြို့နယ်** သံဃာ့နာယက အဖွဲ့ ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်တော်မူသည်။

၆။ **အထူးသဖြင့် တိုင်းနှင့်ပြည်နယ်** ပထမပြန်စာမေး ပွဲ၌ ဧရာဝတီတိုင်းဒေသကြီး ပုစ္ဆကဥက္ကဋ္ဌအဖြစ် အစဦးဆုံးနှစ်၌ ထမ်းဆောင်တော်မူခဲ့သည်။

၇။ **မြို့နယ် သံဃနာယကဥက္ကဋ္ဌတာဝန်ကို** မယူမီက လည်း ပထမပြန်ကြီးကြပ်ရေးဥက္ကဋ္ဌ နိကာယ်ကြီးကြပ် ရေးဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်ခဲ့သည်။

စာပေရေးသားခြင်း

ဆရာတော်သည် မူလတန်းမှစ၍ ဓမ္မာစရိယတန်းထိ စာဝါများကို နည်းရလောက်အောင် ပို့ချတော်မူ၏။

ဆရာတော် ပို့ချချက်များကို မပျောက်မပျက်အောင် ထိန်းသိမ်းသည့်အနေဖြင့် ကျောင်းတိုက် ဂဏဝါစက နာယကအဖွဲ့မှ တည်းဖြတ်ပြီး ပုံနှိပ်လိုက်သောအခါ အောက်ပါကျမ်းစာများ ဖြစ်ပေါ်လာ၏။

၁။ အမြန်သင် ကစ္စည်းသဒ္ဒါ၊
၂။ အမြန်သင် သင်္ဂဟ၊
၃။ အမြန်သင် ယမက၊
၄။ အမြန်သင် မာတိကာ ဓာတုကထာ၊
၅။ ပါစ္စဝိစကနှင့် သံဝဏ္ဏနာ ပို့ချချက်များ

စသည်တို့ ဖြစ်၏။ အထူးအားဖြင့် မေးလာသောပုစ္ဆာ ကို ဖြေသဖြင့် ဖြစ်ပေါ်လာသော သိမ်အဆုံးအဖြတ်၊ ကံဆောင်အဆုံးအဖြတ် စသည်များလည်း စာအုပ်ငယ် ကလေးများအဖြစ် ထွက်နေပြီးဖြစ်၏။

ကျောင်းတိုက်အုပ်ချုပ်ရေးကိုလည်း ဆရာတော်သည် ယခုအခါ ၂၀၁၁ ခုနှစ်တွင် **သက်တော်(၇၀)ကျော်ပြီ** ဖြစ်သည့်အတွက် သာသနာရေးကိစ္စများကို ဆောင်ရွက် နေရခြင်းတို့ကြောင့် ကျောင်းတိုက်ကြီးကို (ဂဏဝါစက) နာယကအဖွဲ့ဖြင့် အုပ်ချုပ်စေတော်မူ၏။

ရဟန်းပုဂ္ဂိုလ်နှင့် လူပုဂ္ဂိုလ်တို့အတွက် ဩဝါဒလက်ာ များကို အောက်ပါ မှတ်သားဖွယ်ရာများအဖြစ် ဟောကြားဆုံးမတော်မူပါသည်။

တပည့်ကျောင်းထိုင်ဘုန်းကြီးများကို အားပေးသော ဩဝါဒမှာ…

၁။ လမ်းမှန်မှန်လျှောက်၊ လမ်းမပျောက်၊ လမ်းကောက်မလိုက်နဲ့၊
လမ်းမှန်မှန်သွား၊ လမ်းမများ၊ လမ်းမှားမလိုက်နဲ့၊
ဘုရားရှင်တာဝန်ပေးသော ပရိယတ်နှင့် ပဋိပတ် လမ်းနှစ်သွယ် ကို လမ်းမှန်ဟုခေါ်၏။

ဤမှတစ်ပါး အခြားလောကီ လူမှုရေးကိစ္စများကို လမ်းမှားခေါ်၏။ ရဟန်းတော်များအဖို့ လမ်းမှန်ကို သွားနေသမျှ ကိုယ်သွားရမည့် လမ်းမပျောက်ဘဲ လောကီလူမှုရေး လမ်းကောက်ဘက်ကို မလိုက်မပါ ဘဲဖြစ်မည်။

အကယ်၍ လမ်းစပျောက်နေလျှင်ကား လမ်းကောက် နောက် ပါသွားမည်ဖြစ်၏။ ထို့ကြောင့် လမ်းဖြောင့်ကို လိုက်ပါ။ လမ်းကောက်ကို မလိုက်ပါနှင့်ဟူလို။

၁။ သာသနာတော်မှာနေရင် သာသနာတော်ရဲ့ တာဝန် ကို ထမ်းသည့် သာသနာ့ဝန်ထမ်း ဖြစ်ပါစေ။

၂။ မိမိတာဝန်ကို သာသနာတော်က ထမ်းရသည့် သာသနာ့ဝန်ထုပ်ဝန်ပိုးကြီး မဖြစ်ပါစေနဲ့။

၃။ မိမိတာဝန်ကို သာသနာတော်က ထမ်းရရင် သစ်ပင် မှာကပ်သည့် ကျီးပေါင်းနှင့်တူတယ်။

၄။ သစ်ပင်တစ်ပင်မှာ ကျီးပေါင်းတွေ များများတက်လာ ပြီဆိုရင် အဲဒီသစ်ပင်ဟာ မကြာဘူး သေတော့တာပဲ။

၅။ တို့များရဲ့ သာသနာမှာ ကျီးပေါင်းနဲ့တူတဲ့ ပုဂ္ဂိုလ် တွေ များများရောယှက်လာပြီဆိုရင် မကြာဘူး သာသနာတော်ကြီးဟာ မှေးမှိန်သွားတော့တာပါပဲ။ နောက်တော့ သာသနာဟာ ကွယ်ပျောက်တဲ့အထိ ဖြစ်သွားတော့တာပါပဲ။

သူလိုစာသင်သား သာသနာမှာ အလကား

၁။ ခင်မင်မှုလွန်ကဲ၊ ဝတ္တုရွဲ၊ ပျော်ပွဲသူပါ၏။
၂။ ကစား၊ စကား၊ အအိပ်များ၊ အစားသူမက်၏။
၃။ စာတတ်,ပြန်,အံ၊ ချိန်မမှန်၊ စာကြဲသူပျင်းရိ။
၄။ ရှေ့မှာတစ်မျိုး၊ ကွယ်တစ်မျိုး၊ မရိုးသူသတ္တိ ။
၅။ သူများစာဝင်၊ သူလည်းဝင်၊ နှစ်စဉ်သူကျ၏။



www.burmeseclassic.com

www.burmeseclassic.com

၆။ အနှစ်မဲ့ငြား၊ အသားလက်ပံ၊ ပမာဟန်၊ သဏ္ဍာန်တူနေဘိ။
၇။ စာပေညွန့်တုံး၊ သူ့အရှုံး၊ နောက်ဆုံး လူထွက်၏။
၈။ သူသေဖုတ်ကြွင်း၊ ထင်းတုံးပမာ၊ သာသနာမှာ၊ ဘာမှအကျိုးမရှိ။

## သူလိုစာသင်သား သာသနာမှာ အကျိုးများ

၁။ မိဘဆရာ၊ ဂုဏ်မျက်နှာ၊ ခါခါသူထောက်ထား။
၂။ သွန်သင်ဆုံးမ၊ ဩဝါဒ၊ နိစ္စသူလိုလား။
၃။ တစ်ကြိမ်ဆုံးမ၊ ဩဝါဒ၊ တစ်ဘဝစွဲမှတ်ထား။
၄။ တိုက်တာဥပဒေ၊ သူရှိသေရာ၊ ကျင့်သိက္ခာ၊ သူ့မှာအကောင်းစား။
၅။ စာတက်,ပြန်,အံ၊ အချိန်မှန်၊ စာကြံသူကြိုးစား။
၆။ ဝီရိယတွင်၊ ဉာဏ်နှင့်ယှဉ်၊ လိုချင်စိတ်ကများ။
၇။ တစ်နှစ်တစ်တန်း၊ သူတက်လှမ်း အောင်ပန်းဂုဏ်ဝင့်ကြွား။
၈။ နှစ်ပြည့်ငြား၊ သစ်သားပမာ၊ သာသနာနှင့် လွန်စွာတင့်၊ ဆင့်ဆင့်အကျိုးများ။

## ဘဒ္ဒန္တသုမေမ္ဓာစာရ၏ ဩဝါဒကထာ

၁။ ဗေဒင်လက္ခဏာ၊ ဆေးဆရာ၊ ရိပ်သာတရားဟော။
၂။ လာဘ်တွေပေါ်များ၊ တန်ခိုးထွား၊ ထင်ရှား လွန်ကျော်စော။
၃။ ဝိဇ္ဇာဘိုးတော်၊ တန်ခိုးဖော်၊ နိုးဆော်လွန်အံ့ဩ။
၄။ ဥစ္စာ,မယား၊ ပါသွားမှသာ စိတ်က,နာ၊ မဟာအမှားပြော။
၅။ မွဲဆေးတစ်ဖန်၊ ချဲပေးပြန်၊ ပိုင်းရုံလူတွေပေါ။
၆။ တွက်နည်းတစ်ထောင် တက်တက်ပြောင်၏။
မပြောင်တတ်သေး၊ အိပ်မက်ပေးကာ၊ နေရေးအိမ်ပင်၊
ပျောက်ကွယ်လျှင်၊ မွဲဆေးထွင်တဲ့ အကျိုးတည်း။

## လူပါး

မဟုတ်မခံ၊ ခွန်းတုံ့ပြန်က၊
မှန်လျှင်လည်းရှုံး၊ အများမုန်း၏။
အသုံးမကျ၊ ထင်တုံကလည်း၊
ထင်ကြပါစေ၊ သည်းခံနေက၊
ကင်းလေအပြစ်၊ အများချစ်သည်၊



ဤခေတ်လူတွင်၊ လူပါးတည်း။

## အလှပဟူသည်

နေထိုင်သွားလာ၊ ဆက်ဆံရာဝယ်
လိမ္မာယဉ်ကျေး၊ စိတ်ကောင်းမွေးလျက်
ချိုအေးသံသာ၊ နှုတ်ဝါစာဖြင့်၊
ကြင်နာသနား၊ မေတ္တာထား၍
ထောင်လွှားမာန၊ ကင်းစင်ပမှု၊
အလှပဟူ၏။

## သာသနာသုံးရပ်

၁။ ပရိယတ်မှ ကင်းကွာသော ပဋိပတ်သည် ပြည့်စုံခြင်း၊ မှန်ကန်ခြင်း မဖြစ်နိုင်။
၂။ ပဋိပတ်မှ ကင်းကွာသော ပရိယတ်သည်လည်း သာသနာတော်၌ အကျိုးမရှိ။
၃။ ပရိယတ်,ပဋိပတ်တို့မှ ကင်းကွာ၍ကား ပဋိဝေဓကို လုံးဝမရနိုင်။

(ဘုရားသားတော်၊ ရဟန်းတော်များ၊ လမ်းမှားမလိုက်၊ လမ်းမှန်လိုက်က၊ ဗုဒ္ဓမြတ်စွာသာသနာ၊ ဘယ်ခါသော်မှ မကွယ်တည်း။)





www.burmeseclassic.com

www.burmeseclassic.com

### ကြီးပွားခြင်းတွက် စက်(၄)စက်

၁။ **ပတိရူပဒေသဝါသစက်**...ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေရမည်။

၂။ **သပ္ပုရိသူပနိဿယစက်**... သူတော်ကောင်းကိုလည်း ပေါင်းဖော်ရမည်။

၃။ **အတ္တသမ္မာပဏိဓိစက်**... ကိုယ့်ကိုယ်ကို အပြစ်ကင်းအောင်နေရမည်။

၄။ **ပုဗ္ဗေစကတပုညတာစက်**... ရှေးဘုန်းရှေးကံလည်း ပါရမည်။

ကံပင်ကောင်းလျက်၊ အပျင်းဖက်၊ တစ်သက်မချမ်းသာ။

ဉာဏ်ပင်ကောင်းလျက်၊ အပျင်းဖက်၊ အထက်မလှမ်းသာ။

ကိုယ်ညံ့တာ,ကိုယ်ဖျင်းတာကို ကိုယ်သိပါ။

ကိုယ်ညံ့တာ,ကိုယ်ဖျင်းတာကို သိက လူတော်ဖြစ်နိုင်၏။

ကောင်းသူကိုပေါင်း၊ မကောင်းသူကိုရှောင်၊
အကြံအောင်ဖို့အားခဲ၊ အမြဲတမ်းစိတ်ကိုဆုံးမ၊
ပါပဆိုတဲ့ ဝိတက်ကိုကြည့်၊ အလျင်စလိုအမှုကိုမပြုထိုက်၊
မမိုက်မှ အသက်ရှည်၊ ရှာဖွေမှ ပညာရ၊
ထင်ကြတာကံ၊ ကံဆိုတာအလုပ်၊
အလုပ်ကောင်းမှ ကံကောင်းပြန်၊ မှန်တာဆိုမှ ကျော်စော၏။

### ရုပ်ချောတိုင်း မပေါင်းသင့်

အဆင်းမျှသာ၊ အပေါ်ဝါလျက်၊
နှုတ်လျှာပေါ့ဆန်း၊ လူ့ပေါက်ပန်းနှင့်၊
လူ့သဖန်းမျိုး၊ အတွင်းဆိုးကို၊
မြတ်နိုးမိငြား၊ ကျိုးမများဘူး။

### ကိုယ်သာနာပါစေ၊ စိတ်မနာပါစေနှင့်

၁။ ငါးဝခန္ဓာ၊ မီးပုံသာ၊ ပမာအတူတည်း။
၂။ ဒိဋ္ဌိ,တဏှာ၊ ဤနှစ်ဖြာ၊ မီးစာဟူသတည်း။
၃။ ရာဂ,ဒေါသ,မောဟ,ဇာတိ စသည်ရှိရာ ဆယ့်တစ်ဖြာ၊ ပမာမီးတောက်တည်း။

မီးစာတွေများ၊ မီးပွားမည်သာ၊
မီးစာကိုလျှော့၊ မီးလျှော့မှန်စွာ၊
မီးဟူသမျှ၊ ပူရသေချာ၊
မီးစာသိမ်း၊ မီးငြိမ်းဝမ္မတာ။
အိုနာသေရေး၊ ရုပ်ထွေးဒုက္ခာ၊
ခန္ဓာဟူက၊ နာရမည်သာ၊
မီးစာသိမ်း၍၊ မီးငြိမ်းသူမှာ၊
စိတ်မနာ၊ ဒိဋ္ဌသူမနာ။
စိတ်လိမ္မာမှ၊ ရုပ်သက်သာမည်၊
စိတ်မလိမ္မာ၊ ရုပ်နာလိမ့်မည်၊
အယုတ်အမြတ်၊ စိတ်ဓာတ်ဆောင်သည်၊
စိတ်မကောင်း၊ ရုပ်ပေါင်းချွေးဖြစ်မည်။

### ဣန္ဒြေညီမှ အကျိုးရတရားတော်

ဗလဝသဒ္ဓေါ မန္ဒပညော၊ မုဓာပသန္နော ဟောတိ အဝတ္ထုသ္မိံ ပသီဒတိ။ ဗလဝပညော မန္ဒသဒ္ဓေါကေရာ ဋိကပက္ခံဘဇတိ၊ ဘေသဇ္ဇသမုဋ္ဌိ တောဝိယရောဂေါ အတေကိစ္ဆော၊ ဟောတိ။ အစ္စာရဒ္ဓဝီရိယံ ဥဒ္ဓစ္စာယ သံဝတ္တတိ၊ အတိလီနဝီရိယံ ကောသဇ္ဇာယ သံဝတ္တတိ။

၁။ **သဒ္ဓါကများ၊ ဉာဏ်ကပါး၊ အမှားကြည်ညိုတတ်။**
မကြည်ညိုအပ်၊ ကြည်ညိုတတ်ပြီး၊ အချည်းနှီးသာ၊
ကြည်ညိုရာ၊ သူ့သဘာဝမှတ်။

၂။ **ပညာကများ၊ သဒ္ဓါပါး၊ အမှားကောက်ကျစ်တယ်။**
ဆေးမှာရောဂါ၊ မ,ကုသာ၊ ပမာပုံဖြင့်ဟတ်၊
သဒ္ဓါပညာ၊ ညီမှသာ၊ မှန်စွာကျိုးရအပ်။

၃။ သဒ္ဓါကို ပညာစောင့်မှ၊ ပညာကို သဒ္ဓါစောင့်မှ၊ လမ်းဖြောင့်မည်။

၄။ သဒ္ဓါကို ပညာမစောင့်လျှင်၊ တဏှာက သဒ္ဓါယောင်ဆောင်တတ်သည်။

၅။ ဝီရိယများ၍၊ သမာဓိပါးလျှင်၊ ပျံ့လွင့်တတ်သည်။

သမာဓိများ၍ ဝီရိယပါးလျှင် ပျင်းတတ်သည်။ ဝီရိယနှင့် သမာဓိညီမျှမှ ကောင်းကျိုးရသည်။ **သတိကား ပိုသည်မရှိ၊ လိုသည်သာရှိသည်။**

### အကာနှင့်အနှစ်

အကာများလျှင် အနှစ်ပါး၏၊ အကာများပါးက အနှစ်



www.burmeseclassic.com

www.burmeseclassic.com

များ၏။ လောကီဂုဏ်ပကာသနသည် အကာဖြစ်၍ သီလ,သမာဓိ,ပညာ အစုံပါသည့် လောကုတ္တရာအလုပ်သည် အနှစ်ဖြစ်၏။

အကာနှင့်အနှစ်သည် မကင်းတတ်သော်လည်း အကာဖုံးလွှမ်းက အနှစ်တုံးသွားတတ်သည်။

ခရီးသွားများလျှင် ခလုတ်တိုက်မိတတ်သည်။ ခလုတ်တိုက်မှာကြောက်၍ ခရီးမသွားလျှင် လိုရာမရောက်ရုံသာ ရှိရမည်။

ထို့ကြောင့် ခရီးလည်းသွား ခလုတ်မတိုက်မိအောင်လည်း သတိထား။ အထက်အောက် ဘယ်သူနှင့်မျှ မတိုက်မိစေနှင့်။

အထူးသဖြင့် အထက်လူနှင့် မတိုက်မိအောင် သတိထား။

၁။ ခရီးသွားလာ၊ များတုံပါ၊ ရံခါ ခလုတ်တိုက်မိတတ်။
၂။ ခလုတ်ကြောက်ရာ၊ မသွားပါ၊ လိုရာမရောက်မှတ်။
၃။ သတိကိုဆောင်၊ ခလုတ်ရှောင်ကာ၊ သွားမှသာ၊ လိုရာရောက်မည်မှတ်။
၄။ သတိနှင့်ဉာဏ်၊ အရှင်းခံကာ၊ သွားမှသာ၊ ဖြောင့်စွာ ရောက်မည်မှတ်။
၅။ အထက်အောက်မှာ၊ လူများစွာ၊ မေတ္တာဖြင့်သာ၊ ဆက်ဆံအပ်။
၆။ မေတ္တာဖြင့်သာ၊ ဆောင်ရွက်ရာ၊ ဘယ်ခါမဖြောင့် မရှိမှတ်။
၇။ မေတ္တာတရား ပေါင်းကူးထား အများလွှမ်းကျေနပ်။

---

ဂါရဝနှင့် မာနတရားတော်

---

၁။ ကြီးသူတို့အား ပြုငြားရိုသေ၊ အပစာယနခေါ်ကြသလေ။

အာယု,ဝဏ္ဏ,သုခ,ဗလေ၊ အကျိုးများတိုးပွားရရှိပေ။

၂။ ပူဇာနေယျပူဇမင်္ဂလာ၊ ပြုကြသူများ အကျိုးနှစ်ဖြာ၊

ရန်သူကင်းပ စိတ္တသုခါ၊ ကြုံသမျှ ဆုံရမင်္ဂလာ။

၃။ ဂါရဝနှင့် မာနတစ်ဖြာ၊ ဆန့်ကျင်တရား မှတ်သားလေပါ။

ဂါရဝက မာနပယ်ခွာ၊ မာနကြီး ပယ်ပြီးဂါရဝါ။

၄။ ဂါရဝတရား မှတ်သားလေပါ၊ မြင့်မြတ်ဖွံ့ဖြိုးအကျိုးဝေဆာ။

မာနတရား မှတ်သားတစ်ဖြာ၊ ကျွမ်းပြန်ကျ တွန်းချဝမ္ဗတာ။



၅။ ဂါရဝတရား ရှိငြားသူမှာ၊ နိဝါတကား မှတ်သားပိုလာ၊

မာန်ကိုနှိမ်ချိုး အမျိုးဂုဏ်ဝါ၊ နိဝါတ သိကြမင်္ဂလာ။

၆။ ကောင်းမှုကိုတိုး ကောင်းကျိုးဝေဖြာ၊ လိုအပ်ပါက ပြုကြဂါရဝါ။

ကျေးဇူးကြီးထ မိဘနှစ်ဖြာ၊ ကြီးနှင့်မြတ် ပြုအပ်ဂါရဝါ။

**(ဟသ်ာတမြို့ မိုးကောင်းပရိယတ္တိ စာသင်တိုက်ကြီး၏ ပဓာန နာယက၊ တိပိဋက ဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဝိနယပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ၊ ဆရာတော် ဘဒ္ဒန္တ သုဓမ္မာစာရ၏)** တရားအစုများထဲမှ တပည့်ရဟန်းများက ကောက်နုတ်ဖော်ပြပြီး ဆရာတော်၏ မွေးနေ့ပွဲတော်တွင် စာအုပ်ထုတ်ဝေ ပူဇော်လှူဒါန်းခဲ့သော ဓမ္မဒါနစာအုပ်၏ ဓမ္မလက်ာဩဝါဒ အတိုင်းကို ပြန်လည်ခြယ်သ၍ ဆရာတော်ကြီး အသက်ရာကျော် ရှည်စေရန်အတွက် ဟသ်ာတ မြို့သူမြို့သားများကလည်း စာရေးသူနှင့် ထပ်တူထပ်မျှ ဆုတောင်းပဏ္ဍာ ခြွေလိုက်ရပါတော့သတည်း။

မင်းချစ်ကျော်(ရောမြေ)





www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရှင်ဉာဏဝရ
(ပါရမီ)

# သက်တော်ထင်ရှား မြတ်ဘုရားဆီ မှန်းမျှော်ရည်

[ ၁ ]

'ဆရာမ . . . ကျွန်မ ဗုဒ္ဓဂယာသွားချင်လွန်းလို့ အနှစ်နှစ်အလလက တောင့်တခဲ့ရတာ၊ အခုတော့ သားသမီးတွေက ဝိုင်းထောက်ပံ့ကြတာနဲ့ ဗုဒ္ဓဂယာသွားဖို့ သေချာသွားပြီ။ ဒါပေမယ့် အိမ်နီးချင်းတစ်ယောက် ဗုဒ္ဓဂယာက ပြန်လာပြီး ပြောပြတာနဲ့ စိတ်ဓာတ်တွေကျသွားတယ်'

'ဘာဖြစ်လို့လဲ အစ်မကြီးရဲ့'

'သူပြောတာက ဗုဒ္ဓဂယာကို နောက်တစ်ခေါက်ထပ်မသွားချင်တော့ဘူး။ ဘုရားလဲ တစ်ဆူမှ မရှိဘူး။ အုတ်ပုံတွေချည်းပဲ။ လမ်းမှာလဲ ဘာမှ ဝယ်စားစရာမရှိ၊ အိမ်သာသုံးဖို့ ရေတောင်မရှိဘူး။ တော်တော် စိတ်ညစ်ခဲ့ရတယ်။ ကိုယ်ထင်ထားတာနဲ့ တခြားစီပဲလို့ ပြောတာနဲ့ ကျွန်မလဲ သွားရခါနီးမှ စိတ်ဓာတ်ကျသွားပြီ'

'ဪ . . . အစ်မကြီးရယ်၊ ကျွန်မတို့လဲ သုံး၊ လေးကြိမ် သွားဖူးပြီးပါပြီ။ အစ်မကြီးထင်သလို မဟုတ်ပါဘူး။ အိန္ဒိယမှာက ရှေးဟောင်းသုတေသနဌာနရဲ့ ဥပဒေအရ မူလလက်ဟောင်းနေရာတွေကို အသစ်တစ်ဖန် ပြုပြင်ခွင့် မရှိဘူး။ မူလလက်ရာ ပျက်သွားမှာစိုးလို့ပါ။ ပြုပြင်ခွင့်မရှိဘူး ဆိုပေမယ့် ဥပဒေနဲ့ စနစ်တကျ ထိန်းသိမ်းထားတာပါ။

သမိုင်းဝင်နေရာတိုင်းမှာလဲ စာတန်းထိုးပြီး ရှင်းလင်းပြထားတယ်။ အခုဆိုရင် ထိန်းသိမ်းစောင့်ရှောက်မှုတွေကလဲ တစ်ခေါက်နဲ့ တစ်ခေါက်တောင်မှ မတူဘူး။ ထိန်းသိမ်းစောင့်ရှောက်မှုလဲ ပိုပြီး အားကောင်းလာကြတယ်။

သူတို့နိုင်ငံသား အများစုဟာ ဗုဒ္ဓဘာသာဝင်တွေ မဟုတ်ကြတော့ပေမယ့် သူတို့နိုင်ငံက ဗုဒ္ဓဂယာစတဲ့ သမိုင်းဝင်နေရာတွေကို နိုင်ငံခြားသားတွေ လာရောက် လေ့လာဖူးမြော်ကြလို့ သူတို့နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com

အတွက်လဲ စီးပွားရေးအခွင့်အလမ်းတွေရတဲ့ လုပ်ငန်းဖြစ်လို့ သူတို့အနေနဲ့လဲ လေးစားကြတယ်။

သူတို့နိုင်ငံသားတွေက ဗုဒ္ဓဘာသာ ရဟန်းတော်တွေကို ဘန္တေဂျီ၊ ဂုရုဂျီနဲ့ တလေးတစား ဆက်ဆံကြတယ်။

အုတ်ပုံကြီးတွေချည်းပဲ ဆိုတာကတော့ ကိုယ့်ဘက်က အာရုံပြုတတ်ဖို့ လိုတာပေါ့။ ဒီနေရာမှာ သက်တော်ထင်ရှား မြတ်စွာဘုရား မွေးဖွားတော်မူခဲ့တယ်။ ဘုရားအဖြစ်ကို ရောက်တော်မူခဲ့တယ်။ နေထိုင် သီတင်းသုံးတော်မူခဲ့တယ်။ တရားဓမ္မဟောပြတော်မူခဲ့တယ် ဆိုတာတွေကို အာရုံပြုတတ်မယ်ဆိုရင် ပြန်တောင် မပြန်ချင်ဘူး။

မဟာဗောဓိစေတီတော်ကြီးနဲ့ ရုပ်ပွားတော်၊ ဗောဓိပင်နဲ့ ရွှေပလ္လင်တော်ဆိုရင်လဲ ဖူးလို့တောင် မဝနိုင်ပါဘူး။ ကမ္ဘာ့အရပ်ရပ်က ဘုရားဖူးတွေနဲ့ ကြိတ်ကြိတ်တိုးနေလို့ နေရာရအောင် ကြိုးစားယူကြရတယ်။

ကိုယ့်ပြည်တွင်းက ဘုရားဖူးအဖွဲ့တွေလဲ တစ်ဖွဲ့ပြီး တစ်ဖွဲ့ လာလိုက်ကြတာ၊ စေတီတော်ကြီးကို ဗုဒ္ဓဂုဏ်တော်တွေ စုပေါင်းရွတ်ဆိုပြီး ကိုယ့်အဖွဲ့နဲ့ကိုယ် သက်နှင်းကပ်ဖို့ လှည့်လည်နေကြတာများ ကြက်သီးဖြန်းဖြန်း ထရပါတယ်။

ကျွန်မတို့အဖွဲ့နဲ့ ပါလာတဲ့ ဆရာတော်တစ်ပါးက စေတီတော်ကြီးကို ဖူးမြင်ရတာ ကြည်နူးလွန်းလို့ မျက်ရည်တောင် ကျရသတဲ့။

နိုင်ငံအလိုက် ဘာသာစကားအလိုက်၊ လေယူလေသိမ်း တစ်မျိုးစီနဲ့ ရွတ်ဆို ပူဇော်နေကြတာကို အစ်မကြီး ကိုယ်တွေ့မြင်ရရင် ဝမ်းသာကြည်နူးမှုတွေ ဖြစ်ရမှာပါ။ ဗုဒ္ဓဘာသာဝင် မဟုတ်သူတွေတောင် အိန္ဒိယကို လာရောက် လေ့လာသူများဟာ ဗုဒ္ဓဂယာကို အရောက်လာတတ်ကြပါတယ်။

ကမ္ဘာပေါ်မှာ အလွန်ရှေးကျပြီး ယနေ့ခေတ်တိုင်အောင် လူသားတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့ ဗုဒ္ဓဘာသာ စတင်ပေါ်ပေါက်ရာ နေရာဒေသကို သမိုင်းတန်ဖိုးအမြင်နဲ့လဲ လာရောက်လေ့လာကြပါတယ်။ ကျွန်မတို့ ဗုဒ္ဓဘာသာဝင်တွေ အတွက်ကတော့ အတိုင်းထက် အလွန်ပဲပေါ့။



ဗုဒ္ဓဂယာမှာ ဗောဓိပင်နဲ့ ရွှေပလ္လင်တော်အပါအဝင် သတ္တဋ္ဌာနကို ဖူးမြော်ပြီး ဘုရားရှင် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူပြီး သတ္တဋ္ဌာနမှာ စံနေတော်မူပုံကို အာရုံပြု ကြည်ညိုရတာ သက်တော်ထင်ရှား မြတ်စွာဘုရားရှေ့မှောက်ကို ရောက်နေရသလို ခံစားရပါတယ်။

ဂယာမြို့အနီးမှာရှိတဲ့ **ဒုက္ကရစရိယာတောင်မှာ** အလောင်းတော် ဒုက္ကရစရိယာကျင့်ခဲ့ပုံတွေ၊ သုဇာတာ ယနာနို့ဆွမ်း ကပ်လှူတဲ့နေရာနဲ့ ရွှေခွက်မျှောတော်မူခဲ့တဲ့ နေရာတွေကို ဖူးမြော်ရင်း ဗုဒ္ဓဝင်ကို စိတ်ကူးနဲ့ လွမ်းခဲ့ရသမျှ မျက်မြင်ကိုယ်တွေ့ ဖူးမြော်ခွင့်ရလို့ ရင်ထဲမှာ ခံစားရတာတွေဟာ ပြောမပြနိုင်အောင်ပါဘဲ။

**ဗာရာဏသီက ဓမ္မစကြာဟောတော်မူခဲ့**တဲ့ နေရာကို ဖူးမြင်ရတော့ ငါတို့တစ်သက်လုံး ရွတ်ဆိုပူဇော်ခဲ့တဲ့ ဓမ္မစကြာတရားတော်ကို ဟောတော်မူခဲ့တဲ့နေရာပဲလို့ ဝမ်းသာကြည်နူးရပါတယ်။

သာဝတ္ထိရောက်တော့လဲ မြတ်စွာဘုရားရှင် (၂၅)ဝါ တိုင်တိုင် သီတင်းသုံးပြီး သာသနာပြုသွားတဲ့ နေရာတော်နဲ့ နေ့စဉ် ဆွမ်းခံကအပြန် ခြေတော်ဆေးရင်းနဲ့ ဒုလ္လဘတရား(၅)ပါးကို အမြဲမပြတ် ဆုံးမတော်မူခဲ့တဲ့ နေရာပဲလို့ ဝမ်းသာကြည်နူးကြရပါတယ်။

**ကျွန်မတို့အဖွဲ့နဲ့အတူ ဘုရားဖူးလိုက်ပါလာတဲ့ ဆရာတော်တစ်ပါးကတော့ ဘုရားရှင် ခြေတော်ဆေးတော်မူရင်း ဩဝါဒပေးတော်မူတဲ့ ရေတွင်းနားရောက်တော့ အကာ, အကာမတွေကိုပါ အမြဲမပြတ် ဟောပြောနေတဲ့ ဒုလ္လဘတရား (၅)ပါးကို ဟောပြောတော်မူခဲ့တဲ့နေရာပါလားလို့ ဝမ်းသာပီတိ လှိုက်လှိုက်လှဲလှဲ ဖြစ်ပေါ်လာပါသတဲ့။**



www.burmeseclassic.com

www.burmeseclassic.com

အဲဒီဆရာတော်က အရင်ဆိုရင် ဗုဒ္ဓဂယာ ခဏခဏ သွားတဲ့သူတွေကို ဘာဖြစ်လို့ ဗုဒ္ဓဂယာ ခဏခဏသွား ရတာလဲလို့ မေးခဲ့ဖူးတယ်။ အခု သူကိုယ်တိုင် ဖူးမြင်ရ တော့မှ ဪ...ဒါကြောင့်ကိုးလို့ သဘောပေါက် သွားပါသတဲ့။

မြတ်စွာဘုရားရှင် ပထမဆုံး ဝါဆိုတော်မူခဲ့တဲ့ **နန္ဒိယ ကျောင်းတော်ရာကြီး**ဟာ အလျားပေ(၂၀၀)လောက် ရှိတယ်။ အုတ်နံရံထုကြီးက (၁၀)ပေလောက်ရှိတယ်။ ကျွန်မတစ်သက်မှာ ဒီလောက်ထုကြီးတဲ့ အုတ်နံရံကြီးကို မတွေ့ဖူးသေးဘူး။

နန္ဒိယသူဌေးကြီးဟာ ကျောင်းတော်ကြီးကို နှစ်ပေါင်း သောင်းချီ တည်တံ့ပါစေလို့များ ရည်ရွယ်ထားသလား။ ဒါမှမဟုတ် ဘုရားရှင် ပထမဝါဆိုတော်မူခဲ့တဲ့ ကျောင်း တော်ရာကို နှောင်းလူတွေ မြင်သိပါစေလို့များ ရည်ရွယ် ထားသလားပဲ။

**တရုတ်ရဟန်းတော် ဟူယင်ဆန်** ဘုရားဖူးလာတဲ့ ခေတ်က ပေ(၂၀၀)လောက်မြင့်တဲ့ (၇)ထပ်တိုက် ကျောင်းကြီးအဖြစ် မြင်တွေ့ခဲ့ရတယ်လို့ မှတ်တမ်းတင် ထားတယ်။

ဒီကျောင်းတော်ရာ အပျက်အစီး အုတ်ပုံကြီးတောင် ဒီလောက်ကြီးကျယ်နေတာ မြတ်စွာဘုရားရှင် သီတင်း သုံးတော်မူခဲ့တုန်းက ကျောင်းကြီးဆိုရင် ဘယ်လောက် တောင်များ ကြီးကျယ်ခမ်းနားလိုက်မလဲလို့ မှန်းဆမြင် ယောင်ကြည့်ရတာပေါ့။

**သက်သသမြို့ အစလစေတီကုန်း**ကို တက်ရောက် ဖူးမြော်သူတွေအတွက် စေတီကုန်းထိပ်မှာ ဗုဒ္ဓရုပ်ပွား တော်မရှိဘဲ **ဟာနုမာန်နတ်ရုပ်က လွှမ်းမိုးနေရာယူ ထား**တာကို မြင်တွေ့ရရင် ရုတ်တရက်တော့ စိတ် ချမ်းသာမှာ မဟုတ်ပါဘူး။

ဒါမျိုးတွေကတော့ နေရာတော်တော်များများမှာ ရှိ တတ်ပါတယ်။ တချို့နေရာမှာဆိုရင် သျှီဝလိင်အင်္ဂါတွေ လာရောက် စိုက်ထူထားတာမျိုးတွေ ရှိတတ်ပါတယ်။

ဒါပေမယ့် **ရှင်သာရိပုတ္တရာ ဟောတော်မူခဲ့တဲ့ တရားထဲကလိုပေါ့။ ရေငတ်နေသူဟာ ရေကန်ထဲက ရေမှော်တွေကို လက်နဲ့ ယက်ဖယ်ထုတ်ပစ်ပြီး ရေ ကြည်ရေအေးကို ခပ်ယူသောက်သုံးရသလို အမြင်**



**မတော်တာတွေကို အာရုံမပြုဘဲ ဘုရားအာရုံပဲ လေးလေးနက်နက် နှလုံးသွင်းတတ်ဖို့ လိုတာပေါ့။**

ဒီနေရာဟာ သီတင်းကျွတ် မီးထွန်းပွဲတော် မြစ်ဖျား ခံရာ ဌာနကြီးပါလား။ ဘုရားရှင် တာဝတိံသာ နတ်ပြည် မှ ပြန်လည် ဆင်းသက်တော်မူခဲ့တဲ့ နေရာပါလားလို့ နှလုံးသွင်းပြီး ဘုရားရှင် ဆင်းသက်တော်မူလာပုံ၊ နတ် ဗြဟ္မာပရိသတ်၊ ရဟန်းရှင်လူပရိသတ်တို့က ခမ်းနား ကြီးကျယ်စွာ ကြိုဆိုကြပုံတွေကို အာရုံပြုတတ်ရင် ရောက်တာတောင် နောက်ကျတယ်လို့ ခံစားရမှာပါ။

**ကုသိနာရုံကိုရောက်ရင်** ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော် မူပုံ ရုပ်ပွားတော်ကို ဖူးမြော်ရသူများဟာ မျက်ရည်ကျ တတ်ကြပါတယ်။ "နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ" တရားတော်ကို နာကြားဖူးထားရင် ပိုပြီး ခံစားရပါတယ်။

အဓိကကတော့ သက်တော်ထင်ရှား မြတ်စွာဘုရားကို အာရုံပြုတတ်ဖို့ပါ။ အဲဒီလို အာရုံပြုတတ်ရင် အုတ်ပုံကြီးလို့ မမြင်တော့ဘဲ ဘုရားရှင် သီတင်းသုံးတော်မူခဲ့တဲ့ ခမ်းနားကြီး ကျယ်တဲ့ ကမ္ဘာ့သမိုင်းဝင် ကျောင်းတော်ကြီး အဖြစ်ခံစား ရမှာပါ။

ကျွန်မတို့အဖွဲ့ထဲက အမျိုးသားတစ်ဦးကတော့ ကျွန်တော်



www.burmeseclassic.com

**တို့ မြန်မာနိုင်ငံက စေတီပုထိုးတွေလို ရွှေရောင်တဝင်းဝင်းနဲ့ ခမ်းနားထည်ဝါမှုမျိုး မရှိပေမယ့် ဖူးမြော်ရတဲ့အရသာကတော့ မတူနိုင်ဘူးဗျာ။ ဘုရားရှင်နဲ့ ပတ်သက်တဲ့ မှန်အစစ်ကို ဖူးမြော်ရတော့ သက်တော်ထင်ရှား မြတ်စွာဘုရားကိုဖူးမြော်ရသလိုပဲဗျာ။ ဖူးပြီးရင်း ဖူးချင်ကို ဖြစ်နေတာလို့ ပြောပါတယ်။**

စားသောက်ရေး၊ နေထိုင်ရေးလဲ ပူစရာမရှိပါဘူး။ မြန်မာကျောင်းတွေမှာပဲ တည်းခိုရတာမို့ အဆင်ပြေပါတယ်။ (၄)ယောက်တစ်ခန်း နေရာချထားပေးပြီး ရေချိုးခန်း၊ အိမ်သာ အပြည့်အစုံပါတယ်။ မြန်မာဟင်းလျာတွေကိုလဲ စီစဉ်ပေးပါတယ်။

ပြင်ပထမင်းဆိုင်ဆိုတာလဲ မြန်မာလူမျိုးတွေရဲ့ ပါးစပ်နဲ့ သိပ် အဆင်ပြေမှာ မဟုတ်ဘူး။ ဒါကြောင့် အပြင်မှာ ဝယ်စားစရာမလိုအောင်၊ ပြည့်စုံအောင် စီစဉ်ပေးပြီး သားပါ။

မြန်မာနိုင်ငံက ဘုရားဖူးတွေ နှစ်စဉ် (၅)သောင်းလောက် လာကြသတဲ့။ ဘုရားဖူးရာသီချိန် လူအများဆုံးဖြစ်တဲ့ မတ်လလောက်ဆိုရင် အဖွဲ့တွေ ဆုံနေလို့ လူ(၃၀၀)စာလောက် တစ်ပြိုင်နက် တည်းစားနိုင်ဖို့ ချက်ပြုတ်တဲ့ သူတွေဆိုရင် ည(၂)နာရီလောက်ကတည်းက ထချက်ကြရသတဲ့။

အချိန်မီ စားနိုင်အောင်လဲ လုပ်ပေးထားပါတယ်။ ဘုရားဖူးသွားရတာလဲ စိတ်ချမ်းသာစရာ ကောင်းလို့ မမေ့နိုင်အောင်ပါဘဲ။ တစ်ခါရောက်ပြီးရင် ထပ်သွားချင်ကြတယ်။

ကျွန်မအသိ ဆရာမကြီးတစ်ယောက်ဆိုရင် နှစ်တိုင်းသွားတာ (၆)ခေါက်တောင်ရှိပြီ။ မနှစ်က ကျန်းမာရေးမကောင်းလို့ မသွားဖြစ်တော့ သွားချင်လွန်းလို့ လွမ်းလိုက်တာလို့ ပြောနေသေးတယ်။ ကိုယ်တိုင်သွားကြည့်မှ သိရတာပါ။

သွားဖြစ်အောင်သာ ကြိုးစားပါ။ မှတ်တမ်းဗွီဒီယိုအခွေတွေလဲ လူတိုင်းကို ပေးပါတယ်။ အဲဒါကို ဖွင့်ကြည့်ရင် သွားချင်စိတ်တွေ ဖြစ်လာပါလိမ့်မယ်။ ငယ်ရွယ်သူတွေ မပြောနဲ့ အသက်(၉၀)အရွယ်တွေတောင် လာဖူးကြတယ်။ သူတို့အတွက် ဝိုးခဲ့ချီစီစဉ်ပေးထားတယ်'

'ဆရာမ အခုလို ပြောပြတော့ ကျွန်မအားရှိသွားပြီ။ သွားဖြစ်အောင် သွားတော့မယ်။ ဝမ်းသာလိုက်တာ'



အထက်ပါစကားရပ်များမှာ စာရေးသူနှင့် ရင်းနှီးသော ဒါယိကာမကြီး တစ်ဦးက ပြန်ပြောပုံဖြစ်ပါသည်။

[ ၂ ]

**စာရေးသူကိုယ်တိုင် ဗုဒ္ဓဂယာ ဘုရားဖူးသွားစဉ် ကိုယ်တွေ့ကြုံခဲ့ရသည်မှာ...**

အချို့မှာ သားသမီးများက သွားဖြစ်အောင် စီစဉ်ပေး၍သာ သွားလိုက်ရသည်။ ဘုရားရှင်နှင့် ပတ်သက်သော နေရာများ၌ ဤနေရာသည် မည်သည့်ဖြစ်ရပ်များ ဖြစ်ပျက်ခဲ့သည်ဆိုသည်ကိုလည်း ဘာမှမသိ။ ဂိုက်(လမ်းညွှန်)လုပ်သူနှင့် ဆရာတော်က ရှင်းပြသည်ကိုလည်း သေချာနားမထောင်။ ဘုရားဖူးပြီးသာ ပြန်လာသည်။ ဘာမှ လှိုက်လှိုက်လှဲလှဲမရှိ။

အချို့ကမူ ဈေးဝယ်ဖို့ကိုသာ အဓိကထားသည်။ အချို့များ ဘုရားဖူးအဖွဲ့ဝင် အချင်းချင်း စကားများကြသည်ပင် ရှိသေး၏။ ငါဘာလုပ်ဖို့ လာတာလဲဟုပင် သတိမဝင်နိုင်။

လူနေမှုစနစ်၊ ဘာသာအယူဝါဒ၊ ယဉ်ကျေးမှု မတူနိုင်သော နေရာဒေသသို့ သွားရသည်မှာ တစ်ခါတစ်ရံ အထစ်အငေါ့လေးများ ရှိတတ်ပါသည်။ သို့ရာတွင် ပို့ဆောင်ပေးသူများက အဆင်ပြေအောင် ကြိုးစားဆောင်ရွက်ပေးကြပါသည်။

မည်သို့ပင်ဖြစ်စေကာမူ နိုင်ငံရပ်ခြားသို့ ငွေသိန်းပေါင်းများစွာ အကုန်ကျခံ၍ အိုးပစ်အိမ်ပစ် သွားကြရသည်မှာ ဘုရားရှင်အပေါ် ကြည်ညိုမြတ်နိုးမှုကြောင့် သွားရောက်ဖူးကြခြင်းကြောင့် အလေးအနက်ထား

www.burmeseclassic.com

သတိပြု ဆင်ခြင်သင့်ပါသည်။

တစ်ခေါက်တစ်ခါရောက်ဖို့ပင် မနည်းကြိုးစားကြရသည်ဖြစ်ရာ အချိန်ရခိုက် ကြိုးစား၍ ကုသိုလ်ယူသင့်ပါသည်။ ထုံးစံအတိုင်း ခရီးစဉ်၏ အစအဖြစ် ရောက်ရောက်ချင်း ဘုရားရှင်ပွင့်တော်မူရာ ဗုဒ္ဓဂယာတွင် ခဏတာမျှ ဦးတိုက်ဖူးမြော်ကြသည်။

တစ်ညအိပ်ပြီးနောက် ကျန်ဌာနများသို့ ခရီးဆက်ကာ အပြန်ကျမှ ဂယာတွင်(၂)ည၊ (၃)ညခန့် အိပ်ပြီး အားရပါးရ ဖူးနိုင်အောင် စီစဉ်ပေးတတ်ကြပါသည်။

**အသွားတုန်းက တစ်ညအိပ် ခဏတာ ဖူးခဲ့ပြီး အပြန်ကျမှ အားရပါးရ အချိန်ယူ ဖူးမြော်ကြသဖြင့် အားရကျေနပ်မှု ရရှိကြပါသည်။**

(၃)ညအိပ်ပြီး ဖူးရသည်ပင် ဖူး၍မဝနိုင်အောင် ရှိတတ်၏။ တစ်ဦးကမူ (၃)ညအိပ်နေပြီး ဖူးခွင့်ရအောင် စီစဉ်ပေးသည်ကို နားမလည်နိုင်။ သက်သက်အချိန်ဖြုန်းတာဟုပင် ပြောသေး၏။

ဩော်...ဖြစ်မှ ဖြစ်ရလေ။ ဘုရားဖူးဖို့လာတာ နောက်တစ်ခေါက်ဘယ်တော့မှ ထပ်ရောက်မယ်မှန်း မသိ။ အချိန်ရတုန်း ဘုရားဖူးခွင့်ရတာကို ဝမ်းမသာနိုင်ပါလား။ လနှင့်ချီပြီး ဘုရားဖူးလာကြတဲ့ တိဗက် ဗုဒ္ဓဘာသာဝင်တွေကို အားနာပါဦး စိတ်ထဲမှ ပြောမိသေး၏။

**မဟာယာန ဗုဒ္ဓဘာသာဝင်များ၏ သဒ္ဓါတရားကား ချီးကျူးစရာကောင်း၏။ တိဗက်ဗုဒ္ဓဘာသာဝင်များဆိုလျှင် အဖွဲ့လိုက် လနှင့်ချီပြီး နေကြကာ ဘုရားဖူးကြ၏။ ယင်းတို့၏ ဘုရားရှိခိုးပုံမှာလည်း မလွယ်ကူလှပေ။ ဝမ်းလျားမှောက်ပြီး ရှိခိုးထထိုင်သလို ရှိခိုးရသည်မှာ ပင်ပန်းလှ၏။**

မိမိတို့အဖွဲ့မှ စာချဆရာတော်တစ်ပါးကို အသက်ကြီးမှ ရဟန်းပြုလာသော ဦးပဉ္စင်းကြီးတစ်ပါးက မဟာယာနဘုရားဖူးများ၏ ရှိခိုးဝတ်ပြုပုံကိုကြည့်၍ ဒါတွေဟာ မိစ္ဆာဒိဋ္ဌိတွေပဲဟု ပြော၏။

'ဦးဇင်းကြီးရေ... သူတို့လဲ ဘုရားအပေါ်မှာ ကြည်ညိုမှုအရ ပြုလုပ်ကြတာ၊ မိစ္ဆာဒိဋ္ဌိလို့ မဆိုနိုင်ပါဘူး။ ဘုရားလောင်း သုမေဓာရှင်ရသေ့တုန်းက ဒီပင်္ကရာ မြတ်စွာဘုရားထံတော်ပါးမှာ ခန္ဓာကိုယ်ကို အလျားခင်း တံတားစင်းပြီး ဘုရားဆုပန်ခဲ့ပုံကို အောက်မေ့သတိရအာရုံပြုရှိခိုးကြတာပါ။

သီဟိုဠ်(သီရိလင်္ကာ)ရှင်ဘုရင် တိဿမင်းကြီးလဲ ကန္ဒရသာလ ပရိဝုဏ်မှာ သီတင်းသုံးတော်မူတဲ့ ရဟန္တာကြီးတစ်ပါးကို မိကျောင်းကဲ့သို့ အလျား ဝပ်စင်းတွားသွားပြီး ရှိခိုးခဲ့တယ်တဲ့။ ကြည်ညိုသဒ္ဓါတရားရဲ့ အမူအရာပုံရိပ်တွေပါ'



ဟု ရှင်းပြသည်။ **(ရာဇသံသုမာရ ပတိတေန ထေရံ ဝန္ဒန္တော–ဒီ၊ ဋ္ဌ၊ ၁၊ ၂၆၀၊ သောဏဒဏ္ဍသုတ်အဖွင့်)**

အိန္ဒိယကိုသွားလျှင် ကုလားရယ်၊ ကားရယ်၊ ကြက်သားရယ် မုန်းအောင်တွေ့ရမည်ဟု ပြောကြသလိုပင် တစ်နေရာနှင့် တစ်နေရာသို့ ကားစီးရသည်မှာလည်း ငြီးငွေ့စရာကောင်းလှပါသည်။ အချို့က ကားစီးရလွန်းလို့ ပြန်ချင်လာပြီဟုပင် ပြောသည်လည်းရှိ၏။

သို့သော် မိမိတို့က ဤခရီးကို အဲယားကွန်းကားဖြင့် သက်သက်သာသာ သွားကြရသည်။ ဘုရားရှင်က ဤလမ်းခရီးကို လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀)ကျော်က ခြေကျင်ကြွတော်မူခဲ့သည်ကို အာရုံပြုကြည်ညိုတတ်ဖို့ လိုပါသည်။ ကားစီးရ၍ ပင်ပန်းလာသမျှလည်း ဘုရားဖူးလိုက်ရသောအခါ ပင်ပန်းခဲ့သမျှ အမှတ်မရတော့ဘဲ လန်းဆန်း တက်ကြွနေကြသည်ကို ကိုယ်တွေ့ကြုံကြရပါသည်။

**ဗုဒ္ဓါနုဿတိဘာဝနာမည်**သည် စိတ်ကူးဖြင့် ပုံဖော်အာရုံပြုနိုင်လေလေ၊ အရသာရှိလေလေပင် ဖြစ်သည်။ အာရုံမပြုတတ်သူများက အုတ်ပုံကြီးတွေပဲ ရှိတယ်။ ဘုရားလဲ မဖူးခဲ့ရဘူးဟု ပြောသော်လည်း အာရုံပြုတတ်သူများကမူ ဖူးလို့ကို မဝနိုင်ဘူး။ နောက်ထပ် သွားချင်သေးတယ်ဟု ပြောကြပါသည်။

သမိုင်းကြောင်းအမြင်ဖြင့် ကြည့်လျှင်လည်း တန်ဖိုးမဖြတ်နိုင်ပါပေ။ မိမိတို့ ကိုးကွယ်သည့် ဘုရားရှင်သည်



www.burmeseclassic.com

www.burmeseclassic.com

အထောက်အထား၊ မည်သူမျှ ငြင်းမရသော သမိုင်းဝင်ဌာနများဖြင့် သက်ရှိထင်ရှား ရှိခဲ့ဖူးသော ဘုရားဖြစ်ကြောင်းကို ယနေ့တိုင်အောင် သက်သေခံလျက် ရှိနေပေသည်။

ဤသို့ အထောက်အထား ခိုင်လုံမှုရှိစေရန် ကျောက်စာတိုင်များနှင့်တကွ အမြော်အမြင်ကြီးမားစွာ ဆောင်ရွက်ခဲ့သော အသောကမင်းကြီး၏ သဒ္ဓါနှင့် ပညာတို့ကိုလည်း အံ့သြချီးကျူးမဆုံး ဖြစ်ရပါ၏။

အကယ်၍သာ အသောကမင်းကြီးက ယင်းသို့ မဆောင်ရွက်ခဲ့ပါလျှင် ယနေ့ခေတ်တွင် အစအနပင်ရှာမရအောင် ဝါးမျိုဖျက်ဆီးခြင်း ခံရမည်မှာ အမှန်အကန်ဖြစ်ပါ၏။

အသောကမင်းကြီး၏ ကျေးဇူးကြောင့်သာ သမိုင်းဝင်ဌာနများကို ယနေ့တိုင်အောင် အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ဖူးတွေ့ရခြင်းဖြစ်ပါ၏။ ယင်းသို့ အထောက်အထားခိုင်လုံမှုသည် သဒ္ဓါတရားကို တိုးပွားစေသည်မှာ အမှန်ပင်ဖြစ်၏။

အသက်ကြီးမှ ဗိုးချဲနှင့် သွားရောက် ဖူးမြော်ရတာထက် ငယ်ရွယ်သူတွေအနေနဲ့ ပိုသွားသင့်ပါသည်။ ဒါမှလည်း သာသနာနှင့် ပတ်သက်သော သဒ္ဓါတရားများ ထက်သန်အားကောင်းလာပြီး သာသနာအတွက် ပို၍ အလုပ်လုပ်နိုင်မည်ဖြစ်ပါသည်။

ဆရာတော်ကြီးအချို့ကလည်း တပည့်ရဟန်းငယ်များ၊ သီလရှင်များကို အဖွဲ့လိုက် ပို့ဆောင်ပေးပြီး အမြော်အမြင်ကြီးမားစွာ စီစဉ်ဆောင်ရွက်တော်မူသည်ကိုလည်း စာရေးသူကိုယ်တိုင် မြင်တွေ့ခဲ့ရပါသည်။

ဆေးကုမ္ပဏီကြီးတစ်ခုမှလည်း နှစ်စဉ်နှစ်တိုင်း တစ်နိုင်ငံလုံးရှိ စာချဆရာတော်များထဲမှ ရွေးချယ်၍ အလှည့်ကျ ဗုဒ္ဓဂယာသို့ ပို့ဆောင်ပေးကာ ကုသိုလ်ယူသည်ကိုလည်း ဝမ်းမြောက်ဝမ်းသာ ကြုံတွေ့ခဲ့ရပါသည်။

**[ ၃ ]**

**ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနီယ( ၄ )ဌာန**

သဒ္ဓါတရားရှိသော သူတော်ကောင်းတို့ ဖူးမြော်ထိုက်သော သံဝေဂရစေတတ်သည့် နေရာဌာန( ၄ )ပါးရှိ၏။

အာနန္ဒာ. . .သဒ္ဓါတရားရှိသော ရဟန်း၊ ရဟန်းမိန်းမ၊ ဥပါသကာ၊



ဥပါသိကာမတို့သည် ဤ(လုမ္ဗိနီ)ဌာန၌ မြတ်စွာဘုရား ဖွားမြင်တော်မူ၏၊ ဟူ၍ လည်းကောင်း၊ ဤ(မဟာဗောဓိ)ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံး သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ၏၊ ဟူ၍ လည်းကောင်း၊ ဤ(မိဂဒါဝုန်)ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံး တရားတော်ဓမ္မစက်ကို ဟောကြား လည်ပတ်စေတော်မူ၏၊ ဟူ၍ လည်းကောင်း၊ ဤ(ကုသိနာရုံ)ဌာန၌ မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘောဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ဟူ၍ လည်းကောင်း(အောက်မေ့သတိရလျက်) လာရောက်ကြကုန်လတ္တံ့။

အာနန္ဒာ. . .စေတီပုထိုးတို့ကို ဖူးမြော်ရန် သွားလာလှည့်လည်သူတို့သည် ကြည်ညိုသော စိတ်ရှိလျက် သေကုန်ငြားအံ့ ထိုသူအားလုံးတို့သည် ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ရလတ္တံ့ဟု (မြတ်စွာဘုရားရှင် မိန့်မှာတော်မူခဲ့၏) ***(ဒီဃနိကာယ်၊ မဟာဝဂ္ဂ၊ မဟာပရိနိဗ္ဗာနသုတ်)***

## ကြည်ညိုသဒ္ဓါစိတ်ဖြင့် လှည့်လည်ဖူးမြော်ကြလျက်...

၁။ မသွားမီ ဗုဒ္ဓဂယာအကြောင်း လမ်းညွှန်စာအုပ်နှင့် ဗုဒ္ဓဝင်စာအုပ်ကို ကြိုတင်ဖတ်ထားသင့်ပါသည်။ သို့မှသာ မိမိဖူးမြော်ရသော နေရာဌာနနှင့် ပတ်သက်သော အကြောင်းအရာများကို လိုက်လိုက်လှဲလှဲ အာရုံပြုကြည်ညိုပူဇော်နိုင်မည်ဖြစ်ပါသည်။

၂။ မြတ်စွာဘုရားအကြောင်း ပိုသိလေ ဘုရားကို ပို





www.burmeseclassic.com

www.burmeseclassic.com

ကြည်ညိုလေ၊ ဗုဒ္ဓဂယာဘုရားဖူး၍ စိတ်ကြည်နူးလေ ဖြစ်ပါသည်။

၃။ ဘုရားဖူးသွားသည့်အခါ အကုသိုလ် နည်းနိုင်သမျှ နည်းအောင်၊ ကုသိုလ်များနိုင်သမျှ များအောင် ကြိုးစား၍ ဘုရားအာရုံကို စိတ်ဝယ်ထုံနိုင်အောင် ကြိုးစားသင့်ပါသည်။ သို့မှသာ တစ်ခေါက်ဆို တစ်ခေါက် ဗုဒ္ဓဂယာဘုရားဖူး သွားရကျိုးနပ်မည် ဖြစ်ပါသည်။

၄။ မိမိဖူးမြော်ခဲ့ရသည်များကို ကြည်ညိုသဒ္ဓါစိတ်ဖြင့် တစ်သက်တာလုံး မကြာခဏ ပြန်လည် အာရုံပြု၍ ဝမ်းသာကြည်နူးမှု ဖြစ်စေသင့်ပါသည်။

**ဗုဒ္ဓါနုဿတိ အကျင့်ရှိ ဘာဝနာ**

၁။ သက်တော်ထင်ရှား မြတ်စွာဘုရား၌ လည်းကောင်း၊ နိဗ္ဗာန်ဝင်စံတော်မူပြီးသော မြတ်စွာဘုရား၏ ဓာတ်တော်မွေတော် စေတီတော်တို့၌ လည်းကောင်း တူမျှသော စိတ်ထားရှိနိုင်လျှင် တူမျှသော အကျိုးတရားကို ရရှိနိုင်ပေ၏။ ***(ဝိမာနဝတ္ထု)***

၂။ မြတ်စွာဘုရား၌ ကြည်ညိုသူတို့သည် အမြတ်ဆုံး ပုဂ္ဂိုလ်၌ ကြည်ညိုသည် မည်ပေ၏။ အမြတ်ဆုံး ပုဂ္ဂိုလ်၌ ကြည်ညိုသူတို့သည် အမြတ်ဆုံး အကျိုးတရားကို ရရှိနိုင်ပေ၏။ ***(အဂ္ဂပသာဒသုတ်)***

၃။ ငါဘုရားအပေါ် ယုံကြည်ကာမျှ ချစ်မြတ်နိုးကာမျှ ဖြင့်ပင် နတ်ပြည်ရောက်နိုင်ကြ၏။ ***(အလဂဒ္ဒူပမသုတ်၊ မဇ္ဈိမနိကာယ်)***

၄။ ဆင်တစ်သိန်း၊ မြင်းတစ်သိန်း၊ အဿတိုရ်မြင်းက,သော ရထားတစ်သိန်း၊ ပတ္တမြားနားတောင်း ဝတ်ဆင်ထားသော သတို့သမီးကညာပျို တစ်သိန်းတို့သည် (ဘုရားဖူးမြော်ရန် တရားနာရန်သွားသောသူ၏) ခြေတစ်လှမ်း၏ တစ်ဆယ့်ခြောက်စိတ် တစ်စိတ်လောက်မျှ တန်ဖိုးမရှိကုန်။ ***(သုဒတ္တသုတ်၊ ယက္ခသံယုတ်)***

၅။ ဘာဝနာတို့တွင် အမြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိကို ပွားများလော့။ ဗုဒ္ဓါနုဿတိကို ပွားများသည်ရှိသော် အကြံအစည်ဟူသမျှ ပြည့်စုံရပေလိမ့်မည်။ ***(သုဘူတိထေရပဒါန်)***



၆။ ဗုဒ္ဓါနုဿတိဟူသော တစ်ခုတည်းသော တရားကို အကြိမ်ကြိမ် ပွားများသည်ရှိသော် သံသရာဝဋ်ဆင်းရဲ၌ အမုန်ငြီးငွေ့ခြင်း၊ အတွယ်အတာ ကင်းပြတ်ခြင်း၊ ကိလေသာချုပ်ခြင်း၊ ကိလေသာငြိမ်းခြင်း၊ ထူးသော ဉာဏ်ဖြင့် သိခြင်း၊ သစ္စာလေးပါးကို သိခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း အကျိုးငှာ ဖြစ်၏။ ***(ဧကကနိပါတ်၊ အင်္ဂုတ္တရနိကာယ်)***

၇။ လောက၌ ဗုဒ္ဓဘုရားဟူသော အသံကိုပင် ကြားရဖို့ရန် ခက်ခဲလှ၏။ ဘုရားအဖြစ်သည်ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

ထို့ကြောင့် ပညာရှိသော စီးပွားချမ်းသာအမျိုးမျိုးကို လိုလားသော သူတော်ကောင်းတို့သည် အလိုရှိအပ်သော အကျိုးစီးပွားကို ရှက်ဆောင်တော်မူတတ်သော၊ နတ်လူတို့ ပူဇော်အပ်သော၊ ဘေးရန်လည်းမရှိသော၊ မြတ်သောအလျှုကို ခံယူတော်မူထိုက်သော၊ လောကသားတို့၏ ကြည်ညိုနှစ်လိုခြင်းကို တိုးပွားစေတတ်သော၊ အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော၊ ပြိုင်ဘက်ကင်းတော်မူသော မြတ်စွာဘုရားကို အမြဲမပြတ် ရှိခိုးကန်တော့ကြပါစေကုန်သတည်း။ ***(မဟာနမက္ကာရ)***

**အရှင်ဉာဏဝရ(*ပါရမီ*)**



www.burmeseclassic.com

## နန်းဦး ဘုရားကြီးကို ရှေးမင်း အစဉ်အဆက် ကိုးကွယ် လာကြသည်မှာ. . .

စာမျက်နှာ (၆၃)မှ အဆက်

ကျောင်းတိုက်၌ ယာယီတန်ဆောင်းကို ဆောက်လုပ်၍ သီတင်းသုံးစေကာ ဆည်းကပ် ကိုးကွယ်ခဲ့ကြ၏။

ထို့နောက် ၁၃၀၂ ခုနှစ်တွင် ဒက္ခိဏသာခါဘုရား ဓာတ်မီးနှင့် ဝေယျာဝစ္စအသင်း၊ ဓမ္မစကြာဝတ်အသင်းများကို တည်ထောင်ကာ အပတ်စဉ် ဝတ်ရွတ်ပူဇော်ခြင်း၊ ညစဉ် လျှပ်စစ်မီးဖြင့် ပူဇော်ခြင်း၊ နှစ်စဉ် တန်ဆောင်မုန်း လပြည့်နေ့တိုင်း ဆွမ်းတော်ကြီးတင်ပွဲ ကျင်းပခြင်း မြန်မာနှစ်ဆန်းတစ်ရက်နေ့ ရောက်တိုင်း သယ်န်းကျွန်းနှင့် ဘောက်ထော် ရပ်ကွက်များသို့ အခမ်းအနားဖြင့် ဒေသစာရီ ကြွချီလှည့်လည်ခြင်းတို့ဖြင့် ဆည်းကပ် ကိုးကွယ်မှု ပြုခဲ့ကြသည်။

ဘုရားကြီးကို ကလကတ္တားမှ ရန်ကုန်ဆိပ်ကမ်းသို့ အရောက် ပင့်ဆောင်လာပြီးနောက် ဆားကန်ကျောင်းသို့ ရောက်၍ ပထမဆရာတော်ကြီးဦးကေသရနှင့် တပည့်များက ပြန်လည်ပြုပြင်မွမ်းမံ၍ အနေကဇာတင်ပွဲ ကျင်းပရာတွင် **နန်းဦး ဘုရားကြီးကို မင်းတုန်းမင်းကြီး လက်ထက်က အနေကဇာတင်ပေးတော်မူခဲ့သော ဖွဲ့စုံဆရာတော်ကြီး**လည်း ပါဝင်ပေသည်။

ထိုစဉ်က ဖွဲ့စုံဆရာတော်ကြီးမှာ သက်တော်(၉၂)နှစ်ရှိပြီ ဖြစ်ကာ ဆရာတော်ကြီးက ယခု နန်းဦး ဘုရားကြီးကို မင်းတုန်းမင်း လက်ထက်က တစ်ခါ အနေကဇာတင်ပေးခဲ့ရပြီး ဒီတစ်ကြိမ်ပါဆိုလျှင် အနေကဇာနှစ်ကြိမ် ရှိပြီဖြစ်ကြောင်း...

နန်းဦး ပြည်တော်ပြန် ရန်အောင်မြင် ဒက္ခိဏသာခါဘုရားကြီးကို ရိုသေလေးစားစွာ ဆည်းကပ်ကြည်ညိုသင့်ကြောင်း၊ ဆုတောင်းတိုင်း ပြည့်ဝသောကြောင့် ယခင်ကဆိုလျှင် ဘုရင်နှင့် မင်းညီမင်းသားများသာ ကိုးကွယ်ပူဇော်ခွင့်ရခဲ့ကြောင်း၊ ယခုမှသာ ကံကောင်း ထောက်မ၍ ပြည်သူအများ ကိုးကွယ်ခွင့်ရလာသဖြင့် တန်ခိုးတော်ကို ယုံကြည်စွာ ဆည်းကပ်သင့်ကြောင်း စသဖြင့် ဩဝါဒပေး မိန့်ကြားတော်မူခဲ့သည်။

နန်းဦးဘုရားကြီး၏ ဓာတ်မီး ဝေယျာဝစ္စအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းမောင်ကလည်း နန်းဦးဘုရားကြီး တန်ခိုးကြီးသည်မှာ အံ့သြဖွယ်ရာပင်ဖြစ်ကြောင်း၊ နွေအခါတွင် ဘုရားကြီးကို ရေသပ္ပာယ်လိုက်ပါက မိုးများ ရွာသွန်းချကြောင်း...

**မြန်မာနှစ်ဆန်း (၁)ရက်၊ (၂)ရက်၊ (၃)ရက်နေ့များ၌** မြို့နယ်များသို့ ဒေသစာရီ ကြွချီတော်မူရန်အတွက် နန်းဦးဘုရားကြီးကို ရေသပ္ပာယ်သည့် အခါတိုင်းလည်း မိုးရွာသွန်းကြောင်း၊ အကယ်၍ မယုံကြည်ပါက လက်တွေ့ ရေသပ္ပာယ်ကြည့်နိုင်ပါကြောင်းကို ရှင်းပြသည်ဟု သိရ၏။

၁၃၅၇ ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် ကျောင်းသား ကိုဇမောင်၏ သားဖြစ်သော ရန်ကုန်ဆေးရုံအုပ်ကြီး ဒေါက်တာတိုးအောင်နှင့် ဒေါ်သင်းသင်းနိုင်တို့ မိသားစုက နန်းဦး ပြည်တော်ပြန်ဘုရားကြီးကို ပင့်ဆောင်တော်မူရာ၌ ပါဝင်ခဲ့သော ဖခင်ကြီး၏ ဂုဏ်ကျေးဇူးကို ရည်စူးလျက် ဘုရားကြီးကို အနေကဇာတင်ပွဲ ပြုလုပ် ပူဇော်ခဲ့ကြသည်။

ထူးခြားသော နန်းဦးဘုရားကြီးအား ဆားကန်ကျောင်းတိုက် ပထမဆရာတော်ကြီး ဦးကေသရ လက်ထက်မှစ၍ ဒုတိယဆရာတော် ဦးဝါယာမ၊ တတိယဆရာတော် ဦးဉတ္တမတို့က အစဉ်အဆက် ထိန်းသိမ်း စောင့်ရှောက် ကိုးကွယ် ဆည်းကပ်ခဲ့ကြပြီး ယခုအခါ စတုတ္ထမြောက် နာယက ဆရာတော်သုံးပါးက ဆက်လက် တာဝန်ယူလျက် ရှိကြ၏။

ထူးခြားသော ပြည်တော်ပြန် ရန်အောင်မြင် နန်းဦး ဒက္ခိဏသာခါ ဘုရားကြီး ရှေ့တော်ပါးသို့ သွားရောက်၍ လိုအင်ဆန္ဒများကို အဓိဋ္ဌာန် သစ္စာပြု ဆုတောင်းကြကာ ဆန္ဒမှန်သမျှ ပြည့်ဝနိုင်ကြစေရန်အတွက် ပူဇော် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

**တင်တင်(အဝေးသင်)**



www.burmeseclassic.com

သာသနဟိတ စာသင်တိုက်

# ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ

၏ အန္တရာယ်ကင်း စည်းချနည်း၊ မဟာသမယသုတ်ကျင့်စဉ်နှင့် ထူးခြားမှုများ

ဦးမင်းအောင်

ရန်ကုန်တိုင်းဒေသကြီး၊ **လှိုင်သာယာမြို့နယ်**တွင် ယခုအခါ ပရိယတ္တိသာသနာရော ပဋိပတ္တိသာသနာပါ ထွန်းကားတိုးတက်လျက် ရှိရုံသာမက လူမှုဝန်ထမ်း ပရဟိတ လုပ်ငန်းဖြစ်သော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကိုလည်း အားရကြည်နူးဖွယ် တွေ့မြင်ရပေသည်။

ထိုကဲ့သို့ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပရဟိတလုပ်ငန်းများထဲတွင် စာသင်တိုက်(၅)ကျောင်းမှာ စည်ပင်လျက်ရှိလေသည်။ ထိုကျောင်းများထဲတွင် **(၁၁)ရပ်ကွက်၊ အနော်ရထာလမ်းမကြီးပေါ်ရှိ သာသနဟိတ စာသင်တိုက်**သည် ထင်ရှားကျော်ကြားပါသည်။

အဘယ်ကြောင့်ဆိုသော် ထိုစာသင်တိုက်ရှိ သံဃာတော်များမှာ နှစ်စဉ်နှစ်တိုင်း မြို့နယ် သာသနာနုဂ္ဂဟ ပရိယတ္တိ စာမေးပွဲများ၌ ပထမ-ဒုတိယ-တတိယ ဆုကို ရရှိလေ့ရှိခြင်း၊ မြို့နယ်အဆင့် ဒုတိယ သံဃာအများဆုံး ကျောင်းတိုက်ဖြစ်ခြင်းတို့ကြောင့် ဖြစ်၏။



သာသနဟိတ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ

ထို့ပြင် ကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော်မှာလည်း **သက်တော်(၄၃)နှစ်၊ သိက္ခာတော်(၂၃)ဝါသာ ရှိသေးသည်က** တစ်ကြောင်း၊ စာဝါ သင်ကြားပို့ချရာ၌ ကောင်းမွန်သည်က တစ်ကြောင်းတို့ကြောင့် လူသိများခြင်း ဖြစ်သည်။

**ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ**မှာ စာသင်စာချ ကောင်းမည် ဆိုလည်း ကောင်းဖို့ အကြောင်းရင်းက ရှိပေ



www.burmeseclassic.com

သည်။

❂ ပဲခူးမြို့ ကြခတ်ဝိုင်းဆရာတော်ကြီး နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ **"ဘဒ္ဒန္တဇောတိပါလ"**

❂ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် **"ဘဒ္ဒန္တပဏ္ဍိတ"**

❂ အဂ္ဂမဟာပဏ္ဍိတ **"ဘဒ္ဒန္တဉေယျဓမ္မာဘိဝံသ"**

❂ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ပထမကျော် သ-စ-အ(ဓမ္မာစရိယ) **"ဘဒ္ဒန္တမုနိန္ဒာဘိဝံသ"**

❂ မဟာဂန္ထဝါစကပဏ္ဍိတ ပိဋကတ္တယပါရဂူ သ-စ-အ(ဓမ္မာစရိယ)**"ဘဒ္ဒန္တကုမာရာဘိဝံသ"**

❂ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် နာယကချုပ် အဂ္ဂမဟာပဏ္ဍိတ **"ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ"**

❂ အဂ္ဂမဟာပဏ္ဍိတ **"ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ"**

❂ အလိုတော်ပြည့် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဝါကျူဥယျာဉ်ကျမ်းပြု **"ဘဒ္ဒန္တသုစိတ္တာဘိဝံသ"**

❂ ညောင်တုန်းမြို့ တောင်ညိုကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ **"ဘဒ္ဒန္တကောမလ"**

❂ ကျိုက်လတ်မြို့ ကင်မွန်းချံရွာကျောင်းဆရာတော် ရှုဥ အာဘိဓမ္မိက **"ဘဒ္ဒန္တပညာသာရ"** ဥပဇ္ဈာယ်ဆရာတော်များ ဖြစ်ကြ

r[mor,okwf usifpOfEJY ywfoufyD taqmufttkH;wkdwuf jzpfay:apEkdif wmukd

သော...

❂ မြို့မြောက်ကျောင်း ဆရာတော် **"ဘဒ္ဒန္တပညာဇောတ"**နှင့်

❂ စစ်တွေမြို့ သဒ္ဓမ္မဂရု ပုသိမ်ကျောင်းတိုက်ဆရာတော် ဂန္ထကာရက **"ဘဒ္ဒန္တဂရုဝံသ"**

တို့ထံ၌ စာဝါများကို လိုက်စားသင်ကြားကာ **"သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့"** ဖြစ်သော **B.A(Buddhism)**ဘွဲ့ကို ရရှိခဲ့သောကြောင့် ဖြစ်၏။

ထိုကဲ့သို့ လောကုတ္တရာ စာချအကျော်အမော် ဆရာတော်ကြီးများထံတွင် သင်ကြားခဲ့ရုံသာမက လောကီပညာ အနေဖြင့်လည်း ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ **B.A(Myanmar)**ကို ရရှိထားသေး၏။

ဆရာတော်သည် စာသင်စာချ တိုက်တာစီမံအုပ်ချုပ်ရေး ကိစ္စအဝဝတို့ဖြင့် နေ့စဉ် မအားလပ်ရသည့်အကြား မြို့နယ်ဝန်ဆောင်၊ မြို့နယ်ဝိနည်းဓိုရ်၊ မြို့နယ် ပထမပြန်စာမေးပွဲ ကြီးကြပ်ရေးကော်မတီ၏ ဒုတိယဥက္ကဋ္ဌ၊ မြို့နယ် တစ်ဆုပ်ဆန်အလှူအသင်းကြီးနှင့် သဟပုည ကာရီဓမ္မာရုံတို့၏ ဩဝါဒါစရိယ အစရှိသော သာသနာ့တာဝန်များကိုလည်း ကျေပွန်အောင် ထမ်းရွက်နေဆဲ ဖြစ်၏။

ထို့ပြင် ဆရာတော်သည် လစဉ်ထုတ် ဘာသာရေးမဂ္ဂဇင်းများ၌ ပညာပေး ဘာသာရေး ဆောင်းပါးများကို အချိန်လု၍ ရေးသားလိုက်သေး၏။ တွေ့ဆုံစဉ်(၂၀၀၃ ခုနှစ်)က ဆရာတော်သည် **သက်တော်(၄၃)နှစ်၊ သိက္ခာတော်(၂၃)ဝါ၊ စာဝါပို့ချ သက်(၂၂)နှစ်ပင်** ရှိနေချေပြီ။

သာသနဟိတ စာသင်တိုက်သည် ယခင်က မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်၊ စိန်ပန်းမြိုင်၌ တည်ထောင်ခဲ့သော်လည်း ၁၉၉၀ ပြည့်နှစ်၌ လှိုင်သာယာမြို့သို့ ပြောင်းရွှေ့ရသောကြောင့် အသစ် ပြန်လည်တည်ထောင်ခဲ့ရ၏။ တိုက်တည်ပထမဆရာတော်ကြီးမှာ **ဘဒ္ဒန္တပုည** ဖြစ်၍ သံဃာတော်(၆)ပါးဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်၏။

ထို့နောက် **၁၃၆၁ ခုနှစ်**တွင် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတမှာ ဦးစီးပဓာန နာယက ဆရာတော် ဖြစ်လာ၍ ပရိယတ္တိ သာသနာပြုလုပ်ငန်းများကို ဆက်လက်ကြိုးစား ဆောင်ရွက်ခဲ့ပါသည်။

ဆရာတော် ကျောင်းထိုင်ခါစ၌ စာသင်သား သံဃာတော် အပါး(၃၀)ကျော်သာ ရှိခဲ့ရာမှ ယခုအခါ



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(၉၆)ပါးအထိ တိုးတက်များပြားလာ၏။ ထို့ပြင် သုံး,လေးနှစ် သက်တမ်းအတွင်း ကျောင်းဝင်းထဲ၌ တိုက်ကျောင်းကြီးများလည်း တိုးတက်လာပြန်သည်။

အမှန်စင်စစ် စာပေကို လေးစားမြတ်နိုး တန်ဖိုးထားသော ဆရာတော်သည် ပထမကြီးတန်း စာဝါများကို ပို့ချပေးခဲ့၏။

ထို့ပြင် မြစ်ကြီးနားမြို့ရှိ ခေမာသီဝံ ပရိယတ္တိစာသင်တိုက်၊ စစ်တွေမြို့ရှိ သဒ္ဓမ္မဂရုကျောင်းစာသင်တိုက်၊ မြေပုံမြို့ရှိ ပညာဗိမာန်ကျောင်းတိုက်နှင့် ညောင်တုန်းမြို့ရှိ တာဝတိံသာကျောင်းတိုက်များတွင်လည်း ပရိယတ္တိ သာသနာပြုလုပ်ငန်းအဖြစ် စာဝါများကို စနစ်တကျ ပို့ချပေးခဲ့၏။

ဆရာတော် ဘဒ္ဒန္တပဏ္ဍိတသည် ပရိယတ္တိသာ ကျွမ်းကျင်သည် မဟုတ်၊ ပဋိပတ္တိ ရှုမှတ်အားထုတ်မှု၌လည်း နှံ့စပ်အောင် လေ့လာ လိုက်စားတော်မူပါသည်။ မိုးကုတ်နည်း၊ မဟာစည်နည်း၊ ညာဏစာရီတောဇစက္ကိနည်းများဖြင့် ဆရာတော်ကိုယ်တိုင် ကျေနပ်အားရသည့်အထိ တရားစခန်းဝင် အားထုတ် ကြိုးစားခဲ့၏။

ထို့ကြောင့် ပဋိပတ္တိ မကင်းသော ပရိယတ္တိကို တည်ထောင်သည့် အနေဖြင့် ဆရာတော်သည် ယခုအခါ တပည့် စာသင်သားများကို ညစဉ် ဘုရားဝတ်တက်ပြီးသည့် အခါတိုင်း ဝိပဿနာကမ္မဋ္ဌာန်းတရားများကို သင်ပြ ရှုမှတ်စေနေဆဲ



လည်း ဖြစ်ပေသည်။ ဆရာတော်သည် ပရိယတ္တိ ပဋိပတ္တိသာ မဟုတ် ပရဟိတလုပ်ငန်း သာသနာပြုဝန်ထမ်းဘဝကိုလည်း ထမ်းဆောင်ခဲ့သေး၏။

▲ 'ဆရာတော်ကြီး နယ်စပ်သာသနာပြုခဲ့ပုံကိုလဲ သိလိုပါတယ်ဘုရား'

❑ 'နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်က အပ်နှင်းတဲ့ **သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့**ကို ရရှိပြီးနောက် ချင်းပြည်နယ်ကို သာသနာပြု ကြွရောက်ခဲ့ရပါတယ်။

ဒီနောက် **ဒိုင်းပုံကျေးရွာ၊ ကျောက်မိုး သာသနာပြုဌာနမှာ** သာသနာပြုရပါတယ်။ ကျောက်တန်းရွာမှာ ဗုဒ္ဓဘာသာ (၄၆)အိမ်ရှိရာက ဗုဒ္ဓဘာသာဝင်တွေ တိုးပွားလာအောင် လုပ်ဆောင်ခဲ့ပါတယ်။

ကျောက်မိုးဌာန ထေရဝါဒ ဗုဒ္ဓသာသနာပြုနေတဲ့ ကျောင်းလေးကသေးသေးလေးမို့ ဖျက်ပြီး အသစ်ပြန်ဆောက်ပေးခဲ့ပါတယ်။ အဲဒီအတွက် ကျောင်းဆောင် ဆောက်ဖို့အတွက် အလှူယ်တကူ အဆင်ပြေစေဖို့ ရည်မှန်းပြီး **မဟာသမယသုတ်ကျင့်စဉ်ကို (၃)လ အဓိဋ္ဌာန်ဝင်ခဲ့ပါတယ်။**

နေ့ရောညပါ မဟာသမယသုတ်ကို ရွတ်ပွားပူဇော်တဲ့အခါ ကျောင်းတိုက် ဆောက်ပေးနိုင်ခဲ့သလို ထူးခြားတာတွေနဲ့လဲ ကြုံတွေ့ခဲ့ရပါတယ်'

▲ 'ဘယ်လို ထူးခြားမှုများပါလဲဘုရား'

❑ 'အဲဒီလို နေ့ရောညပါ မဟာသမယသုတ်ကို အဆက်မပြတ် ရွတ်ပွားနေရင်းနဲ့ နေ့လယ်ပိုင်းတစ်ခုမှာ ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်တစ်ဦး ကြွလာပြီး အုန်းပွဲငှက်ပျောပွဲပေါ်ကို တက်ရောက် ပျောက်ကွယ်သွားပါတယ်။

အဲဒီပုဂ္ဂိုလ်က နှစ်ခေါက်တောင် ကြွလာပြီးတော့ စောင့်ရှောက်ခဲ့ပါတယ်။ အိပ်မက် မဟုတ်ပါဘူး။ မျက်ဝါးထင်ထင် တွေ့ရတဲ့ အဖြစ်ပါ။ အဲဒီနောက် ကျောက်မိုး ထေရဝါဒ ဗုဒ္ဓသာသနာပြုဌာနကို ကျောင်းတိုက် ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်'

▲ 'နောက်ထပ် ထူးခြားမှုများ ရှိရင်လဲ အမိန့်ရှိပေးပါဦး ဘုရား'

❑ 'မဟာသမယသုတ် ကျင့်စဉ်နဲ့ ပတ်သက်ပြီးတော့ အဆောက်အအုံများ တိုးတက်ဖြစ်ပေါ်စေနိုင်တာကို လက်တွေ့ ပြလိုပါတယ်။

အခု ဘုန်းကြီးကျောင်းထိုင် သက်တမ်း (၄)နှစ်အတောအတွင်း



www.burmeseclassic.com

www.burmeseclassic.com

မှာ **သာသနကိုရ၊ သာသနာ့သုခ၊ သာသနာလင်္ကာရ၊ သာသနာ့မာမက စတဲ့ ကျောင်းဆောင်ကြီးတွေ**ကို အလှူယ်တကူ ဆောက်လုပ်ပြီးတော့ ပရိယတ္တိသာသနာကို ပြုနိုင်ခဲ့တာ ထူးခြားတာပါပဲ။

ဘုန်းကြီးက ပဌာန်းစာဝါ ပို့ချလာတာ (၅)နှစ်ကျော်ပြီ၊ သရဏဂုံနဲ့ ပဌာန်းကိုလဲ ရေးစပ်ပြီး ပုတီးစိပ်တယ်။ မဟာသမယသုတ်ကျင့်စဉ်ကိုလဲ အားထုတ်တယ်။ ဒါကြောင့်မို့ ဒီလောက် သာသနာပြုလုပ်ငန်းတွေ အောင်မြင်ရတာပါ'

▲ **'သာသနာပြုခရီးလမ်းမှာ ကြမ်းတမ်းမှုများကို ကြုံဆုံရပါသေးလား ဘုရား'**

❑ 'ကြုံဆုံရတာ မရှိသလောက်ပါဘဲ။ အဲဒါ ဘာကြောင့်လဲဆိုတော့ ဘုရားဝတ်တက်တဲ့ အခါတိုင်းမှာ **အန္တရာယ်ကင်း စည်းချဂါထာလို့ခေါ်တဲ့ "စက္ကမဏ္ဍလ" ပရိတ်တော်များကို** အစဉ်အမြဲ ရွတ်ပွားပူဇော်နေလို့ ဖြစ်ပါတယ်။

နောက်ပြီး ဘုန်းကြီးက မေတ္တသုတ်တော်ကို အမြဲ ဆောင်ထားပြီး ဘုရားဂုဏ်တော်ကိုးပါးကိုလဲ အနုလုံ/ပဋိလုံ ပွားများပါတယ်။ ဒါကြောင့်မို့ ဘဝလမ်းမှာ မမောမပန်းဘဲ ထိရောက်အောင်မြင်စွာ သာသနာပြုနေနိုင်တာပါ။

အန္တရာယ်ကင်း စည်းချဂါထာတွေကို ရွတ်ပွားပူဇော်နေတဲ့အတွက် မရောက်လာသေးတဲ့ ဘေးဒုက္ခအပေါင်းကို တားဆီးထားနိုင်တယ်။ ရောက်ဆဲဘေးဒုက္ခတွေကို ကင်းစင်ပပျောက် ကောင်းကျိုးရောက်သွားစေတယ်။ ကျရောက်ပြီး ဘေးဒုက္ခတွေကလဲ နောက်ထပ်တစ်ဖန် ပူပန်

bkfu[D;
y|mefpm0;
ylvmwm
(5)ESpfausmfyD
r[mor,okwf
uif0fuwnf...

မှုတွေကို မဖြစ်ပေါ်စေနိုင်တော့ဘူး။

ဒါကြောင့်မို့ လောကီနဲ့ လောကုတ္တရာ နှစ်ဖြာလုံးမှာ အန္တရာယ်ကင်းစည်းချဂါထာများကို ဆောင်ထား ပွားများနေခြင်းဆိုတာ ဆိုးကျိုးကိုတားပြီး ကောင်းကျိုးကို တိုးပွားစေပါတယ်'

▲ **'ရွတ်ပွားပူဇော်ပုံကို မိန့်တော်မူပါဦး ဘုရား'**

❑ 'အန္တရာယ်ကင်း စည်းချဂါထာများကို **အရပ်မျက်နှာအလိုက် သက်ဆိုင်ရာအရပ်ကို မျက်နှာမူပြီး အရပ်ရှစ်မျက်နှာ ပြည့်အောင်လို့ ကိုယ်ခန္ဓာကို တစ်ပတ် လှည့်ရွတ်ကာ မူလ အရှေ့မြောက်ထောင့်ကို ပြန်မျက်နှာမူပြီး ရွတ်ရပါတယ်။**

အရှေ့မြောက်ထောင့် (တနင်္ဂနွေထောင့်)ကစပြီး အဲဒီ တနင်္ဂနွေထောင့် အရှေ့မြောက်ထောင့် အရပ်ကိုပဲ ပြန်ရောက်တာမို့ နဝင်းမိနေပြီး အားလုံးကို အဆင်ပြေပြေ ကာကွယ်စေနိုင်တာပါ။

တချို့ ပုဂ္ဂိုလ်တွေကျတော့ စည်းချပရိတ်တော်တွေကို ရွတ်ဆိုတဲ့အခါ မရွတ်ဆိုမီမှာ ရှေးဦးစွာ…

'ဤ စက္ကမဏ္ဍလပရိတ်တော်များသည် အကျွန်ုပ်အား ဘေးရန်ကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်ပါစေသတည်း'

---

အန္တရာယ်စည်းချဂါထာတော်များ

***(စက္ကမဏ္ဍလ ပရိတ်တော်)***

---

### အရှေ့မြောက်ထောင့်(တနင်္ဂနွေ)

၁။ သမ္ဗုဒ္ဓေါ ကုဋ္ဌိပတ္တာ၊
ပစ္စေကာနဉ္စ ယာ ကုဋ္ဌိ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

### အရှေ့အရပ်(တနင်္လာ)

၂။ သမ္ဗုဒ္ဓေါ ခေမပတ္တာ၊
ပစ္စေကာနဉ္စ ယံ ခေမံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

### အရှေ့တောင်ထောင့်(အင်္ဂါ)

၃။ သမ္ဗုဒ္ဓေါ ဇယပတ္တာ၊
ပစ္စေကာနဉ္စ ယော ဇယော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

### တောင်အရပ်(ဗုဒ္ဓဟူး)

၄။ သမ္ဗုဒ္ဓေါ လာဘပတ္တာ၊
ပစ္စေကာနဉ္စ ယော လာဘော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

### အနောက်တောင်ထောင့်(စနေ)

၅။ သမ္ဗုဒ္ဓေါ တေဇပတ္တာ၊
ပစ္စေကာနဉ္စ ယော တေဇော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

### အနောက်အရပ်(ကြာသပတေး)



www.burmeseclassic.com

www.burmeseclassic.com

၆။ သဗ္ဗေဗုဒ္ဓါ ဗလပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

**အနောက်မြောက်ထောင့်(ရာဟု)**

၇။ သဗ္ဗေဗုဒ္ဓါ ယသပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယော ယသော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

**မြောက်အရပ်(သောကြာ)**

၈။ သဗ္ဗေဗုဒ္ဓါ သိရိပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယာ သိရီ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

**အရှေ့မြောက်ထောင့်(တနင်္ဂနွေ)**

၉။ သဗ္ဗေဗုဒ္ဓါ ကိတ္တိပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယာ ကိတ္တိ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနက်အဓိပ္ပာယ်

၁။ **ကိတ္တိပ္ပတ္တာ၊** တန်ခိုးကိတ္တိပါဒ် အမျိုးမျိုးသို့ ရောက်တော်မူကြကုန်သော။ **သဗ္ဗေ၊** အလုံးစုံကုန်သော။ **ယေ ဗုဒ္ဓါ၊** အကြင် ဘုရားရှင်တို့သည်။ **သန္တိ၊** ရှိတော်မူကြကုန်၏။ **တေသံ ဗုဒ္ဓါနဉ္စ၊** ထို ဘုရားရှင်တို့၏ လည်းကောင်း။

**ပစ္စေကာနဉ္စ၊** ပစ္စေကဗုဒ္ဓါတို့၏ လည်းကောင်း။ **ယာကိတ္တိ၊** အကြင် တန်ခိုးကိတ္တိပါဒ်သည်။ **အတ္ထိ၊** ရှိ၏။ **တာယ ကိတ္တိယာ၊** ထိုတန်ခိုးကိတ္တိပါဒ် ဖြင့် လည်းကောင်း။ **အရဟန္တာနံ၊** ရဟန္တာအရှင်မြတ်တို့၏။ **တေဇေန** **စ၊** တန်ခိုးရှိန်စော် အာနုဘော်ဖြင့် လည်းကောင်း။ **သဗ္ဗသော၊** ခပ်သိမ်းသော အခြင်းအရာများဖြင့်။ **အဟံ၊** ဘုရားတပည့်တော်သည်။ **ရက္ခံ၊** အစောင့်အရှောက်ကို။ **ဗန္ဓာမိ၊** ဖွဲ့ပါ၏။



၂။ **ခေမပ္ပတ္တာ၊** ဘေးရန် လွတ်ကင်း အေးချမ်းခြင်းသို့ ရောက်တော်မူကြကုန်ပြီးသော။ **သဗ္ဗေ၊** အလုံးစုံကုန်သော။ **ယေ ဗုဒ္ဓါ၊** အကြင် ဘုရားရှင်တို့သည်။ **သန္တိ၊** ရှိတော်မူကြကုန်၏။ **တေသံ ဗုဒ္ဓါနဉ္စ၊** ထို ဘုရားရှင်တို့၏ လည်းကောင်း။ **ပစ္စေကာနဉ္စ၊** ပစ္စေကဗုဒ္ဓါတို့၏ လည်းကောင်း။ **ယံ ခေမံ၊** အကြင် ဘေးရန် လွတ်ကင်း အေးချမ်းခြင်းသည်။ **အတ္ထိ၊** ရှိ၏။

**တေန ခေမေန စ၊** ထိုဘေးရန် လွတ်ကင်း အေးချမ်းခြင်းဖြင့် လည်းကောင်း။ **အရဟန္တာနံ၊** ရဟန္တာအရှင်မြတ်တို့၏။ **တေဇေန စ၊** တန်ခိုးရှိန်စော် အာနုဘော်ဖြင့် လည်းကောင်း။ **သဗ္ဗသော၊** ခပ်သိမ်းသော အခြင်းအရာများဖြင့်။ **အဟံ၊** ဘုရားတပည့်တော်သည်။ **ရက္ခံ၊** အစောင့်အရှောက်ကို။ **ဗန္ဓာမိ၊** ဖွဲ့ပါ၏။

၃။ **ဇယပ္ပတ္တာ၊** ငါးပါးမာရ်ကို တွန်းလှန် ဖြိုခွင်း အောင်မြင်ခြင်းသို့ ရောက်တော်မူကြကုန်ပြီးသော။ **သဗ္ဗေ၊** အလုံးစုံကုန်သော။ **ယေ ဗုဒ္ဓါ၊** အကြင် ဘုရားရှင်တို့သည်။ **သန္တိ၊** ရှိတော်မူကြကုန်၏။ **တေသံ ဗုဒ္ဓါနဉ္စ၊** ထို ဘုရားရှင်တို့၏ လည်းကောင်း။ **ပစ္စေကာနဉ္စ၊** ပစ္စေကဗုဒ္ဓါတို့၏ လည်းကောင်း။ **ယော ဇယော၊** အကြင် အောင်မြင်ခြင်းသည်။ **အတ္ထိ၊** ရှိ၏။

**တေန ဇယေန စ၊** ထို အောင်မြင်ခြင်းဖြင့် လည်းကောင်း။ **အရဟန္တာနံ၊** ရဟန္တာအရှင်မြတ်တို့၏။ **တေဇေန စ၊** တန်ခိုးရှိန်စော် အာနုဘော်ဖြင့် လည်းကောင်း။ **သဗ္ဗသော၊** ခပ်သိမ်းသော အခြင်းအရာများဖြင့်။ **အဟံ၊** ဘုရားတပည့်တော်သည်။ **ရက္ခံ၊** အစောင့်အရှောက်ကို။ **ဗန္ဓာမိ၊** ဖွဲ့ပါ၏။

၄။ **လာဘပ္ပတ္တာ၊** လာဘ်ပေါ်များခြင်းသို့ ရောက်တော်မူကြကုန်သော။ **သဗ္ဗေ၊** အလုံးစုံကုန်သော။ **ယေ ဗုဒ္ဓါ၊** အကြင် ဘုရားရှင်တို့သည်။ **သန္တိ၊** ရှိတော်မူကြကုန်၏။ **တေသံ ဗုဒ္ဓါနဉ္စ၊** ထိုဘုရားရှင်တို့၏ လည်းကောင်း။ **ပစ္စေကာနဉ္စ၊** ပစ္စေကဗုဒ္ဓါတို့၏ လည်းကောင်း။ **ယော လာဘော၊**



www.burmeseclassic.com

www.burmeseclassic.com

အကြောင်း လာဘ်ပေါ်များခြင်းသည်။ **အတ္ထိ၊** ရှိ၏။

**တေန လာဘေန စ၊** ထိုလာဘ်ပေါ်များခြင်းဖြင့် လည်းကောင်း။ **အရဟန္တာနဥ္စ၊** ရဟန္တာအရှင်မြတ်တို့၏။ **တေဇေန စ၊** တန်ခိုးရှိန်စော် အာနုဘော်ဖြင့် လည်းကောင်း။ **သမ္ဘသော၊** ခပ်သိမ်းသော အခြင်းအရာများဖြင့်။ **အဟံ၊** ဘုရားတပည့်တော်သည်။ **ရက္ခံ၊** အစောင့်အရှောက်ကို။ **ဗန္ဓာမိ၊** ဖွဲ့ပါ၏။

၅။ **တေဇပ္ပတ္တာ၊** ထက်မြက်ရှိန်စော် အာနုဘော်သို့ ရောက်တော်မူကြကုန်သော။ **သဗ္ဗေ၊** အလုံးစုံကုန်သော။ **ယေ ဗုဒ္ဓါ၊** အကြင် ဘုရားရှင်တို့သည်။ **သန္တိ၊** ရှိတော်မူကြကုန်၏။ **တေသံ ဗုဒ္ဓါနဉ္စ၊** ထို ဘုရားရှင်တို့၏ လည်းကောင်း။ **ပစ္စေကာနဥ္စ၊** ပစ္စေကဗုဒ္ဓါတို့၏ လည်းကောင်း။ **ယော တေဇော၊** အကြင် ထက်မြက်ရှိန်စော် အာနုဘော်သည်။ **အတ္ထိ၊** ရှိ၏။

**တေန တေဇေန စ၊** ထို ထက်မြက်ရှိန်စော် အာနုဘော်ဖြင့် လည်းကောင်း။ **သမ္ဘသော၊** ခပ်သိမ်းသော အခြင်းအရာများဖြင့်။ **အဟံ၊** ဘုရားတပည့်တော်သည်။ **ရက္ခံ၊** အစောင့်အရှောက်ကို။ **ဗန္ဓာမိ၊** ဖွဲ့ပါ၏။

၆။ **ဗလပ္ပတ္တာ၊** အားတော်ဆယ်ပါးနှင့် ပြည့်စုံခြင်းသို့ ရောက်တော်မူကြကုန်သော။ **သဗ္ဗေ၊** အလုံးစုံကုန်သော။ **ယေ ဗုဒ္ဓါ၊** အကြင် ဘုရားရှင်တို့သည်။ **သန္တိ၊** ရှိတော်မူကြကုန်၏။

> **အန္တရာယ်ကင်း**
> **စည်းချဂါထာ**
> **လို့ခေါ်တဲ့**
> **စက္ကမဏ္ဍလ**
> **ပရိတ်တော်**
> **များကို...**

**တေသံ ဗုဒ္ဓါနဥ္စ၊** ထို ဘုရားရှင်တို့၏ လည်းကောင်း။ **ပစ္စေကာနဥ္စ၊** ပစ္စေကဗုဒ္ဓါတို့၏ လည်းကောင်း။ **ယံ ဗလံ၊** အကြင်အား အစွမ်းသည်။ **အတ္ထိ၊** ရှိ၏။

**တေန ဗလေန စ၊** ထိုအား အစွမ်းဖြင့် လည်းကောင်း။ **အရဟန္တာနံ၊** ရဟန္တာအရှင်မြတ်တို့၏။ **တေဇေန စ၊** တန်ခိုးရှိန်စော် အာနုဘော်ဖြင့် လည်းကောင်း။ **သမ္ဘသော၊** ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ **အဟံ၊** ဘုရားတပည့်တော်သည်။ **ရက္ခံ၊** အစောင့်အရှောက်ကို။ **ဗန္ဓာမိ၊** ဖွဲ့ပါ၏။

၇။ **ယသပ္ပတ္တာ၊** အခြံအရံ အကျော်အစောသို့ ရောက်တော်မူကြကုန်သော။ **သဗ္ဗေ၊** အလုံးစုံကုန်သော။ **ယေ ဗုဒ္ဓါ၊** အကြင် ဘုရားရှင်တို့သည်။ **သန္တိ၊** ရှိတော်မူကြကုန်၏။ **တေသံ ဗုဒ္ဓါနဥ္စ၊** ထို ဘုရားရှင်တို့၏ လည်းကောင်း။ **ပစ္စေကာနဥ္စ၊** ပစ္စေကဗုဒ္ဓါတို့၏ လည်းကောင်း။ **ယော ယသော၊** အကြင် အခြံအရံ အကျော်အစောသည်။ **အတ္ထိ၊** ရှိ၏။

**တေန ယသေန စ၊** ထိုအခြံအရံ အကျော်အစောဖြင့် လည်းကောင်း။ **အရဟန္တာနံ၊** ရဟန္တာအရှင်မြတ်တို့၏။ **တေဇေန စ၊** တန်ခိုးရှိန်စော် အာနုဘော်ဖြင့် လည်းကောင်း။ **သမ္ဘသော၊** ခပ်သိမ်းသော အခြင်းအရာများဖြင့်။ **အဟံ၊** ဘုရား တပည့်တော်သည်။ **ရက္ခံ၊** အရံအတား အစောင့်အရှောက်ကို။ **ဗန္ဓာမိ၊** ဖွဲ့ပါ၏။

၈။ **သိရိပ္ပတ္တာ၊** လက္ခဏာကြီးငယ်၊ ရောင်ခြောက်သွယ်တို့ဖြင့် တင့်တယ်ခြင်း အသရေသို့ ရောက်တော်မူကြကုန်သော။ **သဗ္ဗေ၊** အလုံးစုံကုန်သော။ **ယေ ဗုဒ္ဓါ၊** အကြင် ဘုရားရှင်တို့သည်။ **သန္တိ၊** ရှိတော်မူကြကုန်၏။ **တေသံ ဗုဒ္ဓါနဥ္စ၊** ထို ဘုရားရှင်တို့၏ လည်းကောင်း။ **ပစ္စေကာနဥ္စ၊** ပစ္စေကဗုဒ္ဓါတို့၏ လည်းကောင်း။ **ယာ သိရီ၊** အကြင် အသရေတော်သည်။ **အတ္ထိ၊** ရှိ၏။

**တာယ သိရိယာ စ၊** ထိုအသရေတော်ဖြင့် လည်းကောင်း။ **အရဟန္တာနံ၊** ရဟန္တာအရှင်မြတ်တို့၏။ **တေဇေန စ၊** တန်ခိုးရှိန်စော် အာနုဘော်ဖြင့် လည်းကောင်း။ **သမ္ဘသော၊** ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ **အဟံ၊** ဘုရား တပည့်တော်သည်။ **ရက္ခံ၊** အရံအတား အစောင့်အရှောက်ကို။ **ဗန္ဓာမိ၊** ဖွဲ့ပါ၏။

**ဦးမင်းအောင်**



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းစွဲသေ၍

# တက်တာများ

စားနေရသူ

သွန်းဝင်း
(နတ်တာလင်း)



ပုထုဇဉ်သတ္တဝါဟူသမျှ သက္ကာယဒိဋ္ဌိ ငါစွဲ မပြုတ်တတ်ကြပေ။ မမြဲသော ငါကို မြဲသည့်အလား တငါငါနှင့် စွဲတတ်သကဲ့သို့ ပစ္စည်းဥစ္စာများကိုလည်း ငါ့အိမ်၊ ငါ့ခြံ၊ ငါ့ပစ္စည်း၊ ငါ့ဇနီး၊ ငါ့ခင်ပွန်း၊ ငါ့သား,သမီး စသဖြင့် ငါစွဲဖက်ကာ ကိုယ်ပိုင်ပစ္စည်းအဖြစ် စွဲမှတ်မှားကြလေသည်။

ထိုသို့ စွဲမှတ်မှားခြင်းသည် အမှန်မဟုတ်၍ သတိတရား လက်ကိုင်ထား၍ ငါဆိုတာ မရှိသလို ငါ့ဥစ္စာ ငါ့ပစ္စည်းဆိုတာလည်းမရှိဟု အမှန်မြင်ပြီး အစွဲတရား ကင်းစွာဖြင့် သေလွန်မှသာ အပါယ်လေးဘုံမှ လွတ်ကင်းမည်ဟု မြတ်စွာဘုရားက ဟောကြားခဲ့သည်။

သို့သော် ပုထုဇဉ်ပီပီ ငါစွဲမပြုတ်ဘဲ ပစ္စည်းဥစ္စာပေါ် တပ်မက်စွဲလန်းမှုဖြင့် သေသွားခဲ့သဖြင့် အပါယ်လေးဘုံသား တိရစ္ဆာန်ခွေးအဖြစ် ရောက်ရသည့် သူဌေးကြီး တစ်ဦးလည်း ရှိခဲ့ကြောင်း မြတ်စွာဘုရား၏ တရားတော်အရ သိရှိနိုင်ပေသည်။

စာရေးသူ ယခု တင်ပြလိုသည်မှာ ထိုအကြောင်းနှင့် နီးနွယ်သည့် ယခုပစ္စုပ္ပန်လောကမှ ကိုယ်တွေ့ဖြစ်ရပ် တစ်ခု ဖြစ်ပါသည်။

ပြည်မြို့ ကိုးသောင်းရပ်ကွက်တွင် ဦးချမ်းသာဆိုသော ပုဂ္ဂိုလ်တစ်ဦးရှိသည်။ နာမည်က ဦးချမ်းသာဖြစ်သလို ပစ္စည်းဥစ္စာ,သားသမီးကလည်း ပြည့်စုံကုံလုံလှသူဖြစ်သည်။

သူကိုယ်တိုင် စီးပွားရေးလုပ်ငန်းနှင့် ကြီးပွားချမ်းသာပြီးသားသမီး,ချွေးမ,သမက်များကလည်း ကျောင်းဆရာ, ဆရာမဝန်ထမ်းတွေ ဖြစ်သည်။

သူနေရာသူ့ပတ်ဝန်းကျင်ဝယ် ဂုဏ်သရေရှိ တင့်တယ်ဝင့်ထည်သည့် လူချမ်းသာတစ်ဦးဖြစ်သော ဦးချမ်းသာသည် စည်းစနစ်ကြီး၏။ အလှူအတန်းရက်ရော၏။ ဘုန်းကြီးကျောင်း ဘုရားပုထိုးများမှာ သူလှူဒါန်းထားသော ဇရပ်၊ တန်ဆောင်း၊ ကျောင်း၊ ဘုရားများ များစွာရှိသည်။

သို့ရာတွင် ဦးချမ်းသာသည် မည်မျှပင် သဒ္ဓါတရားထက်သန်စွာ လှူဒါန်းမှုများ ရှိခဲ့စေကာမူ ပုထုဇဉ်



www.burmeseclassic.com

www.burmeseclassic.com

သဘာဝ ငါ့အိမ်၊ ငါ့ခြံ၊ ငါ့ပစ္စည်းတို့အပေါ်တွင်တော့ စွဲလမ်းမှု ရှိခဲ့လေသည်။

ဦးချမ်းသာသည် ပစ္စည်းဥစ္စာမည်မျှပင် ချမ်းသာသော်လည်း သဓါရနယ်မှ လူသားတစ်ဦးဖြစ်ရကား အနိစ္စတရားကို မလွန်ဆန်နိုင်ဘဲ ရုတ်တရက် သေဆုံးသွားခဲ့လေသည်။

ဇနီးမယား, သမီးသား, ချွေးမသမက်တို့က ထုံးစံအတိုင်း သေဆုံးသူဦးချမ်းသာအတွက် ရည်ရွယ်၍ ဆွမ်းကျွေး ရေစက်ချ အမျှဝေ ပြုလုပ်ပေးခဲ့ပါသည်။

မသေမီကာလကလည်း အလှူရေစက် လက်နှင့်မကွာ လှူဒါန်းခဲ့သူဖြစ်သဖြင့် ဦးချမ်းသာတစ်ယောက် သုဂတိဘုံဘဝတစ်ခုခုသို့ ရောက်လိမ့်မည်ဟု မိသားစုများက မှတ်ယူထားကြလေသည်။

သို့သော် မထင်မှတ်သော အဖြစ်အပျက်တစ်ခုက ကျန်ရစ်သူမိသားစုကို ပူပင်သောကများစေခဲ့လေသည်။ တစ်နေ့မှာ ဦးချမ်းသာ၏ မြေးမလေးတစ်ဦးအား တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ဝင်ပူးကပ်လိုက်လေသည်။

ထိုမြေးမလေး၏ ဝင်ပူးကပ်သူပြောစကားများအရ ပူးကပ်သူမှာ ဦးချမ်းသာကိုယ်တိုင်ဖြစ်ကြောင်း အားလုံးသိကြရတော့သည်။

**ဦးချမ်းသာက မြေးမလေးထံပူးကပ်၍ သူ့မှာ နေထိုင်စရာ နေရာမရှိကြောင်း၊ အစားအသောက်လည်း ဆင်းရဲကြောင်း၊ သမက်လုပ်သူ ကျောင်းဆရာကျွေးသော ဝက်စာများကို ကပ်စားနေရကြောင်း ပြောသောအခါ သားသမီးများက ထိတ်လည်းလန့်၊ ရက်လည်းရက်နှင့် ငိုကြွေးကြလေသည်။**

သမီးလုပ်သူများက…

'အဖေ့အလှူတွေ ရှိခဲ့တယ်လေ။ လှူဒါန်းခဲ့တဲ့ ကျောင်းကန်ဇရပ် ဗိမာန်တွေမှာ သွားနေလို့ မရဘူးလား။ အဲဒီမှာ နေပါလား'

ဆိုတော့ ဦးချမ်းသာက…

'အဲဒီဗိမာန်တွေမှာ ငါနေဖို့ နေရာမရှိဘူး။ သူလှူနဲ့သူပြည့်ကျပ်လို့ အစားလဲ ဘယ်သူမှ မကျွေးကြဘူး။ ဒါနဲ့ ငါသားသမီးတွေဆီ ပြန်လာပြီး သမက်ဝက်မွေးပြီး ကျွေးတဲ့ဝက်စာကို ကပ်စားနေရတယ်'

ဟု ပြောလေသည်။ ကိုင်း… ဘာများတတ်နိုင်ပါသနည်း။

ဦးချမ်းသာကိုယ်တိုင် ဝင်ပူးကပ်ပြောတာဆိုတော့ မယုံလို့မရ၊ သေသေချာချာ တိတိကျကျတွေပြောတာမို့ မိသားစုအားလုံး အထင်နှင့်အမြင်လွဲကာ စိတ်မကောင်းဖြစ်ကြရသည်။

ပြီးတော့ သားသမီးများက…

'အဖေ့အတွက် ဆွမ်းသွပ် အမျှဝေလုပ်ပေးပါတယ်။ တရားနာပြီး သာဓု… မခေါ်ရဘူးလား'

ဟုမေးတော့ သူ့ကို မိန်းမကြီးတစ်ဦးက ဆွဲထားကြောင်း ဆွမ်းသွပ်တရားနာ ဖိတ်တာသိပေမယ့် သွားခွင့်မရ၍ တရားမနာ၊ သာဓုမခေါ်ရကြောင်း ပြောပြသည်။

ထိုအကြောင်းကို ဆရာတော်တစ်ပါးထံ မိသားစုဝင်များက လျှောက်ထားမေးမြန်းကြည့်ရာ ဒကာကြီးဦးချမ်းသာသည် သက်ရှိထင်ရှားရှိစဉ်က လှူဒါန်းမှုများရှိခဲ့သော်လည်း သေဆုံးချိန်တွင် ပစ္စည်းဥစ္စာ ငါစွဲကြီးခဲ့သောကြောင့် ယခုလို မကျွတ်လွတ်သောဘဝမှာ အနေဆင်းရဲ အစားဆင်းရဲနေရခြင်းဖြစ်ကြောင်း မိန့်ကြားခဲ့ပါသည်။

ထို့ကြောင့် ကျန်ရစ်သူမိသားစုမျာ ဦးချမ်းသာ ဤဘဝမှလွတ်မြောက်မည့်အချိန်ကို ရည်မှန်းကာ ကောင်းမှုကုသိုလ်များ ရည်စူးလုပ်ပေးရင်း အမျှအတန်းဝေရသည့် အလုပ်ကို အခါအခွင့်ကြုံတိုင်း လုပ်ပေးခဲ့ရပါသည်။

ဦးချမ်းသာအစွဲဖြင့် ဖြစ်တည်နေရသောဘဝမှ လွတ်မြောက်ပြီး သုဂတိဘုံတစ်ခုခုမှာ ရရှိခံစားရပါစေကြောင်း ဆုတောင်းအမျှဝေ လုပ်ပေးနေခဲ့ရပါသည်။

သေလွန်ခါနီးတွင် ပစ္စည်းဥစ္စာအပေါ် တပ်မက်စွဲလမ်းမှုဆိုးကျိုးကား နောက်တမလွန်ဘဝအတွက် အလွန်ကြောက်စရာကောင်းလှပါတကား…။

သို့ဖြစ်၍ မြတ်စွာဘုရား၏ တရားတော်အတိုင်း ငါဆိုတာ မရှိ၍ ငါ့ဥစ္စာပစ္စည်းဆိုတာလည်း မရှိဟု မှန်ကန်စွာ အမြဲနှလုံးသွင်းမှသာ ဘဝကူးကောင်းမည်ဖြစ်ပေသည်။

***(ဖြစ်ရပ်မှန်ကို အမည်နှင့် နေရပ်များ ပြောင်းထားပါသည်။)***

**ညွှန့်ဝင်း** ***(နတ်တလင်း)***



www.burmeseclassic.com

www.burmeseclassic.com



▲ မြလေးသိမ်တော်

ကိုမြဒွေး
(ပေါင်းလောင်းမြေ)

ရှေးဟောင်း အောက်မေ့ဖွယ်

# မြလေးသိမ်တော်

မန္တလေးမြို့သို့ ရောက်ခိုက် မိတ်ဆွေကြီး ဦးမောင်မောင်သန်း မြကျောက်ရေသန့် အလှူရှင်နှင့် ဆုံခဲ့ပါသည်။

သူမှ…

'စာရေးဆရာလေး…မနက်ဖြန် စစ်ကိုင်းတောင်ရိုးရှိ ချောင်များက ကျောင်းများကို ရေသန့်လှူမယ့်ရက်နဲ့ ကြုံနေတယ် လိုက်မလား'

ဟု ဖိတ်ခေါ်ပါသည်။ စာရေးသူလည်း အလျှင်းသင့်သွားပါသည်။

နောက်နေ့ မန္တလေး သူ၏အိမ်ရှိရာ ချမ်းမြေ့သာစည်မြို့နယ်၊ မြို့သစ် ဇေတဝန်ကလမ်းမှ ခရီးစဥ်စလိုက်ကြပါသည်။

ဦးမောင်မောင်သန်းပိုင် လင်ရိုဗာကားလေးဖြင့် ရေသန့်ပုံးများ တင်ဆောင် ထွက်ခွာလာခဲ့ရာ စစ်ကိုင်းတံတားကြီးသို့အရောက် အနောက်ဘက်ကမ်း တောင်ရိုးတစ်ခွင်က ရွှေရောင်ဝင်းဝင်းနှင့် စေတီများ ထုံးဖွေးဖွေးနှင့် စေတီများ သာသနအဆောက်အအုံများနှင့် စိတ်ထဲကြည်နူးစရာ ဖြစ်နေပါသည်။

စစ်ကိုင်းဘက်ကမ်း အရောက်မှာတော့ ကျွန်တော်တို့ စီးလာသော ကားလေး ညာဘက်သို့ ချိုးကွေ့လိုက်ပြီး **မင်းကွန်းသို့ သွားရာလမ်းအတိုင်း** ဦးတည်လိုက်သည်။

ပထမဦးဆုံး **ဇေယျသိဂီချောင်အရှေ့ ဣန္ဒာသယတိုက်**သို့ မြကျောက်ရေသန့်များ ဝင်လှူကြသည်။ သီလရှင်ကြီးဒေါ်ပုဏ္ဏမိ (တိုက်အုပ်)မှ ဝမ်းသာစွာ ရေသန့်များ အလှူခံယူပါသည်။

ထိုမှ တစ်ဆင့် ခရီးဆက်ခဲ့ရာ မကြာမီ **ဝမ္ဗိကချောင်**သို့ ရောက်ခဲ့သည်။ ကျောင်းနာမည်က **မြလေးသိမ်ကျောင်း**ပါ။

ဦးမောင်မောင်သန်းမှ…

'အရှေ့ဘက်ရှိ ကုန်းပေါ်တက်ကြည့်ဦး။ အဲဒီမှာ ရှေးဟောင်း မြလေးသိမ်ရှိတယ်'

ဟု ဆိုလာသဖြင့် အရှေ့ဘက် ပေ(၃၀)ခန့် မြင့်သော



www.burmeseclassic.com

www.burmeseclassic.com

နေရာသို့ စာရေးသူနှင့်အတူ ကျောင်းထိုင်ဆရာတော် ဦးသုန္ဒရတို့ တက်ခဲ့ကြပါသည်။

သိမ်တော်ရှိရာသို့ အောက်ခြေမှ လှမ်းကြည့်လျှင် သစ်ပင်များ အုပ်ဆိုင်းနေသောကြောင့် မမြင်ပါ။

သိမ်၏ အဆောက်အအုံမှာ အလျားအနံ ပတ်လည် ပေ(၃၀)နှင့် အမြင့်(၃၅)ပေခန့်ရှိသည်။ ဆရာတော် ဦးသုန္ဒရမှ သူသိသမျှ ပြောပြသည်မှာ...

'အခုမြင်နေရတဲ့ မြလေးသိမ်ဟာ အုတ်နံရံထောင့်အချိုးနဲ့ ပန္နက်ခုံသာ ကျန်တော့ပြီး နောက်အလှူရှင်များက ရေးကမီခဲ့သူများ မြင်ခဲ့ဖူးသူ သက်ကြီးရွယ်အိုများကို မေးမြန်းပြီး ပုံစံတူ ပြန်ပြင်ခဲ့တာ'

ဟု ဆိုပါသည်။ သိမ်၏ အရှေ့ဘက်မှာတော့ မော်ကွန်းကျောက်စာ တစ်ချပ်ရှိနေပြီး ထိုကျောက်စာထဲမှာတော့ **တတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့သော ကုန်းဘောင်မင်းဆက် (၁၁)ဆက်ရှိရာ (၈)ဆက်မြောက် ထီးနန်းစိုးစံခဲ့သူ သာယာဝတီမင်း သို့မဟုတ် ကုန်းဘောင်မင်း(၀ါ)ရွှေဘိုမင်း ၁၁၄၈–၁၂၀၈ ခုနှစ် မင်းရဲ့မိဖုရားဖြစ်တော်မူသော သုရတနာ စန္ဒာဒေဝီ ဘွဲ့ခံ အနောက်နန်းမတော်မမြလေး ၁၁ရ၁–၁၂၀ရ ပြည့်နှစ်၏** ကောင်းမှုကုသိုလ် အမှန်ဖြစ်ကြောင်း ရေးထိုးထားတာ တွေ့ရပါသည်။

ကျောက်စာ၏ တစ်ဖက်မျက်နှာမှာတော့ ခေတ်အဆက်ဆက် ပြုပြင်ခဲ့သော ကောင်းမှုရှင်များ၏ အမည်နာမများကို ရေးထိုးထားပါသည်။

ဆရာတော်ဦးသုန္ဒရမှ...

'သိမ်ရဲ့ အနောက်ဘက်မှာ ပုံတော်စေတီရှိသေးတယ်'

ဟု အမိန့်ရှိသောကြောင့် နောက်ဘက်သို့ ရောက်ခဲ့ပြန်သည်။

သိမ်နှင့် ကပ်လျက် စေတီတစ်ဆူကို တွေ့ရသည်။ စေတီတော်ပုံမှာ စစ်ကိုင်းကောင်းမှုတော် စေတီကြီးနှင့် ပုံစံတူ တည်ထားတာမို့ ပုံတော်စေတီဟု ခေါ်ကြောင်း သိခဲ့ရပါသည်။

ကျောင်းထိုင်ဆရာတော် ဦးသုန္ဒရ အရှင်မြတ်အား ဦးခိုက်၍ အပြန်သို့ ခရီးနှင်ခဲ့ကြပါတော့သည်။

**ကိုမြသွေး(ပေါင်းလောင်းမြေ)**


**ဆရာကြီးဦးအောင်မြင့် [ဥပဒေဘွဲ့]၏**

**စာအုပ်များ ထွက်နေပါပြီ**

- **စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြဲလက်မှတ်များ (အမှတ်–၁)**
  *စာမူခွင့်ပြုချက်–၄၀၁၀၀၈၀၉၀၈၊*
- **မြန်မာပြည်အရပ်ရပ်မှ ပုဂ္ဂိုလ်ထူးများ၏ ကိုယ်တွေ့ အစီရင်ခံကျင့်စဉ်များ (အမှတ်–၁) (အမှတ်–၂)**
  *စာမူခွင့်ပြုချက်–၃၂၀၆၄၀၀၉၀၉၊*
- **လက္ခဏာပညာရှာဖွေတော်မှ မိန်းမတို့အကြောင်း**
  *စာမူခွင့်ပြုချက်–၄၀၀၁၁၂၀၃၁၀၊*

ဖြန့်ချိရေး

**နက္ခတ္တရောင်ခြည်စာအုပ်တိုက်**

အမှတ်–၂၁၁(ပထမထပ်)၊ ၂၉–လမ်း(အထက်)၊ပန်းဘဲတန်းစာတိုက်၊ရန်ကုန်မြို့။ ဖုန်း ၀၉–ရရ၆၁၃၄၉ရ၈၅၊ ၀၉–၄၄၁၂၅ရ၂၂၀။




www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ငယ်စဉ်က နေထိုင်ခဲ့သည့် ဇာတိမွေးရပ် မြေလတ်မြို့ရှိ အိမ်ခြံဝန်း၏ အနောက်ဘက်တွင် ကန္တာရဆူးပင်တောကြီးရှိ၏။

ထိုကန္တာရဆူးပင်တောထဲတွင် မြွေမွေး၊ မြွေဟောက်၊ လင်းမြွေ၊ မြွေစိမ်း၊ ငန်းတော်ကျားမြွေ စသည်တို့ မြွေအမျိုး စုံလှ၏။

ထိုမြွေမျိုးစုံတို့သည် ကျွန်တော် နေထိုင်ရာ ခြံဝန်းထဲသို့ လှုပ်ရှားသွားလာ အစာရှာတတ် သည်သာမက လူလစ်လျှင် လစ်သလို နေအိမ်အတွင်းသို့လည်း ဝင်လာတတ်သည်။

မြွေမျိုးစုံ ပေါလှသည့် နေရာဖြစ်သည့်အတွက် ကျွန်တော်၏ အဘွားဖြစ်သူ ဒေါ်သန်းသန်းသည် မိသားစုဝင်များအား ခန္ဓသုတ်တော်ကို အလွတ်ကျက်မှတ်စေကာ နေ့စဉ် ရွတ်ပွားသရဇ္ဈာယ်ခိုင်း၏။

**''ခန္ဓ''**ဆိုတဲ့ အဓိပ္ပာယ်ကတော့ **''အစု''**ဖြစ်သည်။ မြွေများကို အထူးသဖြင့် မေတ္တာပို့သည့်စကားအစုဖြစ်၍ ''ခန္ဓသုတ်''ဟု ခေါ်ဆိုသည်။

ခန္ဓသုတ်သည် မြွေအန္တရာယ် ကာကွယ်ဆေး၊ မြွေဆိပ်ကျဆေးများကဲ့သို့ အစွမ်းသတ္တိ ရှိလေသည်။

ခန္ဓသုတ်သည် အဆိပ်ရှိသည့် သတ္တဝါတွေကို အဓိကထားပြီး မေတ္တာပို့ခြင်း ဖြစ်သည်။

အဘွားဖြစ်သူ လမ်းညွှန်သည့်အတိုင်း အိမ်သားအားလုံးသည် ခန္ဓသုတ်တော်ကို ယုံယုံကြည်ကြည် ရွတ်ဖတ်သရဇ္ဈာယ်သည့်အတွက် မြွေမျိုးစုံနှင့် ကြုံတွေ့

ဇော်သူကျော်

# ထိုလတွေ့ ခန္ဓသုတ်တော်အရှင်း

ရသော်လည်း ရန်မူသည်ကို မခံရပေ။ ယင်းတို့ကို အချိန်မီ တွေ့ရှိကာ ရှောင်ရှားနိုင်ခဲ့ကြသည်။

တစ်နေ့ အဘွားဖြစ်သူသည် ရေချိုးအပြီး သနပ်ခါးလိမ်းရန် ကျောက်ပျဉ်အနားသို့အလာ ကျောက်ပျဉ်ပတ်လည် ရေဆင်းမြောင်းတွင် ကြိုးခွေတစ်ခုကို ကလေးဖြစ်သူ ကျွန်တော် ဆော့ကစားကာ တင်ထားသည်



www.burmeseclassic.com

www.burmeseclassic.com

အမှတ်ဖြင့် ဆွဲယူကာ ဖယ်လိုက်သည်။

ထိုစဉ်က အဘွားဖြစ်သူသည် အသက်(၇၀)ကျော် နေပေပြီ။ ရေချိုးပြီးခါစ ပါဝါမျက်မှန်တပ်မထား၍ ကျောက်ပျဉ်ပတ်လည်တွင် ကြိုးခွေအမှတ်ဖြင့် ယူလိုက်သော အရာသည် ပျော့စိစိဖြင့် မြွေတစ်ကောင်မှန်း သိသောအခါ အဘွားသည် လန့်သွားပြီး ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ အလျင်အမြန် လွှင့်ပစ်လိုက်လေသည်။

အဘွားဖြစ်သူသည် မြွေကို ခေါင်းပိုင်းက ကိုင်မိသလား...ကိုယ်လုံးပိုင်းက ကိုင်မိသလား...ဘယ်နေရာက ဆုပ်ကိုင်မိမှန်း မသိသော်လည်း အဘွားလက်အား မြွေ၏ကိုက်ခဲခြင်း မခံရပေ။

အဘွားဖြစ်သူက...

'ခန္ဓသုတ်တော် အမြဲရွတ်လို့ မြွေကိုက်မခံရတာ'

ဟု ပြောလေ၏။

နွေရာသီ ပူအိုက်သော ညတစ်ည သန်းခေါင်ယံအချိန်တွင် ဦးလေးဖြစ်သူ ဦးသန်းထွန်းကျော်သည် ရေဆာသဖြင့် အိပ်ပျော်နေရာမှ နိုးသွားပြီး သောက်ရေအိုး(မြေအိုး)ဆီသို့ ရေသောက်ရန် သွားလေ၏။ သောက်ရေအိုးကို ကော်ပန်းကန်ပြားဖြင့် ဖုံးအုပ်ထားသည်။

ဦးလေးဖြစ်သူသည် ရေအိုးအဖုံးကို လှပ်ကာ ရေခွက်ဖြင့် ရေခပ်ရန်လုပ်စဉ် ရေအိုးအတွင်း ရေလှုပ်ခတ်သံ ကျယ်လောင်စွာ ကြားသဖြင့် ရေမခပ်တော့ဘဲ ရေအိုးအတွင်းသို့ ဓာတ်မီးဖြင့် ထိုးကြည့်ရာ **မြွေတစ်ကောင် ရေအိုးထဲ ရောက်နေသည်ကို** ထိတ်လန့်ဖွယ် တွေ့လိုက်ရသည်။

မြွေသည် ပေါ့ပါးသော ကော်ပန်းကန်ပြားအဖုံးကို တိုးဝင်ကာ ရေအိုးထဲ ဝင်နေခြင်းဖြစ်သည်။ မြွေမှာ အမြီးတုတ်သဖြင့် မြွေဆိုးတစ်ကောင်ဖြစ်သည်။

ဦးလေးဖြစ်သူသာ သတိမထားမိဘဲ ရေအိုးထဲ ရေခပ်လိုက်လျှင် မြွေက ကိုက်လိုက်မည်ဖြစ်သည်။ ဦးလေးသည် မြွေကို မသတ်ဘဲ ခြံဝန်းအနောက်ဘက် တောထဲသို့ လွှတ်လိုက်လေသည်။

တစ်နေ့ ကျွန်တော် ခြံဝန်းအတွင်း အနောက်ဘက်သို့အသွား တစ်နေရာအရောက် အောက်သို့ ငုံ့ကြည့်လိုက်ရာ...

'ဟာ...အမယ်လေး'

ကျွန်တော် ခေါင်းနားပန်းကြီးကာ အလွန် လန့်သွားသည်။ တစ်ကိုယ်လုံး အကွက်များဖြင့် မြွေပွေးကြီး တစ်ကောင် ခွေနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ အောက်သို့ ငုံ့မကြည့်ဘဲ ဆက်သွားလျှင် မြွေပွေးအား ကျွန်တော် နင်းမိပေတော့သည်။

ထိုမြွေပွေးအား တုတ်ရှည်ရှည်ဖြင့် ကျွန်တော် ခြောက်လှန့်ကာ ခြံပြင်သို့ ထွက်သွားစေသည်။ ထိုသို့ မြွေဆိုးများကို ကျွန်တော် နင်းမိမလို ဖြစ်ကာ နှစ်ကြိမ်၊ သုံးကြိမ်ပင် ဖြစ်သည်။

ကျွန်တော် မာလကာပင်ပင်ပေါ်တက်၍ မာလကာသီးခူးသည့် အခါများတွင်လည်း မြွေစိမ်းကို ကိုင်မိမလို ဖြစ်လိုက်၊ မြွေစိမ်းနှင့် မျက်နှာချင်းဆိုင်(တစ်ထွာအကွာ) တွေ့လိုက် ဖြစ်သည်မှာ ခဏခဏပင်။

ထိုအခါ ကျွန်တော် ကြောက်လန့်ပြီး မာလကာပင်ပေါ်မှ ခုန်ချခဲ့ရ၏။ သစ်ရွက်ခြောက်အမှိုက်များ ပုံထားသည့်အပေါ် ရွှံ့မြေအပျော့ပေါ်သို့သာ ကျသဖြင့် ကျွန်တော် ခြေထောက် မကျိုးမပဲ့ခြင်း ဖြစ်သည်။

တစ်ခါတွင်လည်း ကျွန်တော် ရေအုတ်ကန်၌ ပန်းကန်ခွက်ယောက်များ ဆေးကြောနေစဉ် လူကြီးလက်မောင်းလုံးအရွယ် တုတ်၍ ရှည်လျားသော လင်းမြွေကြီးတစ်ကောင် ကျွန်တော့်ခြေထောက်နားမှ ဖြတ်ပြေးသွားသည်။

ကျွန်တော်လည်း ကြောက်လန့်ပြီး ထခုန်ပြေးရာ လင်းမြွေပြေးရာ လမ်းကြောင်းဘက် ယောင်ပြီး အပြိုင်လိုက်ပြေးမိသဖြင့် ကြောက်အားထက် ရယ်အားသန်ခဲ့ရပါသည်။

ကျွန်တော်တို့ မိသားစုဝင်အားလုံး ထိုနေအိမ်ခြံဝန်းတွင် နှစ်ပေါင်းများစွာ နေထိုင်စဉ်အတွင်း **မြွေမျိုးစုံနှင့် ကြုံတွေ့ခဲ့ရသော်လည်း ဘေးအန္တရာယ် တစ်ကြိမ် တစ်ခါမျှ မဖြစ်ခဲ့သည်မှာ အလွန်ပင် ထူးခြား ဆန်းကြယ်လှပါသည်။**

ထိုသည်မှာ **ခန္ဓသုတ်တော်ကို ယုံယုံကြည်ကြည်** ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကြောင့် မြွေအန္တရာယ်ကင်းဝေးခဲ့ရသည်မှာကျွန်တော့်ကိုယ်တွေ့ပင် ဖြစ်လေတော့သည်။

**ဇော်သူကျော်**





www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော် အရက်သမား

ထွန်းကြည် (ဟသ်ာတ)

ဟုတ်ပါသည်... ကျွန်တော် အရက်သမား ဖြစ်ခဲ့ဖူးပါသည်။ ငယ်စဉ်ကတော့ တစ်ခါတစ်ရံ အပေါင်းအသင်း ကောင်းလျှင် အားနာပါးနာနှင့် ဝင်ပြီး ဝိုင်းဖူးပါသည်။ မိတ်ဖြစ်ဆွေဖြစ် သဘောပါ ပါပဲ။

အသက်(၃၀)ကျမှ အရက်သမား လုံးလုံး ဖြစ်လာပါသည်။ ဒါကလည်း ကျွန်တော် စနေသားဆိုတော့ မဟာဘုတ်ဂြိုဟ်ခွင်အရ အသက် (၃၀)မှာ ရာဟုထဲကို စ,ဝင်သည့် ကာလဖြစ်၍ပဲ ထင်ပါသည်။

ကံကြမ္မာဖန်လာပုံက ယခင် တာကလေးရပ်ကွက် စားသုံးသူ သမဝါယမအသင်းဆိုင် မန်နေဂျာ ဘဝမှ ဟသ်ာတခရိုင် လက်ကား သမဝါယမအသင်းသို့ ကူးပြောင်းစ ကာလ ဖြစ်ပါသည်။

ဖက်စပ်တို့ ဝန်ထမ်းသက်သာ ဆိုင်တို့နှင့် အပြိုင်အဆိုင် ဖြစ်သည်။ သူများမလုပ်သည့် လုပ်ငန်း လုပ်မည်ဆိုပြီး နိုင်ငံခြားအရက်လိုင်စင်ကို ဟသ်ာတကလပ်အသင်းက ဆွဲနေကျကို ဝင်ဆွဲလုရာ (၇၀၀၀) ကျပ်နှင့် ရခဲ့ပါသည်။

လိုင်စင်စည်းကမ်းအရ ပတ်ချင် ခွက်ချင် မရောင်းရ။ သေတ္တာလိုက် မရောင်းရ။ ပုလင်းလိုက်သာ ရောင်းရပါသည်။

ဟသ်ာတ ကလပ်တွေကိုတော့ နားလည်မှုနှင့် ရောင်းပေးရပါသည်။ ဆက်သွယ်ပုံကတော့ ကလပ်အကြီးအကဲ၏စာ ပါရပါသည်။ ငွေကို ခေါက်ပြန်ချေရှင်းရပါသည်။

ရဲကလပ်အသင်း၏ အဝယ်တော်က ရဲအုပ်ဦးထွန်းအောင် ဖြစ်ပါသည်။ အဲဒီမှာ ပြဿနာတက်ပါသည်။ တစ်နေ့ ဦးထွန်းအောင် မျက်စိမျက်နှာပျက်ပြီး ပေါက်ချလာပါသည်။

ကြွေးတောင်းသည့် စာရွက်ကလေး ထုတ်ပြပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့မှာ ကြွေးလက်ကျန် မရှိပါဘူး။ အကျေရှင်းပြီးသားပဲ။ အခု ကျွန်တော့်နာမည်နဲ့ ကြွေးတောင်းခံရတယ်။ ကြည့်လုပ်ပေးပါဦးဗျ'

ကျွန်တော်က အရက်တာဝန်ခံ အာလာဒင်ကို ခေါ်ပြီးပြတော့ ''ရဲဦးထွန်းအောင် မဟုတ်ဘူး၊ လူဦးထွန်းအောင်''ဟု ပြောပါသည်။

''ခင်ဗျား လုပ်ပုံကတော့ ကျွန်တော် မိအေးနှစ်ခါနာ ဖြစ်နေပြီ''ဆိုပြီး ဒေါပွပါသည်။ ''သူက ကုလားမို့ ဗမာရေ မလည်လို့ပါ''ဟု မနည်း တောင်းပန်လိုက်ရပါသည်။

ကျွန်တော်လည်း အဲဒီ အရက်ရောင်းတာက စ,တာပါ။ အရာရှိဆိုတာ မိန်းမကြောက်တတ်သည်ဆိုတာလည်း အဲဒီကျမှ နဖူးတွေ့ဒူးတွေ့ သိရပါသည်။ ပုလင်းကို အိမ်မယူရဲတော့ ကျွန်တော့်နောက်ဘက်က ဗီရိုမှာထည့်ပြီး အပ်ထားပါသည်။

ရုံးဆင်းတော့ ဆိုဒါပုလင်းလေး၊ ရေခဲထုပ်ကလေး၊ အမြည်းထုပ်ကလေးနှင့် ရောက်လာပြီး နှစ်ပက်၊ သုံးပက်ချကာ ကျွန်တော့်ကို ပုလင်းပြန်အပ်ပြီး ပြန်သွားပါသည်။

အရက်ဈေးကလည်း ပေါပါသည်။ **ရမ်အကြီး**(၁၀/–)၊ **အသေး**(၆/ ၅ ဝါး)၊ **စတောင်းအေးဘီယာ**(၃/၁ ဝါး)၊ **ပေလေးဘီယာ**(၂/ ၈ ဝါး)၊ **ဘီဟိုက်ဘာရမ်ဒီ**(၃၆/–)၊ **ဘီအက်တီ**(၅၉/–)၊ **ဂျော်နီဝါကားတို့**, **ဘလက်လေဘယ်တို့**, **ဝှိုက်လေဘယ်တို့**, **ရက်လေဘယ်တို့**, **ဒရိုင်းဂျင်**တို့တော့ ဈေးနှုန်း မမှတ်မိတော့ပါ။

လူတစ်ကိုယ် အကြိုက်တစ်မျိုးဖြစ်၍ သူတို့အပ်ထားသည့် အရက်တွေကလည်း မျိုးစုံလှပါသည်။ အရက်ရောင်းသည့် လူသည် အရက်တစ်မျိုးချင်း၏ အရသာတို့၊ ဒီဂရီတို့ သိထားသင့်သည်ဟု အတွေးပေါက်ပြီး နည်းနည်း မြည်းကြည့်ရင်း အရက်သမားလုံးလုံး ဖြစ်ခဲ့ရပါသည်။

သို့သော်လည်း ခွက်ပုံးအဆင့်ပဲ ရှိပါသေးသည်။ ဟာသ်ာတကို ကျွန်တော့်အစ်ကိုကြီး ဦးသိန်းမြင့်လာတော့...

'ဟော့ကောင် ကြည့်လုပ်၊ ဖျားသေတာ ခေါင်းကိုက်တာ စ,တာကွ။ မင်းသိတယ်မဟုတ်လား... ဒုတိယ လာဘတော့ အဖြစ်မခံနဲ့'

ဦးလာဘမှာ ကျွန်တော့်အစ်ကိုတော်ပါသည်။ အရက်အတွက် အသက် အသေခံသွားရှာသူ ဖြစ်ပါသည်။ တိုင်းပြည်အတွက်ဆိုလျှင်တော့ ဘွဲ့ထူးဂုဏ်ထူး တစ်ခုခုရနိုင်ပါသည်။ အရက်အတွက် ဘွဲ့ထူးဂုဏ်ထူး မပေါ်သေးမီ သေသွားရှာပါသည်။

ဦးလာဘဆို၍ လာဘ်လာဘ ပေါများပြီး ချမ်းသာသည် မထင်လိုက်ပါနှင့်... ဆင်းရဲသမှ ညီအိမ်မှာ ကပ်စားနေရပါသည်။

လက်မှုပညာတော့ တော်တော်စုံစုံ တတ်ပါသည်။ ဆံပင်ညှပ်၊ စက်ချုပ်၊ လက်သမား။ ဒါပေမယ့်လည်း ဟိုစပ်စပ် ဒီစပ်စပ် ဘယ်ဟာမှ ဖောက်မချ။ စွဲစွဲမြဲမြဲကတော့ အရက်တစ်ခုသာ။

အရက်တော့ တော်တော်ကြိုက်ပါသည်။ ညီဖြစ်သူကလည်း မချမ်းသာတော့ တစ်နေ့ အရက်ဖိုး ငါးမူးသာ ပုံမှန်တိုက်နိုင်ပါသည်။

၁၉၄၈–၄၉ ခုနှစ် ဘုံဆိုင်ခေတ်က တစ်မတ်,ငါးမူးပဲ ရှိပါသည်။ သူက ဒီလောက်နှင့် မတင်းတိမ်။ ဒါ့ထက်လည်း ပိုမတတ်နိုင်။ နေသေးသပ ချုံထဲက ချိုသွေး တမြမြ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

''တစ်နေ့ ပိုက်ဆံရှိလာလို့က တော့ကွာ''ဟု ကြိမ်းဝါးလျက်ဖြစ်သည်။ **ပြင်းမကုန်း** သိမ်းရအောင် သူပုန်တွေ တက်လာတော့ တစ်ရွာလုံး ပါသရွှေ့ယူပြီး မွေးရပ် နတ်မော်ကတစ်ဆင့် ဟသာ်တကို ပြေးကြပါသည်။ ဘုံဆိုင်တရုတ်တွေလည်း ထွက်ပြေးကြပါသည်။

ဦးလာဘကလည်း အကွက်ပေါ်တုန်း ဘုံဆိုင်ထဲဝင်ပြီး တဝကြီး အားရှိပါးရှိ အတိုးချသောက်နေပါတော့သည်။ နောက်ဆုံး သေနတ်သံတွေ နီးလာ၍ ဆက်မနေသာတော့မှ ဘုံဆိုင်ထဲက ဖောက်တစ်ပေလောက်ရှိတဲ့ ငါးပိအိုး,ဆားအိုးကလေးတွေကို ဆေးကြောပြီး အရက်ထည့်၍ အိုးလည်ပင်းမှာ ဆိုင်းကြိုးချည်ပြီး တစ်ဖက်တစ်လုံး ထမ်းပိုးနှင့် လျှိုထမ်းပြီး သိုင်းကွက်နင်း ထွက်ပြေးခဲ့ပါသည်။

သူပြေးတာက ရွှေတိုး နောက်ငင်ဖြစ်၍ ခရီးမတွင်ပါ။ သူပုန်တွေက မွေးရပ်ရွာကို သူ့အရင် ရောက်နှင့်နေပါသည်။ သူတို့အချင်းချင်း ''ဟော့...ဟိုကလာတဲ့လူကို ကြည့်စမ်းပါဦးကွ''ဆိုပြီး ဟားတိုက်ရယ်နေကြပါသည်။ ဘယ်သူထိအောင် ပစ်နိုင်မလဲဆိုပြီး လက်တည့်စမ်းသည်နှင့် သူမြတ်နိုးလှသည့် အရက်အိုးနှစ်လုံးနှင့်အတူ ဦးလာဘတစ်ယောက် အသေခံသွားရှာပါသည်။

ရာဟုကတော့ မလွတ်သေးပါ။ ၁၉၆၄ ခုနှစ်၏ ရုံးပိတ်ရက် တစ်နေ့ ရုံးအပေါ်ထပ်မှာ ကျွန်တော် အမှုဆောင်အဖွဲ့နှင့် ခရိုင်အစည်းအဝေး



လုပ်နေပါသည်။

အောက်ထပ်က ဘီလပ်တံခါးသံကြား၍ ''ဟေ့...ဘယ်က ကလေးတွေ ဆော့တာလဲ''ဟု လှမ်းမာန်ရာ...

'ကျုပ် ပြည်သူပိုင်သိမ်းလို့ သော့ခတ်တာပဲ'

ဟု ပြန်ပြောပါသည်။

'သိမ်းတဲ့အထဲ ကျုပ်တို့ ပါသေးသလား'

ဆိုတော့ ဗိုလ်ကြီးခွန်အေးက ''ဆောရီးပဲ''ဆိုပြီးတော့ ရယ်ပြောပြောပါသည်။

အဲဒီနောက်ပိုင်း လေးမျက်နှာသို့ စာရင်းစစ်နှင့် ပြောင်းခဲ့ရပါသည်။ ဟသာ်တမှာတုန်းက ဝိုင်းတစ်ခြမ်းပဲ့ လေးမျက်နှာရောက်တော့ ဆိုင်းစုံဝိုင်းစုံ ဖြစ်သည်။ အဲဒီမှာတော့ ဘီအီးပဲ ချကြပါသည်။

ဦးဘဌေးက ဆရာကြီး ဖြစ်သည်။ ကျွန်တော် အသက်(၄၀)ရောက်တော့ ကလေးအကြီး(၂)ယောက်က ကောလိပ်ရောက်ပြီး၊ အငယ်(၄)ယောက်က အထက်တန်းနှင့် အလယ်တန်း ရောက်ကုန်ကြပေပြီ။ လစာက (၄၀၀ိ)ကျပ်လောက်သာ ရသေးသည်။

ကျောင်းစရိတ်၊ စားစရိတ်၊ ကျွန်တော့် အရက်ဖိုးနှင့် မလောက်။ သင်ဖျာလုပ်ငန်းနှင့် ကျားကန်ထားရသည်။

အမျိုးသမီးကလည်း သင်ဖျာပွဲရုံအဆင့်မှ ညစဉ် သန်းခေါင်အထိ သင်ဖျာချုပ်၊ သင်ဖျာကွပ်သည့် အလုပ်သမားဘဝ ရောက်နေပါသည်။ ကလေးတွေကလည်း ကျောင်းသားသာ ဆိုရသည် ညဥ့်နက်သန်းခေါင်အထိ သင်ကိုင်ကြရတော့ စာဖတ်ချိန် လုံးဝမရဘဲ စာမေးပွဲက တဖုတ်ဖုတ် ကျကြပါသည်။

အောင်စာရင်း ထွက်လာတော့ သူတို့ကလေးတွေ အမည် ပါမလာ။ မအောင်ရကောင်းလား ဆိုပြီး ကျွန်တော်က ကြိမ်းရမည့်အစား သူတို့ကပဲ တရားခံကြည့် ပြန်ကြည့်ကြပါသည်။

နယ်စာရင်း စစ်သွားတော့လည်း ကျွန်တော့်ကိုတော့ တောအရက် မီးတောက်တစ်လုံးနှင့် ဒရဝမ်လောက်နှင့်သာ လွှဲထားပါသည်။ ကျွန်တော့်လက်အောက်က စာရင်းစစ်ကလေးတွေကိုတော့ လေးလေးစားစား ဆက်ဆံကြပါသည်။

အသင်းတစ်သင်းကို စစ်တော့ ကျွန်တော်က သောက်စားပြီး တော်တော်ဒေါင်းသွားပါသည်။ သူတို့က အိပ်ပျော်သွားပြီ ထင်ဟန်ရှိပါသည်။

'တို့ဆရာကြီးက ဖြတ်ချင်တယ်၊ ဖြတ်လို့ မရဘူးကွ၊ ခွေးနို့နဲ့ အရက် ရောတိုက်ရတယ် ပြောတယ်။ မထူးပါဘူး



www.burmeseclassic.com

ကွာ… နားဖာချေးနဲ့ အရက်သာ ရော တိုက်လိုက်ပါ။ တစ်ခါတည်း ကိစ္စပြတ် သွားတာပေါ့'



ကိုယ့်ဘဝက လူမလေး ခွေးမခန့် ဘဝ ရောက်နေ ပါကလား၊ (၁၂)နှစ် လုံးလုံး ဘာလုပ်လို့မှ အဆင်မပြေ။ အသက်(၄၂)နှစ် ရောက်မှ ရာဟုလွတ်ပြီး လေး မျက်နှာလည်း စည်းကော်မတီဖြစ်၊ ကျွန်တော်လည်း လုပ်ငန်းစစ်အဖွဲ့ ဝင်ဖြစ်သည်။ မြို့နယ်က ရွေးလျှင် တော့ မပါနိုင်။ စာရင်းစစ်ဆိုပြီး တိုင်းက ရွေးတာ ဖြစ်မည်။

အာဏာပိုင်အဖွဲ့ (၁၁)ယောက် သည် မြို့နယ်၏ အရှင်သခင်တွေ ဖြစ်သည်။ လုပ်သားပြည်သူ နယ်ပယ်မှာ အမြင်မကောင်းလျှင် **''ပြာတာ ပုလွေမှုတ်လို့ ငါပါ သွားရေယုတ်''**သည့် အဖြစ်မျိုး မရောက်အောင် ဆင်ခြင်ရပါမည်။ ''ကျိုးကန်း သူကောင်း မြှောက်မိ သည်''ဟု အမြင်မခံနိုင်ပါ။ ပါတီကို ကိုယ့်အတွက် သိက္ခာအကျမခံနိုင် ပါ။

ဒီအချိန်ရောက်လျှင် ကျွန်တော့် စိတ်တွေ ဖောက်ဖောက်လာသည်။ မရပါ။ တစ်နေ့တော့ အရက် ဖြတ် မည်ဆိုပြီး ရုံးစောစော ဆင်းခဲ့ပါ သည်။

လက်ဆွဲအိတ်ကို ချိတ်ပြီး ဆက်တီပေါ်မှာ ငူထိုင်နေပါသည်။ သွေးသားတွေက ထိုင်းမှိုင်းပြီး လက်တွေ,ခြေတွေ တုန်လာသည်။ သွားပြီ… ဖြတ်မရတော့ဘူးဟု ထင် သည်။

အမှောင်နှင့်အလင်း စိတ်ထဲမှာ သူနိုင် ကိုယ်နိုင် လွန်ဆွဲလျက် ရှိချေ ပြီ။ ခါတိုင်းကတော့ ဘာတစ်ပြန် ကျားတစ်ပြန် အကြိတ်အနယ် စဉ်းစားရင်း နောက်ဆုံးကျတော့ ''ဘ''ကို ''ကျား''က ချီသွားခြင်း ခံရပါသည်။

ဒီတစ်ခါတော့ အချီမခံသည့် စိတ်တတ်။ သွေးသားကတော့ အရက်လောင်းထည့်မှ လည်ပတ် တော့မည် ထင်ပါသည်။ ငယ်စဉ်က အားကစားသမား တစ်ယောက် ဖြစ်ခဲ့ဖူးသည့်အတွက် **''တည်ငြိမ် မှုသည် စိတ်တန်ခိုး၊ လှုပ်ရှားမှု သည် ရုပ်တန်ခိုး''**ဆိုသည့် ဆောင် ပုဒ်ကို သွားသတိရသည်။

ကိုယ်လက် လှုပ်ရှားမှုနှင့် သွေးသားလည်ပတ်အောင် လုပ် လျှင် မရပေဘူးလား… စမ်းကြည့် မည်။ ဘာမပြော ညာမပြောနှင့် တိုင်မှာ ချိတ်ထားသည့် ကလေး တွေ ခုန်သည့်ကြိုးကို ဖြုတ်ပြီး အိမ်နောက်ဘက်မှာ ခါးတောင်း ကျိုက်ပြီး ချွေးစုံအောင်ခုန်၍ ရေချိုး ချက်ချင်းထမင်းစားပြီး ထန်းလျက်ခဲ နှင့် ရေနွေးသောက် အနားယူ သတင်းစာကြည့်နေပါသည်။

ကိုယ်လက် လှုပ်ရှားမှုကြောင့် အရမ်းအိပ်ချင်လာ၍ အိပ်လိုက်ပါ သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် ပါသည်။ ကြည်ကြည်လင်လင် နိုးပါ သည်။ ကိုယ်လက်လှုပ်ရှားမှုက အရက်သမားဘဝကို အနိုင်ယူလိုက် ပါပြီ။

နောက်ပိုင်း အိမ်နောက်ဘက်မှာ ကြိုးခုန်ရန် အုတ်ခုံတစ်ခု ပြုလုပ်ပြီး နေ့စဉ် ဝတ္တရားတစ်ခုအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ယခုတိုင် ကျွန်တော်၏ လေးမျက်နှာက ခြံကြီး ထဲမှာ အုတ်ခုံကြီး ရှိလျက်ပါ။

**သူက အရက်ပြတ်သည့် အမှတ်အသား ဖြစ်သည်။** ပထမ နှစ်ရက်,သုံးရက်မှာ ကိုယ်တွေ လက်တွေ နာသော်လည်း အဲဒီ နောက်ပိုင်း ဘာမှ မဖြစ်တော့ပါ။

စာဖတ်ပရိသတ်ကြီး ခင်ဗျား… ရာဟုထဲရောက်လျှင် သတိထား နေပါ။ အရက်ကို အထင်မသေးပါ နှင့်။ တတိ…တတိနှင့် အရက်ကျွန် ဖြစ်တတ်ပါသည်။

ဖြတ်၍ မရဘူးဆိုသည့် အရက် ကို မည်ကဲ့သို့ ရအောင်ဖြတ်ခဲ့ပုံ တကယ့် ကိုယ်တွေ့ဖြစ်ရပ်ပေါင်း များစွာဖြင့် မရှက်မကြောက် စေတနာ ထား၍ တင်ပြလိုက်ရပါသည် ခင်ဗျား…

ထွန်းကြည်(ဟသ်ာတ)



www.burmeseclassic.com

www.burmeseclassic.com



• ဟံဂံကျေးရွာရှိ စကျင်ကျောက်ဆင်းတု လျောင်းတော်မူဘုရားကြီး အနီးကပ်မှုမြင်ရပုံ

ရေးမြို့နယ် ဟံဂံကျေးရွာမှ

ပေါ်လွင်ဦး (ရေး)

# စကျင်ကျောက်ဆင်းတု လျောင်းတော်မူဘုရားကြီး

**မွန်ပြည်နယ်၊ ရေးမြို့၏ အရှေ့တောင်ပိုင်း (၆)မိုင်ခန့်အကွာအဝေးတွင်** မွန်တိုင်းရင်းသားများ နေထိုင်သော **"ဟံဂံကျေးရွာ"** တည်ရှိသည်။

**"ဟံဂံ"**ဆိုသည်မှာ မွန်ဘာသာစကားဖြစ်သည်။ မြန်မာလို ပြန်လိုက်လျှင်(**ဟံ**=အမှုအရာ၊ **ဂံ**=လှမ်းကြွ) **"အမှုအရာနှင့် လှမ်းကြွသောရွာ"**ဟု အဓိပ္ပာယ်ရပါသည်။

ရေးမြို့မှ မော်တော်ကားဖြင့်လည်းကောင်း၊ ရေး-ထားဝယ် ရထားဖြင့်လည်းကောင်း သွားလျှင် **ကလော့ရွာဘူတာတွင်** ဆင်း၍ (၁၅)မိနစ်ခန့် လမ်းလျှောက်သွားလျှင် ဟံဂံရွာသို့ အလွယ်တကူ သွားလာနိုင်သည်။

ဟံဂံရွာ၏ အရှေ့တောင်အရပ် (၃)ဖာလုံအကွာတွင် တောင်ကုန်းငယ်တစ်ခု ရှိသည်။ ထိုတောင်ကုန်းပေါ်တွင် လွန်ခဲ့သော နှစ်ပေါင်း(၁၀၀)ကျော်ခန့်က တည်ထားခဲ့သော ရှေးဟောင်းစေတီကြီးတစ်ဆူနှင့် သရက်ပင်ကြီးတစ်ပင် ရှိသည်။

ထိုသရက်ပင်ကြီးကို အစွဲပြု၍ မွန်ဘာသာနှင့် **(ကျော်ကုန်းကြုတ်)ကျိုက်ကွန်းကရုတ်**ဟု ခေါ်ဝေါ်သည်။ **ကျိုက်**=ဘုရား၊ **ကွန်းကရုတ်**=သရက်ကုန်း။ **"သရက်ကုန်းဘုရား"**ဟု ခေါ်ဝေါ်သည်။

ယခုအခါ ရွာသူရွာသားတို့၏ သဒ္ဓါစေတနာ၊ ရေးမြို့နယ် ပြည်သူလူထု၏ စေတနာတို့ဖြင့် သရက်ကုန်းစေတီရင်ပြင်ပေါ်၌ ရဟန်းရှင်လူ ပြည်သူအပေါင်း



www.burmeseclassic.com

www.burmeseclassic.com



တန်ချိန်(၇၀)တန်ရှိ ၂၇-ပေ ကျောက်စစ်ဆင်းတုတော်

တို့ ကြည်ညိုပူဇော်နိုင်ရန် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ စကျင်တောင်ကျေးရွာမှ ပန်းတမော့ဆရာကြီး ဦးတော်တော်နှင့်သားများအဖွဲ့မှ ထုလုပ်သော အလျား(၂၇)ပေ၊ အလေးချိန် တန်(၇၀)ခန့်ရှိသော ရွှေသာလျောင်းကျောက်ဆင်းတု ရုပ်ပွားတော်ကြီးကို တည်ထားကိုးကွယ် တည်ဆောက်လျက်ရှိသည်။

## ရုပ်ပွားတော်၏ ထူးခြားချက်

၁။ ဘုရားရှင်၏ ပကတိဉာဏ်တော်အတိုင်း (၂၇)ပေ တိတိရှိခြင်း၊

၂။ မျက်လုံးတော်များသည် ဘုရားရှင်၏ ပကတိ မျက်လုံးတော်ကဲ့သို့ တောက်ပနေခြင်း၊

၃။ နှုတ်ခမ်းတော်သည် အချိုးကျနစွာ ပြုံးယောင်သန်းနေခြင်း၊

၄။ ဆင်းတုတော်ကြီးသည် တန်(၇၀)ခန့် အလေးချိန်ရှိသော်လည်း သယ်ယူပင့်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲမရှိခြင်းတို့ဖြစ်သည်။

ဤ လျောင်းတော်မူရုပ်ပွားတော်သည် အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးကို ထုဆစ်ခဲ့သော ပန်းတမော့ဆရာကြီး ဦးတော်တော်ကိုယ်တိုင် ထုခြင်း၊ လျောင်းတော်မူ၏ မူလ စကျင်ကျောက်သည်လည်း အဘယလာဘမုနိဘုရား၏ မူလ စကျင်ကျောက်သားနှင့် တစ်ဆက်တည်း ဖြစ်နေခြင်းတို့ ဖြစ်သည်။

ဆင်းတုတော်ကြီးသည် မြန်မာနိုင်ငံအတွင်း လျောင်းတော်မူရုပ်ပွားတော်များအနက် စကျင်ကျောက်သားစစ်စစ်ဖြင့် ထုလုပ်ကိုးကွယ်ထားသော ရုပ်တုတော်ကြီးဖြစ်သည်။

ရုပ်ပွားတော် စံတော်မူရာ ကုန်းအတက် စောင်းတန်းတစ်ဖက်တစ်ချက်တွင် ညာဘက်၌ ရှင်ဥပဂုတ္တရုပ်ပွားတော်နှင့် ဘယ်ဘက်တွင် ရှင်သီဝလိ ကိုယ်တော်တို့ကို ဖူးမြင်နိုင်သည်။

တောင်ကုန်းပေါ်မှ စီးကြည့်လျှင် အရှေ့ဘက်တွင် အုံ့ဆိုင်းညိုမှိုင်းသော တောင်တန်းများ၊ ရော်ဘာခြံများ၊ လယ်ကွင်းများသည် ကျေးရွာ၏ အလှကို ဖော်ကျူးနေဟန် တွေ့မြင်ခံစားရသည်။

ကျောက်ဆင်းတု လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီးကို **ကောဇာသက္ကရာဇ် ၁၃၆၂ ခုနှစ်၊ တော်သလင်းလတွင်** စတင်ထုလုပ်ပြီး **၁၃၆၂ ခုနှစ်၊ တပေါင်းလတွင် (၆)လနှင့်အပြီး** ထုလုပ်ကာ မြန်မာ


www.burmeseclassic.com

www.burmeseclassic.com

ကျပ်ငွေ (၂၄)သိန်းတိတိ ကုန်ကျခဲ့သည်။

ကောဇာသက္ကရာဇ် ၁၃၆၂ ခုနှစ်၊ တပေါင်းလဆုတ် (၆)ရက် (၁၄-၃-၂၀၀၁)နေ့ နံနက်(၁၀း၃၀)နာရီတွင် **အရှင်နာရဒ(အာသောကရာမကျောင်း) ဟံဂံကျေးရွာမှ** ဦးဆောင်၍ ဂေါပကအဖွဲ့ဝင်များ၊ ရွာသူရွာသားများသည် စကျင်တောင်ကျေးရွာမှ စတင် ပင့်ဆောင်လာခဲ့ရာ တပေါင်း လဆုတ်(၁၂)ရက်နေ့ နေ့လယ် (၁၂း၃၀)နာရီ အချိန်တွင် အခက်အခဲမရှိ ဟံဂံကျေးရွာသို့ ကောင်းမွန်စွာ ပင့်ဆောင်နိုင်ခဲ့သည်။

လျောင်းတော်မူဘုရားကြီး၏ ပလ္လင်တော်ကို ၁၃၆၂ ခုနှစ်၊ ပြာသိုလဆန်း(၁)ရက် (၄-၁-၂၀၀၁) နံနက်(၉း၃၀)အချိန်တွင် ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပပြီး… ၁၃၆၂ ခုနှစ်၊ ပြာသိုလဆန်း(၁၃)ရက် (၆-၁-၂၀၀၁)ရက်နေ့တွင် ရွှေအုတ်,ငွေအုတ်,ပတ္တမြားအုတ်(၂၇)ချပ်ကို အရပ်(၈)မျက်နှာနှင့် အလယ်ဗဟို (၉)ဌာနတို့တွင် ရတနာရွှေအုတ်(၃)ချပ်စီ ဒေဝါဝင်း၊ ရာဇာဝင်းနှင့်…

ကျေးရွာ သံဃနာယကအဖွဲ့၊ (ရ.ယ.က)အဖွဲ့၊ ရေးမြို့နယ်အတွင်းရှိ စစ်ဘက်,နယ်ဘက်ဆိုင်ရာ အရာရှိကြီးများ၊ ဘာသာရေး,သာသနာရေး,လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ရွာသူရွာသားများနှင့်…

အလှူ့ရှင် စေတနာရှင်များ တက်ရောက်၍ နံနက် (၇း၄၅)နာရီအချိန်တွင် စနေထောင့်မှအစပြု၍ ဂြိုဟ်စဉ်အတိုင်း အရပ်(၈)မျက်နှာ၊ အလယ်ဗဟို(၉)ဌာနတို့တွင် အုတ်မြစ်ချပြီး နံနက်(၉း၃၀)အချိန်တွင် ပန္နက်ရိုက်သည်။

ပလ္လင်တော်၏ ပမာဏမှာ အလျား(၃၀)ပေ၊ အနံ (၆)ပေ၊ အမြင့်(၅-ပေ ၆-လက်မ)ရှိပြီး ရေးမြို့နယ် စည်ပင်အဖွဲ့မှ အင်ဂျင်နီယာဦးတင်ထွန်း၊ လက်ထောက် အင်ဂျင်နီယာ ဦးဇော်မင်းတို့ ပုံစံပြု ရေးဆွဲခဲ့ပြီး အကြမ်းအားဖြင့် (၁၅)သိန်း အကုန်အကျခံကာ ကနုတ်ပန်း မှန်စီရွှေချအပြီး သိန်း(၂၀)ခန့် ကုန်ကျခဲ့သည်။

ရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်ရန် ဂန္ဓကုဋိကျောင်းဆောင်၏ အကျယ်အဝန်းမှာ အလျား(၇၈)ပေ၊ အနံ (၄၈)ပေ၊ အမြင့်(၂၁)ပေရှိပြီး ကွန်ကရစ်တိုင်(၃၀)လုံး၊



◆ ရှေးနှစ်ပေါင်း (၁၀၅)နှစ်ရှိ သရက်ကုန်းဘုရား

ပြာသာဒ်ဘုံ(၃)ဆင့်ကို ဦးကျော်ငွေ(ဘီလူးကျွန်း)အဖွဲ့မှ ကနုတ်ပန်း,အင်္ဂတေပန်းတို့ဖြင့် သေသပ်လှပစွာ ဆောက်လုပ်ထားသည်။

ဂန္ဓကုဋိကျောင်းတော်ကြီးသည် အမိုးနှင့် ပြာသာဒ်ဘုံ(၃)ဆင့် ပြီးစီးနေပြီဖြစ်သည်။

နှစ်စဉ် ပြာသိုလဆန်း(၅)ရက်မှ စ၍ လပြည့်နေ့ထိ (၁၀)ရက် တရားစခန်းဖွင့်၍ **တပေါင်းလပြည့်(၁၂)ရက်မှ (၁၅)ရက်နေ့အထိ ဘုရားပွဲတော်**ကို ကြက်ပျံကျမတတ် စည်ကားစွာ ကျင်းပပြုလုပ်သည်။

**ပေါ်လွင်ဦး(ရေး)**



www.burmeseclassic.com

www.burmeseclassic.com



ရွှေပေါက်သား
(စလင်း)

ဇနေ့တိ သဒိသံ ပါကံ
(သို့မဟုတ်)

# တစ်နေ့မဟုတ် တစ်နေ့

စာရေးသူသည် **၁၃၆၆ ခုနှစ်၊ တပို့တွဲ လပြည့်ကျော် (၂)ရက် သောကြာနေ့က (က.ပ.ရ)ကား နှင့် ရေနံချောင်းမှ ရန်ကုန်သို့** အပြန်ခရီး ဖြစ်သည်။

လမ်းတွင် ဖတ်စရာ စာအုပ် ပါမလာသဖြင့် ကားဂိတ်အနီး ဆရာညိုစာအုပ်ဆိုင်မှ ပါရမီမဂ္ဂဇင်း အမှတ်(၁၄၉)၊ ဖေဖော်ဝါရီလ၊ ၂၀၀၅ ခုနှစ်ထုတ်ကို ဝယ်ယူဖတ်ရှုခဲ့ပါသည်။

ပါရမီမဂ္ဂဇင်းသည် လောကီ–လောကုတ် သုတရတို့ဖြင့် ပြည့်စုံသည်ကို တွေ့ရပါသည်။

ထို့ကြောင့် စာဖတ်ပရိသတ်အားလည်း လောကဓမ္မ တရားနှစ်ပါးတို့နှင့် ပြည့်ဝစေမည့် စာကောင်းပေကောင်း မဂ္ဂဇင်းကောင်းဟု မပိုတ်မသုန် ယုံကြည်ပါသဖြင့် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာဖော်ပြပါရစေ။

ဆရာ စရဏဦးအောင်၏ ကျေးဇူးကား စာရေးသူ၏ လွဲချော်သည့် အတွေးအခေါ်များ အကုသိုလ်တံခါးကြီး ပိတ်စေပြီး အမှန်တရားဖြစ်သည့် ကုသိုလ်တံခါးကြီးကို ဖွင့်ပေးလိုက်ခြင်းကြောင့်ပါ။

**''ဝစီကံစကားကြောင့် လည်ချောင်း ကျဉ်းသွားသော လူတစ်ယောက်အကြောင်း''**ကို ဆရာ



www.burmeseclassic.com

www.burmeseclassic.com

စရဏာဦးအောင်က အကွက်စေ့စေ့ဖြင့် စည်းစည်းပိုင်ပိုင် မြင်သာထင်သာအောင် ဖော်ပြသွားသည်။

သာရေးနာရေး စားပွဲသောက်ပွဲများမှာ အစားအသောက် လွန်ကဲသူများကို သူ့သူငယ်ချင်းက အမြဲပိတ်ပင် ဟန့်တားလေ့ရှိကြောင်း၊ စကားအရာဖြင့်လည်း အမြဲနှိပ်ကွပ်လေ့ရှိကြောင်း…

မြို့နယ်အဆင့်ထိရှိသူ ဖြစ်၍ အားလုံးကလည်း မလွန်ဆန်နိုင်ကြကြောင်း၊ သူက မိတ်ကောင်းဆွေမွန်ပီပီ သူ့သူငယ်ချင်းအမှားကို သတိပေးလိုသော်လည်း အခွင့်အခါစောင့်နေခဲ့ရကြောင်း…

တစ်နေ့တော့ စေတနာအရင်းခံဖြင့် အရဲစွန့်ကာ သူ့သူငယ်ချင်း၏အမှားကို သတိပေးသော်လည်း မရခဲ့ကြောင်း…

နောက်ဆုံး လည်ချောင်းကျဉ်းရောဂါဖြင့်ပင် ဆုံးပါးသွားကြောင်းကို ပိုင်ပိုင်နိုင်နိုင်ကြီး ဖော်ပြသွားသည်။

ဆရာ စရဏာဦးအောင် ဆိုလိုသည်မှာ သူများ အစားအစာ လာဘ်လာဘကို မပိတ်ပင် မဟန့်တားသင့်ကြောင်း၊ တဒင်္ဂ အပေါ်စီးရသည့် အရှိန်အဝါသုံးပြီး စကားအရာဖြင့်လည်း မနှိပ်ကွပ်သင့်ကြောင်း…

အနတ္တဓမ္မကို မေ့မနေသင့်ကြောင်း၊ ဤသို့သော စေတနာအရင်းခံတို့ကြောင့် သူ့မှာ အစာမစားနိုင်သည့် လည်းချောင်းကျဉ်းရောဂါ ရသွားပြီး မသေမီ ဘဝမပြောင်းမီကပင် ကာလဝိပါက်



နောက်ပိုးတက်ကာ လူပြိတ္တာဖြစ်သွားကြောင်း သင်ခန်းစာပေးခြင်းပါ။

သည်အခါ စာရေးသူသည် အလွန် ကြောက်လန့် တုန်လှုပ်သွားသည်။ မေ့မရအောင်လည်း နောင်တရမိသည်။ စာရေးသူက စရဏာဦးအောင်၏ သူငယ်ချင်းလောက် မဆိုးသော်လည်း **''ဘောဇနေမတ္တညုတာ''**ဆိုသည့် စကားဖြင့် မိမိအိမ်မှာပဲဖြစ်ဖြစ်၊ သူတစ်ပါးအိမ်မှာပဲဖြစ်ဖြစ်၊ မည်သည့် သာရေးနာရေးပွဲလမ်းသဘင် စားပွဲသောက်ပွဲများမှာပဲဖြစ်ဖြစ် မျှမျှတတ စားသည်။ အလွန်အကျူး မစား။ အတိုင်းအရှည်ဖြင့် စားသည်။

ဤအတွေးအမြင်ဖြင့် အစားအသောက် လွန်ကဲသူများကို တွေ့လာလျှင် မနောမှ ငြိုငြင်တတ်သည်။

ဒါကြောင့် ဆရာ စရဏာဦးအောင်၏သူငယ်ချင်းလို လည်ချောင်းကျဉ်းရောဂါများ ဖြစ်လေမလားဟု ကြောက်လန့်ခြင်း၊ နောင်တရခြင်းတို့နှင့်အတူ ဆရာ စရဏာဦးအောင်အား အထူးပင် ကျေးဇူးတင်မိပါကြောင်း ဖော်ပြရပါစေ။

"ဇနေတိ သဒ္ဓိံ ပါကံ"

(သို့မဟုတ်)

"တစ်နေ့မဟုတ် တစ်နေ့"

မိမိတို့၏ ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော အပြုအမူ(**ကမ္မ**=ကံ=စေတနာ)သည် သံသရာမဆုံး၊ ကံမဆုံးလေမျှ အကြောင်းတိုက်လာလျှင် တိုက်လာသည့် အားလျော်စွာ ခံကြ,စံကြရပေသည်။

ကမ္မပထမြောက်ပြီးသည်နှင့် တစ်ပြိုင် တစ်နေ့ တစ်ချိန် တစ်ဘဝမှာ ခံကြ,စံကြရပေမည်။ မိမိအရိပ်သည် မိမိနောက်သို့ ထက်ကြပ်မကွာ လိုက်ပါဘိသို့ မိမိတို့ပြုသည့် ကုသိုလ်ကံ,အကုသိုလ်ကံ အတိုင်းသာ ခံစား,စံစားကြရပေမည်။

သတိထား ကြည့်ကြမည်ဆိုလျှင် အလွန်ကြောက်မက်ဖွယ်ကောင်းလေစွ။

တစ်နေ့တွင် စာရေးသူ၏ သူငယ်ချင်းက…

'ဆရာရေ… ဆရာ့ကို ကျွန်တော် ကုန်ကြမ်းပေးမလို့ စိတ်ကူးထားတာကြာပြီ။ နံပါတ်တစ် စေတနာက ဆရာ ကုန်ကြမ်း ရရှိရေးပါ။

နံပါတ်နှစ် စေတနာကတော့ ဆရာတို့လို စာရေးဆရာတွေ ကုန်ကြမ်းရရင် ကုန်ချောအဖြစ် ပြုပြင်မွမ်းမံကာ စာဖတ်ပရိသတ်ကို သင်ခန်းစာရအောင် ပုံဖော်ပြတတ်လို့ပါ။

နောက်… ကျွန်တော်ပြောပြမယ့် ကုန်ကြမ်းဖြစ်ရပ်ကလဲ တကယ့်ဖြစ်ရပ်မှန်ပါ ဆရာ'

ဟု ဆိုကာ အောက်ပါအတိုင်း ပြောပြပါတော့သည်။

'(…)မြို့နယ် ကျွန်တော်တို့ (…)ရွာမှာ အလွန်ကြောက်ဖွယ်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းလှတဲ့ လူဆိုးလူမိုက် တစ်ယောက် ရှိခဲ့တယ်ဆရာ။ သူ့မှာ သားသမီးများရှိပြီး...'

'နေပါဦးဗျ... ခင်ဗျားစကား ဖြတ်ပြောတယ်လဲ မထင်ပါနဲ့၊ စိတ်လဲ မဆိုးပါနဲ့၊ အဲဒီ လူဆိုးလူမိုက်ကလွဲရင် ခင်ဗျားအပါအဝင် တစ်ရွာလုံးက လူကောင်းသူကောင်းတွေချည်းပေါ့'

'ဆရာ့စကားကလဲ အဓိပ္ပာယ်သက်ဝင်လှချည်လား။ **''ပုထုဇနော ဥမ္မတ္တကော''**ဆိုတဲ့ စကားနဲ့ တိုင်းရင်တော့ အရိယာ မဖြစ်သေးသမျှ အရူးအမိုက်တွေချည်းပေါ့ ဆရာရယ်။

ဒါပေမယ့် ပုထုဇဉ်မှာလဲ...

၁။ **အန္ဓပုထုဇဉ်...** သံသရာခရီးလမ်းရဲ့ ထွက်ပေါက်ကို လုံးဝမသိသူ ***[အမိုက်ဆုံးသူ]***

၂။ **သာမညီကပုထုဇဉ်...** သံသရာခရီးလမ်းရဲ့ ထွက်ပေါက်ကို သာမညသာ သိသူ ***[သိသမျှ ဟုန်းကျယ်ဟောင်ကျယ် ပြောတတ်သူ]***

၃။ **အနေကွမ္မပုထုဇဉ်...** သံသရာခရီးလမ်းရဲ့ ထွက်ပေါက်ကို သိမြင်ပါလျက် ရုန်းမထွက်နိုင်သူ ***[သံယောဇဉ်ကြိုးတွေ မဖြတ်နိုင်သူ]***

၄။ **နေကွမ္မပုထုဇဉ်...** သံသရာခရီးလမ်းရဲ့ ထွက်ပေါက်ကို သိလဲသိတယ်၊ သိတဲ့အတိုင်း ကျင့်သူ ***[ဝိပဿနာဘာဝနာနှင့်နေသူ]***

အခု ကျွန်တော်က **နံပါတ်(၁)**



**အန္ဓပုထုဇဉ် (အမိုက်ဆုံးသူ)**ကို ပြောတာပါ။ တကယ်တမ်း ဆန်းစစ်ကြည့်ရင် **နံပါတ်(၄)နေကွမ္မပုထုဇဉ် (ဝိပဿနာဘာဝနာနှင့်နေသူ)**ကလွဲရင် ဘုရားအလိုတော်ကျ လူကောင်းသူကောင်းရယ်လို့တော့ ဘယ်ပြောရပ့ါမလဲဆရာ'

'ကဲ... ထားပါတော့ဗျာ၊ ဒီလောက်ဆို ကျေနပ်ပါပြီ။ ခင်ဗျားရဲ့နံပါတ်တစ် အန္ဓပုထုဇဉ် (အမိုက်ဆုံးသူ) အကြောင်းသာ ဆက်ပါတော့'

'သူ့မှာ သားသမီးများရှိပြီး အသက်(၇၀)ကျော်အထိ နေသွားတယ်။ မွေးသည်မှ သေသည်အထိ လဲ ဆိုးမိုက်သွားတယ်။ သောနုတ္တိုရ်မှဆိုးသာရှိရင် သူနဲ့ အပြိုင်ဖြစ်မှာ သေချာတယ် ဆရာ'

သူ၏ ရက်စက်ကြမ်းကြုတ်မှုများကို အသေးစိတ် ပြောပြနေသည်မှာ စာရေးသူပင် ကျောတွန့်လာမိသည်။

'ဩော်... ကြောက်ဖွယ် လူ့ဘီလူးပါလား'

ဟုလည်း စိတ်ထဲတွင် ရေရွတ်နေမိသည်။ သူ့ဘဝနိဂုံးအထိ သိရအောင် ဆက်နားထောင်နေမိသည်။

'ဆရာရေ... ဦးပုညရဲ့ ဆဒ္ဒန်ဆင်မင်းဝတ္ထုမှ ဦးပုည စကားလေးယူသုံးရရင် **''စာသူငယ်ကြားလင်းတနားသို့''** ဆိုတဲ့အတိုင်း လူဆိုးလူမိုက်တို့ အလယ်မှာတောင် သူ့ရဲ့ပုံသဏ္ဌာန်မှာ ထူးထူးခြားခြား အလွန် ကြောက်ဖွယ်ကောင်းတယ်။

အသားက နီစပ်စပ်၊ နှုတ်ခမ်းမွေး ကျင်စွယ်တကားကား၊ မျက်လုံး မျက်ထောင့်နီနီ၊ နှာရောင်ကောက်ကောက်၊ နဖူးမောက်မောက်၊ ဖနောင့်တိုတိုဖြင့် ကြောက်ဖွယ် မဟာလူသား ပြောရမလားတော့ မပြောတတ်ပါဘူး ဆရာရယ်၊

ကျွန်တော်ဖြင့် သူ့မြင်ရင် အလွန်ကြောက်၊ ကျွန်တော်ကလဲ ငယ်ငယ်ကတည်းက ညံ့တဲ့လူစားတော့ မဟုတ်ဘူး။ အတော်အတန်လူတော့ ကျွန်တော်ကတောင် ပြန်ခြောက်လိုက်ချင်သေးတာ။

ဒါပေမယ့် သူ့ကျ မြင်ရုံနဲ့ ကြောက်တယ်ဆရာ၊ ကြောက်လောက်အောင် ထူးလဲ ထူးတာကို။ နာမည်တောင် လူမိုက်လောကသုံး ဝိသေသအမည် ရှိသေးတာ (...)တဲ့။

ဒါကြောင့်လဲ ''စာသူငယ်ကြားလင်းတနားသို့''လို့ ပြောတာပေါ့ ဆရာရယ်၊ ဒါက သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ အကျဉ်းပြောတာနော် ဆရာ။





www.burmeseclassic.com

www.burmeseclassic.com



ဆရာ နားထောင်ရင် သူ့ရဲ့စိတ်ပိုင်း တစ်နည်း မနောပိုင်းဆိုင်ရာကို အကျဉ်းမျှ ပြောရဦးမယ် ဆရာရေ၊ လွတ်လပ်ရေးရပြီး ခေတ်တစ်လျှောက် ရောင်စုံသူပုန်ထဲမှာ သူပါတယ်။

ခိုးကြတိုက်ကြတဲ့ နေရာမှာ ရှေ့ဆုံးက၊ သတ်ကြဖြတ်ကြတဲ့ နေရာမှာလဲ တပ်ဦးက။ လူတစ်ယောက် သတ်မယ်ဆိုရင်လဲ ပုရွတ်ဆိတ်တစ်ကောင်လောက်ပင်။ ရွာထဲသားချင်းတောင် ဟိုမျက်နှာ ဒီမျက်နှာ မထောက် ရက်ရက်စက်စက် မညှာမတာ သတ်ရက်တယ် ဆရာ။

လူတောင် ဒီလောက် လက်ရဲဖက်ရဲဆိုရင် နွား၊ ကျွဲ၊ ဝက်၊ ကြက်ဆို ဆရာသာ စဉ်းစားကြည့်ပေတော့။

ရွာထဲက နွား၊ ကျွဲတွေဆိုလဲ အခြားက လူမိုက်တွေနဲ့ ပေါင်းပြီး ထုတ်တာပဲ။ အမဲပေါ်ဖို့ပေါ့ ဆရာရယ်၊ ကြက်ဆို ခပ်တည်တည်နဲ့ ဆွဲသွားလဲ ဘယ်သူမှ မပြောရဲကြဘူး။ ကြည့်နေကြရတာပဲ။

ယုတ်စွအဆုံး ဘယ်လောက် ကြောက်စရာကောင်းလဲဆို ဈေးရောင်းဈေးဝယ်သွားတဲ့ ဈေးသည်မလေးတွေကိုတောင် လမ်းကဖြတ်ပြီး လုတယ်ဆရာ။ အစာနာမှဲ့၊ ပညာမှဲ့၊ စည်းမှဲ့ကမ်းမှဲ့ လူဆိုးလူမိုက်ဆိုတာ ဒါမျိုးပြောတာနဲ့ တူပါတယ် ဆရာ။

ခက်တာက အများသိမြင်စေလောက်တဲ့ သူများက ခုတ်ထစ်ထားတဲ့ ဒဏ်ရာဒဏ်ချက် အမှတ်လက္ခဏာကြီးကလဲ သူ့ခန္ဓာကိုယ်မှာ မြင်သာထင်သာအောင် ပါတယ်။ သိလဲ သိနေကြပါတယ် ဆရာ ဒါပေမယ့် မပြောဝံ့ကြဘူး'

'အတော်ကြောက်စရာ ကောင်းပါလား'

'ကြောက်စရာ ကောင်းဆို တစ်နေ့ ကျွန်တော်တို့ရွာနဲ့ မလှမ်းမကမ်းရွာက ပွဲကြည့်ပြီးအပြန် ကျွန်တော်တို့မိသားစုတောင် လိုက်လို့ ပြေးလိုက်ရတာဆရာ။

ကျွန်တော်ဆို တစ်ရွာတည်းသားချင်းလဲဖြစ်၊ အစိုးရဝန်ထမ်းလဲဖြစ်၊ ဒါပေမယ့် သူက ဘယ်လို အချက်အလက်မှ စဉ်းစားတာ မဟုတ်ဘူး။ စဉ်းစားတတ်တဲ့ အမြော်အမြင်ဉာဏ်ရည်ဉာဏ်သွေးလဲ မရှိလို့ပေါ့။

သူ့ရည်ရွယ်ချက် သူ့ဆန္ဒ သူ့ပန်းတိုင်က သူရရှိရေး တစ်ခုတည်း။ ဒီလောက်ဆို ဆရာတို့လို ပညာရှင်တွေက သူ့အကြောင်း အသေးစိတ် ပုံပေါ်လာပါပြီ။

ဆရာသာ စဉ်းစားကြည့်ပေတော့၊ တကယ်တော့ ကျွန်တော်က တစ်ရွာတည်းသား ရှိသေးတာ။ သူ့သွေးရင်းသားရင် ဘကြီးဘထွေးများ စတဲ့ ဆွေမျိုးအရင်းများကိုတောင် အညှာမပေး အနိုင်အထက်ပြုချင်တယ်ဆရာ'

'ဒါဆို ထန်းဖို့ထန်းမ မရှောင်တဲ့လူပါလား၊ အတော်ကြောက်စရာကောင်းတယ်နော်။

ခင်ဗျားတို့လဲ အတော်သတိထားနေခဲ့ကြရမှာပေါ့နော်၊ ကျွန်တော်သာဆို ခင်ဗျားတို့ရွာ မနေရဲပါဘူးဗျာ။

ခင်ဗျားပြောတဲ့ စကားနဲ့ပဲ ကြက်သီးထလောက်ပါရဲ့၊ အတော်ကြောက်စရာ ကောင်းတယ်နော်'

'ကျွန်တော်ပြောတာ မလွန်သလို ဆရာပြောတာလဲ မှန်ပါတယ်။ ဒါပေမယ့် ဆရာရယ်...

"သိလျက်နှင့်ပင် ဝိပါက်ကြမ္မာငင်လို့ ရှေ့ဉာဏ်ရှင် မထွေခွဲနိုင်ဘူး ပွဲတွေ့အမှား"

ဆိုတဲ့ ဆရာကြီးဦးပုညစကားလိုပေါ့...

"ဝိပါက်တော်ရေး ကြောက်သွေးကုန်ဖွယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဘုရားသော်လဲ ရှောင်လွှဲမလွယ်၊
တွေ့ကြုံမြဲမို့ တဝဲလည်လည်
မလွတ်သေး ဝဋ်ကြွေးခက်လှတယ်"

ဆိုတဲ့ လယ်တီပဏ္ဍိတ ဦးမောင်ကြီး စကားလိုပေါ့...

**(ဝဋ် = ဝဋ်တရား = ဝိပါက = ဝိပါက်** = ဘဝအဆက်ဆက်မှ ပြုလုပ်ခဲ့သော အကုသိုလ်အကျိုးဆက်များ)

ဒီစကားတွေ စုစည်းလိုက်တော့ ဘုရားစကားပေါ့ ဆရာရယ်။ ဝဋ်က လည်မလေ။ ဒါကြောင့် "**ဇနေတိ သဒိသံ ပါကံ**"ဆိုတဲ့ စကားအတိုင်း တူသောအကျိုး ပေးတော့တာပေါ့ ဆရာရယ်၊

သူ့ကိုလဲ သူ ဓားပြသွားတိုက်တဲ့ ရွာက လိုက်သတ်ပြီး ငါးဖယ်မွှန်းမွှန်းထားခဲ့တာ'

'သေရောပေါ့'

'သေပြီဆို ထားခဲ့တာဆရာ'

'ဒါဖြင့် မသေဘူးပေါ့'

'မသေဘူး ဆရာ'

'မသေတော့ နောင်တရသွားမှာပဲနော်'

'ဘယ်ကလာ နောင်တရမှာလဲ ဆရာ၊ မွေးသည်မှ သေသည်အထိ ဆိုးမိုက်သွားတယ်လို့ ပြောခဲ့ပြီးပြီ မဟုတ်လား'

'ကဲ... ထားပါတော့ဗျာ၊ ဒီလောက်ဆို သူ့အကြောင်းတွေ ရိပ်မိတန်သလောက် ရိပ်မိပါပြီ။ အသက်(၇၀)ကျော်အထိ နေသွားတယ်ဆိုတော့ ချည့်နဲ့တဲ့ ဇရာပိုင်းရောက်ပြီလေ။ သားသမီးတွေလဲ ရှိတယ်ဆိုတော့ သားသမီးတွေက



နွေးနွေးထွေးထွေးထား ပြုစုပြီး ကောင်းကောင်းမွန်မွန် သေဆုံးသွားသလား၊ ဒါမှမဟုတ် ဘယ်လို အခြေအနေမျိုးနဲ့ သေဆုံးသွားသလဲ'

'ဩော်...ဆရာကလဲ ခက်လိုက်တာ၊ ဆရာ့ကို အပြစ်တင်တာတော့ မဟုတ်ပါဘူး။ ဘယ်...မဟုတ်တာ ဆရာရယ် ဒီလိုသာဆို "**ဇနေတိ သဒိသံ ပါကံ**" "**မိမိပြုသောကံ = စေတနာနှင့်တူသော အကျိုးပေးတယ်**"ဆိုတဲ့ ဘုရားစကား အစရှိတာကို သူတော်ကောင်းတွေက ဘယ်ပြောပါ့မလဲ ဆရာ'

'ဒါဖြင့် အိုကြီးအိုမရောက်မှ ဘယ်လိုနေ ဘယ်လိုသေသွားလဲဗျ၊ စာရေးဆရာတော့ စပ်စုတယ် ပြောပြော... သုတေနသပြုတယ် ဆိုဆိုပေါ့ဗျာ'

'အင်း... စိတ်တော့ မကောင်းစရာပဲ ဆရာ။ အနုစိတ်တော့ မပြောပါရစေနဲ့၊ ပြောလက်စနဲ့သာ ပြောရတာ။ နောက်ပြီး လူဆိုးလူမိုက်တို့ရဲ့ သွားရာခရီးလမ်းဟာ ပန်းခင်းသော ခရီးလမ်း မဖြစ်နိုင်ဘူး ဆရာ။

ဆူးအထပ်ထပ် ခြောင့်အသွယ်သွယ် ခလုတ်အမျိုးမျိုး ကန်သင်းအဖုံဖုံ ချောက်ကမ်းပါးအစီစီ မျှောချင်ရာ မျှောပါတဲ့ သမုဒ္ဒရာ၊ မဟာဒုက္ခ ဆင်းရဲလှတဲ့ အဖြစ်မျိုးနဲ့သာ ကြုံရကြောင်း အများသင်ခန်းစာ ရစေလိုတဲ့ သမ္မာဆန္ဒနဲ့သာ ပြောရတာပါ။ "ငါ့ဝမ်းပူဆာ မနေသာ" ဆိုတဲ့ စကားအတိုင်းပေါ့ ဆရာရယ်။

ဇရာပိုင်းရောက်တော့ အနိုင်အထက်ကလဲ ပြုမရတော့ဘူးလေ။ အသနားခံဘဝနဲ့ ဝမ်းစာဖြည့်ရင်း ရောက်လေရာ မြို့ရွာတွေမှာ အိုလေ... ဆက်မပြောပါရစေနဲ့၊ ဘယ်လိုနေ ဘယ်လိုသေသွားမှန်းတောင် မသိဘူး ပြောကြပါတယ် ဆရာရယ်'

"**ဇနေတိ သဒိသံ ပါကံ**"မိမိပြုသော အကုသိုလ်ကံ၊ ကုသိုလ်ကံ အတိုင်း စံစား၊ခံစားကြရသည်သာ ဟူသော အဆိုပြုချက် မှန်ကန်မှု သစ္စာတရားတို့မည်သည် "**တစ်နေ့မဟုတ် တစ်နေ့**" ကျရောက်ရသည်သာတည်း။

*ဒုက္ခာမုဥ္စန္တု*

**ရွှေပေါက်သား(စလင်း)**



www.burmeseclassic.com

www.burmeseclassic.com



မောင်အေးကြူ
(စီးပွားရေး)

# မျက်မှန်တပ်ကြည့်ပါ

ကျွန်တော်တို့တွေ တိဗ္ဗိက လွှင့်တဲ့ တရားတော်များကို နာရတဲ့အခါဖြစ်စေ၊ တရားပွဲများတွင် တရားနာရတဲ့အခါဖြစ်စေ တစ်ခါတစ်ရံမှာ နာကြားဖူးပြီးသားတွေ ဖြစ်နေတာကို ကြုံရတတ်ပါတယ်။ တရားနာကျင့်များလေ ကြုံရလေပါပဲ။

သို့သော်လဲ တစ်နာရီမျှ ပုံမှန် ဟောလေ့ ရှိကြတာမှာ မထင်မှတ်တဲ့ မကြားမနာဘူးတဲ့ အကြောင်းအရာ အဖြစ်အပျက်ကလေးတွေကိုလဲ ကြားနာရတတ်တာမျိုး ရှိပါတယ်။

ယခုလဲ လွန်ခဲ့တဲ့ သုံးနှစ်လောက်က **ပဲခွယ်ကုန်းဆရာတော် ဟောကြားတော်မူတဲ့ တရားတစ်ပုဒ်ထဲမှာ နာကြားခဲ့ရတဲ့ ရဟန္တာမထေရ်တစ်ပါးရဲ့ အကြောင်းကို** မျှဝေလိုက်ရပါတယ်။

လောကမှာ လူတွေ မျက်စိမှုန်တဲ့အခါ အနီးမှုန်.အဝေးမှုန် ဆိုပြီး နှစ်မျိုး ရှိပါတယ်။ အဲဒီအခါ အနီးမှုန်သူက အနီးကြည့်မျက်မှန်တပ်၊ အဝေးမှုန်သူက အဝေးကြည့်မျက်မှန်ကို တပ်ကြည့်မှပဲ မိမိကြည့်ချင်တဲ့ အရာကို သဲသဲကွဲကွဲမြင်နိုင်, သိနိုင်ကြပါတယ်။

ထို့အတူပါပဲ ရုပ်တရား၊ နာမ်တရား၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ နိဗ္ဗာန်၊ ပညတ်၊ ပရမတ် စတဲ့ တရားတွေကိုလဲ ဝိပဿနာဉာဏ်ဆိုတဲ့ မျက်မှန်တပ်ကြည့်မှပဲ သေသေချာချာ ခွဲခွဲခြားခြား သိမြင်,နိုင်ကြမယ်။

ဒီလို သိမြင်ပြီးမှသာ နိဗ္ဗာန်ဆိုတဲ့ ခေမာသောင်ကမ်း တစ်ဖက်ကို


www.burmeseclassic.com

www.burmeseclassic.com



လှမ်းတက်နိုင်ကြမှာ ဖြစ်ပါတယ်။

ဂေါတမဘုရားရှင် လက်ထက်တော်မှာ **''ဝနဝစ္ဆမထေရ်''**လို့ အမည်ရတဲ့ ရဟန္တာတစ်ပါးရဲ့ အတိတ်ဇာတ်ကြောင်းက ဒီလိုပါ…

အတ္ထဒဿီဘုရားရှင် လက်ထက်က သူဟာ ကမ္ဘာလိပ်ကြီး တစ်ကောင် ဖြစ်ခဲ့ဖူးပါတယ်။

တစ်ချိန်မှာ မြတ်စွာဘုရားရှင် ဒေသစာရီ ကြွချီစဉ် မြစ်တစ်ခုကို ရောက်လို့ တစ်ဖက်ကမ်းကို ကူးဖို့ မြစ်ကမ်းဘေးမှာ ရပ်နေစဉ် မြစ်ထဲက လိပ်ကြီးက ဘုရားရှင်ကို မြင်သွားပါတယ်။

သူ့စိတ်ထဲမှာ ထူးခြားတဲ့ အာရုံတစ်ခုအနေနဲ့ ဘုရားရှင်ထံ ချဉ်းကပ်လာပါတယ်။

အနားရောက်တော့ သူ့ကို စီးရင် အဆင်သင့်ဖြစ်အောင် မြစ်ဖက်ကို ခေါင်းလှည့်ထားပြီး ငြိမ်သက်နေပါတယ်။

ဘုရားရှင်က သူ့ကို ချီးမြှောက်ချင်လို့ သူ့ကျောပေါ်ကနေ စီးနင်းလိုက်ပါသွားပါတယ်။ လိပ်ကြီးကလဲ သူတော်ကောင်း အရှင်မြတ်ကို ပို့ဆောင်ပေးရပေတယ်လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပါတယ်။

**''ယာနဒါန''**ဆိုတဲ့ ယာဉ်အလှူပေါ့။ ဘုရားရှင်က သူ သဒ္ဓါဖြစ်နေတုန်း ချီးမြှောက်တာ ဖြစ်တယ်။ ဖိနပ်လှူတာ၊ ကားခလှူတာ ယာဉ်နဲ့ ပို့ဆောင်ပေးတာတွေဟာ **''ယာနဒါန''**တွေပါပဲ။

တစ်ဖက်ကမ်း ရောက်တော့ ဘုရားရှင်က ဗျာဒိတ်ပေးတော်မူတယ်။ ကမ္ဘာပေါင်း(၁၈၀၀) ချမ်းသာသုခ ခံစားရမယ်၊ နတ်ပြည်ရောက်မယ်လို့ပေါ့။

တကယ်က တိရစ္ဆာန်ဘဝကနေ နတ်ပြည်ရောက်ဖို့ဆိုတာ အလွန်ရှားပါတယ်။ အင်မတန် ခဲယဉ်းလှပါတယ်။ ဂေါတမဘုရားရှင်လက်ထက်မှာ ဖားကလေးတစ်ကောင်ဟာ မြတ်စွာဘုရားဟောတဲ့ တရားတော်အပေါ် စိတ်ရောက်နေစဉ် (တရားနာနေစဉ်) နွားကျောင်းသားကလဲ တရားနာနေတာ။

အဲဒီဖားရဲ့ ကျောပေါ် တုတ်ထောက်ထားမိတဲ့အတွက် ထိုဖားသေပြီး နတ်ပြည်ရောက်ကာ **''ဖားနတ်သား''**ရယ်လို့ အမည်တွင်ခဲ့ဖူးပါတယ်။

အဲဒီကမ္ဘာလိပ်ကြီးကိုလဲ လူ့ပြည်ရောက်လို့ တရားနာရရင် တစ်ထိုင်တည်းနဲ့ သောတာပန်ဖြစ်မယ်လို့ ဘုရားရှင်က ဗျာဒိတ်ပေးခဲ့ပါသေးတယ်။

ဒီလိုနဲ့ ဘဝပေါင်းများစွာ ကျင်လည်ခဲ့ရာကနေ ဂေါတမဘုရားရှင်လက်ထက်မှာ ပုဏ္ဏားမျိုးမှာ လူလာဖြစ်ပါတယ်။ ပဋိသန္ဓေနေစဉ်ကတည်းက အိမ်မှာ မပျော်တောထဲပဲ သွားချင်နေတယ်။

တစ်နေ့ကျတော့ တောထဲမှာပဲ သူ့ကို ဖွားမြင်ပါတယ်။ ''ဝစ္ဆ''လို့ အမည်ပေးကြတယ်။ လမ်းလျှောက်တတ်တော့လဲ တောထဲမှာပဲ ပျော်တယ်။

တောထဲပဲ သွား,သွားနေတယ်။ တစ်ခါတစ်ရံ သစ်ပင်အောက်မှာ တရားထိုင်သလိုမျိုး ထိုင်နေတတ်တယ်။ ဒါကြောင့် **''ဝနဝစ္ဆပုဏ္ဏား''** လို့ ခေါ်ကြတယ်။ တောပျော်ပုဏ္ဏားပေါ့။

အရွယ်ရောက်လာတော့ ဒီသာပါမောက္ခထံမှာ ပညာသင်ရတယ်။ ဘယ်လောက်ပဲ အရွယ်လှ အဆင်းလှပါစေ ပညာမတတ်ရင် ပေါက်ပန်းလိုပဲ မတင့်တယ်ဘူး မဟုတ်လား…လူရာ မဝင်ဘူးပေါ့။

လောကမှာ နှုတ်မှု,လက်မှု ပညာကို အထင်မသေးရဘူး။ တစ်ခုခုကို ကုန်စင်အောင် တတ်ရင် အသက်မွေးဝမ်းကျောင်း ဖြစ်တာပဲ။

ဝနဝစ္ဆပုဏ္ဏားဟာ ဗေဒင်မှာ တစ်ဖက်ကမ်းခတ် တတ်မြောက်တယ်။ တောပျော်ဝါသနာကလဲ ဆက်လက်ရှင်သန်နေဆဲပါပဲ။

သိဒ္ဓတ္ထမင်းသား အသက်(၂၉)နှစ်မှာ တောထွက်တယ် ကြားတော့ ဝနဝစ္ဆကလဲ တောထွက်သွားခဲ့တယ်။ ဟိမဝန္တာမှာ နေတယ်။ ဒါပေမယ့် တရားရှာတာတော့ မဟုတ်ဘူး။

ဘုရား အလောင်းတော်ကတော့ အာဠာရ,ဥဒကတို့ထံ တရားရှာ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ရှာနိသမာပတ် ရှစ်မျိုးရတယ်။ ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်ခဲ့တယ်။

နည်းစနစ်မရှိ ဆရာမရှိ စမ်းတဝါးဝါးကျင့်ရတာ ကျင့်နည်းမမှန်တော့ တရားထူး တရားမြတ်မရဘူးပေါ့။

ဒါက ကဿပဘုရားရှင်လက်ထက် ဇောတိပါလပုဏ္ဏားဖြစ်စဉ်က ဝစီကံဝဋ်ကြွေး ပါလာတာဖြစ်တယ်။

သဗ္ဗညုတဉာဏ်ဆိုတာ ခက်ခက်ခဲခဲကျင့်မှ ရတာ။ ဒီရဟန်းက ဒီလောက်ကျင့်ရုံနဲ့ ဘယ်ရမှာတုန်းလို့ ပြောခဲ့မိတာ။

ဒါကြောင့် "ဝစီဗေဒ ထိတိုင်းရှ" ဆိုတဲ့စကား ပေါ်လာတာ။ ဝစီကံကို သတိထားဖို့ သင်ခန်းစာတစ်ခုပါပဲ။

❖ ကဿပဘုရား၊ ထင်ရှားပွင့်သော်၊ ဇောတိပါလ၊ နာမအကျော်၊ ပုဏ္ဏားမာန်တက်၊ နှုတ်ထွက်အာဘော်၊ ဝစီပြင်းရေးယင်း ဝိပါက်တော်။

မြတ်စွာဘုရားရှင်ဟာ အာနပါနကျင့်စဉ်ကို ကျင့်ပြီး ကဆုန်လပြည့်နေ့မှာ တရားထူးတရားမြတ်ရကာ ဘုရားအဖြစ်သို့ ရောက်တော်မူပါတယ်။

**ယောဂီတို့အနေနဲ့ တရားအားထုတ်တဲ့အခါ နည်းစနစ် မှန်ရမယ်။ ဆရာကောင်း ရှိရမယ်။ ကြိုးပမ်းအားထုတ်ရမယ်။ ဒီသုံးချက် ပြည့်စုံမှ တရားထူးတရားမြတ် ရကြမှာ ဖြစ်တယ်။**

ဘုရားရှင် ရာဇဂြိုဟ်ပြည်ကို ကြွတော့ ပိပ္ပလိလုလင်နဲ့ မယ်ဘဒ္ဒါတို့ကလဲ ရဟန်းပြုဖို့ ထွက်လာတာနဲ့ ကြုံတယ်။ ဘုရားက စောင့်ကြိုနေတာပါ။ ရှစ်ရက် တရားကျင့်ပြီးတဲ့နောက် ပိပ္ပလိလုလင်ဟာ "ရှင်မဟာကဿသမထေရ်" လို့ ဖြစ်လာတယ်။

ဝုတင်ဆောက်တည်ပြီး ဟိမဝန္တာတောထဲမှာ နေတယ်။ အဲဒီအခါ ဝနဝစ္ဆရသေ့နဲ့ တွေ့ကြတယ်။ အကြောင်းစုံ မေးတဲ့အခါ သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်ကြောင်း သိရတယ်။

တပေါင်းလပြည့်နေ့မှာ ကပ္ပိလဝတ်ပြည်ကို ရောက်လောက်တယ်လို့ ရှင်မဟာကဿပ ပြောတော့ ရသေ့က ကပ္ပိလဝတ်ပြည်ကို ပြန်လာတယ်။

ဘုရားရှင်နဲ့ တွေ့တယ်။ တရားဟောပါလို့ လျှောက်တော့ ဆိတ်ငြိမ်ရာမှာ နေရုံနဲ့ တရားမရနိုင်(ဝါ) သီလရှိရုံနဲ့ တရားမရနိုင်ဘူး စသဖြင့် ဟောတော်မူပါတယ်။

❖ သီလလောက်သာ၊ ပြည့်စုံကာ၊ သက်သာ ရပ်နားမနေနဲ့။
❖ ဝုတင်လောက်သာ၊ ပြည့်စုံကာ၊ သက်သာ ရပ်နားမနေနဲ့။
❖ စာပေလောက်သာ၊ ပြည့်စုံကာ၊ သက်သာ ရပ်နားမနေနဲ့။
❖ ဆိတ်ငြိမ်နေရာ၊ နေနိုင်တာ၊ သက်သာ ရပ်နားမနေနဲ့။
❖ အနာဂါမ်ချမ်းသာ၊ ရနေတာ၊ သက်သာ ရပ်နားမနေနဲ့။
❖ မြတ်ရဟန္တာ၊ ဖြစ်အောင်သာ၊ ဆက်ကာဆက်ကာ ရှုမှတ်ပါ။

လို့ ဘုရားရှင်က ဟောတော့ ရဟန်းပြုခွင့်တောင်းပန်ပြီး ရဟန်းအဖြစ် ရောက်ပါတယ်။

အမေ မွေးတုန်းက ပါလာတဲ့ မျက်စိလောက်နဲ့ ရုပ်နာမ်ဝမ္မတွေကို မမြင်နိုင်ကြပါဘူး။ ဉာဏ်မျက်စိမဲ့ရင် ရုပ်နာမ်ကို မသိနိုင်ဘူး၊ မမြင်နိုင်ဘူး။

ဝိပဿနာဉာဏ်မျက်စိနဲ့မှ ဒါ... ရုပ်၊ ဒါ...နာမ်၊ ဒါ...သမုတိသစ္စာ၊ ဒါ...ပရမတ္ထသစ္စာ စသဖြင့် သိမြင်ပြီး... မဂ္ဂင်ရှစ်ပါး,သစ္စာလေးပါးတို့ကို သိမြင်နိုင်ပါတယ်။

❖ ဉာဏ်မျက်စိမဲ့ သူငါပဲဟု အလွဲအမှားသိကာသွား၏။
❖ တရားမျက်မှန် ဝိပဿဉာဏ်နှင့်၊ ဖန်ဖန်ခန္ဓာ၊ ကြည့်ရှုပါလော့။
❖ နှစ်ဖြာနာမ်ရုပ်၊ ဖြစ်ပြီးချုပ်၍ အဟုတ်ညည်းဆဲ၊ လွန်ဆင်းရဲ၏။
❖ စိုးလည်းမရ တွေမြင်ရသော်၊ ဓမ္မအလင်း အမြင်ရှင်းသည်၊ မှောင်ခွင်းဉာဏ်ရောင်ဖြာလေ၏။

ဝနဝစ္ဆမထေရ်လဲ တောကျောင်းမှာနေပြီး တရားအားထုတ်တာ ဉာဏ်မျက်စိနဲ့ ကြည့်တဲ့အခါကျတော့ ဒီခန္ဓာဟာ ရုပ်နဲ့နာမ်ပဲ ရှိပါလား၊ ဖြစ်ပြီးပျက်တာပါပဲလား၊ အနိစ္စပါလား၊ ဒုက္ခပါလား၊ အနတ္တပါလား ဆိုတဲ့ တရားအသိတွေရပြီး ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံတော်မူပါတယ်။

***ရွှင်လန်းချမ်းမြေ့ကြပါစေ။***

***မောင်အေးကြူ(စီးပွားရေး)***

ပါရမီမဂ္ဂဇင်း ၁၀၃

www.burmeseclassic.com

www.burmeseclassic.com



ဝင်း (စက်မှုတက္ကသိုလ်)

# မြိုခံလှာပါစေတော့ စိတ်ကလေးရေယ်

**ရေတံခွန်တောင်ဆရာတော်ကြီးက...**

'လူတွေက မွေးလာရင် ကိုယ့်ကိုယ်ကို အာဇာနည်လို့ ထင်ကြတာပဲ၊ ဒါ...ဘယ်ဟုတ်မလဲ၊ ပေါက်မြောက်အောင် ကျင့်ကြံနိုင်မှ အာဇာနည်ကွ'

လို့ မိန့်မောင်းထိုးပြသွားခဲ့တယ်။

[ ၁ ]

လောကဓံရဲ့ စိုးမိုးမှုအောက်မှာ အသက်အရွယ်နဲ့ ကျား,မ မရွေး သတ္တဝါတွေဟာ အလူးလူး အလဲလဲ ရှိနေကြရတယ်။ အူဝဲ ဆိုကတည်းက ကြိတ်မှိတ် ခံလိုက်ရတာ နောက်ဆုံး မရဏခရီးကို ထွက်ခွာသွားရတဲ့ အထိပဲ။

ဒါလဲပဲ မပြီးသေးဘူး။ သံသရာလည်ပြီး ခံယူရပြန်တယ်။ ဒါကို လွတ်မြောက်ဖို့က ထွက်ရပ်လမ်းကို တွေ့အောင် ရှာနိုင်ဖို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

မောတယ်၊ ပန်းတယ်။

(၁၀၈)လုံးသော တောင်တွေကို ဖြတ်ကျော်ရတာလဲ ဖြစ်၊ နေ့စဉ်နဲ့အမျှ ဖြတ်ကျော်မှုလဲ ဖြစ်နေဆိုတော့ ဒီလောက်တော့ ဖြစ်မှာပေါ့လို့ပဲ အောက်မေ့ထားရတယ်။

ဒီကြားထဲ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတွေက ဖြတ်ကျော်နေသူကို လောကဓံခေါင်းစဉ်တပ်ပြီး ကြားဖြတ်တိုက်ခိုက်မှုတွေ ပြုနေပြန်လို့ လန်မကျအောင် မနည်းကုတ်ခြစ် တွယ်ဖက်နေရတယ်။

ဒီတော့... မောရုံသာမက နွမ်းပါ နွမ်းလျနေတော့တယ်။

ဒါပေမယ့်လဲ မလျှော့သောဇွဲနဲ့ ဒီတောင်တွေကို ဖြတ်ကျော်နေမိတာ အကြိမ်ရေကို ပြောပါဆိုရင် မပြောနိုင်လောက်အောင် များနေပြီ။ အဲ...နှစ်အားဖြင့် ပြောပါဆိုရင်တော့ (၁၀)နှစ်ကျော်၊ (၁၅)နှစ်လောက် ရှိနေခဲ့ပါပြီ။

[ ၃ ]

ဂူက တောင်မကြီးပေါ်တက်တဲ့ ကုန်းတက်ကလေးရဲ့ အခြေမှာ ရှိနေတယ်။ နှစ်ထပ်ဂူဖြစ်လို့ အလင်းရောင် တိုးဝင်ပေမယ့်...အတွင်းဂူက မည်းမှောင်နေတယ်။

ဟောင်းနွမ်းမှု အနံ့တွေ ထွက်နေတယ်။ စိမ့်ကျတဲ့ ရေစက်တွေက အပေါ်ကျောက်ပန်းဆွဲတွေနဲ့ တိုက်မိလို့ ထင်ပါရဲ့...ကြမ်းပြင်ဆီကို ဖွာခနဲ ဖွာခနဲ ရေမှုန်ရေမွှား အဖြစ် ဖြာကျနေတယ်။

ဒါကြောင့် အပြင်က ဝင်လာတဲ့လူကို ရေကြည်ရေအေးတွေနဲ့ ကလူ၏သို့ မြူ၏သို့နှယ် ဖြစ်နေရတော့တယ်။

ဒါကို ကျောပေးပြီး ဂူနံရံဘက် မျက်နှာပြုလို့ ဂက်(စ်)မီးခြစ်ကို ခြစ်လိုက်ရတယ်။ ပြီး... သမင်လည်ပြန် လှည့်ကြည့်လိုက်တော့ အတွင်းဘက်နံရံ ပလ္လင်ခါးလောက် အမြင့်ပေါ်မှာ ဉာဏ်တော်(၁)ပေလောက်ရှိမယ့် ရုပ်ပွားတစ်ဆူကို ဖူးတွေ့လိုက်ရတယ်။

ကျောက်ဖျာတစ်ချပ်က မျက်နှာကြက်လို ဖြစ်နေလို့ အဲဒီမှာ ရေစက်တွေ ကျမနေဘူး။ ဒါကြောင့် အဲဒီကို သွားလို့ အလင်းတစ်တိုင်၊ အမွှေးတစ်တိုင် ပူဇော်လိုက်တယ်။

ဒီလိုဆိုတော့ ရေမှုန်ရေမွှားလေးတွေက အလင်းရောင်အောက်မှာ ဘုရားကို နတ်တွေ ကြဲချပူဇော်တဲ့ စိန်မှုန်စိန်မွှားတွေလိုလိုနဲ့ ပန်းလာသမျှ အနွမ်းပြေသွားရတော့တယ်။

[ ၄ ]

ဒီနေရာက ရေစိုပေမယ့် ရေမဝင်ဘူး။ အောက်ခင်းလေး ခင်းပြီး ထိုင်လိုက်တယ်။ ဂုဏ်တော်ကို စိပ်ပွားလိုက်တယ်။

အပြင်က သစ်ပင်သစ်ကိုင်းတွေ လေတိုးသံ၊ ရွက်ခြောက်တွေ ကြွေကျလို့ မြေကြီးနဲ့ထိသံ၊ လေအဟုန်မှာ မြေပေါ် ရုပ်တိုက် ပြေးသွားသံတွေကို တစ်ချက် တစ်ချက် ကြားနေရတယ်။

[ ၅ ]

တောင်တွေ... တောင်တွေ ကျော်လိုက်ရတာ၊ နေ့စဉ် ကျော်ဖြတ်နေကျ တောင်စဉ်တောင်တန်းတွေပေမယ့် မရိုးနိုင်ဘူး။ အထပ်ထပ် အခါခါသာ ဖြတ်ကျော်နေမိတယ်။

ဒီနေ့တော့ ပင်ပန်းလွန်းလို့လား မသိဘူး၊ နှာခေါင်းနှစ်ပေါက်က နှာရည်တွေ ဆည်က လွှတ်တဲ့ ရေလို သွင်သွင်စီးကျပြီး နှုတ်ခမ်းကိုဖြတ်လို့ မေးဖျားက



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့် တစ်စက်တစ်စက် ကျနေတော့တယ်။

ဒါကို လျစ်လျူရှုလိုက်တော့ တစ်တောင်တည်းကိုပဲ အပြန်ပြန် အလှန်လှန် ဖြတ်သွားဖြတ်လာ ပြုနေမိတယ်လို့ ထင်လာတယ်။

ဒီလို ဖြစ်နေတာ တကယ်လား... သတိထားပြီး အာရုံစူးစိုက်လိုက်တော့ နှာဝမှာ အငွေ့လေးတွေ လူလို့ အထက်အောက် ဘေးဘယ်ညာကို ပျံ့လို့။

အလို...

ဂူထဲမှာ မည်းမှောင်မှုနဲ့ မမြင်မတွေ့နိုင်တဲ့ အရာဆိုတာ မရှိတော့ပါလား...ဝင်လာတဲ့ ဂူဝကလဲ အလင်းရောင်ကို ဖွေးလို့။ ဒီမှာတင် ကြားဖူးနားဝနဲ့ ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်တယ်။

ကန်ပေါင်ပေါ်မှာ တင်ပျဉ်ခွေ ထိုင်နေတဲ့ ကျွန်တော့် အရိပ်ကို ကန်ရေပြင်မှာ တွေ့ရသလိုမျိုးပါပဲ။ ဒါပေမယ့် ကျွန်တော်က အကျီဖြူမှာ တိုက်ပုံဝတ်ထားတယ်။

သူက ယောဂီဝတ်စုံနဲ့။ ကျန်းမာသန်စွမ်းတာက မြင်တာနဲ့ သိနိုင်နေတယ်။ အံ့အားသင့်လို့ မဆုံးခင်မှာဘဲ သူက ကြယ်သီးနှစ်လုံးဖြုတ် ရင်ဘတ်ကို လှပ်ပြီး **''ထိုး...ထိုး''**နဲ့ ရင်ကော့ပေးတော့တယ်။

ဟာ...

ဘယ်သူက ကိုယ့်ကိုယ်ကို နာကျင်အောင် လုပ်မှာလဲ။ ဒါကို ကြည့်ပြီးတော့သာ နောင် ကိုယ့်ကိုယ်ကို ပြန်ပြီး ထိခိုက်စေမယ့် လောဘမှု၊ ဒေါသမှုတွေ လျော့နည်းပပျောက်အောင်သာ နေထိုင်သွားဖို့ ဆုံးဖြတ်လိုက်ရတော့တယ်။

[ ၆ ]

ပျင်းလိုက်တာ...

မျက်စိလဲ မဖွင့်ချင်ဘူး၊ လှုပ်လဲ မလှုပ်ချင်ဘူး။ မဖွင့်လဲ မြင်နေရ၊ မလှုပ်လဲ ရောက်နေရတာကိုး။ ဒီလိုသာ နေရမယ်ဆိုရင် မစားရလဲ ဖြစ်ပါတယ်။ မအိပ်ရလဲ ဖြစ်ပါတယ်။ ခွေခွေလေးသာ တွေ့ခဲ့၊ကြုံခဲ့ ရတာတွေအပေါ် စားမြုံ့ပြန်နေချင်မိတော့တယ်။

အခုတော့ ကျွန်တော် သိသွားပြီ။

**တကယ်တော့ (၁၀၈)လုံး ပုတီးကုံးဆိုတာ တစ်လုံးတည်းပါလား... တစ်လုံးတည်းဖြစ်မယ့် စိတ်အခြေအနေ ရဖို့သာ လိုအပ်ပါလားလို့။ တစ်နည်းပြောရရင် ''စိပ်'' ရာကနေ ''စိတ်''ဆီ ရောက်သွားဖို့ ဆိုတာကိုပါ။**

ဒီလို သိသွားပေမယ့် စိတ်ကလေးက ကျွန်တော့်ဆီမှာ အမြဲမနေနိုင်သေးဘူး ဖြစ်နေတယ်။ ဒီအတွက် ရတက်မအေး ဖြစ်နေလို့ စိတ်ကလေးကိုတွေ့ရင် ကျွန်တော့်ကိုယ်စား ပြောလိုက်ကြစမ်းပါ။

နေညိုချိန်ရောက် လူအိုကြီးတစ်ယောက်၊ အချိန်တွေ မပေးနိုင် မကျန်တော့တဲ့ သူတစ်ယောက်က စိတ်ကလေး နားလာခိုလာမှာကို ရွှေရင်တံခါးဖွင့်ပြီး မျှော်နေတယ်လို့။

တကယ်လို့ စိတ်ကလေးသာ ရင်ခွင်မှာ နားခိုနေမယ်ဆိုရင် အရာအားလုံးကို စွန့်လွှတ်ရဲပါတယ်လို့။ ပြီးတော့... တောင်စဉ်အထပ်ထပ်နဲ့ ရှမ်းရိုးမကြီးရဲ့ ဂူကြီးတစ်ခုထဲမှာ စိတ်ကလေး ပြန်လာမယ့်လမ်းကို မျှော်မှန်းရင်းနဲ့... ပြန်လာစေမယ့် အားထုတ်မှုတွေ ပြုနေပါတယ်လို့။

ဒီစာကိုသာ သစ်ရွက်ခြောက်စာအိတ်ကလေးထဲ ထည့်လို့ ထင်းခုတ်သမား လူအကြံနဲ့ ပါးလိုက်ရတော့တယ်။

**ဝမ်း(စက်မှုတက္ကသိုလ်)**





www.burmeseclassic.com

www.burmeseclassic.com



သချိုင်းဖော်
(သံသရာခရီးသွား)

# သချိုင်းကုန်းမှ အသံရှင်

ကျွန်ုပ်သည် ရှင်တော်မြတ်ဘုရား၏ မဟာကရုဏာတော်တို့ ကျေးဇူးဆပ်သောအားဖြင့် သူတစ်ပါး၏ အသွေးအသား အသက်များကို ရာသက်ပန် လှူဒါန်း၍ သုသာန်အချို့နှင့် တောတောင်အနှံ့ လှည့်လည် သွားရောက်ကာ ကမ္မဋ္ဌာန်းတရား ပွားများ အားထုတ်နေသော ဂန္ဓာရီသမားတစ်ယောက် ဖြစ်ပါသည်။

ထိုကဲ့သို့ လှည့်လည် အားထုတ်ရာတွင် ကာယနုပဿနာ သတိပဋ္ဌာန်မှ နဝသိဝထိက ပဋ္ဌမပိုင်းဖြစ်သည့် အရိုးစုအား ရှုမှတ်ခြင်းသည် ကျွန်ုပ်၏ ပဓာနအလုပ် ဖြစ်သည်။

ပိဋကတ်တော်၌ တိရစ္ဆာန်၏ အသေကောင် (သို့မဟုတ်) အရိုးစုအား ရှုနိုင်သည်ဟု လာရှိသဖြင့် (လူ၏အရိုးစုအား မတွေ့ရှိသည့်အခါများတွင် ကျွန်ုပ်ထံတွင်ရှိသော) မျောက်ဦးခေါင်းခွံအား ရှုလေသည်။

လွန်ခဲ့သည့် ဝါခေါင်လ၏ ညတစ်ညဌ ကျွန်ုပ်သည် ဖျာပုံမြို့နယ်၊ ဂျိုဝါရွာ၏သုသာန်တွင် လူ၏ ဦးခေါင်းခွံတစ်ခွံအား ရှုနေသည်။ ထိုသို့ရှုနေစဉ် အပြေးအလွှား ဝင်ရောက်လာသော အနောက်တောင်လေသည် အလင်းတိုင်မီးအား ငြိမ်းသတ်လိုက်သည်။

သုသာန်တစ်ခုလုံးအား အမှောင်ထုမှ သိမ်းပိုက်လိုက်သည်။ ဦးခေါင်းခွံအား မမြင်ရတော့ချေ။ ကျွန်ုပ်သည် မျက်စိအစုံအား မှိတ်လိုက်ပြီး အလင်းတိုင် မငြိမ်းမီက မြင်တွေ့ရသော ဦးခေါင်းခွံအား မနောအာရုံဖြင့် ပုံဖော်ကာ…

'ဪ…တစ်ချိန်က ဖနီးယောက်ျား သမီးသား၊ မိဘမောင်ဘွား၊ စီးပွားဥစ္စာ ခြွေရံသင်းပင်း၊ ညီရင်းမောင်နှမများနှင့် ပျော်ပါးခဲ့သည့် သင်သည် ယခုအခါတွင်





www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံးကို စွန့်လွှတ်ခဲ့ရပြီလေ…

သင့်လိုပဲ ကျွန်ုပ်သည်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဇနီးမယား သမီးသားနဲ့ စီးပွားဥစ္စာ၊ ခြွေရံသင်းပင်း၊ ညီရင်းနှမများ အားလုံးကို စွန့်လွှတ်ရမှာပါ'

ဟု ရှုမှတ်ပွားများ သံဝေဂတင်လိုက်သည်။

ထို့နောက် နှာသီးဖျားတွင် စိတ်ကို ထား၍ ဝင်လေထွက်လေအား သတိဖြင့် စောင့်ကြည့်နေလိုက်သည်။ ရံဖန်ရံခါ စိတ်သည် ပြေးလွှားပျံ့လွင့်နေသည်။ ပြေးလွှားပျံ့လွင့်နေသော စိတ်အား နောက်စိတ်ဖြင့် ထက်ကြပ်မကွာလိုက်၍ ရှုမှတ်နေသည်။

တဖြည်းဖြည်းဖြင့် ပျံ့လွင့်ထွက်ခွာမှု နည်းလာသည်။ နာရီဝက်ခန့်အကြာ၌ နှာသီးဖျားတွင် ပွတ်တိုက်နေသော ဝင်လေထွက်လေမှာသာ သတိကပ်နေပြီး အခြားတစ်ပါးသို့ ပျံ့လွင့်ထွက်ခွာခြင်း မရှိတော့ပေ။ သမာဓိရလာလေပြီ။

ခန္ဓာကိုယ် တစ်ခုလုံးသည်လည်း ပေါ့ပါးနေသည်။ စိတ်သည်လည်း အဖြူရောင်သက်သက် ဖြစ်လာသည်။ ထိုအချိန်တွင်…

'ကျုပ်ကို ပြန်ပို့ပါ'

ဟု ကြားလိုက်သည်။ ဖျဉ်းခနဲ ကြက်သီးထသွားသည်။ ကြောက်စိတ်များသည် အပြေးအလွှား ဝင်ရောက်လာသည်။ အဖြူရောင်စိတ်သည်လည်း မည်းညစ်သွားတော့သည်။ ထို့ကြောင့် အသံရှင် မည်သူဖြစ်သည်ကို အာရုံနိမိတ်တွင် ပုံရိပ်ဖော်၍ မရတော့ပေ။

ညဥ့်အမှောင်ထုသည် နက်ရှိုင်းနေသည်။ မိုးသည် သဲသဲမဲမဲ ရွာနေသည်။ လေသည် တဝေါဝေါ တိုက်နေသည်။ သစ်ပင်ကြီးငယ် အသွယ်သွယ်တို့၏ လှုပ်ယမ်းသံသည်လည်း ဆူညံနေသည်။

ကြောက်သူကို ကူ၍ ခေါက်နေသည်လား မဆိုနိုင်ပေ။

ကျွန်ုပ်သည် သုသာန်စောင့် မဖဲဝါနှင့် သုခိတဒုက္ခိတ ဝေနေယျသတ္တဝါအားလုံးအား ဒုတိယအကြိမ် မေတ္တာပို့ အမျှဝေလိုက်သည်။

ကြောက်စိတ်ကား မပြေ၊ ကြက်သီးများလည်း ထနေဆဲဖြစ်သည်။

'ဤသုသာန်တွင်ရှိနေသော ပုဂ္ဂိုလ်များသည် သံသရာခရီးသည်များ ဖြစ်ကြသဖြင့် သံသရာ တကျော့ကျော့တွင် ကျွန်ုပ်နှင့် ဆွေမျိုးရင်းချာများ တော်စပ်ခဲ့ကြပေလိမ့်မည်။

ထို့ကြောင့် သင်တို့နှင့် ဆွေမျိုးတော်စပ်ခဲ့သည့် ကျွန်ုပ်အား ကြောက်အောင်လန့်အောင်၊ ပူးအောင်ဖော်အောင်၊ နှလုံးတုန်ရင်ခုန်အောင်၊ ကမ္မဋ္ဌာန်းအလုပ်ပျက်အောင် မလုပ်ကြရန် မေတ္တာရပ်ခံတောင်းပန်လိုက်သည်'

ကြောက်စိတ်ကား မပြေ၊ အထွတ်အထိပ်သို့ ရောက်နေသည်။ နှလုံးသွေးများပင် ရပ်လေမလားဟု ထင်မိသည်။ ခန္ဓာကိုယ်ရှိ မွေးညှင်းပေါက်များမှ ချွေးများသည်ပင် အအေးဒဏ်ကို အန်တု၍ ပြေးထွက်လာနေသည်။

ကျွန်ုပ်သည်ကား သုသာန်အတွေ့အကြုံ အတော်များများအား ဖြတ်သန်းခဲ့ဖူးသူ ဖြစ်ပါသည်။ လွန်စွာ ကြမ်းသည်ဆိုသော စလင်းမြို့နယ်၊ တညောင်ရွာကြီး၏ သုသာန်၌ပင်လျှင် အနှောင့်အယှက်များအကြားမှ ရက်ပေါင်းများစွာ ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ဖူးလေသည်။

မည်သို့ပင် ခေါက်၍ မည်သို့ပင် ကြမ်းသော သုသာန်ဖြစ်စေကာမူ ကမ္မဋ္ဌာန်းအလုပ်ကို ဖြုတ်၍ ပြေးခဲ့ရသည်ဟူ၍ တစ်ခါမှ မရှိခဲ့ဖူးအမှန်ပါ။

'မရဏံ မေ ဘဝိဿတိ'

**မေ၊** ငါ့အား။ **မရဏံ၊** သေခြင်း

စာမျက်နှာ (၁၁၃) သို့





www.burmeseclassic.com

www.burmeseclassic.com



ထက်ကြီး

# ဆွေမျိုးပြဿနာများနှင့် ကျွန်တော်

မြန်မာနိုင်ငံ အောက်ပိုင်းက မြို့လေးတစ်မြို့။ နာမည်က မော်လမြိုင် ဖြစ်သည်။ မော်လမြိုင်၏ အောက်လမ်းကြီးမှာ ထက်ကြီး နေပါသည်။ ထက်ကြီးတို့ အိမ်ရှေ့ လမ်းတစ်ဖက်မှာ လက်ဖက်ရည်ဆိုင်ကြီး တစ်ဆိုင်ရှိ၏။ လမ်းတစ်ဖက် ထက်ကြီးတို့အိမ်၏ မျက်စောင်းထိုးမှာ ''မိုးတိမ်''ဆိုသည့် ပလတ်စတစ်ပစ္စည်းဆိုင် ရှိသည်။

အရင်တုန်းကတော့ အဲဒီ ပလတ်စတစ်ပစ္စည်း ဆိုင်လေးက စာအုပ်အငှားဆိုင်တစ်ဆိုင် ဖြစ်သည်။ ထက်ကြီး ငယ်ငယ် (၃)တန်း၊ (၄)တန်းလောက်ကတည်းက ထိုစာအုပ်အငှားဆိုင်လေးနှင့် များစွာ ရင်းနှီးခဲ့သည်။

ထက်ကြီးက စာဖတ်ဝါသနာပါတော့ အဲဒီစာအုပ်အငှားဆိုင်ကနေ ကာတွန်း၊ ရုပ်ပြ၊ သိုင်းဝတ္ထု၊ စုံထောက်ဝတ္ထု၊ ဘာသာပြန် စသည့် စာအုပ်တွေ ငှားကာ ဖတ်ဖြစ်ခဲ့သည်။

ဒါ့အပြင် စာအုပ်အငှားဆိုင်ပိုင်ရှင် ဦးမောင်၏ မီးစက်တွေ ပြင်တာကိုးလည်း အားလျှင်အားသလို သွားရောက် ကြည့်ရှုလေ့ရှိသည်။ ထက်ကြီး အားသည့်အချိန် ဘာမှ လုပ်စရာမရှိလျှင် အဲဒီစာအုပ်အငှားဆိုင်သို့သာ သွားသည်။

အဲဒီဆိုင်မှာ စာအုပ်တွေကို ထိုင်ဖတ်လျှင်ဖတ်၊ ငှားသည့်စာအုပ်လည်းငှားနှင့် ဦးမောင်မိန်းမ ဒေါ်မိမိနှင့်ပါ ရင်းနှီးကျွမ်းဝင်နေတော့သည်။

ဦးမောင်နှင့် ဒေါ်မိမိတို့တွင်လည်း သမီးတစ်ယောက် ရှိ၏။ ထက်ကြီး ညီအလတ်နှင့် ရွယ်တူတွေ ဖြစ်သည်။

ထက်ကြီး (၈)တန်းရောက်တော့ စာသိပ်မဖတ်ဖြစ်တော့ပေ။ TVဂိမ်းကစားတာကို ပို၍ အားသန်လာခဲ့



www.burmeseclassic.com



သည်။ ထက်ကိုးတို့ အိမ်နားရှိ တောင်ပေါ်တန်း ရဲဘော်ကုန်းရှိ TVဂိမ်းဆိုင်သို့ သွားရောက်ကစားသည်။ အဲဒီစာအုပ်အငှားဆိုင်သို့ ရံဖန်ရံခါတော့ ရောက်ဖြစ်တော့သည်။

ထက်ကိုး (၉)တန်းရောက်တော့ တောင်ပေါ်တန်းရှိ TVဂိမ်းဆိုင်တွင် မကစားဖြစ်တော့ပေ။ ထက်ကိုးတို့ မြို့၏ ထားဝယ်တံတားရှိ TVဂိမ်းနှင့် ဘီလီယက်ခုံ တွဲဖွင့်ထားသော ဆိုင်သို့ သွားရောက်ကစားဖြစ်ခဲ့သည်။

အဲဒီတော့ စာအုပ်အငှားဆိုင်သို့ မသွားဖြစ်တော့သလို အဆက်အသွယ်လည်း ပြတ်သွားသည်။ ထက်ကိုး တက္ကသိုလ်တက်တော့ အဲဒီ ထားဝယ်တံတားဆိုင်မှ သူငယ်ချင်းတွေနှင့် တက္ကသိုလ်တက်ဖြစ်ခဲ့သည်။

အဲဒီအချိန်မှာ "မိုးတိမ်"ဆိုသည့် စာအုပ်အငှားဆိုင်ကနေ ပလတ်စတစ်ပစ္စည်းဆိုင်သို့ ပြောင်းလဲသွားပြီဖြစ်သည်။

၂၀၀၅–၂၀၀၆ ခုနှစ် ထက်ကိုး တက္ကသိုလ် ဒုတိယနှစ်တွင် ထက်ကိုးမေမေက အဲဒီဆိုင်က ဦးမောင်၏မိန်းမ ဒေါ်မိမိထံသို့ အိမ်ရှိပစ္စည်းအချို့ ရောင်းချခဲ့သည်။ ဒေါ်မိမိက အဲဒီအချိန်က ပွဲစားလည်း လုပ်နေ၍ ဖြစ်သည်။

ထက်ကိုးမေမေက ဒေါ်မိမိကို ရောင်းချလိုက်သည့် ပစ္စည်းများထဲတွင် ရှေးဟောင်းကျွန်းတံခါးကြီးတွေလည်းပါဝင်၏။

ဒေါ်မိမိကလည်း သူတို့ဝယ်ထားသည့်မြေကွက်တွင် အိမ်ဆောက်နေ၍ အဲဒီအိမ်မှာတပ်ရန် ရှေးဟောင်းကျွန်းတံခါးတွေကို ဝယ်ယူသွားခဲ့သည်။

ထက်ကိုးမေမေက အဲဒီ ကျွန်းတံခါးကြီးတွေ အိမ်မှာလည်း ပိုနေမည့်အတူတူ ပိုက်ဆံလည်းရ၍ ရောင်းချခဲ့ခြင်း ဖြစ်သည်။ ဒေါ်မိမိက ရှေးဟောင်း ကျွန်းတံခါးတွေကို သူတို့ ပလတ်စတစ်ပစ္စည်းဆိုင်နေအိမ်သို့ ယူဆောင်ကာ ထား, ထားခဲ့သည်။ အဲဒီနေ့ညမှာပဲ…

'ဟေ့…ဒီမှာ မင်းတို့ယူလာတဲ့ ကျွန်းတံခါးတွေကို သူနေရာမှာ ပြန်ထားလိုက်။ အဲဒီကျွန်းတံခါးတွေမှာ ငါတို့နေ,နေတာ။ ငါတို့ အေးအေးချမ်းချမ်း နေ,နေတာကို မင်းတို့က နှောင့်ယှက်ဖျက်ဆီးကြတယ်။ ပြန်မထားရင် ငါတို့အကြောင်း မင်းတို့ သိရမယ်ဟေ့။ ယူလာတဲ့ ကျွန်းတံခါးတွေကို အခုပြန်ထားလိုက်၊ ပြန်ထားလိုက်… ကြားလား'

ဒေါ်မိမိတို့ကို တရုတ်အဘိုးကြီးတစ်ယောက်နှင့်အတူ မိသားစုဟုထင်ရသည့် တရုတ်မိသားစုက အိပ်မက်ထဲမှာ ပြောပြီး ပျောက်ကွယ်သွားသည်။ အဲဒီအချိန်မှာ အိမ်အပြင်ဘက် လမ်းမပေါ်မှ ခွေးအူသံတွေ ဆူညံသွားသည်။

ဒေါ်မိမိက အိပ်မက်ပဲဆိုပြီး ထားလိုက်တော့သည်။ နံနက် မိုးလင်းတော့ ဒေါ်မိမိတို့မိသားစုတွေ နံနက်စာ စားတော့မှ ညက မက်ခဲ့သော အိပ်မက်ကို မိသားစု သုံးယောက်လုံး မက်ကြသည်ကို သိကြရလေသည်။

သို့သော် ဒေါ်မိမိလည်း အိမ်အလုပ်တွေလုပ်ရင်း ညက အိပ်မက်ကို မေ့ပျောက်သွားသည်။ အဲဒီနေ့ညမှာလည်း ဒေါ်မိမိတို့ အဲဒီအိပ်မက်ကိုပဲ ထပ်မံ မက်လေသည်။

အဲဒီအိပ်မက်ကို သုံးရက်ဆက်တိုက် မိသားစုသုံးယောက်လုံး မက်ကြတော့ ဒေါ်မိမိလည်း သတိထားမိလာသည်။ ဒေါ်မိမိ၏ သမီးမှာလည်း ကြောက်လန့်သောကြောင့် အပြင်းဖျားလေသည်။

အဲဒီနောက်တော့ ဒေါ်မိမိလည်း ဦးမောင်နှင့် တိုင်ပင်ရလေသည်။ ဦးမောင်နှင့် ဒေါ်မိမိတို့ မိသားစုလည်း ပြောဆိုတိုင်ပင်ကြပြီး အဲဒီနေ့မှာပဲ အဲဒီကျွန်းတံခါးတွေကို သူတို့ကိုးကွယ်သော ဘုန်းကြီးကျောင်း ပို့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးမောင်နှင့် ဒေါ်မိမိလည်း သူတို့ ကိုးကွယ်သော ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်ကို အကျိုးအကြောင်း လျှောက်ထားလေသည်။ ကျောင်းထိုင်ဆရာတော်၏ ညွှန်ကြားချက်ဖြင့် ဦးမောင်နှင့် ဒေါ်မိမိတို့လည်း အဲဒီကျွန်းတံခါးတွေကို အလှူလုပ်ကာ ရေစက်ချ အမျှပေးဝေကြသည်။

အဲဒီနေ့ညမှာတော့ ဒေါ်မိမိတို့ မိသားစုလည်း အေးအေးချမ်းချမ်း အိပ်စက်ရလေသည်။ အိပ်မက်ထဲမှာ လာပြောနေသည့် တရုတ်အဘိုးကြီးနှင့် သူ၏မိသားစုကိုလည်း အိပ်မက် မမက်တော့ပေ။

အိမ်အပြင်ဘက်မှ ခွေးအူသံတွေလည်း မကြားရတော့ပေ။ အဲဒီအကြောင်းတွေကို ထက်ကိုးတို့ကို ပြန်ပြောပြချင်သော်လည်း ထက်ကိုး၏ အဖေက မယုံလျှင် ပြဿနာဖြစ်နိုင်တာကြောင့် ပြန်မပြောပြခဲ့ပေ။

တစ်နေ့မှာ ထက်ကိုးညီမက ဆယ်တန်းရောက်ပြီဖြစ်၍ အိမ်တွင် ဝိုင်းကျူရှင် သင်ရမည်ဖြစ်သည်။ ဒါကြောင့် ထက်ကိုးမေမေက ဒေါ်မိမိတို့ဆိုင်မှာ ထိုင်ခုံတွေ သွားဝယ်သည်။ အဲဒီတော့မှ စကားစပ်မိပြီး…

'အစ်မပါလား၊ ဘာယူမလို့လဲ၊ ကြည့်လေ…အစ်မ'

ဒေါ်မိမိက သူ့ဆိုင်ကို ရောက်လာသည့် ထက်ကိုးမေမေကို ဘာယူမလဲဟု မေးမြန်းလေသည်။

'ပလတ်စတစ်ထိုင်ခုံတွေ လိုချင်လို့၊ ကြည့်ကြည့်မယ်လေ ညီမ'



ထက်ကိုးမေမေက သူ လိုချင်တာကို ပြောပြီး ဆိုင်ထဲတွင် လျှောက်ကြည့်လေသည်။

'ဒီထိုင်ခုံတွေဆို ရမလား အစ်မ၊ ဘယ်နှလုံးယူမလဲ'

ဒေါ်မိမိကလည်း ထက်ကိုးမေမေ ယူမည့် ထိုင်ခုံတွေကို ကြည့်၍ ဈေးနှုန်းပြောကာ မေးလေသည်။

'အစ်မက သမီးကျူရှင်အတွက်ဆိုတော့ (၁၀)လုံးလောက် ယူမလားလို့ ညီမ'

ထက်ကိုးအမေက ထိုင်ခုံ(၁၀)လုံးလောက် ယူမည်ပြော၍ ဒေါ်မိမိကလည်း…

'အစ်မ (၉)ထောင်ကျော်ကျတယ်။ အိမ်ကို ပို့ပေးလိုက်မယ်လေ အစ်မ'

ကျသင့်ငွေကို တွက်ချက်၍ ထက်ကိုးမေမေကို ပြောလေသည်။ အဲဒီနောက်မှာ…

'ဒါနဲ့…အစ်မကို ပြောရဦးမယ်။ ညီမ အစ်မဆီက ဝယ်သွားတဲ့ ကျွန်းတံခါးတွေလေ…'

'ဘာဖြစ်လို့လဲ ညီမ'

ထက်ကိုးမေမေက ပြန်မေးတော့…

'အဲဒီ ဝယ်သွားတဲ့ညမှာပဲ အိပ်မက်ထဲမှာ တရုတ်အဘိုးကြီးတစ်ယောက်နဲ့ မိသားစုလို့ ထင်ရတဲ့ တရုတ်မိသားစုက အဲဒီကျွန်းတံခါးတွေကို သူ့နေရာမှာ ပြန်ထားဖို့ ပြောတယ်။ အဲဒီကျွန်းတံခါးတွေကို သူ့စိတ်တိုင်းကျ ပြုလုပ်ထားတာတဲ့။

အဲဒီ ကျွန်းတံခါးတွေမှာ သူတို့ အေးအေးချမ်းချမ်း နေ့နေတာကို ကျွန်မတို့က နှောင့်ယှက်ဖျက်ဆီးကြတယ်တဲ့။ မထားရင် သူတို့အကြောင်း သိရမယ်လို့ လာ,လာပြီးပြောတာ အစ်မ'

ဒေါ်မိမိက ထက်ကိုးမေမေကို အကြောင်းစုံ ပြောပြလေသည်။ ထက်ကိုးမေမေကလည်း…

'ဟင်…ဟုတ်လား၊ အဲဒီတော့ ညီမတို့ ဘယ်လို လုပ်လိုက်ကြလဲ'

ဟု ပြန်မေးသည်။

'ညီမတို့ ကိုးကွယ်တဲ့ ဘုန်းကြီးကျောင်းကို အဲဒီကျွန်းတံခါးတွေ ပို့လိုက်ရတာပေါ့။ နောက်တော့မှ ကျောင်းထိုင်ဆရာတော်နဲ့ တိုင်ပင်ပြီး အလှူလုပ်ပြီး ရေစက်ချ အမျှဝေတာပေါ့။ ဒါပေမယ့် မရဘူး။ နောက်နေ့မှာလဲ ညီမသမီးက ကြောက်လန့်ပြီး ဖျားသွားတော့ ညီမတို့လဲ ပိုပြီးစိုးရိမ်သွားတာပေါ့။

အဲဒီကျွန်းတံခါးတွေက အခုထိ ဘုန်းကြီးကျောင်းမှာပဲ ထား,ထားရတယ်။ ညီမက အဲဒီအကြောင်းတွေ အစ်မကို လာပြောပြချင်ပေမယ့် အစ်မယောကျ်ားက မယုံရင် ပြဿနာဖြစ်မှာကြောက်လို့ လာမပြောပြတာ အစ်မ'

ဒေါ်မိမိက ထက်ကိုးတို့ အမေကို သူတို့လုပ်လိုက်ရသည့် အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ကို ပြန်ပြောင်းပြောပြနေ၏။

'ဟုတ်လား…ညီမ၊ အစ်မယောက်ျားရဲ့အဖေကလဲ အဲဒီကျွန်းတံခါးတွေကို သူ့စိတ်တိုင်းကျ လုပ်ထားတာလေ။ အဲဒီအကြောင်းတွေကို အစ်မယောက်ျားကို ပြန်ပြောရမလား'

ဟု ထက်ကိုးအမေက မေးတော့ ဒေါ်မိမိက အကြောက်အကန်ငြင်းကာ…

'ဟာ…ဟာ… ပြန်တော့မပြောပါနဲ့ အစ်မ၊ အစ်မသိရင်ပဲ လုံလောက်ပါပြီ'

ဟု ပြန်ပြောလေသည်။

'ဒါဆို အစ်မတို့ ပြန်တော့မယ်နော် ညီမ'

ဟု ထက်ကိုးအမေက နှုတ်ဆက်တော့…

'ဟုတ်ကဲ့ အစ်မ၊ ခုံတွေကို အိမ်ကို ပို့ပေးလိုက်မယ်'

ဟု ဒေါ်မိမိက ပြန်ပြောလေသည်။

ဒေါ်မိမိထံမှ ထက်ကိုးအမေ ပြန်လာပြီး အကြောင်းစုံကို ထက်ကိုးတို့ကို ပြန်ပြောပြလေသည်။ အဲဒီတော့မှ ထက်ကိုးအမေ ပြောပြ၍ အဲဒီကျွန်းတံခါးတွေကို ထက်ကိုးတို့အဘိုးက သူ့စိတ်တိုင်းကျ ပြုလုပ်ထားတာဖြစ်ကြောင်း၊ ဒါကြောင့် ဒေါ်မိမိပြောသော တရုတ်အဘိုးကြီးမှာ အဘိုးဖြစ်နိုင်ကြောင်း၊ အဲဒီကျွန်းတံခါးတွေက ထက်ကိုးတို့အိမ်ထပ်ခိုးမှာ အဘိုး သေကတည်းက ရှိနေခဲ့ကြောင်း စသည်ဖြင့် ထက်ကိုးတို့ သိရသည်။

အဲဒီအကြောင်းကို ထက်ကိုးတို့အဖေကို ပြောပြသော်လည်း အဖေက မယုံကြည်ပေ။ ဒါကြောင့် အဘိုးတို့ကို အလှူအတန်းလုပ်ကာ အမျှမပေးဝေဖြစ်ခဲ့ပေ။

ထက်ကိုးကတော့ ထင်သည်။ အဘိုးတို့သည် သူ စိတ်တိုင်းကျ ပြုလုပ်ထားသည့် ကျွန်းတံခါးကြီးတွေမှာ စောင့်နေရသည့် ပြိတ္တာတွေဖြစ်နေခြင်းဖြစ်မည်။ လူဆိုတာက သေခါနီးမှာ သူ စိတ်စွဲလမ်းရာ နေရာမှာ ဖြစ်ရသည်ဟု ဗုဒ္ဓဘုရားရှင်က ဟောပြထားခဲ့သည်။

ဒါကြောင့် ရှေးပညာရှိတွေက လူတွေ သေခါနီးမှာ သူပြုခဲ့ဖူးသည့် ကုသိုလ်တရားတွေ သူ့အာရုံထဲမှာ ပြန်အမှတ်ရစေရန် တရားခွေဖွင့်ခြင်း၊ တရားစာရွတ်ဖတ်ခြင်း၊ တရားဓမ္မအကြောင်း ပြောပြခြင်းတို့ကို လုပ်ပေးရသည်။ ဒါမှ သေခါနီးလူမှာ အသေဖြောင့်၍ ကောင်းရာသုဂတိသို့ လားရောက်ရမည်ဟု ပြောကြသည်။

ထက်ကိုးအဘိုးကလည်း သေခါနီးမှာ သူ စွဲလမ်းနှစ်ခြိုက်ခဲ့သော ကျွန်းတံခါးတွေကို စောင့်နေကြသည်မှာ ထက်ကိုးတစ်သက် **နှစ်ပေါင်း(၃၀)ကျော်** ကြာနေပြီဖြစ်သည်။

ဦးမောင်၏မိန်းမ ဒေါ်မိမိက ထက်ကိုးတို့ထံမှ ကျွန်းတံခါးတွေကို ဝယ်ယူသွားတော့ အဘိုးတို့က သူတို့နေသော နေရာကို ဖျက်ဆီးသည်ဟု ဆိုကာ အိပ်မက်ပေး၍ ပြန်ထားခိုင်းခြင်းဖြစ်မည်။

ဒေါ်မိမိတို့ အလှူလုပ်ကာ အမျှအတန်းပေးဝေတာကိုကော အဘိုးတို့ ရကြမည်လား၊ ထက်ကိုးတို့၏ အိမ်ထပ်ခိုးမှာ အဘိုးတို့ ယခုထက်တိုင် ရှိသေးလား ဆိုတာကိုတော့ ထက်ကိုးတို့လည်း မသိနိုင်ပေ။

ဒါပေမယ့် ထက်ကိုးနှင့် မေမေတို့က ပုတီးစိပ်ပြီးတိုင်း အဘိုးတို့အား ရည်စူး၍ အမျှအတန်းပေးဝေခဲ့သည်မှာ ကြာပြီဖြစ်သည်။

တစ်နေ့ကပဲ ထက်ကိုးမေမေက သူ အဘိဓမ္မာသွားသင်သော ဆင်ဖြူကျောင်းတွင် အဝတ်လျှော်စက်နှစ်လုံး လှူ၍ အဘိုးတို့အား ရည်စူး၍ အမျှအတန်းပေးဝေခဲ့သည်သာ။

အချိန်တွေ ကြာညောင်းခဲ့ပြီ။ ဒေါ်မိမိ၏ နောက်ဆုံးပြောပြချက်အရ ထိုကျွန်းတံခါးကြီးတွေသည် အဲဒီဘုန်းကြီးကျောင်းမှာပဲ ယခုထက်တိုင် ရှိနေဆဲဖြစ်သည်။

ထက်ကိုးနှင့်မေမေကတော့ ယခုထက်တိုင် ဘုရားရှိခိုး ပုတီးစိပ်ပြီးတိုင်း ကျွန်းတံခါးမှာနေသော အဘိုးပြိတ္တာတို့ကို အမျှအတန်း ပေးဝေလျက် ရှိ၏။

အဘိုးပြိတ္တာတို့လည်း ဘယ်ဘုံဘဝကို ရောက်နေလဲ မသိရပေ။ ကျွန်းတံခါးတွေမှာ နေကြသည့် အဘိုးပြိတ္တာတို့လည်း ထက်ကိုးတို့ အမျှပေးဝေတာကို အမျှရကြ၍ အေးချမ်းသောဘဝကို ပိုင်ဆိုင်နိုင်ပါစေလို့ ထက်ကိုး ယခုထက်တိုင် ဆုတောင်းမေတ္တာ ပို့သလျက် ရှိတော့သည်။

**ထက်ကိုး**





www.burmeseclassic.com

စာမျက်နှာ (၁၀၈)မှ အဆက်

တရားသည်။ **ဘဝီသာတိ၊** ဖြစ်လတ္တံ့။

ဟု သေခြင်းတရားအား နှလုံးသွင်းလိုက်သည်။

'ငါသည် တစ်နေ့ သေရမည်၊ ကြောက်သော်လည်း တစ်နေ့သေရမည်၊ မကြောက်လည်း တစ်နေ့သေရမည်။ ယခု မသေလည်း နောက် သေရမည်။ မသေဘဲ မနေရမည့် ငါသည် အသံတစ်သံကြား ရုံမျှဖြင့် အဓိပ္ပာယ်မဲ့စွာ သရဲပေါ်ကြောင် နေခြင်းကား ရှက်ဖွယ်ကောင်းလွန်းသည်'

ဟု ယိမ်းယိုင်နေသော စိတ်အား အမှန်တရားစိတ်ဖြင့် ကျားကန်ပေးလိုက်သည်။

မကြာမီ ကြောက်စိတ်ကား တဖြည်းဖြည်း ပျောက်ကွယ်သွားတော့သည်။ စိတ်သည်လည်း အဖြူရောင်သက်သက် ပြန်ဖြစ်လာသည်။ စိတ်အဖြူရောင်ထဲမှာ **''ကျုပ်ကို ပြန်ပို့ပါ''** ဆိုသည့် အသံရှင်အား ရှာကြည့်လိုက်သည်။

ကျွန်ုပ်ရှုနေသော ဦးခေါင်းခွံကား ကျွန်ုပ်၏ အာရုံနိမိတ်၌ ပုံရိပ်ထင်လာသည်။

'ဪ... ဒီဦးခေါင်းခွံရဲ့ ပိုင်ရှင်ပါလား'

ဟု စိတ်မှ ရေရွတ်လိုက်သည်။ ဖြစ်နိုင်ပါသည်။

ကျွန်ုပ်ရှုနေသော ဦးခေါင်းခွံသည် ဤသုသာန်မှ မဟုတ်ပါ။ ကျိုက်လတ်မြို့နယ်၊ မရမ်းရွာသုသာန်၏ ကမ်းစပ်သောင်ခုံမှ ကောက်ယူခဲ့သော ဦးခေါင်းခွံ ဖြစ်လေသည်။

ကျွန်ုပ်လည်း ဦးခေါင်းခွံပိုင်ရှင်ဖြစ်သည့် ပရလောကသားအား အထူးတလည် မေတ္တာပို့ အမျှဝေကာ...

'ဒီတစ်ညတာ ကျွန်ုပ်အား ကူညီရန်နှင့် မိုးလင်းလျှင် ပြန်ပို့ပေးမည်'

ဟု စိတ်ဖြင့် ပြောဆို သတိပေးလိုက်ပြီး ကမ္မဋ္ဌာန်းတရား ဆက်လက် ပွားများနေလိုက်သည်။

မည်ရွေ့မည်မျှ အချိန်ကြာသွားသည်မသိပါ။ နေ့တစ်နေ့၏ နိဒါန်းအစ ဖြစ်သည့် ကျေးငှက် သာရကာတို့၏ အသံလေးများအား ကြားရလေမှ မျက်လုံးအစုံကို ဖွင့်လိုက်သည်။

မိုးလည်း စဲသွားပြီ၊ လေလည်း ငြိမ်သွားပြီ။ အရုဏ်ကျင်း၍ အလင်းပင် ရောက်နေပြီ။

ဘဝပေါင်းများစွာမှ ယနေ့တိုင် ကျွန်ုပ်ပြုကျင့် ဖြည့်ဆည်းခဲ့သော လှူဒါန်းခဲ့သည့် ဒါနကုသိုလ်၊ ဆောက်တည်ခဲ့သည့် သီလကုသိုလ်၊ ပွားများခဲ့သည့် ဘာဝနာကုသိုလ်အစုစုတို့ကို ဝေနေယျ သတ္တဝါအားလုံးအား မေတ္တာပို့ အမျှပေးဝေပြီး ကမ္မဋ္ဌာန်းအလုပ် ဖြုတ်လိုက်သည်။

ညကပေးထားသည့် ကတိလည်း ရှိနေသောကြောင့် **ကျွန်ုပ်ခင်း၍ ထိုင်နေသော အဝတ်ဖြင့် ဦးခေါင်းခွံအား ထုပ်ပိုးလိုက်ပြီး ကျိုက်လတ်မြို့နယ်၊ မရမ်းကျေးရွာသုသာန်ဆီသို့ ဦးတည် လျှောက်လှမ်းလိုက်ပါတော့သည်။**

သချိုင်းပျော်

*(သံသရာခရီးသွား)*

စာ

မူ

ပို့

လို

က...

ဦးကျော်မိုးသိန်း

အယ်ဒီတာချုပ်

ပါရမီမဂ္ဂဇင်း

အမှတ် ၂၁၀ (ပထမထပ်)

(၂၉)လမ်း၊

ပန်းဘဲတန်းစာတိုက်၊

ရန်ကုန်မြို့။ ဖုန်း-

၀၉-၇၇၆၃၄၉၇၈၅

၀၉-၄၄၃၂၅၇၂၂၀



www.burmeseclassic.com

www.burmeseclassic.com


## မိမိတို့ သားသမီးများ၏ ပညာရေးကံကြမ္မာ ကြိုတင်စစ်ဆေးပါ

◌ ဉာဏ်ပညာထက်မြက်ထူးချွန်သူလား/ဉာဏ်ရည်နိမ့်ကျသူလား။ ◌ ပညာရေးမှာ ဘွဲ့ရပြီးဆုံးနိုင်မလား။ ◌ ဘယ်လို ပညာရပ်မျိုးနဲ့ ပိုပြီး အကျိုးပေးနိုင်သလဲ၊ ◌ ပြည်တွင်းနဲ့ပြည်ပ ဘယ်မှာ ပညာသင်ယူသင့်ပါသလဲ၊ ◌ နိုင်ငံခြားမှာ ပညာသွားသင်ရကိန်းရှိပါသလား၊ ◌ ပညာရေးမှာ အခက်အခဲ အနှောင့်အယှက်ကြုံရတတ်သလား၊ ◌ ပညာသင်ချိန်မှာ ကျန်းမာရေး,ဘေးဥပဒ်အန္တရာယ်,အချစ်ရေး,ငွေကြေးကိစ္စ ဘယ်ဟာပိုပြီး ဒုက္ခပေးနိုင်သလဲ၊ ◌ စာကျက်ရင် ခေါင်းမူးခြင်း, အိပ်ငိုက်ခြင်းဖြစ်ရတာ ဘာကြောင့်လဲ၊ ◌ မှတ်ဉာဏ်ကောင်းအောင် (နံနက်/ည) ဘယ်အချိန်မှာ စာကျက်သင့်သလဲ၊ ◌ ပညာရေးမှာ ဘွဲ့တစ်ခုထက်မက ပိုရနိုင်သလား/ ယခုဘွဲ့အပြင် နောက်ထပ်ဘွဲ့ရရှိနိုင်သေးလား၊ ◌ ပါရဂူဘွဲ့မျိုးအထိ ရရှိနိုင်သလား၊ ◌ ရာနှုန်းပြည့်နီးပါး တိကျမှန်ကန်ကြောင်း အာမခံသောအဟောများဖြင့် တာဝန်ယူပါရစေ။

# q&mBu D ]a t mi Nfr Kd ifya'bD

«vuP maA'ify nmo kwoD

trSvf(843)? 0DDpm&vrf (34)&yfuGfajrmuf*kdHE,f &efukefrdK

• 09-50 62843? 09-51 77622? 09-795 607485?

09-252 306675? 09-260 444808? 09-458 586122/

✌ ယုံကြည်အားကိုးမှုသာ လာခဲ့ပါ ✌



# a&dee,fee,f (trsdorDDef)

aq;jrppfjzifh..aq;luyfxkyfxkyfcif;

aq;qD qdkjcif; ac;ay;ifjcif; aq;jy w&nfc;jcif; pdkjcif/

❖ လေဖြန်း၊ လေဖြတ်၊ လေးဖက်နာ၊ ကျီးပေါင်းတက်၊ အရိုးပွ၊ ထိခိုက်ရောင်ရမ်း၊ အတွင်းကြေဒဏ်ရာ၊ အကြောအားနည်း၊ အကြောပိတ်၊ အကြောထုံး၊ အကြောလွဲ၊ အကြောကပ်၊ အကြောညှပ်၊ အကြောတက်၊ ခြေလက်ထုံကျဉ်၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ မျက်ရိုးကိုက်၊ ဇက်ခိုင်၊ အုံးလွဲ၊ ဇက်ကြောတက်၊ လက်ပြင်ငုပ်၊ ကျောရိုးအောင့်၊ ရင်ဘတ်နာ၊ ရင်သားအကျိတ်၊ ခါးနာ၊ ဒူးနာ၊ အသားပြင်၊ အဆီပြင်၊ သွေးလုံး၊ လေလုံး၊ ဆီးစပ်ကိုက်ခဲ၊ နှာစေးနှာပိတ်၊ ဖောရောင်၊ တစ်ကိုယ်လုံးတောင့်တင်း၊ ညောင်းညာ၊ ကိုက်ခဲ၊ လေးလံထိုင်းမှိုင်း၊ အထိုင်အထခက်၊ ပင်ပန်းနွမ်းနယ်၊ အိပ်မပျော်၊ စားမဝင်၊ လူကမကျန်းမာ၊ ရောဂါလဲ ရှာမတွေ့ခြင်းများကို ယူပစ်လိုက်သလို ချက်ချင်းသက်သာစေပြီး၊ ပြန်လည်သန်စွမ်းကျန်းမာလာစေမည်။ သားဖွားပြီးခါစ အမျိုးသမီးများကို သွေးပုပ်စင်ကြယ်စေ၍ တစ်သားမွေး တစ်သွေးလှဖြစ်စေမည်။ ဓမ္မတာမမှန်၍ဖြစ်တတ်သော မီးယပ်ရောဂါများကို ဓမ္မတာမှန်ပြီး ပြန်လည်ကျန်းမာလာစေမည်။ မျက်နှာနှင့်အသားအရေကို စိုပြည်ဝင်းပလာစေမည်။ အဆီတိုး၍ ဝဖြိုးနေသူများ အဆီကျပြီး သွယ်လျကျစ်လျစ်လာစေမည်။ ပေါ့ပါးသွက်လက်တက်ကြွရွှင်လန်းကာ အရွယ်တင်နုပျိုလာစေမည်။ *[အချိန် တစ်နာရီခွဲကို ကျသင့်ငွေ ကျပ်( ၂ )သောင်းမျှသာ။]*

trSvf(843)? 0DDpm&vrf (34)&yfuGfajrmuf*kdHE,f &efukefrdK/

zkef 09-795 607 485? 09-450 570 985? 09-458 586 122?

09- 444 515 011/ *(ကြိုတင်စာရင်းပေးပါ။)*


ဒ၁၄ ပါရမီမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com


နက္ခတ္တဗေဒင်ခြည်မဂ္ဂဇင်း နယ်လှည့်အယ်ဒီတာအဖြစ် နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သူ

w½kvf½&m ajrÜ u efzkfa&)Ty n m
ESifh
w½kvfZmwmcGifo kwo D

Wu Jin Zhi

q&m xufi,faus mfG
ထံတွင်

✻ တရုတ်ဇာတာခွင် (BaZi) ဇာတာ စစ်ဆေးခြင်း။
✻ ဂူယှင်းလက္ခဏာ စစ်ဆေးခြင်း။
✻ အိမ်ဂေဟာ၊ အလုပ်ခန်း။ အလုပ်ရုံ မြေကြန် စစ်ဆေးခြင်း။
✻ မင်္ဂလာဆောင်နံ့ ဇာတာ တိုက်ဆိုင်စစ်ဆေးခြင်း။
✻ တရုတ်ရိုးရာ အဆောင်အကာ (Fú)များ ပြုလုပ်ခြင်း

တို့အတွက် အောက်ပါ Viber ဖုန်းနံပါတ်သို့ ဆက်သွယ်နိုင်ပါသည်။




○ 09 767 171 324
○ 09 795 758 005
○ 09 253 325 027

ဆရာနှင့် တွေ့ဆုံနိုင်သည့် နေရပ်လိပ်စာ

Wu Jin Zhi
q&m xufi,faus mfG
အမှတ် ၁၃၄၊ နိဗ္ဗာန်လမ်း၊ ပေါင်မြို့ မွန်ပြည်နယ်။






www.burmeseclassic.com

www.burmeseclassic.com


## ☞ အလုပ်အကိုင်ဆိုင်ရာ သင့်ကံကြမ္မာ ကြိုတင်စစ်ဆေးထားကြပါ ☜

❂ ယခုလျှောက်ထားသော အလုပ်အကိုင်ကို ရရှိနိုင်သလား...ဘယ်တော့ရမလဲ၊ ❂ ယခုဖြေဆိုထားသော ရာထူးဝင်စာမေးပွဲကို အောင်မြင်နိုင်သလား (သို့မဟုတ်) ရာထူးဝင် စာမေးပွဲ ရေးဖြေ/နှုတ်ဖြေတို့ကို အောင်မြင်ပြီး အရာရှိအဆင့်အလုပ်ကို ရွေးချယ်ခံရနိုင်မလား။ ❂ အလုပ်အကိုင်အတွက် အဆင့်ရာထူးတိုး စာမေးပွဲကို အောင်မြင်မလား။ ❂ အလုပ်အကိုင်အတွက် အကျိုးပေးမယ့်နိုင်ငံ/မြို့ရွာဒေသ သိပါရစေ၊ ❂ နိုင်ငံခြား သင်္ဘောသားအလုပ် အကျိုးပေးနိုင်လား။ ❂ နိုင်ငံခြားသင်္ဘော ဘယ်တော့ ပြန်တက်ရမလဲ၊ ❂ နိုင်ငံခြားသင်္ဘောအဆင့်ရာထူးတိုး စာမေးပွဲဝင်ဖြေရင် အောင်မြင်နိုင်သလား။ ❂ ယခုမှ တစ်နှစ်အတွင်း ကျန်းမာရေးကြောင့်ဖြစ်စေ/ လုပ်ငန်းခွင်ဘေးဥပဒ်အန္တရာယ်ကြောင့်ဖြစ်စေ/အသက်ဆွေးမျှက်ကိန်းရှိသလား။ ❂ ရာနှုန်းပြည့်နီးပါးမှန်ကန်ကြောင်း အာမခံနိုင်သောအဟောဖြင့် တာဝန်ယူပါရစေ။

BURMESE CLASSIC .com

09-458 586122၊ 09-450 570985၊
09-250 164 246၊ 09-50 62843၊ 09-51 77622၊

✌ ယုံကြည်အားကိုးမှသာ လာခဲ့ပါ ✌



## နက္ခတ္တရောင်ခြည်စာအုပ်တိုက်မှ

## အောက်ပါ စာအုပ်များ ရရှိနိုင်ပါပြီ

၁။ **ဆေးမြီးတိုရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၃၉)ထိ] ၂။ **အဂ္ဂိရတ်ရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၂၁)ထိ] ၃။ **တိုင်းရင်းဆေးသမားတော်များ၊ ဆေးဆရာများနှင့် တွေ့ဆုံခြင်း** [အမှတ် (၁)မှ အမှတ်(၁၆)ထိ] ၄။ **အံ့ဖွယ်ထူးခြား ဂမုန်းများ** [အမှတ်(၁)မှ အမှတ်(၁၀)ထိ] ၅။ **ယတြာရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၈)ထိ] ၆။ **ကျင့်စဉ်ရောင်ခြည်**[အမှတ် (၁)မှ အမှတ်(၁၃)ထိ] ၇။ **ဂါထာမန္တန်ရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၉)ထိ] ၈။ **ပရလောကနှင့်အံ့ဖွယ်ထူးခြားဖြစ်ရပ်ဆန်းများ**[အမှတ် (၁)မှအမှတ်(၁၀)ထိ]
၉။ **ပါရမီဘာသာရေးရာ အဖြေလွှာ** (ဆရာကြီး ဦးစံတင့်–စတုနိကာယ ကောဝိဒ) [အမှတ် (၁)မှ အမှတ်(၄)ထိ]
၁၀။ **တိရစ္ဆာန်ရောဂါကုဆေးနည်းနှင့် ဆေးမြီးတိုများ** [အမှတ် (၁)မှ အမှတ်(၅)ထိ]
၁၁။ **လက်တွေ့သီးပင်ပွင့်ပင် စိုက်ပျိုးနည်းများ** [အမှတ် (၁)မှ အမှတ်(၆)ထိ]

မှတ်ချက်။ ။ တစ်အုပ်လျှင် စာမျက်နှာ (၁၆၀)စီ ပါပါသည်။ တစ်အုပ်လျှင် (၆၀၀)ကျပ် ဖြစ်ပါသည်။
စာတိုက်မှ မှာကြားလိုပါက ပို့ခ (၂၀၀)ကျပ် ကျပါမည်။ ငွေပေးရွေးယူရပါမည်။
အမှန်တကယ် ရယူလိုသူများ အောက်ပါလိပ်စာအတိုင်း မှာကြားနိုင်ပါသည်။

**ဆယ်သွယ်မှာကြားရန်လိပ်စာ**


euwWa&mijcnpmtykvkdf

အမှတ်–၂၁၁(ပထမထပ်)၊ ၂၉–လမ်း(အထက်)၊ ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။ ဖုန်း ၀၉–၇၇၆၃၄၉၇၈၅၊ ၀၉–၄၄၃၂၅၇၂၂၀။


၁၁၆ ပါရမီမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com




ပါရမီမဂ္ဂဇင်း အမှတ် ( ၁၁၁ ) ၂၀၁၁ ဇွန် R-60

www.burmeseclassic.com